# ဒီမိုကရေစီ

မြန်မာပြည်အတွက် နိုင်ငံသားဆိုင်ရာ
ပညာရေးသင်ရိုး

**ပုံနှိပ်တိုက်အမည်**

ရွှေပုံနှိပ်တိုက် (မြဲ – ၀၀၂၁၀)
အမှတ် ၁၅၃/၁၅၅၊ သစ်တောအောက်လမ်း၊
မောင်လေးဝင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

**ထုတ်ဝေသူ**

ဦးအောင်မြတ်စိုး

**စာပေတိုက်အမည်**

မုခ်ဦးစာပေ

အမှတ် (105-A)၊ ရတနာမြိုင်လမ်း၊ ရတနာမြိုင်အိမ်ယာ
အမှတ် (၁) ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း – ၀၉ ၇၈၀ ၃၀၃ ၈၂၃၊ ၀၉ ၂၆၂ ၆၅၆ ၉၄၉

**ပုံနှိပ်မှတ်တမ်း**

ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြု လက်မှတ်အမှတ် – ၀၁၉၄၇

**ပုံနှိပ်ခြင်း**

ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀
ဖေဖော်ဝါရီလ၊ ၂၀၁၉ ခုနှစ်

၃၂၀.၉၅၉

မက်လော့ချ်လင်း၊ ရိုရီ
ဒီမိုကရေစီ၊ မြန်မာပြည်အတွက် နိုင်ငံသားဆိုင်ရာ ပညာရေးသင်ရိုး
ကျောင်းသားလက်စွဲ။ ရိုရီ မက်လော့ချ်လင်း၊ ဘာသာပြန်သူ ဇေယျာဦး။
ရန်ကုန်၊ မုခ်ဦးစာအုပ်တိုက်၊ ၂၀၁၉။
၁၉၆ စာ၊ ၃၀ စင်တီ။
မူရင်းအမည် – Democracy, a civic education course for Myanmar (Student's Book), by Rory Mclaughlin
(၁) မက်လော့ချ်လင်း၊ ရိုရီ
(၂) ဇေယျာဦး၊ ဘာသာပြန်သူ
(၃) ဒီမိုကရေစီ၊ မြန်မာပြည်အတွက် နိုင်ငံသားဆိုင်ရာ ပညာရေးသင်ရိုး

This work is licensed under the Creative Commons Attribution-ShareAlike 4.0 International License. To view a copy of this license, visit: http://creativecommons.org/licenses/by-sa/4.0/deed.en_US.

Notes about usage: Organisations wishing to use the body text of this work to create a derivative work are requested to include a Mote Oo Education logo on the back cover of the derivative work if it is a printed work, on the home page of a web site if it is reproduced online, or on screen if it is in an app or software.

For license types of individual pictures used in this work, please refer to Picture Acknowledgments at the back of the book.

# မာတိကာ


ဒီမိုကရေစီ စာအုပ် အသုံးပြုနည်း ၂

**အပိုင်း (၁) ဒီမိုကရေစီ၏ အင်္ဂါရပ်များ** ၄

**အခန်း (၁) ဒီမိုကရေစီ၏ အခြေခံအင်္ဂါရပ်များ**

၁.၁ ဒီမိုကရေစီနှင့် ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ် ၆

၁.၂ ဒီမိုကရေစီ အင်္ဂါရပ်များ တန်းတူညီမျှမှုနှင့် ရွေးကောက်ပွဲများ ၁၈

**အခန်း (၂) ဒီမိုကရေစီ၏ မရှိမဖြစ် အင်္ဂါရပ်များ**

၂.၁ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် ပါဝင်ဆောင်ရွက်မှု ၃၂

၂.၂ နားလည်သည်းခံမှု၊ စေ့စပ်ညှိနှိုင်းမှုနှင့် တရားဥပဒေ စိုးမိုးမှု ၄၉

အပိုင်း ၁ ပြန်လည် ခြုံငုံသုံးသပ်ခြင်း ၆၉

**အပိုင်း (၂) ဒီမိုကရေစီရှိ အခွင့်အရေးများ** ၇၀

**အခန်း (၃) ဒီမိုကရေစီရှိ အခွင့်အရေးများနှင့် တာဝန်များ**

၃.၁ ဒီမိုကရေစီရှိ အခွင့်အရေးများ ၇၂

၃.၂ တာဝန်နှင့် ဒီမိုကရေစီ ၉၀

**အခန်း (၄) လူ့အခွင့်အရေးများနှင့် ဒီမိုကရေစီ**

၄.၁ လူ့အခွင့်အရေး ၁၀၆

၄.၂ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်၊ ၁၁၉
လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် တန်းတူညီမျှခွင့်

အပိုင်း ၂ ပြန်လည် ခြုံငုံသုံးသပ်ခြင်း ၁၃၅

**အပိုင်း (၃) ဒီမိုကရေစီအစိုးရ** ၁၃၆

**အခန်း (၅) ဒီမိုကရေစီနှင့် အာဏာရှင်စနစ်**

၅.၁ ဒီမိုကရေစီ အစိုးရနှင့် အာဏာရှင် အစိုးရ ၁၃၈

၅.၂ ဒီမိုကရေစီ၏ အားသာချက်နှင့် အားနည်းချက်များ ၁၅၁

**အခန်း (၆) ဒီမိုကရေစီအစိုးရ**

၆.၁ အစိုးရ ၁၆၈

၆.၂ အစိုးရမဏ္ဍိုင်ကြီး သုံးရပ် ၁၈၁

အပိုင်း ၃ ပြန်လည် ခြုံငုံသုံးသပ်ခြင်း ၁၉၃

ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း ၁၉၄

# ဒီမိုကရေစီ စာအုပ် အသုံးပြုနည်း

စာအုပ်အသုံးမပြုမီတွင် အောက်ဖော်ပြပါ နည်းစနစ်များကို လေ့လာခြင်းဖြင့် စာအုပ်အသုံးပြုရာတွင် အထောက်အကူ ပြုနိုင်မည်ဖြစ်ပြီး လေ့လာသင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များနှင့် နည်းဗျူဟာတို့ကိုလည်း သိရှိစေမည် ဖြစ်သည်။ ဤစာအုပ်၏ ရည်မှန်းချက်မှာ ဒီမိုကရေစီနည်းလမ်းကျ နိုင်ငံသားများ ဖြစ်လာစေရန် လိုအပ်သည့် ဗဟုသုတများ၊ ကျွမ်းကျင်မှုများနှင့် တန်ဖိုးများကို မြှင့်တင်ပေးနိုင်ရန်ဖြစ်သည်။ ထိုအရည်အသွေးများအား လေ့ကျင့် ပျိုးထောင်ပေးရန် အောက်ပါအပိုင်းများ အသုံးပြုထားပါသည်။


- **လေ့ကျင့်ခန်းများ** – ဒီမိုကရေစီနှင့် ပတ်သက်သည့် ဗဟုသုတများကို မြှင့်တင်ပေးရန်။
- **လုပ်ငန်းများ** – အရေးပါသည့် ကျွမ်းကျင်မှုများ ဖြစ်သည့် ပြဿနာဖြေရှင်းခြင်း၊ အဖွဲ့လိုက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းခြင်း၊ ဆွေးနွေးတင်ပြခြင်း၊ ငြင်းခုံခြင်း၊ စကားရည်လုခြင်း၊ ပြင်ဆင်စီမံမှုများ ပြုလုပ်ခြင်းနှင့် ကောင်းဆိုး မှား/မှန် ဝေဖန်စဉ်းစားခြင်းတို့ အားကောင်းလာအောင် လေ့ကျင့်ပေးရန်။
- **ဆွေးနွေးချက်များ** – မိမိရပ်ရွာတွင်းမှ ကိစ္စရပ်များနှင့် စာအုပ်တွင် လေ့လာရသော အကြောင်းအရာများ မည်သို့ ဆက်စပ်မှု ရှိနေကြောင်း ဆွေးနွေးစဉ်းစားရန် ဖြစ်သည်။ ထိုအကြောင်းအရာများနှင့် ပတ်သက်ပြီး မိမိထင်မြင်ချက်များကို တင်ပြရန်သော်လည်းကောင်း အခြားသူများ၏ ထင်မြင်ချက်ကို နားထောင်တတ်ရန်သော်လည်းကောင်း လေ့ကျင့်အားပေးသည်။
- **ပြန်လည်သုံးသပ်ချက်များ** – မိမိတို့၏ ကိုယ်ပိုင်တန်ဖိုးများကို ပြန်လည်သုံးသပ်စစ်ဆေးခြင်းအားဖြင့် စာအုပ်တွင် လေ့လာရသော အကြောင်းအရာ အယူအဆများကို ဆက်စပ်နားလည်လာအောင် အားပေးပါသည်။

### စာအုပ်ဖွဲ့စည်းပုံ

ဤစာအုပ်ကို အပိုင်း (၃) ပိုင်း ပိုင်းခြားထားပြီး အပိုင်း (၁) တွင် ဒီမိုကရေစီ၏ အခြေခံအင်္ဂါရပ်များ၊ အပိုင်း (၂) တွင် ဒီမိုကရေစီမှ အခွင့်အရေးနှင့် တာဝန်များ၊ အပိုင်း (၃) တွင် ဒီမိုကရေစီနည်းလမ်းကျ အစိုးရ၏ အခန်းကဏ္ဍဟူ၍ ပါရှိပါသည်။ အပိုင်း တစ်ပိုင်းစီတွင် အခန်း ၂ ခန်းခွဲကာ အဓိကအကြောင်းအရာများကို ရှင်းလင်းတင်ပြပါသည်။ အခန်းတစ်ခန်းစီတွင် အခန်းခွဲ ၆ ခု ပါရှိကာ အခန်းခွဲ တစ်ခုစီတွင် လေ့ကျင့်ခန်းများ၊ လုပ်ငန်းစဉ်၊ ဆွေးနွေးချက်နှင့် ပြန်လည်သုံးသပ်ချက် မေးခွန်းများ ပါဝင်ပါသည်။

အခန်းခွဲတစ်ခုစီတွင် အကြိုသင်ခန်းစာ တစ်ခုပါဝင်သည်။ လေ့လာ ဆွေးနွေးရတော့မည့် ခေါင်းစဉ် အကြောင်းအရာကို ထိုအကြိုသင်ခန်းစာများတွင် စဉ်းစားတွေးခေါ်မိရန် အားပေးထားပါသည်။ ခေါင်းစဉ်နှင့် ပတ်သက်ပြီး မိမိသိရှိပြီးသည့် အကြောင်းအရာများကို အသုံးချ ချိတ်ဆက် စဉ်းစားစေပါသည်။

'လေ့ကျင့်ခန်းများ' သည် သတင်းအချက်အလက်များကို ကိုင်တွယ် နားလည်နိုင်စွမ်းကို လေ့ကျင့်ပေးသည်။ စာပါ အချက်အလက်များနှင့် ပတ်သက်ပြီး ရှာဖွေဖတ်ရှုခြင်း၊ နားလည်အောင် ဝေဖန်စဉ်းစားခြင်းများ ပြုလုပ်အောင် မေးခွန်းများ မေးပေးသော အပိုင်းဖြစ်သည်။



အပြန်အလှန် စကားပြောဆိုချက်များသည် မြန်မာနိုင်ငံသားများအကြား ပြောဆို ဆွေးနွေးချက်များ ပုံစံဖြင့် တင်ပြထားပါသည်။ ဒီမိုကရေစီနှင့် ပတ်သက်သော အဓိက မေးခွန်းများနှင့် အဓိက အယူအဆများကို အလေးပေး ဖော်ပြထားသည်။

'လုပ်ငန်းများ' သည် ပြည်သူတို့ ပူးပေါင်းဆောင်ရွက်ရာတွင် လိုအပ်သော အရည်အသွေးများကို လေ့ကျင့် တည်ဆောက်ရန် ရည်ရွယ်သည်။ ဤအပိုင်းတွင် အဖွဲ့လိုက် လုပ်ဆောင်မှုများ၊ ပြဿနာအဖြေရှာ ခြင်းများ၊ ဆွေးနွေး အဖြေရှာခြင်း နှင့် ကောင်းဆိုး မှားမှန် ဝေဖန် စဉ်းစားခြင်းများ ပါဝင်သည်။




'ဆွေးနွေးချက်' များတွင် မိမိတို့ အသိုင်းအဝိုင်းကို သက်ရောက်လျက်ရှိသည့် အရေးပါပြီး အငြင်းပွားဖွယ် အရေးအရာများကို ဆွေးနွေးစေမည် ဖြစ်သည်။


'ပြန်လည်သုံးသပ်ချက်' များက မိမိတို့၏ အယူအဆ၊ ခံယူချက်များကို ပြန်လည်သုံးသပ်စေပြီး မည်သည့် အတွေးအခေါ် အယူအဆများက သာယာလှပသော လောကလူ့ဘောင် တည်ဆောက်ရေးတွင် အရေးပါသည်ကို ပြန်လည် ဆန်းစစ်စေမည်။

## အပိုင်း (၁) ပိုင်းစီ၏ ယစမီနှင့် အဆုံးတွင်




'သင်ကြားမှုဆိုင်ရာ ရည်မှန်းချက်များ' တွင် ပါရှိသည့် 'ဗဟုသုတများ'၊ 'ကျွမ်းကျင်မှုများ' နှင့် 'တန်ဖိုးများ' ကိုလည်း ဖတ်ရှုပါ။ မည်သည့် အပိုင်းများက အရေးအပါဆုံး ဖြစ်ကြောင်းကို ထိုအပိုင်းက မီးမောင်းထိုးပြနိုင်သည်။ သင်တန်းတစ်လျှောက်တွင် မိမိ၏ တိုးတက်မှုကိုလည်း တိုင်းတာနိုင်အောင် ကူညီပေးမည် ဖြစ်သည်။

သင်ခန်းစာဆိုင်ရာ အဓိကအယူအဆများကို ရှေးဦးစွာ ဖတ်ရှုပြီး အပိုင်းတစ်ခုစီ၏ အဓိက 'အကြောင်းအရာ' ကို လေ့လာရန် အဆင်သင့် ပြင်ဆင်ပါ။



'ပြန်လည်လေ့ကျင့်ခန်းများ' က အခန်းတစ်ခန်းလုံးတွင် သင်ယူခဲ့သည်တို့ကို အခြေခံပြီး ပြန်လည် လေ့ကျင့်နိုင်ရန် ရည်ရွယ်သည်။ ထိုသို့ လေ့ကျင့်ရာတွင် မိမိတို့ ဖတ်ရှုခဲ့သည်တို့ကို ပြန်မကြည့်ဘဲ မိမိ မှတ်မိသမျှ ဖြေဆိုနိုင်ရန် ကြိုးစားသင့်သည်။

နားလည်မှုစစ်ဆေးသည့် မေးခွန်းများက သင်ခန်းစာပါ သဘောတရားများကို စာဖတ်သူနားလည်/မလည် ဆန်းစစ်ပေးသည်။ ထိုမေးခွန်းများကို ဖြေဆိုရာတွင် မိမိဘာသာ ဦးစွာဖြေဆိုပါ။ ပြီးမှ စာအုပ်ပါ သင်ခန်းစာများနှင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပါ။



# အပိုင်း (၁)

## ဒီမိုကရေစီ၏ အင်္ဂါရပ်များ

### အကြောင်းအရာ

အပိုင်း (၁) သည် ဒီမိုကရေစီနှင့် ဒီမိုကရေစီ နည်းလမ်းကျ ဆုံးဖြတ်ချက် ချမှတ်ခြင်း အကြောင်းကို အစပျိုးသည်။

အခန်း (၁) တွင် ဒီမိုကရေစီတစ်ခု၏ အဓိက လိုအပ်ချက်များဖြစ်သော နိုင်ငံရေး တန်းတူညီမျှမှုနှင့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများအကြောင်းကို ဖော်ပြထားသည်။

အခန်း (၂) ပြည့်စုံသော ဒီမိုကရေစီတစ်ခုအတွက် လိုအပ်သော အခြားအင်္ဂါရပ် ၅ ခု (တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ပူးပေါင်းပါဝင်ခြင်း၊ သည်းခံမှု၊ စေ့စပ်ညှိနှိုင်းမှုနှင့် တရားဥပဒေစိုးမိုးမှု) တို့ကို ဖော်ပြထားသည်။

ဒီမိုကရေစီအတွင်းမှ အခွင့်အရေးများနှင့် အခန်းကဏ္ဍများ (အပိုင်း ၂) နှင့် ဒီမိုကရေစီ နည်းလမ်းကျ အစိုးရတစ်ရပ်၏ သဘာဝ (အပိုင်း ၃) ကို လေ့လာရာတွင် အထက်ပါ ဒီမိုကရေစီ အင်္ဂါရပ် ၇ ခုကို စာအုပ်တစ်ခုလုံးတွင် အမြဲရည်ညွှန်းကိုးကား ဆွေးနွေးသွားမည်ဖြစ်သည်။



# အပိုင်း (၁) သင်ယူမှု ပန်းတိုင်များ

## ဗဟုသုတများ

လေ့ကျင့်ခန်းများ

**ဤအခန်း အပြီးတွင် အောက်ပါ ဗဟုသုတများ ရရှိမည် ဖြစ်သည်။**

- ဒီမိုကရေစီဟူသည့် အယူအဆ။
- ဒီမိုကရေစီရှိ ဆုံးဖြတ်ချက်ချမှု အခန်းကဏ္ဍများ။
- တိုက်ရိုက်နှင့် သွယ်ဝိုက် ဒီမိုကရေစီ၏ ခြားနားမှုများ။
- တန်းတူညီမျှမှု၏ အရေးပါမှု။
- ရွေးကောက်ပွဲများ၏ အရေးပါမှု။
- လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲများ၏ လက္ခဏာရပ်များ။
- တာဝန်ခံမှု၏ အရေးပါမှု။
- ပွင့်လင်းမြင်သာမှု၏ အရေးပါမှု။
- ပူးပေါင်းပါဝင်မှု၏ အရေးပါမှု။
- နားလည်သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှုတို့၏ အရေးပါမှု။
- တရားဥပဒေ စိုးမိုးမှု၏ အရေးပါမှု။

## ကျွမ်းကျင်မှုများ

လုပ်ဆောင်ချက်များ

**ဤအခန်း အပြီးတွင် အောက်ပါ စွမ်းရည်များ တိုးပွားလာမည် ဖြစ်သည်။**

- ဆက်စပ်မှုပြ စက်ဝိုင်းဇယားကို အသုံးပြုပြီး ပြီးပြည့်စုံသော လူ့အသိုင်းအဝိုင်း တစ်ခုကို ခွဲခြမ်း စိတ်ဖြာကြည့်ခြင်း။
- ဆုံးဖြတ်မှုချမှတ်ခြင်း ပုံစံအမျိုးမျိုး၏ တူညီမှုနှင့် ကွဲပြားချက်များကို နှိုင်းယှဉ်ခြင်း။
- ကိုယ်စားလှယ်လောင်းတစ်ဦး၏ အရည်အသွေးများကို စာရင်းပြုခြင်း။
- မည်သူတို့ကို မဲပေးခွင့်ရှိကြောင်း ဆွေးနွေး ငြင်းခုံမှုတစ်ခု ပြင်ဆင် ပြောဆိုခြင်း။
- စံပြနိုင်ငံရေး ကိုယ်စားလှယ်တစ်ဦး၏ တန်ဖိုးနှုန်းစံများကို သတ်မှတ် ဖော်ထုတ်ခြင်း။
- နိုင်ငံရေး ငြင်းခုံဆွေးနွေးမှုများ ပုံစံပြု သရုပ်ဆောင်ခြင်း။
- ဒေသန္တရ နိုင်ငံရေး အဖွဲ့အစည်းများ၊ စနစ်များမှ တာဝန်ခံမှုကို သရုပ်ခွဲ စိတ်ဖြာခြင်း။
- ပွင့်လင်းမြင်သာကို ကန့်သတ်ခြင်း၏ ကောင်းကျိုး ဆိုးပြစ်များကို ဆွေးနွေးရန်။
- ပူးပေါင်းပါဝင်မှုအပေါ် အမြင်များကို ဝိုင်းဝန်း ဆွေးနွေးခြင်း။
- ပဋိပက္ခတစ်ခု ဖြေရှင်းရာတွင် နှစ်ဖက်စလုံး အနိုင်ရသည့် ဖြေရှင်းနည်း အသုံးပြုခြင်း။
- တရားခွင် တစ်ခုကို ပုံစံပြု သရုပ်ဆောင်ခြင်း။
- စံတန်ဖိုး ပိရမစ်ပုံများ ဖန်တီးခြင်း။

## တန်ဖိုးများ

ပြန်လည်သုံးသပ်ချက်များ

**ဤအခန်း အပြီးတွင် အောက်ပါတို့ကို စဉ်းစား သုံးသပ်မိပြီး ဖြစ်ပါလိမ့်မည်။**

- ပြည်သူ့အုပ်ချုပ်ရေးဟူသော အယူအဆ။
- ဆုံးဖြတ်ချက် အားလုံးကို ဒီမိုကရေစီနည်းလမ်းကျ ဆုံးဖြတ်သင့်၊ မသင့်။
- မိမိအစား အခြားသူများကို ပြုလုပ်ခွင့်ပေးသည့် ဆုံးဖြတ်ချက်များ။
- ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေးအတွက် ပြည့်စုံသူများထံမှ ငွေကြေးရယူခြင်း။
- မဲပေးခြင်း၏ အရေးပါမှု။
- ရွေးကောက်ပွဲများက အကောင်းဆုံး အစိုးရဆီသို့ ဦးတည်ခြင်းရှိ၊ မရှိ။
- တစ်ဦးချင်းအလိုက် တာဝန်ခံခြင်း၏ အရေးပါမှု။
- ရိုးသားပွင့်လင်းမှု၏ အရေးပါမှု။
- မိမိရပ်ရွာတွင်း ပါဝင်ဆောင်ရွက်နိုင်ရန် နည်းလမ်း အသွယ်သွယ်။
- လက်ခံ ခွင့်လွှတ်ပေးရန် မသင့်သော အမြင်များနှင့် ယုံကြည်မှုများ။
- ဥပဒေကို လိုက်နာကြခြင်း၊ မလိုက်နာကြခြင်း အကြောင်းအရင်းများ။
- ဒီမိုကရေစီတစ်ရပ်တွင် အရေးအကြီးဆုံးသော အင်္ဂါရပ်များ။

## ၁.၁ ဒီမိုကရေစီနှင့် ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ်

### ၁.၁.၁ ဒီမိုကရေစီဆိုတာဘာလဲ



ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများသည် ၎င်းတို့ ရှင်သန်နေထိုင်လိုသော လူ့အဖွဲ့အစည်းကို ၎င်းတို့ကိုယ်တိုင် ဆုံးဖြတ်ကြသည်။ ၎င်းတို့ လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုရှိသော အရေးကိစ္စများနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ဆုံးဖြတ်ကြသည်။ ဒီမိုကရေစီစနစ်သည် လူ့အဖွဲ့အစည်းတစ်ခုအား မည်သို့ မည်ပုံ စီမံအုပ်ချုပ်ရမည်ကို ဆုံးဖြတ်ရာတွင် ထိုလူ့အဖွဲ့အစည်းအတွင်းရှိ ပြည်သူများအား ပါဝင်ခွင့် ပေးထားခြင်းအပေါ်တွင် အခြေခံထားသည်။

## လေ့ကျင့်ခန်း

အောက်ပါ ဥပမာများသည် ဒီမိုကရေစီဟုတ်၊ မဟုတ် ဖြေဆိုပါ။

က။ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုသည် ကျေးရွာတစ်ရွာကို သိမ်းပိုက်လိုက်ကြသည်။ ရွာသားများနှင့် ပတ်သက်သော ကိစ္စအဝဝကို အဖွဲ့ခေါင်းဆောင်က ဆုံးဖြတ်ပေးသည်။

နမူနာအဖြေ – **ဒီမိုကရေစီ မဟုတ်ပါ။**

ခ။ အားကစားကလပ်တစ်ခုတွင် လစဉ် အစည်းအဝေးပြုလုပ်၍ ဆုံးဖြတ်ချက် အားလုံးကို မဲခွဲဆုံးဖြတ်ကြသည်။

ဂ။ ကျောင်းဆရာ၊ ဆရာမများကို ခန့်ခွင့်၊ ဖြုတ်ခွင့် အာဏာရှိသော ကျောင်းအုပ်ဆရာမကြီးက စာသင်ကျောင်းတစ်ကျောင်းကို ဦးစီးလျက်ရှိသည်။ အဆိုပါ ကျောင်း၏ ကိစ္စအဝဝနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို ထိုကျောင်းအုပ် ဆရာမကြီးကသာ ချမှတ်လျက်ရှိသည်။

ဃ။ တစ်တိုင်းပြည်လုံးအတွက် ဆုံးဖြတ်ချက် အားလုံးကို ဘုရင်တစ်ပါးတည်းကသာ ချမှတ်သည်။ ထိုဘုရင်ကွယ်လွန်သောအခါ ၎င်း၏ သားဖြစ်သူက ဘုရင့်အရိုက်အရာကို ဆက်ခံသည်။

င။ နယ်မြို့လေးတစ်ခုသည် လမ်းသစ်တစ်ခု ဖောက်လုပ်ရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချကြမည်ဖြစ်သည်။ ထို့ကြောင့် မည်သည့်နေရာတွင် လမ်းဖောက်မည် ဆိုသည်ကို ဆွေးနွေးရန် မြို့သူ၊ မြို့သားအားလုံး ဖိတ်ကြားသည်။

စ။ နိုင်ငံတစ်ခုသည် နိုင်ငံတော်အလံ တစ်ခုကို အသစ်သတ်မှတ်ရန် စီစဉ်လျက်ရှိသည်။ ထို့အတွက် အလံဒီဇိုင်း တီထွင်ရေး ပြိုင်ပွဲကို ကျင်းပကြသည်။ ထို့နောက် အကြိုက်ဆုံးအလံကို တစ်နိုင်ငံလုံးက မဲပေး ဆုံးဖြတ်ကြသည်။

## လုပ်ငန်းများ

၁။ အဖွဲ့များ ဖွဲ့၍ အကောင်းဆုံး၊ အပြည့်စုံဆုံးသော လူ့အဖွဲ့အစည်း ဆိုသည်မှာ ဘယ်လို လူ့အဖွဲ့အစည်းမျိုးလဲဆိုတာ ဆွေးနွေးပါ။ အောက်ပါ မေးခွန်းများကို စဉ်းစားကြည့်ပါ။ အဲဒီ လူ့အဖွဲ့အစည်းမှာ –

က။ လူတွေဟာ တစ်ဦးနှင့် တစ်ဦး ဘယ်လိုပြုမူ ဆက်ဆံကြသလဲ။


ခ။ လူတွေဟာ ဘယ်လို ခံစားမှုတွေ ရှိနေကြမလဲ။

ဂ။ ဘယ်လို အခြေအနေမျိုး ရှိနေကြမလဲ။

၂။ ဖြစ်နိုင်ခြေရှိသော အခြေအနေများကို ဖော်ပြပါ။ ဥပမာ –

- ကလေးငယ်တိုင်း ကျောင်းတက်ကြသည်။
- လူအများသည် ညအချိန်၌ ကြောက်ရွံ့စရာ မလိုဘဲ သွားလာနိုင်ကြသည်။
- ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိပေ။

၃။ အဆိုပါ ဖော်ပြချက်များကို ဆက်စပ်မှုပြ စက်ဝိုင်းပုံတွင် ဖြည့်ပါ။



## ဆွေးနွေးချက်

၁။ သင်ပါဝင်သော လူ့အဖွဲ့အစည်းအတွင်း၌ မည်သူတွင် ဆုံးဖြတ်ချက် ချမှတ်မှုအာဏာ ရှိသနည်း။

၂။ သင်၏ ဆက်စပ်မှုပြ စက်ဝိုင်းပုံ အတွင်းရှိ ဖော်ပြချက်များထဲမှ တစ်ခုကို ရွေးချယ်ပါ။ အဆိုပါကိစ္စ ဖြစ်မြောက်ရန်အတွက် မည်သို့သော ဆုံးဖြတ်ချက်မျိုးကို ချမှတ်ရမည်နည်း။

## ပြန်လည်သုံးသပ်ချက်

၁။ ပြည်သူ့အုပ်ချုပ်မှုဟူသော အယူအဆ၏ အားသာချက်နှင့် အားနည်းချက်များသည် အဘယ်နည်း။

၂။ လူ့အဖွဲ့အစည်းတစ်ခု၏ ကိစ္စရေးရာမှန်သမျှကို သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်းရှိ လူအားလုံး ပူးပေါင်းပါဝင် ဆုံးဖြတ်ခွင့် ရှိရမည်ဟူသော အယူအဆသည် ကောင်းမွန်သည်ဟု ထင်ပါသလား။

## ၁.၁.၂ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက် ချမှတ်ခြင်း




လူမှုအသိုင်းအဝိုင်းအားလုံး မလွဲမသွေ ရင်ဆိုင်လာရမည့် အခြေခံအကျဆုံး မေးခွန်းများမှာ –

- ဆုံးဖြတ်ချက်တွေကို ဘယ်လို ချမှတ်သင့်သလဲ။
- ဘယ်လို စည်းမျဉ်းဥပဒေတွေကို လိုက်နာသင့်သလဲ။
- မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်က ဘာဖြစ်ရမလဲ။
- အလုပ်တာဝန်နှင့် အရင်းအမြစ်တွေကို ဘယ်လို ခွဲဝေသင့်သလဲ

စသည်တို့ ဖြစ်သည်။

အဖွဲ့ဝင်အားလုံး ပါဝင်ဆုံးဖြတ်လေ့ရှိကြသော ဆုံးဖြတ်ချက်အားလုံးနီးပါးတွင် တူညီနေသည့် လက္ခဏာ တစ်ခုရှိသည်။ ဆိုလိုသည်မှာ ထိုဆုံးဖြတ်ချက်များအပေါ်တွင် လူအများ၏ သဘောထားများမှာ မတူညီနိုင်ကြချေ။ မတူကွဲပြားသော လူအမျိုးမျိုးတွင် လိုအပ်ချက်အမျိုးမျိုး ရှိတတ်ကြသည့်အလျောက် အဖွဲ့ဝင်အားလုံး သဘောဆန္ဒကို အခြေခံ၍ ဆုံးဖြတ်ကြရသည့်အခါတိုင်းတွင် သဘောထားကွဲလွဲမှုနှင့် ပဋိပက္ခများသည်လည်း အမြဲရှိနေကြမည်သာဖြစ်သည်။

အဖွဲ့လိုက်ချမှတ်သော ဆုံးဖြတ်ချက်တိုင်းတွင် နိုင်သူနှင့် ရှုံးသူဟူသည် အမြဲတမ်းရှိနေကြမည်ဖြစ်သည်။ လူမှုအသိုင်းအဝိုင်းအတွင်း အရင်းအမြစ်နှင့် အခွင့်အလမ်းများအား မည်သို့ ဖျှဝေကြမည်ကို ဆုံးဖြတ်ချက်ချသော အခါတိုင်း အချို့သည် အခြားသူများထက် အကျိုးခံစားမှု ပိုရလေ့ရှိတတ်သည်။

ဥပမာအားဖြင့် ကျန်းမာရေးမကောင်းသူနှင့် ပညာမတတ်သူ အများအပြားရှိနေသော လူ့အဖွဲ့အစည်း တစ်ခုရှိသည် ဆိုကြပါစို့။ အဆိုပါ လူ့အဖွဲ့အစည်းတွင် ရှိနေသော ငွေကြေးအင်အားမှာ ဆေးခန်း တစ်ခန်း သို့မဟုတ် စာသင်ကျောင်းတစ်ကျောင်းသာ ဆောက်လုပ်နိုင်သည့် ပမာဏဖြစ်သည်။ ထို လူ့အဖွဲ့အစည်းသည် စာသင်ကျောင်း ဆောက်မည်ဆိုလျှင် ၎င်း၏ အကျိုးကျေးဇူးကို ပညာမတတ်သောသူများသာ ခံစားခွင့်ရမည်ဖြစ်ပြီး ကျန်းမာရေး မကောင်းသူများက ခံစားခွင့်ရမည် မဟုတ်ပေ။ ဆေးခန်းဆောက်လုပ်မည်ဆိုလျှင်လည်း ကျန်းမာရေး မကောင်းသူများသာ အကျိုး ခံစားခွင့်ရမည်ဖြစ်ပြီး ပညာမတတ်သူများက ခံစားခွင့်ရတော့မည် မဟုတ်ပေ။

အဆိုပါ အခြေအနေတွင် ဆုံးဖြတ်ချက် ချမှတ်မှု နည်းလမ်းသည် မည်သည့် အုပ်စုက အကျိုးခံစားခွင့် ရမည်ကို အဆုံးအဖြတ် ပေးသွားနိုင်သည်။ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပါဝင်သော အုပ်စုက အကျိုး ခံစားခွင့်ရဖို့ အလားအလာ ပိုရှိပြီး မပါဝင်သော အုပ်စုက အကျိုးခံစားခွင့်ရဖို့ အလားအလာ နည်းပါး သွားနိုင်သည်။

ဆုံးဖြတ်ချက် ချမှတ်သည့် နည်းလမ်း ၄ သွယ် ရှိပါသည်။

၁။ **အာဏာရှင်ဆန်စွာ ဆုံးဖြတ်ခြင်း** – တစ်ဖွဲ့လုံးအတွက် ဆုံးဖြတ်ချက်ကို လူတစ်ဦး တစ်ယောက် တည်းက ဆုံးဖြတ်သည်။

၂။ **ပါဝင်ဆွေးနွေးမှုအခြေပြု ဆုံးဖြတ်ခြင်း** – အဖွဲ့ခေါင်းဆောင်က အဖွဲ့ဝင်အားလုံး၏ သဘောထားနှင့် အကြံပြုချက်များကို အရင်ရယူပြီး အကြံပြုချက် တစ်ခုချင်းစီ၏ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးသည်။ ထို့နောက် အဖွဲ့ခေါင်းဆောင်က အဖွဲ့ဝင်အားလုံး၏ ဆွေးနွေးအကြံပြုချက်များကို အခြေခံစဉ်းစားပြီး ဆုံးဖြတ်ချက်ချလိုက်သည်။

၃။ **အများစုမဲဖြင့် ဆုံးဖြတ်ခြင်း** – အကြောင်းကိစ္စနှင့် ပတ်သက်၍ လူတိုင်း မိမိတို့အမြင် သဘောထားများကို ထုတ်ဖော်တင်ပြခွင့် ရှိကြသည်။ ထို့နောက် အားလုံးမဲပေးကြသည်။ မဲအများဆုံးရသော သဘောထားက အနိုင်ရသွားသည်။

၄။ **အားလုံးသဘောတူ ဆုံးဖြတ်ခြင်း** – အဖွဲ့သည် အားလုံးလက်ခံနိုင်မည့် ဆုံးဖြတ်ချက်တစ်ခုကို ရှာဖွေဖို့ကြိုးစားသည်။ ဆုံးဖြတ်ချက်မချမီ လူတိုင်း မိမိတို့အမြင်သဘောထားများ၊ အယူအဆများ ကို ထုတ်ဖော်တင်ပြခွင့် ရှိကြသည်။ အဖွဲ့ဝင်အားလုံး လက်ခံသဘောတူညီမှုရမှသာ ၎င်း ဆုံးဖြတ်ချက်ကို အတည်ပြုသည်။

## လေ့ကျင့်ခန်း

အောက်ပါ ဖော်ပြချက်များကို မှား/ မှန် ဆုံးဖြတ်ပါ။ မှားသည် ဆိုပါက အဘယ်ကြောင့် မှားသည်ကို ဖြေဆိုပါ။

က။ အဖွဲ့လိုက် ဆုံးဖြတ်ရာတွင် သဘောထားကွဲလွဲမှုများ အမြဲတမ်း ရှိနေတတ်သည်။

ခ။ ဆုံးဖြတ်ချက် ချမှတ်မှု နည်းလမ်းသည် ဘယ်အုပ်စုများက အကျိုးခံစားခွင့် ရရှိမည်ကို အဆုံးအဖြတ် ပေးနိုင်သည်။

ဂ။ ပါဝင်ဆွေးနွေးမှု အခြေပြု ဆုံးဖြတ်ချက် ချမှတ်သည့် စနစ်သည် ဆုံးဖြတ်ချက်မချမီ ခေါင်းဆောင်များက အခြားသူများအား စကားပြောဖို့ လိုအပ်လေသည်။

ဃ။ အားလုံးသဘောတူ ဆုံးဖြတ်ခြင်းသည် အများစုမဲဖြင့် ဆုံးဖြတ်ခြင်းနှင့် သဘောတရားခြင်း အတူတူပင် ဖြစ်သည်။

င။ အားလုံးသဘောတူ ဆုံးဖြတ်ချက်ကို ရရှိရန် ပါဝင်သူတိုင်း သဘောတူညီမှု ရရှိသည်အထိ ညှိနှိုင်းဆွေးနွေး၍ အတည်ပြု ဆုံးဖြတ်ချက် ရယူရသည်။

စ။ အာဏာရှင်ဆန်စွာ ဆုံးဖြတ်သည့်စနစ်သည် အားလုံးသဘောတူ ဆုံးဖြတ်သည့် စနစ်ထက် ပြည်သူပါဝင်မှု ပိုများသည်။




## လေ့ကျင့်ခန်း

အောက်ပါ ဖော်ပြချက်များကို ဆုံးဖြတ်ချက် ချမှတ်မှု နည်းလမ်း ၄ သွယ်နှင့် တွဲစပ်ပြပါ။

| | |
|---|---|
| ၁။ အာဏာရှင်ဆန်စွာ ဆုံးဖြတ်ခြင်း | ၃။ အများစုမဲဖြင့် ဆုံးဖြတ်ခြင်း |
| ၂။ ပါဝင်ဆွေးနွေးမှုအခြေပြု ဆုံးဖြတ်ခြင်း | ၄။ အားလုံးသဘောတူ ဆုံးဖြတ်ခြင်း |

က။ ဒဏ်ရာရသူအတွက် အကောင်းဆုံး ကုသနည်းကို ဆရာဝန်တစ်ဦးတည်းက ဆုံးဖြတ်ပေးသည်။
နမူနာအဖြေ – **အာဏာရှင်ဆန်စွာ ဆုံးဖြတ်ခြင်း**

ခ။ ကျောင်းရှိ ဆရာ၊ ဆရာမအားလုံးသည် ကျောင်းလေ့လာရေးခရီးသွားမည့် နေရာကို ဆုံးဖြတ်ရန် အစည်းအဝေး ခေါ်ယူသည်။ အားလုံးသဘောတူညီမှု ရရှိသည်အထိ ဆရာ၊ ဆရာမများ ဝိုင်းဝန်း ဆွေးနွေးကြသည်။

ဂ။ ကျောင်းဆရာမတစ်ဦးသည်သူမ၏ စတုတ္ထတန်း သင်္ချာဘာသာရပ်အတွက် ဘာတွေ သင်ရမလဲ ဆိုတာကို ဆုံးဖြတ်သည်။

ဃ။ ကျောင်းသားများသည် အတန်းပိုင်ငွေကို ထိုင်ခုံအသစ်များ ဝယ်ယူရာတွင် သုံးမလား သို့မဟုတ် ပန်ကာအသစ်များ ဝယ်ယူရာတွင် သုံးမလား ဆိုတာကို မဲခွဲ ဆုံးဖြတ်ကြသည်။

င။ ရပ်ရွာအုပ်ချုပ်ရေးမှူးသည် တံတားအသစ်တစ်စင်း ဆောက်လုပ်ရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် မချမီ ဒေသခံပြည်သူ အားလုံးကို ဖိတ်ခေါ်ပြီး တံတားအသစ် ဆောက်ခြင်းကြောင့် ရလာမည့် အကျိုးနှင့် အပြစ်ကို ဆွေးနွေးစေသည်။

စ။ လူနှစ်ဦးထဲမှ နိုင်ငံခေါင်းဆောင် ဖြစ်သင့်သည့်သူကို တစ်နိုင်ငံလုံးက မဲပေး ဆုံးဖြတ်ကြသည်။

ဆ။ ကပွဲတွင် မည်သည့် တေးသီချင်းများ တီးခတ်ဖျော်ဖြေမည် ဆိုတာကို တီးဝိုင်းအဖွဲ့ဝင် အားလုံးက ဝိုင်းဝန်း ဆုံးဖြတ်ကြသည်။ တီးဝိုင်းအဖွဲ့ဝင် တစ်ဦးချင်းစီက သီချင်း ၃ ပုဒ်စီ အဆိုပြုကြပြီး နောက်ဆုံး အတည်ပြု သီချင်းစာရင်း ရသည်အထိ ဆွေးနွေး ညှိနှိုင်းကြသည်။။

ဒီမိုကရေစီသည် အဖွဲ့တစ်ခုအတွင်း အားပြိုင်နေသော အကျိုးစီးပွားများ၊ အယူအဆများ၊ အမြင်သဘောထားများကို အာဏာသုံးခြင်း၊ အကြမ်းဖက်ခြင်း မရှိဘဲ ငြိမ်းချမ်းစွာ ဖြေရှင်းပေးသည့် နည်းလမ်းတစ်ခုဖြစ်သည်။ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက် ချမှတ်သည့် စနစ်၏ အဓိက အရေးကြီးသော လက္ခဏာရပ် ၂ ခု ရှိသည်။

၁။ အဖွဲ့ဝင်အားလုံးအား အမြင်သဘောထား ထုတ်ဖော်ခွင့်ကို တန်းတူညီမျှစွာ ပေးအပ်ထားသည်။ အားနည်းသူများသည်လည်း ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အားကြီးသူများနှင့် တန်းတူအမြင်သဘောထားများပေးခွင့် ရှိသည်။ အဆိုပါ စနစ်သည် အားနည်းသော၊ သေးငယ်သော လူအုပ်စုများ၏ အမြင်သဘောထားများ၊ အကျိုးစီးပွားများနှင့် အယူအဆများအား လျစ်လျူရှုသည့် အခြေအနေမျိုးကို ရှောင်ရှားပေးသည်။


၂။ အဖွဲ့ဝင်အားလုံးကို ဆုံးဖြတ်ချက် ချမှတ်ရာ၌ တန်းတူညီစွာ ပါဝင်ခွင့်ပေးထားသည်။ အဆိုပါ ဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုကို ခံစားရမည့်သူများ အားလုံးကို ပါဝင်စေသည်။ ထို့ကြောင့် ကိုယ်တိုင် မပါဝင်လိုက်ရဘဲ ဖြစ်လာသည့် ဆုံးဖြတ်ချက်များကြောင့် ထိခိုက်နစ်နာမှု ရှိလာစေနိုင်သည့် အခြေအနေမျိုး မရှိတော့ပေ။



## လုပ်ငန်းများ

### သရုပ်ဖော်ရန် – ကန္တာရကျွန်း

ပေးထားသော စာပိုဒ်ကို ဖတ်၍ ညွှန်ကြားချက်များအတိုင်း လုပ်ဆောင်ပါ။



သင်တို့ အဖွဲ့သည် လှေတစ်စီးဖြင့် ခရီးထွက်လာကြရာ လမ်းခုလတ်တွင် သင်တို့ လှေမြှုပ်သွားသည် ဆိုပါစို့။ လှေမြှုပ်သွားသော်လည်း သင်တို့ အဖွဲ့ဝင်အားလုံးသည် အနီးအနားရှိ ကျွန်းတစ်ကျွန်းပေါ်သို့ ကူးသွားနိုင်ခဲ့ကြသည်။ ယခုအခါ သင်တို့ အဖွဲ့သည် ဘယ်နေရာတွင် ဘယ်လိုနေကြမည် ဆိုသည်ကို ဆုံးဖြတ်ကြရတော့မည်။ ရေ၊ ရိက္ခာနှင့် နေစရာ နေရာကို အလျင်အမြန် ရှာဖွေရတော့မည်။ သို့သော် သင်တို့သည် အားလုံး အတူတကွ နေထိုင်ကြရာတွင် လိုက်နာရမည့် စည်းမျဉ်း စည်းကမ်းများနှင့် ပတ်သက်၍ သဘောတူညီမှုတစ်ခု ရှိထားဖို့ လိုအပ်လာပြီ ဖြစ်သည်။ ပထမဆုံးအဆင့်အနေဖြင့် ဆုံးဖြတ်ချက်များကို မည်သည့် ပုံစံဖြင့် ချမှတ်မည် ဆိုတာနှင့် ပတ်သက်၍ အားလုံးသဘောတူညီမှုတစ်ရပ် ရယူထားဖို့ လိုသည်ဟု တစ်ယောက်က အကြံပြုသည်။

၁။ အောက်ပါ အဖွဲ့ ၄ ဖွဲ့ ထဲမှ အဖွဲ့တစ်ဖွဲ့တွင် ပါဝင်ပါ။

- ဆုံးဖြတ်ချက်အားလုံးကို အများစုမဲဖြင့် ချမှတ်ခြင်း (အများစုမဲဖြင့် ဆုံးဖြတ်ခြင်း)
- ဆုံးဖြတ်ချက်အားလုံးကို ခေါင်းဆောင်တစ်ဦးတည်းက ဆုံးဖြတ်ခြင်း (အာဏာရှင်ဆန်စွာ ဆုံးဖြတ်ခြင်း)
- အခြားသူအားလုံးနှင့် ဆွေးနွေးတိုင်ပင်ပြီးမှ ဆုံးဖြတ်ချက်အားလုံးကို ခေါင်းဆောင်တစ်ဦးက ဆုံးဖြတ်ခြင်း (ပါဝင်ဆွေးနွေးမှုအခြေပြု ဆုံးဖြတ်ခြင်း)
- အားလုံးသဘောတူမှသာ ဆုံးဖြတ်ချက်ချနိုင်ခြင်း (အားလုံးသဘောတူ ဆုံးဖြတ်ခြင်း)

၂။ သင့် အဖွဲ့က ရွေးချယ်ထားသော ဆုံးဖြတ်ချက် ချမှတ်သည့် စနစ်အပေါ် ထောက်ခံပြောဆို၍ အကြေအလည် ရှင်းပြပြီး အဆိုပါ ဆုံးဖြတ်ချက် ချမှတ်မှုစနစ်၏ အားသာချက်နှင့် အားနည်းချက်များကို အတန်းသို့ တင်ပြ ဆွေးနွေးပါ။

၃။ သင့် အဖွဲ့အနေဖြင့် အခြား ဆုံးဖြတ်ချက် ချမှတ်သည့် စနစ်များ၏ အားနည်းချက်များကို ထောက်ပြ ဆွေးနွေးပြီး တစ်ဖွဲ့လုံးအနေနှင့် အကောင်းဆုံးဖြစ်မည့် ဆုံးဖြတ်ချက် ချမှတ်သည့် စနစ်ကို ဆုံးဖြတ်ပါ။

၄။ သင့် အနေဖြင့် မည်သို့သော ဆုံးဖြတ်ချက် ချမှတ်သည့် စနစ်မျိုးကို ရွေးချယ်မည်နည်း။ အကြောင်းပြချက်နှင့်တကွ ရှင်းပြပါ။

## ဆွေးနွေးချက်

၁။ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက် ချမှတ်မှုစနစ်၏ အားသာချက်နှင့် အားနည်းချက်များကို ဆွေးနွေးပါ။

၂။ သင်၏ လူ့အဖွဲ့အစည်းတွင် ဆုံးဖြတ်ချက်များကို မည်သို့ ချမှတ်ကြသနည်း။ ဆုံးဖြတ်ချက် ချမှတ်သည့် ပုံစံသည် ယခုထက် ဒီမိုကရေစီ ပိုဆန်သင့်သလား၊ သို့မဟုတ် ယခုလောက် ဒီမိုကရေစီ မဆန်သင့်ဘူးလား၊ အကြောင်းပြချက်နှင့်တကွ ရှင်းပြပါ။

## ပြန်လည်သုံးသပ်ချက်

၁။ အချို့သော ဆုံးဖြတ်ချက်များကို ဒီမိုကရေစီနည်းကျ မဆုံးဖြတ်သင့်ဟု သင် ထင်မြင်ပါသလား။ အဘယ့်ကြောင့်နည်း။

၂။ တကယ်ကောင်းမွန်သော ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ဖူးသော အဖွဲ့တစ်ခု၏ အဖွဲ့ဝင်အဖြစ် သင်ရှိခဲ့ဖူးသော ကာလကို ပြန်လည် စဉ်းစားကြည့်ပါ။ အဆိုပါ ဆုံးဖြတ်ချက်ကို ဒီမိုကရေစီနည်းကျ ချမှတ်ခဲ့ပါသလား။ ထိုသို့ မဟုတ်ပါက ဘယ်လို ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသလဲ။


၃။ တကယ် ဆိုးရွားသည့် ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခဲ့ဖူးသော အဖွဲ့တစ်ခု၏ အဖွဲ့ဝင်အဖြစ် သင်ရှိနေခဲ့ဖူးသော ကာလကို ပြန်လည် စဉ်းစားကြည့်ပါ။ အဆိုပါ ဆုံးဖြတ်ချက်ကို ဒီမိုကရေစီနည်းကျ ချမှတ်ခဲ့ပါသလား။ ထိုသို့ မဟုတ်ပါက ဘယ်လိုဆုံးဖြတ်ချက် ချခဲ့ပါသလဲ။


## ၁.၁.၃ တိုက်ရိုက်ဒီမိုကရေစီနှင့် သွယ်ဝိုက်ဒီမိုကရေစီ (Direct and Indirect Democracy)




### အကြိုသင်ခန်းစာ

အောက်ပါပုံ နှစ်ပုံကို ကြည့်၍ မည်သည့်ပုံက တိုက်ရိုက်ဒီမိုကရေစီ ဖြစ်၍ မည်သည့်ပုံက ကိုယ်စားပြုဒီမိုကရေစီ ဖြစ်သည်ကို ခွဲခြားပြပါ။




တိုက်ရိုက်ဒီမိုကရေစီစနစ်တွင် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ လူ့အဖွဲ့အစည်းဝင် အားလုံးက ပါဝင်၍ ချမှတ်ကြသည်။ သို့သော် တိုက်ရိုက်ဒီမိုကရေစီစနစ်သည် လူဦးရေ သန်းပေါင်းများစွာရှိသော (ဥပမာ – နိုင်ငံ) လူ့အဖွဲ့အစည်းများတွင် လက်တွေ့ မဖြစ်နိုင်တော့ပေ။ အကြောင်းမှာ –

၁။ ခေတ်သစ်ဒီမိုကရေစီ နိုင်ငံများတွင် လူဦးရေ အဆမတန် များပြားမှုကြောင့် ဆုံးဖြတ်ချက်များကို အားလုံးပါဝင်၍ ချမှတ်နိုင်ဖို့ရန် မဖြစ်နိုင်တော့ပေ။

၂။ နိုင်ငံသားအများစုသည် မိမိတို့ လူ့အဖွဲ့အစည်းအတွင်း ချမှတ်သည့် ဆုံးဖြတ်ချက်တိုင်းတွင် ပါဝင်ဖို့ရာ အချိန်မရှိသလို စိတ်ဝင်စားမှုနှင့် ဗဟုသုတများလည်း မရှိကြပေ။

အဆိုပါ အကြောင်းအရင်းများကြောင့် သွယ်ဝိုက်ဒီမိုကရေစီသည် ယနေ့ကမ္ဘာတွင် အတွေ့ရ အများဆုံးသော ဒီမိုကရေစီပုံစံ ဖြစ်လာသည်။


## လေ့ကျင့်ခန်း

အောက်ပါ အကြောင်းပြချက်များထဲမှ ကြီးမားကျယ်ပြန့်သော လူ့အဖွဲ့အစည်းများတွင် သွယ်ဝိုက်ဒီမိုကရေစီကို အသုံးပြုရခြင်း အကြောင်းအရင်းများကို ရွေးချယ်ပြပါ။

က။ တိုက်ရိုက်ဒီမိုကရေစီသည် များပြားလွန်းသော လူများ ပါဝင်ပတ်သက်နေရသည့်အတွက် ကျင့်သုံးဖို့ရာ ခက်ခဲလှသည်။

ခ။ နိုင်ငံသား အားလုံးသည် ဆုံးဖြတ်ချက် အားလုံးတွင် ပါဝင်နိုင်ဖို့ရာ အချိန်မရှိသလို အသိပညာ ဗဟုသုတလည်း မရှိပေ။

ဂ။ တိုက်ရိုက်ဒီမိုကရေစီသည် လူများစုနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိပေ။




## လေ့ကျင့်ခန်း

အောက်ပါ အခြေအနေတို့ကို ဖတ်ရှု လေ့လာပါ။ ၎င်း အခြေအနေများသည် တိုက်ရိုက်ဒီမိုကရေစီပုံစံ ဖြစ်ပါသလား၊ ကိုယ်စားပြုဒီမိုကရေစီပုံစံ ဖြစ်ပါသလား။

**လူမှုအသိုင်းအဝိုင်းတစ်ခုတွင်** –

က။ ဆုံးဖြတ်ချက်များကို ထိုလူမှုအသိုင်းအဝိုင်းအတွင်းရှိ ကောင်စီက ချမှတ်သည်။ ၎င်းကောင်စီသည် မိမိတို့ လူမှုအသိုင်းအဝိုင်း၏ အရေးကိစ္စများအား ဆုံးဖြတ်ရန် တစ်လတစ်ကြိမ် အစည်းအဝေး ပြုလုပ်ကြသည်။ ထိုလူမှုအသိုင်းအဝိုင်း အတွင်းရှိ မည်သည့် အဖွဲ့ဝင်မဆို ကောင်စီတွင် ပါဝင်နိုင်သည်။

<u>နမူနာအဖြေ</u> – **တိုက်ရိုက်ဒီမိုကရေစီ**

ခ။ ပြည်သူလူထုသည် ပါလီမန်အတွက် ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်၍ ၎င်းပါလီမန်က ရပ်ရွာအတွက် ဥပဒေများ ပြဋ္ဌာန်းပေးသည်။ လူဦးရေ တစ်သိန်းလျှင် ရွေးချယ်ခံ ကိုယ်စားလှယ်တစ်ယောက် ရှိသည်။

ဂ။ မည်သည့် လူ့အဖွဲ့အစည်းဝင်မဆို မည်သည့် ကိစ္စရပ်ပေါ်တွင်မဆို မဲပေးရန် တောင်းဆိုခွင့် ရှိသည်။ ထိုသို့ မဲပေးရာတွင်လည်း သက်ဆိုင်ရာ အဖွဲ့ဝင်အားလုံး မဲပေးရန် တာဝန်ရှိသည်။

ဃ။ အရေးကြီးသော ဆုံးဖြတ်ချက်များ အားလုံးကို ၅ နှစ် တစ်ကြိမ် ရွေးကောက်ပွဲမှတစ်ဆင့် ပြည်သူလူထုက မဲပေးရွေးချယ်ထားသော သမ္မတက ဆုံးဖြတ်သည်။

င။ လူမှုအသိုင်းအဝိုင်းတစ်ခုအတွင်း ကိစ္စရေးရာများအား ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိသော လူတစ်စု ရှိသည်။ သို့သော် ၎င်းတို့သည် ကျန်သော လူမှုအသိုင်းအဝိုင်းဝင်များနှင့် ဆွေးနွေး တိုင်ပင်ခြင်း မရှိဘဲ မည်သည့် ဆုံးဖြတ်ချက်မျှ ချမှတ်ခွင့် မရှိပေ။ ၎င်းတို့သည် ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ချမှတ်မည့်အခါတိုင်း လူမှုအသိုင်းအဝိုင်းဝင် အားလုံး တက်ရောက်ခွင့်ရှိသည့် အစည်းအဝေးကို ခေါ်ယူရသည်။ အဆိုပါ အစည်းအဝေးများသို့ ထိုလူမှုအသိုင်းအဝိုင်းအတွင်းရှိ လူအားလုံး တက်ရောက်ခွင့်ရှိသည်။

စ။ အရေးကြီးသော ဆုံးဖြတ်ချက်များကို ရွေးကောက်ခံ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်က ချမှတ်သည်။ အဆိုပါ ခေါင်းဆောင်ကို ကိုယ်စားလှယ်များက မဲဖြင့် ရွေးချယ်၍ တင်မြှောက်ကြသည်။ ကိုယ်စားလှယ်များကို ပြည်သူလူထုက ၅ နှစ် တစ်ကြိမ် ရွေးချယ် တင်မြှောက်ကြသည်။




အစိုးရဟူသည် တိုင်းပြည်ကို ဦးဆောင်သော လူမှုအစုအဖွဲ့တစ်ခုဖြစ်၍ ထိုတိုင်းပြည်၏ ကိစ္စရေးရာများကို စီမံဆုံးဖြတ်ကြရသည်။ အစိုးရများသည် လူ့အဖွဲ့အစည်း တစ်ရပ်အတွင်း ကျင့်သုံးရမည့် ဥပဒေများ၊ ဘဏ္ဍာရေးသုံးစွဲမှုများ၊ လူ့အဖွဲ့အစည်း၏ ဖွံ့စည်းလည်ပတ်မှု ပုံစံများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို စီမံဆုံးဖြတ်ရန် အခွင့်အာဏာ ရှိကြသည်။ ဒီမိုကရေစီစနစ်တွင် အဆိုပါအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်သည်။ ပြည်သူလူထုသည် အစိုးရအား မိမိတို့ကိုယ်စား ဆုံးဖြတ်ရန် အခွင့်အာဏာ ပေးအပ်ထားခြင်းဖြစ်သည်။ ကိုယ်စားပြုဒီမိုကရေစီတွင် အဆိုပါ အစိုးရကို ပြည်သူလူထုက ရွေးချယ်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

ကိုယ်စားလှယ်တစ်ယောက် ဖြစ်လာရစေရန် နိုင်ငံသားတစ်ယောက်သည် သက်ဆိုင်ရာ နိုင်ငံတစ်ခု၏ သတ်မှတ်ကိုယ်စားလှယ် အရည်အချင်းများနှင့် ပြည့်မီဖို့ လိုပါသည်။ ဥပမာ – ကိုယ်စားလှယ်တစ်ယောက်သည် အနည်းဆုံး အသက် ၂၅ နှစ် ရှိရမည်ဟူ၍ ဖြစ်သည်။ အဆိုပါ သတ်မှတ်ချက်စည်းမျဉ်းသည် နိုင်ငံသားအားလုံးအပေါ်တွင် တန်းတူညီမျှစွာ သက်ရောက်သည်။

ဒုတိယအချက်အနေဖြင့် ၎င်းကိုယ်စားလှယ် ပြုလုပ်မည့်သူများသည် မိမိတို့ ဘာကြောင့် ကိုယ်စားလှယ်ဖြစ်ချင်သည်၊ ဘာကြောင့် အဆိုပါ ကောင်းကျိုးများကို ပြုချင်သည် ဆိုသည်ကို ၎င်းတို့၏ နိုင်ငံသားများအား ရှင်းပြရမည် ဖြစ်သည်။ နိုင်ငံသားများသည် ၎င်းတို့အနေဖြင့် အကောင်းဆုံး ဖြစ်မည်ဟု ထင်မြင်သည့် အပေါ်တွင် အခြေခံ၍ ကိုယ်စားလှယ်များကို ရွေးချယ်ကြသည်။

အဆိုပါ ကိုယ်စားလှယ်များ (ပါလီမန်ဟုလည်း ခေါ်သည်) သည် အစိုးရအဖွဲ့ကို ဖွဲ့စည်းကြသည်။ အဆိုပါ ကိုယ်စားလှယ်များကို ပါလီမန်အဖွဲ့ဝင်များဟု လူသိများကြသည်။

## လေ့ကျင့်ခန်း

အောက်ပါ ဖော်ပြချက်များကို မှား / မှန် ဆုံးဖြတ်ပါ။ မှားသည် ဆိုပါက အဘယ်ကြောင့် မှားသည်ကို အကြောင်းပြချက်နှင့်တကွ ဖြေဆိုပါ။

ကိုယ်စားပြုဒီမိုကရေစီတွင် ...

က။ အစိုးရကို နိုင်ငံသားများအား အခြေခံ၍ ဖွဲ့စည်းသည်။

ခ။ ကိုယ်စားလှယ်များကို အစိုးရက ရွေးချယ်သည်။

ဂ။ ပြည်သူလူထုသည် အစိုးရအား မိမိတို့ ကိုယ်စား ဆုံးဖြတ်ရန် အခွင့်အာဏာ ပေးအပ်ထားသည်။

ဃ။ အစိုးရအာဏာသည် ပြည်သူထံမှ ဆင်းသက်သည်။

င။ မည်သည့် နိုင်ငံသားမဆို ကိုယ်စားလှယ်ဖြစ်ခွင့် ရှိသည်။

စ။ ကိုယ်စားလှယ်ဖြစ်ခွင့်ဆိုင်ရာ အရည်အချင်း သတ်မှတ်ချက်များသည် နိုင်ငံသားအချို့ပေါ်တွင်သာ သက်ရောက်မှုရှိသည်။



## မြန်မာ့ရေးရာ

### မြန်မာနိုင်ငံ အစိုးရကို ဘယ်လိုဖွဲ့စည်းသလဲ



**နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံများ။**

မြန်မာအစိုးရ ဖွဲ့စည်းပုံမှာ အဆင့် ၃ ဆင့် ရှိသည်။

**အဆင့် ၁**

နိုင်ငံသားများသည် အစိုးရအဖွဲ့အတွင်း မိမိတို့ သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းကို ကိုယ်စားပြုမည့် ကိုယ်စားလှယ်လောင်းများကို မဲပေး ရွေးချယ်ကြသည်။ မြို့နယ်အသီးသီးတွင် ထောက်ခံမဲ အများဆုံးရရှိသော ကိုယ်စားလှယ်လောင်းသည် လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာသည်။ ဆိုလိုသည်မှာ လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာ တစ်နေရာ ရရှိခြင်းဖြစ်သည်။ ထို့နောက် ၎င်းတို့သည် နိုင်ငံလုံးဆိုင်ရာ အရေးကိစ္စများအား ဆုံးဖြတ်ရာတွင် ပါဝင်ခွင့် ရှိကြသည်။

မြန်မာ့လွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော် (ကိုယ်စားလှယ်အစုအဖွဲ့) ၂ ရပ် ရှိသည်။ ၎င်း လွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စု လွှတ်တော်ဟု ခေါ်သည်။ မဲဆန္ဒရှင်များသည် ပြည်ထောင်စုလွှတ်တော်၏ ကိုယ်စားလှယ် ၇၅% ကို မဲပေးရွေးချယ်ကြရပြီး ကျန် ၂၅% ကို တပ်မတော်က ခန့်အပ်သည်။

**အဆင့် ၂**

ရွေးချယ်ခန့်အပ်ပြီးသည့်နောက် လွှတ်တော်ကိုယ်စားလှယ် အားလုံးသည် သမ္မတကို မဲပေး ရွေးချယ်ကြသည်။ သမ္မတလောင်း ၃ ဦးထဲမှ တစ်ဦး ကို နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်ကြခြင်းဖြစ်သည်။ သမ္မတလောင်းတစ်ဦးကို ပြည်သူ့လွှတ်တော်မှ ရွေးချယ်၍ တစ်ဦးကို အမျိုးသား လွှတ်တော်က ရွေးချယ်ပြီး ကျန်တစ်ဦးကို တပ်မတော်က ရွေးချယ်ခြင်းဖြစ်သည်။ အဆိုပါ ၃ ဦးထဲမှ မဲအများဆုံးရသူက နိုင်ငံတော်သမ္မတ ဖြစ်လာသည်။

**အဆင့် ၃**

သမ္မတကို ရွေးချယ်ပြီးနောက် အဆိုပါ သမ္မတသည် အစိုးရအဖွဲ့ကို ဖွဲ့စည်းရသည်။ သမ္မတသည် (ပညာရေး၊ ကျန်းမာရေး စသည်ဖြင့်) သက်ဆိုင်ရာအရေးကိစ္စများအလိုက် တာဝန်ယူ စီမံဆုံးဖြတ်မည့် ဝန်ကြီးနေရာများနှင့် အခြားအရေးပါသော ရာထူးနေရာများကို ရွေးချယ် ခန့်အပ်ရသည်။ ထို့နောက် အသစ်ပေါ်လာသော အစိုးရအဖွဲ့သည် တိုင်းပြည်ကို စီမံအုပ်ချုပ်ခွင့်အာဏာ ရရှိလာသည်။

**လေ့ကျင့်ခန်း**

၁။ လွှတ်တော်ကိုယ်စားလှယ်များ၏ ရာခိုင်နှုန်း မည်သည့်ကို တပ်မတော်က ရွေးချယ် ခန့်အပ်ထားသနည်း။

၂။ မြန်မာနိုင်ငံသမ္မတကို မည်သည့် ပုံစံဖြင့် ရွေးချယ်သနည်း။

၃။ မြန်မာအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို မည်သူက ရွေးချယ် ခန့်အပ်သနည်း။

## ကိုယ်စားလှယ်ဖြစ်ခွင့်ဆိုင်ရာ အရည်အချင်း သတ်မှတ်ချက်များ

### အရည်အချင်း သတ်မှတ်ချက်များ

က။ အထက်တန်း ကျောင်းပြီးသူများသာ ကိုယ်စားလှယ်ဖြစ်ခွင့်ရှိသည်။

ခ။ သက်ဆိုင်ရာ နယ်ပယ်အလိုက် (စီးပွားရေးနယ်ပယ်အတွက် စီးပွားရေးပညာရှင်များ၊ ဆေးပညာနယ်ပယ်အတွက် ဆရာဝန်များ) ကျွမ်းကျင်သော ပညာရှင်များကိုသာ ကိုယ်စားလှယ်ဖြစ်ခွင့်ပေးမည်။

ဂ။ ကိုယ်စားလှယ်လုပ်မည့်သူသည် အနည်းဆုံး အသက် ၁၈ နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

ဃ။ ကိုယ်စားလှယ်လုပ်မည့်သူသည် အနည်းဆုံး အသက် ၄၀ ပြည့်ပြီးသူ ဖြစ်ရမည်။

င။ ရာဇဝတ်မှုတစ်ကြိမ် တစ်ခါမျှ ကျူးလွန်ဖူးခြင်း မရှိသောသူများသာ ကိုယ်စားလှယ်ဖြစ်ခွင့် ရှိသည်။

စ။ ဒီမိုကရေစီ စံတန်ဖိုးများကို လက်ကိုင်ထားသောသူများသာ ကိုယ်စားလှယ်ဖြစ်ခွင့် ရှိသည်။

ဆ။ လူဦးရေအများဆုံးရှိသော လူမျိုးစု တိုင်းရင်းသားများသာ ကိုယ်စားလှယ်ဖြစ်ခွင့် ရှိသည်။

ဇ။ ဘာသာရေးခေါင်းဆောင် (ဥပမာ – ရဟန်းသံဃာများ၊ သီလရှင်များ၊ ခရစ်ယာန် ဓမ္မဆရာများ၊ ဗလီဆရာများ) မဟုတ်သောသူများသာ ကိုယ်စားလှယ်ဖြစ်ခွင့် ရှိသည်။

ဈ။ အမျိုးသမီးများသာ ကိုယ်စားလှယ်ဖြစ်ခွင့်ရှိသည်။

ည။ အိမ်ခြံမြေ ပိုင်ဆိုင်ထားသူများသာ ကိုယ်စားလှယ်ဖြစ်ခွင့်ရှိသည်။

ဋ။ စိတ်ပိုင်းဆိုင်ရာ ကျန်းမာသူများသာ ကိုယ်စားလှယ်ဖြစ်ခွင့်ရှိသည်။

ဌ။ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသူများသာ ကိုယ်စားလှယ်ဖြစ်ခွင့်ရှိသည်။

ဍ။ လူမွဲအဖြစ် ကြေညာခံထားရခြင်း မရှိသောသူများသာ ကိုယ်စားလှယ်ဖြစ်ခွင့် ရှိသည်။

## လုပ်ငန်းများ

၁။ သင်သည် မည်သူ ကိုယ်စားလှယ်ဖြစ်ခွင့်ရှိသည်ကို ဆုံးဖြတ်ပေးနိုင်သော ပညာရှင်ဘုတ်အဖွဲ့ဝင်တစ်ဦး ဖြစ်သည် ဆိုပါစို့။ တစ်ဖက်ဖော်ပြပါ အရည်အချင်း သတ်မှတ်ချက်များကို သင်သဘောတူပါသလား။ သင်သဘာ မတူသောအချက်များကို ကြက်ခြေခတ်ပါ။

၂။ အခြား သတ်မှတ်ချက်များကို ထပ်မံဖြည့်စွက်ပါ။

၃။ သင့်နိုင်ငံတွင် ကိုယ်စားလှယ်ဖြစ်ခွင့်နှင့် ပတ်သက်၍ မည်သို့သော အရည်အချင်း သတ်မှတ်ချက်များ ရှိသနည်း။

၄။ သင်ရွေးချယ်သော သတ်မှတ်ချက်များနှင့် သင့်နိုင်ငံက ပြဋ္ဌာန်းထားသော သတ်မှတ်ချက်များကြား မည်သို့သော ကွာခြားချက်များ ရှိသနည်း။

## ဆွေးနွေးချက်

၁။ တိုက်ရိုက်ဒီမိုကရေစီ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများမှာ အဘယ်နည်း။

၂။ ကိုယ်စားပြုဒီမိုကရေစီ၏ ကောင်းကျိုးနှင့် ဆိုးကျိုးများမှာ အဘယ်နည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် တိုက်ရိုက်ဒီမိုကရေစီ၏ မည်သို့သော ဥပမာများကို တွေ့မြင်ရသနည်း။

၄။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် ကိုယ်စားပြုဒီမိုကရေစီ၏ မည်သို့သော ဥပမာများကို တွေ့မြင်ရသနည်း။

## ပြန်လည်သုံးသပ်ချက်

၁။ သင့်ကိုယ်စား ဆုံးဖြတ်ချက်များ ချမှတ်ရန် သင် အခွင့်အာဏာ ပေးထားသောသူ ရှိပါသလား။

၂။ မည်သို့သော အရေးကိစ္စများကို သူတို့က ဆုံးဖြတ်ချက် ချမှတ်ပေးသနည်း။

၃။ အဘယ်ကြောင့် ထိုအခွင့်အာဏာ ပေးအပ်ထားပါသနည်း။

၄။ သင်နှင့် သဘောထား မတိုက်ဆိုင်သော ဆုံးဖြတ်ချက်များကို ၎င်းကိုယ်စားလှယ်များ ချမှတ်လာသည့်အခါ သင် မည်သို့ ခံစားရပါသနည်း။

## ၁.၂ ဒီမိုကရေစီ အင်္ဂါရပ်များ

## တန်းတူညီမျှမှုနှင့် ရွေးကောက်ပွဲများ

### ၁.၂.၁ တန်းတူညီမျှမှု



ကိုယ်စားပြုဒီမိုကရေစီစနစ်တစ်ခုတွင် တန်းတူညီမျှမှုရှိရန် လိုအပ်ပါသည်။ အတွေးအခေါ်ကောင်းများရှိ၍ မိမိတို့ လူ့အဖွဲ့အစည်းအတွက် စိတ်ရောကိုယ်ပါ မြှုပ်နှံမှုရှိမည့်သူများကို ကိုယ်စားလှယ်ဖြစ်ခွင့် မပေးဘဲ ဖယ်ထုတ်ထားပြီး၊ မကောင်းသော အတွေးများရှိပြီး လူ့အဖွဲ့အစည်းအပေါ်တွင် စိတ်ရောကိုယ်ပါ မြှုပ်နှံမှုမရှိသောသူများအား ဦးဆောင်ရန် အထူးအခွင့်အရေး ပေးထားမည်ဆိုလျှင် ဒီမိုကရေစီ ကောင်းစွာ သက်ဝင်လည်ပတ်မှု မရှိနိုင်ပေ။

ထို့အပြင် ဒီမိုကရေစီစနစ်တွင် အရွယ်ရောက်ပြီးသော နိုင်ငံသားတိုင်းသည် ဆန္ဒမဲတစ်မဲ ပေးခွင့်ရှိပြီး မဲတိုင်းသည် တူညီသောတန်ဖိုးများ ရှိပါသည်။ ထိုအခွင့်အရေးကို ခိုင်လုံသော အကြောင်းပြချက်ဖြင့်သာ ကန့်သတ်နိုင်ပါသည်။ ဥပမာ – လူတစ်ယောက်သည် ဆုံးဖြတ်ချက် မချနိုင်လောက်အောင် ဆိုးရွားသည့် စိတ်ရောဂါဝေဒနာမျိုး ခံစားနေရသည့် အခြေအနေမျိုး ဖြစ်သည်။

အကယ်၍ ကိုယ်စားလှယ် ရွေးချယ်ခွင့်ကို အချို့သော နိုင်ငံသားများအား တန်းတူညီမျှစွာ ပေးမထားဘူး ဆိုလျှင် ထွက်ပေါ်လာသည့် ကိုယ်စားလှယ်များသည်လည်း သက်ဆိုင်ရာ လူ့အဖွဲ့အစည်းတစ်ခုလုံးအား ထင်ဟပ်နိုင်လိမ့်မည် မဟုတ်ပေ။ ဥပမာ –

- ဆော်ဒီအာရေးဘီးယားနိုင်ငံတွင် အမျိုးသမီးများ မဲပေးခွင့် မရခြင်း။
- တောင်အာဖရိကမှ လူမဲများသည် ၁၉၉၄ ခုနှစ်အထိ မဲပေးခွင့် မရရှိပါ။
- ၁၉၈၀ ခုနှစ်များတွင် ကွန်ဂိုသမ္မတနိုင်ငံ၌ ဘန်ယာယန်ဒါ လူမျိုးစုမှ နိုင်ငံသားများကို လူထုကိုယ်စားလှယ်များဖြစ်ခွင့် မပြုခဲ့ပါ။

၎င်းဖြစ်စဉ်များသည် လူထုအုပ်စိုးမှု (The rule of the people) အနှစ်သာရ ရှိသည်ဟု မဆိုနိုင်ပေ။ အကြောင်းမှာ ပြည်သူအများသည် ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်တွင် ဖယ်ထုတ်ခံထားရခြင်းကြောင့် ဖြစ်သည်။

## လေ့ကျင့်ခန်း


အောက်ပါဖော်ပြချက်များကို မှား/ မှန် ဆုံးဖြတ်ပါ။ မှားသည်ဆိုပါက အဘယ်ကြောင့် မှားသည်ကို အကြောင်းပြချက်နှင့်တကွ ဖြေဆိုပါ။

**ဒီမိုကရေစီတွင် –**

က။ အဆင့်မြင့် ပညာတတ်သူများသာ ဆုံးဖြတ်ချက်များ ချမှတ်ခွင့် ရှိသည်။

ခ။ လူတစ်ယောက်အား မဲပေးခွင့် ကန့်သတ်ရန် အကြောင်းပြချက် ခိုင်ခိုင်လုံလုံရှိရန် မလိုပေ။


ဂ။ ပြည်သူ့ အုပ်စိုးမှုစနစ်ဟူသည် လူနည်းစုများကို ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်မှ ဖယ်ထုတ်ထား နိုင်သည်။



## လုပ်ငန်းများ

### စကားရည်လုခြင်း – ခေါင်းဆောင်ရွေးချယ်ခြင်း

အောက်ပါစာပိုဒ်ကို ဖတ်၍ ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်ပါ။



အမြော်အမြင်အရှိဆုံး၊ ပညာအတတ်ဆုံး လူပုဂ္ဂိုလ် ၅၀၀၀ ကိုသာ မဲပေးခွင့်ပြုရန် အကြံပြုထားသည်။ အသက်အရွယ်၊ အသိဉာဏ်ပညာနှင့် အတတ်ပညာကျွမ်းကျင်မှု အတွေ့အကြုံတို့ကို အခြေခံ၍ အဆိုပါ ပုဂ္ဂိုလ်များအား ရွေးချယ်မည်ဖြစ်သည်။

ယခု အဆိုပါ အယူအဆကို ထောက်ခံသူနှင့် ကန့်ကွက်သူများကြား စကားရည်လုကြမည် ဖြစ်သည်။



၁။ သုံးယောက်တစ်ဖွဲ့ အဖွဲ့များ ဖွဲ့ပါ။ အဖွဲ့တစ်ဖွဲ့စီတွင် –

- အဆိုပါ အယူအဆကို ထောက်ခံသော လူအုပ်စုကို ကိုယ်စားပြုသည့် လူတစ်ယောက် ပါဝင်ရမည်။
- အဆိုပါ အယူအဆကို ကန့်ကွက်သော လူအုပ်စုကို ကိုယ်စားပြုသည့် လူတစ်ယောက် ပါဝင်ရမည်။
- သတင်းထောက်တစ်ယောက် ပါဝင်ရမည်။ စကားရည်လုပွဲ အပြီးတွင် အဆိုပါ ကိုယ်စားလှယ် နှစ်ဦးကို မေးခွန်းများ မေးရမည် ဖြစ်သည်။

၂။ ငြင်းခုံဆွေးနွေးမှုများနှင့် မေးခွန်းများ မေးမြန်းခြင်းကို ပြုလုပ်ပါ။

၃။ တစ်တန်းလုံးအနေဖြင့် ထောက်ခံသည့်အဆိုနှင့် ကန့်ကွက်သည့်အဆိုများ၏ ဆွေးနွေးအကြံပြုချက်များမှ အဓိက အကြောင်းအရာများကို ဆွေးနွေးပါ။

၄။ တစ်တန်းလုံးမှ မည့်သည့်ဘက်ကို ထောက်ခံသည်၊ ကန့်ကွက်သည်ကိုပြရန် မဲပေးပါ။

## မြန်မာ့ရေးရာ

### တန်းတူညီမျှမှုနှင့် ကိုယ်စားပြုမှု



ဖြူဖြူသင်းသည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်ပြီး HIV/AIDS ဝေဒနာသည်များအရေး တက်ကြွလှုပ်ရှားသူအဖြစ်လည်း လူသိများသည်။ မြန်မာ့လွှတ်တော်ရှိ အမျိုးသမီးလွှတ်တော်အမတ် ၂၀ ထဲမှ တစ်ဦးအပါအဝင်လည်း ဖြစ်သည်။

မေး – အစ်မက ရှားရှားပါးပါး လူငယ်အမျိုးသမီး လွှတ်တော်အမတ်တစ်ဦးလည်း ဖြစ်တယ်။ အစ်မရဲ့ အသက်အရွယ်ကြောင့် လွှတ်တော်ထဲမှာ အခက်အခဲတစ်စုံတစ်ရာ ရှိပါသလား။

ဖြေ – မြန်မာ့လွှတ်တော်ထဲမှာတော့ ကျွန်မထက် အသက်အရွယ်ပိုကြီးတဲ့ အမတ်တွေက ပိုများပါတယ်။ အသက်ကြီးတော့ အတွေ့အကြုံ ရင့်ကျက်မှုတွေ ပိုများတာပေါ့နော်။ တစ်ဖက်မှာလည်း လူငယ်တွေဆီက နုပျိုတဲ့ ခွန်အားတွေလည်း လိုအပ်ပါတယ်။ မြန်မာပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူကြီးတွေဆီက ရင့်ကျက်တဲ့ အတွေ့အကြုံကောင်းတွေ လိုအပ်သလို လူငယ်တွေဆီက ပျိုမျစ်တဲ့ အားမာန်တွေလည်း လိုအပ်ပါတယ်။

မေး – အမျိုးသားအမတ်တွေကကော အမျိုးသမီးအမတ်တွေအပေါ် ဘယ်လို ပြုမူဆက်ဆံကြသလဲ။

ဖြေ – အားလုံးကတော့ မိသားစု၊ မောင်နှမတွေလိုပဲ ဆက်ဆံကြပါတယ်။ တချို့တလေကတော့ အမျိုးသမီးနိုင်ငံရေးသမားတွေဆိုရင် အလေးအနက် သိပ်မထားချင်ကြတာတွေလည်း ရှိပါတယ်။ နိုင်ငံရေးမှာ အမျိုးသားတွေဟာ အမျိုးသမီးတွေအပေါ် လေးစားမှု သိပ်မရှိကြသေးဘူးလို့တော့ ခံစားရတယ်။ ဒါကြောင့် အမျိုးသမီးလွှတ်တော် အမတ်တွေဟာ အမျိုးသားတွေနဲ့ တန်းတူပါဝင်ဆောင်ရွက်နိုင်ဖို့ အခက်အခဲ ရှိနေပါသေးတယ်။

မေး – အမျိုးသမီးတွေ ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေက ဘာတွေဖြစ်မလဲ။

ဖြေ – တချို့အမျိုးသမီးတွေဟာ စီးပွားရေးမှာပဲဖြစ်ဖြစ်၊ နိုင်ငံရေးမှာပဲဖြစ်ဖြစ် အောင်မြင်ဖို့ အခွင့်အလမ်းသိပ်ကို နည်းပါးလှပါတယ်။ မြန်မာ့ယဉ်ကျေးမှုဓလေ့က သူတို့ကို ကန့်သတ်ထားသလို ဖြစ်နေတယ်။ ဥပမာ – အိမ်ထောင်ရှင်အမျိုးသမီး တစ်ဦးဟာ အိမ်မှုကိစ္စတွေကို လုပ်နေရတဲ့ ဓလေ့မျိုးပေါ့။ နိုင်ငံရေးအလုပ်ကလည်း ထို့အတူပါပဲ။ အမျိုးသမီးအများစုကို မိသားစုနဲ့ ပတ်ဝန်းကျင်က ကန့်သတ်ထားကြတယ်လေ။ ဒါကြောင့် အမျိုးသမီးကိုယ်စားလှယ်တွေမှာ သူတို့လုပ်နိုင်သလောက် မဖြစ်နိုင်စေတဲ့ အတားအဆီး စိန်ခေါ်မှုတွေ ရှိနေတာတော့ အမှန်ပါပဲ။

Adapted from: http://www.irrawaddy.org/interview/pushing-limits-burmese-women-politics.html

### လေ့ကျင့်ခန်း

၁။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဖြူဖြူသင်းဟာ ဘယ်လို ထူးခြားမှုတွေ ရှိနေပါသလဲ။

၂။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ သူမဟာ ဘယ်လို အခက်အခဲမျိုးတွေ ရင်ဆိုင်နေရပါသလဲ။

၃။ ဖြူဖြူသင်း၏ အဆိုအရ အမျိုးသမီးများ နိုင်ငံရေးလုပ်ဖို့ အဘယ်ကြောင့် ခက်ခဲနေရပါသလဲ။

## ဆွေးနွေးချက်

၁။ တန်းတူညီမျှမှုသည် ဒီမိုကရေစီအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

၂။ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားအားလုံး တန်းတူညီမျှမှုရှိအောင် ဆောင်ရွက်ရာတွင် မည်သို့သော စိန်ခေါ်မှုများ ရှိသနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် လူအားလုံး တန်းတူညီမျှမှု ရှိပါသလား။ ဘာကြောင့် ရှိနေတာလဲ သို့မဟုတ် ဘာကြောင့် မရှိတာလဲ။

၄။ သင်ပါဝင်သော လူမှုအဖွဲ့အစည်းတွင် မည်သို့သော မညီမျှမှုများ ရှိပါသလဲ။

၅။ မညီမျှမှုက သင့် လူ့အဖွဲ့အစည်းအပေါ် မည်သို့သော ရိုက်ခတ်မှုများ ရှိလာစေသနည်း။




## ပြန်လည်သုံးသပ်ချက်


၁။ သင့် လူ့အဖွဲ့အစည်းအတွင်း ရှိနေသော မညီမျှမှုနှင့် ပတ်သက်၍ သင်မည်သို့ ခံစားရပါသနည်း။

၂။ ချမ်းသာသော လူများထံမှ ဥစ္စာဓနများကို သိမ်းယူ၍ ဆင်းရဲသောသူများအား ခွဲဝေပေးသောနည်းဖြင့် သင့် လူ့အဖွဲ့အစည်းအတွင်း ဆင်းရဲမွဲတေမှုကို ပပျောက်အောင် လုပ်ဆောင်နိုင်သည့် အခွင့်အာဏာမျိုး သင့်ကို ပေးအပ်မည် ဆိုပါက သင်အနေနှင့် ထိုကဲ့သို့ လုပ်ဆောင်ပါမည်လား။

## ၁.၂.၂ ရွေးကောက်ပွဲများ

### အကြိုသင်ခန်းစာ

ရွေးကောက်ပွဲဆိုတာ ဘာလဲ။




### က။ အဘယ်ကြောင့် မဲပေးရသနည်း

ပြည်သူလူထုအနေဖြင့် မိမိတို့ လူ့အဖွဲ့အစည်း၏ ကောင်းဆိုးဖြစ်စဉ်ကို ဆုံးဖြတ်နိုင်မည့် အခွင့်အလမ်းကို ရွေးကောက်ပွဲများက ပေးစွမ်းနိုင်ပါသည်။ တစ်ခါတစ်ရံ ပြည်သူလူထုသည် အရေးကိစ္စ တစ်ခုခုကို ထောက်ခံရန် သို့မဟုတ် ကန့်ကွက်ရန် ဆန္ဒမဲများ ပေးကြရသည်။ ထိုကဲ့သို့သော ဆန္ဒမဲပေးခြင်းမျိုးကို လူထုဆန္ဒခံယူပွဲ (referendum) ဟု ခေါ်ပါသည်။ ဥပမာ – မြို့တစ်မြို့တွင် လမ်းအသစ်တစ်ခု ဖောက်လုပ်ရန် စီမံကိန်းအတွက် မြို့နေလူထုထံမှ သဘောတူ၊ မတူ ဆန္ဒခံယူရခြင်းမျိုးဖြစ်သည်။ ၎င်းသည် တိုက်ရိုက်ဒီမိုကရေစီ၏ မြင်သာသော ဥပမာတစ်ခုလည်းဖြစ်သည်။

သို့သော် ရွေးကောက်ပွဲ အများစုသည် သွယ်ဝိုက်ဒီမိုကရေစီ၏ အသွင်သဏ္ဍာန်များသာဖြစ်သည်။ လူထုသည် မိမိတို့ကိုယ်စား ဆုံးဖြတ်ချက် ချမှတ်ပေးမည့် ကိုယ်စားလှယ်များကို ရွေးချယ်ကြခြင်းဖြစ်သည်။ ရွေးချယ်ရာတွင်လည်း သာမန်အားဖြင့် အများစုမဲဖြင့်သာ ရွေးချယ်ကြသည်။ မြန်မာနိုင်ငံတွင် အများစု မဲဆန္ဒဖြင့်သာ ဆုံးဖြတ်သည်။ မဲအများစုရသူသည် ၎င်းတို့၏ ရပ်ရွာ၊ နေရာဒေသအတွက် ကိုယ်စားလှယ် ဖြစ်လာသည်။

အစိုးရအဖွဲ့အတွင်း၌ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအသီးသီးကို ကိုယ်စားပြု၍ ပါဝင်လိုကြသော လူပုဂ္ဂိုလ်များအား ကိုယ်စားလှယ်လောင်းများဟု ခေါ်သည်။ ရွေးကောက်ပွဲ မတိုင်မီ ပြည်သူများသည် ကိုယ်စားလှယ်လောင်းများ၏ သဘောထားနှင့် စံတန်ဖိုးများကို နားလည်သိရှိရမည် ဖြစ်သည်။ သို့မှသာ မိမိတို့၏ သဘောထားအမြင်နှင့် တန်ဖိုးထားမှုများအပေါ် ကိုယ်စားပြုနိုင်မည့်သူကို စဉ်းစားနိုင်မည်။ ထိုမှသာ ကိုယ်စားလှယ်လောင်းကို မဲပေးရွေးကောက်နိုင်ပေမည်။



### လေ့ကျင့်ခန်း

အောက်ပါ ဖော်ပြချက်များကို မှား / မှန် ဆုံးဖြတ်ပါ။ မှားသည် ဆိုပါက အဘယ်ကြောင့် မှားသည်ကို အကြောင်းပြချက်နှင့်တကွ ဖြေဆိုပါ။

က။ ဆန္ဒခံယူပွဲဟူသည် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရာတွင် မဲပေးခွင့်ရှိသော နိုင်ငံသားအားလုံး ပါဝင်ခွင့်ရရှိအောင် စီမံထားသော စနစ်တစ်ခုဖြစ်သည်။

ခ။ ကိုယ်စားလှယ်များကို ရွေးချယ်ရန် ဆန္ဒခံယူပွဲစနစ်ကို ကျင့်သုံးသည်။

ဂ။ ပြည်သူလူထုသည် ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်များကို ရွေးချယ်ခြင်းသည် တိုက်ရိုက်ဒီမိုကရေစီ၏ ဥပမာတစ်ရပ်လည်း ဖြစ်သည်။




### ခ။ ဘယ်သူ့ကို မဲပေးမှာလဲ

ရွေးကောက်ပွဲဝင်သော ကိုယ်စားလှယ်လောင်းအများစုသည် နိုင်ငံရေးပါတီတစ်ခုခု၏ ပါတီဝင်များ ဖြစ်ကြသည်။ နိုင်ငံရေးပါတီဟူသည် နိုင်ငံရေးအမြင်သဘောထား တူညီသော လူများစု ဖွဲ့ထားကြသည့် လူမှုအစုအဖွဲ့တစ်ခုလည်း ဖြစ်သည်။ ၎င်းတို့သည် အကျိုးစီးပွားများ၊ သရုပ်လက္ခဏာများနှင့် စံတန်ဖိုးထားမှုများ တူညီတတ်ကြပြီး ၎င်းတို့၏ နိုင်ငံရေးပန်းတိုင်အတွက် အတူတကွ လက်တွဲ လုပ်ဆောင်ကြသည်။

နိုင်ငံရေးပါတီများသည် မိမိတို့၏ ပါတီဝင်များကို အစိုးရအဖွဲ့ အတွင်းသို့ ရွေးချယ်ခံ ကိုယ်စားလှယ် အဖြစ် ရောက်ရှိစေခြင်းဖြင့် နိုင်ငံရေးအာဏာကို ရယူဖို့ ကြိုးစားကြသည်။ ၎င်းတို့သည် ဥပဒေပြု ပါလီမန်အတွင်း ကိုယ်စားလှယ်အများဆုံး ရရှိသော ပါတီဖြစ်လာစေရန် ရည်ရွယ်ကြိုးပမ်းကြသည်။ ၎င်းတို့ ရည်မှန်းချက် အောင်မြင်လျှင် အာဏာရပါတီ အဖြစ်သို့ ရောက်ရှိမည်ဖြစ်ပြီး အစိုးရယန္တရားကို ထိန်းချုပ်ခွင့်ရကြမည်ဖြစ်သည်။ ကျန်ပါတီအားလုံးကိုမူ အတိုက်အခံပါတီများဟု ခေါ်ကြသည်။

နိုင်ငံရေးပါတီများသည် မိမိတို့ အာဏာရလျှင် လုပ်ဆောင်မည့် လုပ်ဆောင်ချက်များနှင့် ချမှတ်မည့် ဆုံးဖြတ်ချက်များအတွက် ကတိကဝတ်များ ပေးလေ့ရှိကြသည်။ အဆိုပါ ဆုံးဖြတ်ချက်များနှင့် လုပ်ဆောင်ချက်များသည် ၎င်းတို့ ဟောပြောနေသော လူထုအပေါ် မည်သို့သော အကျိုးကျေးဇူးများ ဖြစ်ပေါ်စေနိုင်သည် ဆိုသည်ကိုလည်း ရှင်းပြလေ့ ရှိကြသည်။ မဲဆန္ဒရှင်များသည် မည်သူ့ကို မဲပေးမည် ဆိုတာကို မဆုံးဖြတ်မီ ပါတီတစ်ရပ်၏ ကတိကဝတ်များနှင့် လမ်းစဉ်များကို အသေအချာ စဉ်စား သုံးသပ်ဖို့ လိုအပ်ပေလိမ့်မည်။

ပြည်သူလူထုတွင် ပါတီတစ်ရပ် သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးကို မဲပေးရခြင်း၏ အဓိက အကြောင်းအရင်းကြီးနှစ်ခု ရှိပါသည်။

- ပါတီတစ်ရပ် သို့မဟုတ် ကိုယ်စားလှယ်လောင်းတစ်ဦးက ရွေးကောက်ပွဲနိုင်လျှင် ဆောင်ရွက်ပေးမည်ဟု အာမခံထားသော ကတိကဝတ်များ။ ဥပမာ – လုံခြုံမှုကို တိုးမြှင့်ပေးခြင်း (လူတွေကို ပိုမို လုံခြုံမှုရှိလာသော ခံစားမှုမျိုး ရရှိအောင် ဆောင်ရွက်ပေးခြင်း)၊

ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးခြင်း (အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးခြင်း။ လမ်းပန်းဆက်သွယ်ရေးများ ပိုမို တိုးတက်အောင် စွမ်းဆောင်ပေးခြင်း)၊ တန်းတူညီမျှမှု ပိုမို ရရှိအောင် ဆောင်ရွက်ပေးခြင်းမျိုးများ (အပယ်ခံ လူနည်းစုများ၏ လူနေမှုဘ၀ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးခြင်းမျိုးများ) ပါဝင်ပါသည်။

- ကိုယ်စားလှယ်လောင်း၏ စိတ်နေစိတ်ထားနှင့် စရိုက်လက္ခဏာ။ ဥပမာ – ရိုးသားမှု၊ စိတ်ရောကိုယ်ပါ မြှုပ်နှံမှု၊ တရားမျှမျှတတရှိမှုတို့ ဖြစ်သည်။

## လေ့ကျင့်ခန်း

အောက်ပါတို့သည် မကြာသေးမီ ရွေးကောက်ပွဲ ကာလအတွင်း ကိုယ်စားလှယ်လောင်းတစ်ဦး ပေးသွားခဲ့သော ကတိကဝတ်များ ဖြစ်သည်။ ၎င်းတို့ကို ဆက်စပ်မှုပြ စက်ဝိုင်းတွင် ထည့်သွင်း ဖော်ပြပါ။

### ကျွန်ုပ်၏ ရွေးကောက်ပွဲ ကတိများ

ကျွန်ုပ် ကိုယ်စားလှယ်လောင်း A အနေနှင့် ကျွန်ုပ်အား မဲပေးမည်ဆိုပါက အောက်ပါတို့ကို လုပ်ဆောင်ပေးမည်ဟု ကတိပေးပါသည်။

၁။ ပြည်သူတွေ လျှပ်စစ်မီးကို ဈေးပေါပေါနှင့် ရရှိစေရမည်။

၂။ ရဲတပ်ဖွဲ့ကို ပိုမိုတိုးချဲ့ ဖွဲ့စည်းမည်။

၃။ ကျန်းမာရေးမကောင်းလျှင် လူတိုင်း ဆေးခန်းပြနိုင်ရမည်။

၄။ လူတိုင်းသန့်ရှင်း၍ စိတ်ချရသော သောက်ရေကို ရရှိစေရမည်။

၅။ ရာဇဝတ်သားများကို ပိုမိုကြီးလေးသော ပြစ်ဒဏ်များ ချမှတ်မည်။

၆။ အကြမ်းဖက် ပဋိပက္ခများ ရပ်တန့်သွားအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်မည်။

၇။ လမ်းမီးများ ပိုမိုရရှိစေရမည်။

၈။ စက်ရုံအသစ်များ ဆောက်လုပ်ပေးခြင်းဖြင့် အလုပ်လက်မဲ့များကို လျှော့ချပေးမည်။

၉။ ဆင်းရဲနွမ်းပါးသော ကျောင်းသားများအတွက် ပညာသင်ဆုများ စီစဉ်ပေးမည်။

၁၀။ မကောင်းသော လမ်းများကို ပြင်ပေးမည်။

၁၁။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်မည်။


၁၂။ ဆင်းရဲနွမ်းပါးမှုသည် ကျွန်ုပ်တို့၏ အကြီးမားဆုံး ပြဿနာကြီးဖြစ်သည်။ ဆင်းရဲသားများကို ထောက်ပံ့ပေးမှုများ ပိုမိုလုပ်ဆောင်သွားမည်။




အမည် ကိုယ်စားလှယ်လောင်း A

ရက်စွဲ ၁.၁၂.၁၅

လက်မှတ်




## လုပ်ငန်းများ

### သင်မျှော်မှန်းသော စံပြနိုင်ငံရေး ကိုယ်စားလှယ်လောင်း

၁။ အစိုးရအဖွဲ့တွင် ပါဝင်မည့် ကိုယ်စားလှယ်လောင်းတစ်ဦးတွင် မည်သို့သော အရည်အချင်းများ ရှိသင့်သည်ဟု သင်ထင်မြင်ပါသနည်း။

<u>စံပြနိုင်ငံရေး ကိုယ်စားလှယ်လောင်း</u>

**နိုင်ငံရေး ကိုယ်စားလှယ်လောင်းတစ်ဦးတွင် မည်သို့သော အရည်အချင်းများကို သင်မျှော်မှန်းသနည်း။ အောက်ပါ ဖော်ပြထားသော အချက်များထဲမှ သင်သဘောတူသော အချက်များကို အမှန်သင်္ကေတ ☑ ခြစ်၍ သင့်ကိုယ်ပိုင် သတ်မှတ်ချက်များ ရှိသေးပါက လည်း ထပ်မံဖြည့်စွက်ပါ။**




၁။ ☐ ရိုးသားခြင်း
၂။ ☐ လူထုရှေ့မှောက်တွင် အဟောအပြော ကောင်းခြင်း
၃။ ☐ မျှတခြင်း/ တရားမျှတခြင်း
၄။ ☐ ကြိုးစားမှုရှိခြင်း
၅။ ☐ သန်မာခြင်း/ ဩဇာအာဏာ ကြီးမားခြင်း
၆။ ☐ အတွေ့အကြုံရှိခြင်း
၇။ ☐ ရဲရင့်ခြင်း
၈။ ☐ သနားကြင်နာစိတ်ရှိခြင်း
၉။ ☐ မျိုးချစ်စိတ်ရှိခြင်း
၁၀။ ☐ ပူးပေါင်းဆောင်ရွက်တတ်ခြင်း/ အားလုံး၏ ပါဝင်မှုကို လက်ခံတတ်ခြင်း
၁၁။ ☐ ပြတ်သားခြင်း
၁၂။ ☐ ရပ်ရွာလူထုအရေးများတွင် တစိုက်မတ်မတ် ပါဝင်လုပ်ဆောင်တတ်ခြင်း

၂။ အထက်ဖော်ပြပါ စာရင်းတွင် မပါသော်လည်း သင့်အနေဖြင့် အရေးကြီးသည်ဟု ထင်သော အခြား အရည်အချင်း သတ်မှတ်ချက်များ ရှိသေးပါကလည်း ထပ်မံဖြည့်စွက် ရေးသားပါ။

၃။ အဖွဲ့များ ဖွဲ့၍ တစ်ဖွဲ့ချင်းစီအလိုက် မိမိတို့ လိုချင်သော ကိုယ်စားလှယ်လောင်းတစ်ဦးတွင် ရှိရမည့် အရည်အချင်း သတ်မှတ်ချက် ၆ ခု ကို အားလုံးသဘောတူညီမှု ရယူ၍ စာရင်းပြုစုပါ။

၄။ မိမိတို့ မျှော်မှန်းသော စံပြကိုယ်စားလှယ်လောင်း၏ အရည်အချင်းများကို အဖွဲ့လိုက် တင်ပြ ဆွေးနွေးပြီး အဆိုပါ အရည်အချင်းများသည် အဘယ်ကြောင့် အရေးပါသည်ကို အကြောင်းပြချက်နှင့်တကွ ရှင်းလင်း ဆွေးနွေးပါ။။

## ဆွေးနွေးချက်

၁။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကို မည်သို့ ရွေးချယ်ကြသနည်း။

၂။ ရွေးကောက်ပွဲများတွင် မည်သို့သော ကောင်းကျိုးနှင့် ဆိုးကျိုးများ ရှိသနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် မည်သို့သော နိုင်ငံရေးပါတီများ ရှိသနည်း။ ၎င်းတို့၏ စံတန်ဖိုးများသည် အဘယ်နည်း။ မည်ကဲ့သို့သော ကတိမျိုးတွေ ပေးလေ့ရှိကြသနည်း။။

## ပြန်လည်သုံးသပ်ချက်

၁။ သင် မဲပေးလေ့ ရှိပါသလား။

၂။ မဲပေးခြင်းက အပြောင်းအလဲတစ်ခု ဖြစ်မည်ဟု သင်ထင်မြင်ပါသလား။ ဘာကြောင့် ထိုသို့ ထင်ရပါသလဲ သို့မဟုတ် ဘာကြောင့် မထင်ရပါသလဲ။

၃။ မဲပေးခြင်းသည် သင့်အတွက် အရေးကြီးပါသလား။ ဘာကြောင့်ပါလဲ။

## ၁.၂.၃ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ



ဒီမိုကရေစီစနစ်တွင် ကိုယ်စားလှယ်များသည် ပြည်သူလူထု၏ လိုလားထောက်ခံမှု ရရှိရန် လိုအပ်ပါသည်။ ပြည်သူလူထုက လိုလားထောက်ခံမှု မရှိတော့ဘူးဆိုလျှင် အဆိုပါ ကိုယ်စားလှယ်များကို အစားထိုး ဖယ်ရှားနိုင်ပါသည်။ ထို့အတူ ကိုယ်စားလှယ်တစ်ဦးသည် မိမိကိုယ်စားပြုသော လူမှုအသိုင်းအဝိုင်းအတွက် ဆုံးဖြတ်ချက်ကောင်းများ ချမှတ်ဆောင်ရွက်မည်ဆိုပါလျှင် လူထုကလည်း ထိုကိုယ်စားလှယ်အား ထပ်မံ မဲပေးရွေးချယ် တင်မြှောက်ခြင်းဖြင့် ချီးမြှောက်နိုင်ပါသည်။

ထိုအကြောင်းကြောင့်ပင် ရွေးကောက်ပွဲများသည် ဒီမိုကရေစီတွင် အလွန်အရေးပါနေခြင်း ဖြစ်သည်။ ရွေးကောက်ပွဲများမှတစ်ဆင့် ပြည်သူလူထုသည် ၎င်းတို့၏ လိုလားထောက်ခံမှုကို ထုတ်ဖော် ပြသခွင့်ရသလို ကိုယ်စားလှယ်များက ပြည်သူလူထု၏ အလိုဆန္ဒနှင့် သဘောထားတို့ကို လျစ်လျူရှုလာကြပြီဆိုလျှင်လည်း အစားထိုး ဖယ်ရှားမှုများ ပြုလုပ်နိုင်ကြပေသည်။

သို့သော် ရွေးကောက်ပွဲများကို သင့်တင့်လျောက်ပတ်စွာ မကျင်းပပါက ပြည်သူလူထုအနေဖြင့် မကောင်းသော ခေါင်းဆောင်များကို ဖယ်ရှားရန်နှင့် ကောင်းသောခေါင်းဆောင်များကို ရွေးချယ်ရန် အခွင့်အလမ်း ရှိနိုင်တော့မည် မဟုတ်ပေ။ ထို့ကြောင့် ရွေးကောက်ပွဲများသည် ဒီမိုကရေစီနည်းကျ လွတ်လပ်မျှတမှုရှိရန် အထူးလိုအပ်ခြင်း ဖြစ်သည်။

လွတ်လပ်သော ရွေးကောက်ပွဲ ဆိုသည်မှာ ရွေးကောက်ပွဲ မတိုင်မီနှင့် ရွေးကောက်ပွဲ ကျင်းပစဉ်ကာလအတွင်း နိုင်ငံသားများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းများ မရှိခြင်းပင် ဖြစ်သည်။

တရားမျှတသော ရွေးကောက်ပွဲဟု ဆိုရာတွင် အကျင့်ပျက်ခြစားမှု (မဲဝယ်ခြင်း သို့မဟုတ် တာဝန်ရှိသူများကို လာဘ်ထိုးခြင်း) မရှိခြင်းနှင့် မဲရေတွက်ရာတွင်လည်း မျှမျှတတ၊ စနစ်တကျ ရေတွက်ခြင်းကို ဆိုလိုသည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲဟူသည် အောက်ပါ အချက်များနှင့် ပြည့်စုံနေဖို့ လိုပါသည်။

- နိုင်ငံသားအားလုံးအတွက် မဲတစ်မဲသာ ပေးခွင့်ရှိပြီး၊ မဲတိုင်း၏ တန်ဖိုးမှာ တန်းတူညီမျှမှု ရှိရမည် ဖြစ်သည်။
- ရွေးကောက်ပွဲဝင် ကိုယ်စားလှယ်လောင်းများအနေနှင့် ရွေးကောက်ပွဲကို လွတ်လပ်စွာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိရမည် ဖြစ်သည်။
- ကိုယ်စားလှယ်လောင်းအားလုံးသည် ၎င်းတို့၏ သဘောထားများ၊ အယူအဆများနှင့် ပတ်သက်၍ မဲဆန္ဒရှင်များအား ချပြစည်းရုံးခွင့် တန်းတူညီမျှစွာ ရှိရမည်။
- ရွေးကောက်ပွဲတွင် မဲအများဆုံးရသောပါတီ သို့မဟုတ် ကိုယ်စားလှယ်မှာ အာဏာကို ရယူပိုင်ခွင့် ရှိရမည်။
- နိုင်ငံသားများသည် အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှုများကို စိုးရိမ်ထိတ်လန့်နေစရာ မလိုဘဲ မိမိတို့ နှစ်သက်ရာ ကိုယ်စာလှယ်လောင်းအား လွတ်လပ်စွာ မဲပေးနိုင်ရမည်။
- ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များသည် ကာလကြာရှည် အာဏာစွဲကိုင်ထားမှု မပြုနိုင်စေရန်အတွက် ရွေးကောက်ပွဲများကို ပုံမှန် (ဥပမာ – ၄ နှစ် သို့မဟုတ် ၅ နှစ် တစ်ကြိမ်) ကျင်းပနေရမည်။




## လေ့ကျင့်ခန်း

အောက်ပါဖြစ်ရပ်များသည် အဘယ်ကြောင့် "လွတ်လပ်မျှတသော ရွေးကောက်ပွဲများ"၏ အနှစ်သာရနှင့် ဆန့်ကျင်နေရပါသနည်း။ အကြောင်းပြချက်နှင့်တကွ ရှင်းပြပါ။

**လူ့အသိုင်းအဝိုင်း တစ်ခုတွင် –**

က။ ကျေးရွာလူကြီး တစ်ဦးသည် ကိုယ်စားလှယ်လောင်း တစ်ယောက်၏ အမြင်သဘောထားများကို မနှစ်သက်ပေ။ ထို့ကြောင့် အဆိုပါ ကိုယ်စားလှယ်လောင်းအား ဟောပြောခွင့် မရအောင် ပိတ်ပင်ခြင်းများ ပြုလုပ်လေသည်။

နမူနာအဖြေ – **အဆိုပါ ကိုယ်စားလှယ်လောင်းသည် ၎င်း၏ သဘောထားများ၊ အယူအဆများကို ပြည်သူလူထုအား ချပြ စည်းရုံးရန် အခြားကိုယ်စားလှယ်လောင်းများနည်းတူ တန်းတူအခွင့်အရေး မရရှိသောကြောင့်ဖြစ်သည်။**

ခ။ ကိုယ်စားလှယ်လောင်း တစ်ဦးသည် ရွေးကောက်ပွဲတွင် မဲအများဆုံး ရှိထားသည်။ သို့သော် မူလ ကိုယ်စားလှယ် အဟောင်းသည် နေရာမှ ဖယ်ပေးရန် ငြင်းဆန်နေသည်။

ဂ။ ပြည်သူ့ထောက်ခံမှု မရှိတော့သော အစိုးရတစ်ရပ်သည် ရွေးကောက်ပွဲ လုပ်ရန်အတွက် တိုင်းပြည်က အဆင်သင့် မဖြစ်သေးဟုဆိုကာ ရွေးကောက်ပွဲများကို ဖျက်သိမ်းပစ်နေသည်။

ဃ။ လက်ရှိ ကိုယ်စားလှယ်ကို ထောက်ခံသူများသည် ပြိုင်ဘက် ကိုယ်စားလှယ်လောင်းတစ်ဦး၏ လက်ကမ်းစာစောင်နှင့် ပိုစတာများကို ခိုးယူ ဖျက်ဆီးပစ်ကြသည်။

င။ ခင်ပွန်းဖြစ်သူက ဇနီးအား ဤသို့ ပြောသည် "နင် ငါ့ညီကို ထောက်ခံမဲပေး ပေးပါ။ သူက တို့ကို အများကြီး ပြန်ကူညီလိမ့်မယ်။ ငါ့ညီကို ထောက်ခံမဲပေးရင်ပေး၊ မပေးရင် နင်တော့ သေပြီသာမှတ်"။

စ။ ရွေးကောက်ပွဲ ပြီးဆုံးသွားသည့်နောက် မဲရေတွက်သူများသည် လူအချို့၏ မဲများကို ထည့်သွင်း ရေတွက်ခြင်း မပြုကြပေ။ အကြောင်းမှာ မဲရေတွက်သူများက အဆိုပါ လူများအား မလိုလားကြသောကြောင့် ဖြစ်သည်။

ဆ။ အလုပ်ရှင်တစ်ဦးက "ဒီကိုယ်စားလှယ်လောင်းက တို့ကုမ္ပဏီအတွက် အသင့်တော်ဆုံးပဲ။ သူ့ကို မင်းတို့အားလုံး မဲပေးကြပါ။ မပေးရင်တော့ အလုပ်ထွက်ဖို့သာ ပြင်ထားကြ" ဟုပြောသည်။

ဇ။ လူနည်းစု တိုင်းရင်းသား မဲဆန္ဒရှင်အချို့သည် မဲစာရွက်ကို မဖတ်တတ်ကြသည့်အတွက် မဲမပေးနိုင်ကြပေ။

## လုပ်ငန်းများ

တစ်ဖက်ဖော်ပြပါ စာပိုဒ်ကို ဖတ်၍ ညွှန်ကြားသည့် အတိုင်း လုပ်ဆောင်ပါ။

၁။ အဖွဲ့ဝင် ၄ ဦးမှ ၆ ဦး အထိ ပါဝင်သော အဖွဲ့ များ ဖွဲ့၍ ကဏ္ဍအလိုက် သရုပ်ဆောင်မှု ပြုလုပ်ရန် ပြင်ဆင်ပါ။ အဖွဲ့ထဲမှ နှစ်ဦးသည် ကျေးရွာ စည်းဝေးပွဲတွင် ရောက်ရှိနေသော ပါတီခေါင်းဆောင်များဖြစ်ပြီး ကျန် အဖွဲ့ဝင် များမှာ ပရိတ်သတ်များ ဖြစ်သည်။

- ချမ်းသာသူများထံမှ အခွန်များ ကောက်ခံ၍ အခမဲ့ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း များတွင် အဘယ်ကြောင့် သုံးစွဲသင့် ကြောင်း တန်းတူညီမျှရေး ပါတီ ခေါင်းဆောင်က ရှင်းပြပါ။
- ချမ်းသာသူများထံမှ အခွန်များ ကောက်ခံ၍ အခမဲ့ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း များတွင် သုံးစွဲရမည် ဆိုခြင်းသည် အဘယ်ကြောင့် မဖြစ်သင့်ကြောင်း လွတ်လပ်ရေးပါတီ ခေါင်းဆောင်က ရှင်းပြပါ။
- ပရိတ်သတ်များက ခေါင်းဆောင် နှစ်ဦးအား မေးခွန်းများ မေးပါ။

၂။ အဖွဲ့လိုက်အနေဖြင့် မည်သည့် ပါတီ အား ထောက်ခံသည်ကို ဆွေးနွေးပါ။ အဘယ်ကြောင့် ထောက်ခံသည်ကို ရှင်းပြပါ။

## သရုပ်ဖော်ရန် – ရွေးကောက်ပွဲ စကားရည်လုပွဲ

နိုင်ငံတစ်ခုသည် ရွေးကောက်ပွဲ ကျင်းပတော့မည် ဖြစ်သည်။ အဆိုပါ နိုင်ငံတွင် တန်းတူညီမျှခွင့် ပါတီနှင့် လွတ်လပ်ခွင့် ပါတီဟူ၍ အဓိက ပါတီကြီးနှစ်ခု ရှိနေသည်။ ယခုအခါ အဆိုပါ ပါတီကြီး နှစ်ခုသည် နိုင်ငံသား အားလုံးအတွက် အခမဲ့ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုစနစ် ကျင့်သုံးရန်ဖြစ်သင့်၊ မဖြစ်သင့် အချေအတင် စကားရည်လုနေကြသည်။

တန်းတူညီမျှခွင့် ပါတီကမူ အဆိုပါ ဝန်ဆောင်မှုများအတွက် ကုန်ကျစရိတ်ကို ချမ်းသာ သူများက အခွန်တိုးမြှင့် ထမ်းဆောင်ခြင်းဖြင့် ပေးဆောင်သင့်သည်ဟု ဆိုသည်။

လွတ်လပ်ခွင့် ပါတီကမူ ချမ်းသာသူများအနေဖြင့် ၎င်းတို့ အလုပ်ကြိုးစား၍ ရရှိလာ သော ပိုက်ဆံများကို ဤနည်းဖြင့် ပေးကမ်းစွန့်လွှတ်ရမည်ဆိုလျှင် မတရားရာကျသည် ဟု ဆိုသည်။

**တန်းတူညီမျှခွင့် ပါတီ**




ကျွန်ုပ်တို့ ပါတီက ကတိပြုသည်။

**အားလုံး ကျန်းမာရေး စောင့်ရှောက်မှု အခမဲ့ ရစေမည်။**

ကျန်းမာရေး စောင့်ရှောက်မှုများအားလုံး အခမဲ့ ဖြစ်စေရမည်။ ချမ်းသာသူများသည် ထို ကုန်ကျစရိတ်အတွက် အခွန်တိုးမြှင့် ထမ်းဆောင်ရမည်။

အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို လိုချင်ရင် ရွေးကောက်ပွဲနေ့မှာ တန်းတူ ညီမျှခွင့် ပါတီကို မဲပေးကြပါ။




**လွတ်လပ်ခွင့် ပါတီ**

ကျုပ်တို့ ပါတီသာ ရွေးကောက်ပွဲနိုင်ရင် လူတချို့ကို အခွန်တိုးမြှင့် ကောက်ခံပြီး အချို့ကို အခွန်လျှော့ကောက်တာမျိုး လုံးဝ မဖြစ်စေရဘူး။ ကျုပ်တို့က လွတ်လပ်ခွင့်ပါတီ ဖြစ်တယ်။ လွတ်လပ်မှုကို ခံစားချင်ရင် လွတ်လပ်ခွင့် ပါတီကို မဲပေးပါ။

## မြန်မာ့ရေးရာ

### နယူးမြန်မာ ဖောင်ဒေးရှင်းနှင့် မဲစာရင်း ပြုစုခြင်းဖြစ်စဉ်

ရွေးကောက်ပွဲဖြစ်စဉ်၏ ပထမဆုံးအဆင့်မှာ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းလုပ်ငန်း ဖြစ်သည်။ မဲစာရင်းဆိုသည်မှာ မဲဆန္ဒနယ်တစ်ခုတွင် ဥပဒေအရ မဲပေးခွင့်ရှိသော နိုင်ငံသားအားလုံး၏ စာရင်းကို ဆိုလိုသည်။ နိုင်ငံသားများသည် မဲစာရင်းတွင် ကိုယ့်နာမည်ပါ၊ မပါကို စစ်ဆေး၍ မပါရှိပါက ပါအောင် လုပ်ဆောင်ဖို့ရန် တာဝန် ရှိပါသည်။

သို့သော် မဲစာရင်းများ မှန်ကန်တိကျမှုရှိအောင် လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများစွာ ရှိလေသည်။ တစ်ခါတစ်ရံတွင် သေဆုံးသူများနှင့် အခြား မဲဆန္ဒနယ်သို့ ပြောင်းရွှေ့သွားသူများသည် မဲစာရင်းတွင် ပါဝင်နေတတ်သည်။ တစ်ခါတစ်ရံတွင် ၁၈ နှစ် ပြည့်ခါစလူများ မဲစာရင်းတွင် မပါဝင်တတ်သည်လည်း ရှိကြသည်။ ထို့ကြောင့် မဲစာရင်းများသည် တိကျမှန်ကန်မှုရှိဖို့ အထူးအရေးကြီးပေသည်၊ သို့မဟုတ်လျှင် ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်အချို့ မဲပေးခွင့် ဆုံးရှုံးရမှုများ ရှိလာနိုင်ပေသည်။

နယူးမြန်မာ ဖောင်ဒေးရှင်းသည် မဲဆန္ဒရှင် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသည်။ ၎င်းတို့ လုပ်ငန်းအစီအစဉ်များတွင် အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ မဲဆန္ဒရှင် ပညာပေး လက်ကမ်းစာစောင်များ ဝေငှခြင်း၊ မဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ အသိပေး ပိုစတာများကို မြို့နယ်များတွင် လိုက်လံ စိုက်ထူပေးခြင်း လုပ်ငန်းများ ပါဝင်ပါသည်။

အဆိုပါ စီမံချက် လုပ်ငန်းများ၏ ရည်ရွယ်ချက်မှာ မဲဆန္ဒရှင်များအား မဲစာရင်းတွင် မိမိနာမည်ပါ၊ မပါ စစ်ဆေးရန်နှင့် မဲစာရင်းတွင် မိမိနာမည် မပါဝင်ပါက ပါဝင်လာအောင် မည်သို့ မည်ပုံ လုပ်ဆောင်နိုင်ကြောင်း အသိပညာများ၊ အကြံဉာဏ်များပေးရန်နှင့် အသိပေး နှိုးဆော်ရန် ဖြစ်ပါသည်။

**လေ့ကျင့်ခန်း**

၁။ မဲဆန္ဒရှင်များသည် မဲစာရင်းတွင် မိမိနာမည်ပါ၊ မပါစစ်ဆေးရန် အဘယ်ကြောင့် အရေးကြီးရသနည်း။

၂။ နယူးမြန်မာ ဖောင်ဒေးရှင်းလုပ်ငန်း စီမံချက်၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

၃။ ၎င်းတို့ လုပ်ဆောင်ကြသော လှုပ်ရှားမှု အချို့ကိုဖော်ပြပါ။

**ဆွေးနွေးချက်**

၁။ လွတ်လပ်မျှတသော ရွေးကောက်ပွဲများသည် ဒီမိုကရေစီအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

၂။ ရွေးကောက်ပွဲများ လွတ်လပ်မျှတမှု မရှိလျှင် မည်သို့သော ပြဿနာများ ရှိလာနိုင်သနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် ရွေးကောက်ပွဲများ လွတ်လပ်မျှတမှု ပိုမို ရှိလာစေရန် မည်သို့ လုပ်ဆာင်နိုင်မည်နည်း။

**ပြန်လည်သုံးသပ်ချက်**

၁။ သင်၏ အတွေ့အကြုံအရ ရွေးကောက်ပွဲများသည် အကောင်းဆုံးသော ဆုံးဖြတ်ချက်များဆီသို့ အမြဲတမ်း ဦးတည်စေနိုင်ပါသလား။

၂။ သင့်ဘဝတွင် တစ်စုံတစ်ခုကို ထောက်ခံမဲပေးပြီးချိန်ကျမှ မှားယွင်းသွားမှန်း သိလိုက်ရသည့် အဖြစ်မျိုး ကြုံဖူးပါသလား။ အဲဒီအချိန်တုန်းက သင့်အား ပိုမို ကောင်းမွန်သော ဆုံးဖြတ်ချက်မျိုး ချမှတ်နိုင်ခဲ့စေရန် မည်သို့သော အကူအညီ အထောက်အပံ့မျိုး လိုအပ်ခဲ့ပါသနည်း။

## ၂.၁ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် ပါဝင်ဆောင်ရွက်မှု

### ၂.၁.၁ တာဝန်ခံမှု



ဒီမိုကရေစီစနစ်တွင် ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၏ အဓိကတာဝန်မှာ ပြည်သူလူထုအား အလုပ်အကျွေးပြုရန် ဖြစ်သည်။ ဆိုလိုသည်မှာ ၎င်းတို့ကို ထမ်းဆောင်ရမည့် တိကျတဲ့ တာဝန်များနှင့် ဖြည့်ဆည်းရမည့် ကတိကဝတ်များ ပေးအပ်ထားပြီး ဖြစ်သည်ဟု ဆိုနိုင်သည်။ တာဝန်ခံမှု ဆိုသည်မှာ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် မိမိတို့အား ပေးအပ်ထားသည့် တာဝန်များနှင့် ဖြည့်ဆည်းရမည့် ကတိကဝတ်များကို ထမ်းဆောင်ရန် ပျက်ကွက်ပါက ပျက်ကွက်သည့်အတိုင်း တာဝန်ယူရခြင်းကိုလည်း ဆိုလိုပါသည်။

တာဝန်ခံမှုတွင် ထိုတာဝန်များကို ပျက်ကွက်ပါက ပြစ်ဒဏ်ပေးခြင်းလည်း ပါဝင်သည်။ အဆိုပါ ပြစ်ဒဏ်များတွင် ဥပဒေအရ ပေးနိုင်သော ပြစ်ဒဏ်များ (ထောင်ချခြင်းကဲ့သို့) ရှိသလို အလုပ်နှင့် သက်ဆိုင်သော ပြစ်ဒဏ်များ (အလုပ်ဖြုတ်ပစ်ခြင်း)၊ နိုင်ငံရေးနှင့် သက်ဆိုင်သော ပြစ်ဒဏ်များ (လူထုထောက်ခံမှု ဆုံးရှုံးခြင်း) လည်း ပါဝင်ပါသည်။

ခေါင်းဆောင်များက ပြည်သူလူထုအပေါ် တာဝန်ခံမှုရှိစေရန် ထိန်းကျောင်းပေးနိုင်သည့် အရေးပါဆုံးသော နည်းလမ်းမှာ (မကောင်းသော ခေါင်းဆောင်များကို ဖယ်ရှားနိုင်သော ရွေးကောက်ပွဲ) ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲများပင် ဖြစ်သည်။ ထို့ကြောင့် ဒီမိုကရေစီသည် ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် ထိရောက်သောစနစ် ဖြစ်သည်ဟု လူအများက ဆိုကြခြင်း ဖြစ်သည်။ ပြည်သူလူထုသည် မိမိတို့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ခေါင်းဆောင်များကိုသာ ရွေးချယ်ကြလိမ့်မည် ဖြစ်သည်။ အဆိုပါ ခေါင်းဆောင်များသည် ပြည်သူ့ လိုအပ်ချက်များကို လျစ်လျူရှုလာပြီဆိုပါကလည်း အာဏာဆက်လက် တည်မြဲလိမ့်မည် မဟုတ်ပေ။




## လေ့ကျင့်ခန်း

အသင့်တော်ဆုံး အဖြေကို ရွေးချယ်ပါ။

၁။ အောက်ပါ ဖော်ပြချက်များထဲတွင် ဒီမိုကရေစီနည်းကျ တာဝန်ခံမှုနှင့် မသက်ဆိုင်သော ဥပမာကို ရွေးချယ်ပြပါ။


- က။ ကိုယ်စားလှယ်တစ်ဦး အကျင့်ပျက်ခြစားမှုကြောင့် အဖမ်းခံရခြင်း။
- ခ။ ကိုယ်စားလှယ်တစ်ဦး ရွေးကောက်ပွဲ ရှုံးခြင်း။
- ဂ။ ကိုယ်စားလှယ်တစ်ဦး သေနတ်ဖြင့် အပစ်ခံရခြင်း။

၂။ အောက်ပါ ဖော်ပြချက်များထဲတွင် ဒီမိုကရေစီသည် ပြည်သူလူထု လိုအပ်ချက်ကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်သောစနစ် မဟုတ်ကြောင်း ညွှန်းဆိုသော ဖော်ပြချက်ကို ရွေးချယ်ပြပါ။

- က။ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပုံမှန် ရှိနေသည်။
- ခ။ ပြည်သူလူထုသည် ပေးအပ်သော ကတိကဝတ်များပေါ် မူတည်၍ ကိုယ်စားလှယ်များကို ရွေးချယ်ကြသည်။
- ဂ။ ကိုယ်စားလှယ်များသည် ပြည်သူလူထုအသံကို နားထောင်နေစရာ မလိုပေ။

၃။ အောက်ပါ ဖော်ပြချက်များထဲတွင် ဒီမိုကရေစီစနစ်ရှိ ကိုယ်စားလှယ်များ၏ တာဝန်ယူမှု သဘောတရားနှင့် မသက်ဆိုင်သော ဖော်ပြချက်ကို ရွေးချယ်ပြပါ။

- က။ ပေးထားသော ကတိကဝတ်တိုင်းကို တာဝန်ခံမှု ရှိခြင်း။
- ခ။ ပေးထားသော ကတိအတိုင်း မလုပ်ဆောင်နိုင်ခဲ့လျှင်လည်း မလုပ်ဆောင်နိုင်ရသည့် အကြောင်းအရင်းကို ပြည်သူလူထုအား ရှင်းပြ ဖြေရှင်းခြင်း။
- ဂ။ မည်သည့် အခါမှ အမှား မကျူးလွန်ခြင်း။




ဒီမိုကရေစီစနစ်တွင် ပြည်သူ့ဝန်ထမ်းများသည် ၎င်းတို့၏ ဆုံးဖြတ်ချက်များ၊ မူဝါဒများ၊ လုပ်ရပ်များနှင့် ပတ်သက်၍ ပြည်သူလူထုကို ရှင်းလင်း ဖြေကြားပေးရန် တာဝန်ရှိသည်။ တာဝန်ခံမှုသည် ဒီမိုကရေစီစနစ်၏ အဓိက လိုအပ်ချက်တစ်ခု ဖြစ်သည်။ အစိုးရသာမဟုတ်၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဖက်အဖွဲ့အစည်းများမှာလည်း ပြည်သူလူထုကို တာဝန်ခံမှု ရှိရမည်ဖြစ်သည်။

မတူညီသော အဖွဲ့အစည်းများ၊ အစိုးရဌာနဆိုင်ရာများမှာလည်း အချင်းချင်း အပြန်အလှန် တာဝန်ခံရသည်မျိုးလည်း ရှိသင့်သည်။ ဥပမာ – ရဲတပ်ဖွဲ့သည် အစိုးရကို နာခံရသလို၊ အစိုးရဝန်ထမ်းများမှာလည်း ရဲတပ်ဖွဲ့ကို ပြန်လည် တာဝန်ခံရသည်များ (၎င်းတို့ ပြစ်မှုကျူးလွန်ပါက) လည်း ရှိသည်။

တာဝန်ခံမှုရှိခြင်း ဆိုသည်ကို အောက်ပါနည်းလမ်းများဖြင့် သိရှိနိုင်သည်။

၁။ ပြည်သူလူထု မကြိုက်သော ခေါင်းဆောင်များ (သို့မဟုတ်) အစိုးရများကို အာဏာမှ ဖယ်ရှားပစ်နိုင်ခြင်း။ (ဥပမာ – လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများတွင် မဲပေးခြင်းအားဖြင့်။)

၂။ ကိုယ်စားလှယ်များအား ကတိတည်အောင် နိုင်ငံသားများက ထိန်ကြောင်းပေးနိုင်ခြင်း (ဥပမာ – ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ချက်များကို နိုင်ငံသားများက လေ့လာသိရှိထားပြီး ပေးထားသော ကတိနှင့် လက်တွေ့လုပ်ဆောင်မှုတို့ မကိုက်ညီပါက ထောက်ပြ အရေးဆိုနိုင်ခြင်း။)

၃။ ကိုယ်စားလှယ်များအား ပြည်သူလူထု၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ထင်ဟပ်သော ဆုံးဖြတ်ချက်များ ချမှတ်စေရန် နိုင်ငံသားများက ထိန်းကျောင်းပေးနိုင်ခြင်း။ (ဥပမာ – နိုင်ငံသားများသည် ကိုယ်စားလှယ်များနှင့် အမြဲမပြတ် ထိတွေ့ဆက်ဆံပြီး ၎င်းတို့၏ သဘောဆန္ဒများကို အသိပေးနိုင်ခြင်း။)

၄။ ပြည်သူလူထု မကြိုက်သော မူဝါဒများနှင့် အာဏာအလွဲသုံးစားမှုများကို နိုင်ငံသားများက အံတုစိန်ခေါ်နိုင်ခြင်း။ (ဥပမာ – နိုင်ငံသားအသင်းအဖွဲ့များ၊ မီဒီယာများသည် ကိုယ်စားလှယ်များအား ၎င်းတို့၏ ဆုံးဖြတ်ချက်များနှင့် ဆောင်ရွက်ချက်များအတွက် ရှင်းလင်းချက်ပေးရန် ဖိအားပေး တောင်းဆိုနိုင်ခြင်း။)

က။ *စီးပွားရေးသမားတစ်ဦးသည်* ၎င်း၏ စီးပွားရေးလုပ်ငန်းအတွက် အကျိုးပြုမည့် ဆုံးဖြတ်ချက်များ ချမှတ်ပေးရန် ကိုယ်စားလှယ်တစ်ဦးအား လာဘ်ထိုးထားသည်။ ဒေသခံ သတင်းထောက်တစ်ဦးက ထိုအကြောင်းကို ထုတ်ဖော် ရေးသားလိုက်သည်။ ထိုအခါ အဆိုပါ ကိုယ်စားလှယ်သည် ပြည်သူလူထုကြား ထောက်ခံမှု ကျဆင်းပြီး နောက်ရွေးကောက်ပွဲတွင် ရှုံးနိမ့်သွားခဲ့သည်။



ခ။ အဖွဲ့အစည်းတစ်ခုသည် **“ရွေးကောက်ပွဲ ကတိကဝတ်များ”** ဟုခေါ်သော စာစောင်ကို ရေးသားထုတ်ဝေသည်။ အဆိုပါ စာစောင်သည် ရွေးကောက်ပွဲ မတိုင်မီက ကိုယ်စားလှယ်များ ပေးထားခဲ့သော ကတိကဝတ်များကို ဖော်ပြပြီး အဆိုပါ ကတိကဝတ်များအား ဖြည့်ဆည်းပေးမှုရှိ၊ မရှိကို ထောက်ပြပေးထားသည်။

## လေ့ကျင့်ခန်း

ဖော်ပြပါ အခြေအနေများကို ရှေ့တွင် ဆွေးနွေးခဲ့သော တာဝန်ခံမှု အမျိုးအစားများနှင့် တွဲစပ်ပြပါ။ ဖော်ပြချက် တစ်ခုချင်းစီအတွက် အဖြေသည် တစ်ခုထက်မက ရှိနိုင်ပါသည်။

<u>နမူနာအဖြေ –</u>

**က = ၁ (ပြည်သူလူထု မကြိုက်သော ခေါင်းဆောင်သို့မဟုတ် အစိုးရများကို အာဏာမှ ဖယ်ရှားပစ်နိုင်ခြင်း။) က = ၄ (ကိုယ်စားလှယ်များအား ပြည်သူလူထု၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ထင်ဟပ်သော ဆုံးဖြတ်ချက်များ ချမှတ်စေရန် နိုင်ငံသားများက ထိန်းကျောင်းပေးနိုင်ခြင်း)**

ဂ။ ကိုယ်စားလှယ်တစ်ဦးသည် လမ်းပျက်၍ ချိုင့်ခွက်များ ဖြစ်ပေါ်နေသည့် ပြဿနာကို လျစ်လျူရှုထားခဲ့သည်မှာ နှစ်ပေါင်းများစွာကြာပြီ ဖြစ်သည်။ ရွေးကောက်ပွဲ ကာလရောက်သောအခါ ၎င်း၏ ပြိုင်ဘက် ကိုယ်စားလှယ်လောင်းက အဆိုပါ လမ်းအား ပြုပြင်ပေးမည်ဟု ကတိပေးသည်။ လူအများစုသည် အဆိုပါ ကတိကို သဘောကျ ထောက်ခံကြသောကြောင့် အဆိုပါ ပြိုင်ဘက် ကိုယ်စားလှယ်လောင်း ရွေးကောက်ပွဲ နိုင်သွားလေသည်။

ဃ။ နိုင်ငံသားများသည် အစိုးရဝန်ထမ်းများ၏ မသမာမှုများနှင့် ပတ်သက်ပြီး အစိုးရထံသို့ ဖုန်းဆက်၍ သတင်းပေး တိုင်ကြားနိုင်သည်။ ထိုသို့ တိုင်ကြားရာတွင် နာမည်ဖော်ပြစရာ မလိုသည့်အတွက် မည်သူမည်ဝါက တိုင်ကြားသည် ဆိုသည်ကိုလည်း မသိနိုင်ပေ။



င။ ဒေသန္တရ အစိုးရသည် “ပြည်သူ့တိုင်စာရုံး” တစ်ခု ဖွင့်ပေးထားသည်။ ပြည်သူလူထုသည် ကတိပြုထားသော ဝန်ဆောင်မှုများ၊ ကုန်စည်များ မရရှိသည့်အခါ အဆိုပါ ရုံးသို့ သွားရောက် တိုင်ကြားနိုင်သည်။



စ။ နိုင်ငံသားအချို့သည် အစိုးရအပေါ် မယုံသင်္ကာဖြစ်၍ စိုးရိမ်နေကြသည်။ ထို အကြောင်းကို ရပ်ရွာအသင်းအဖွဲ့ တစ်ခုဆီသို့ သွားရောက်တင်ပြသည်။ အဆိုပါ အဖွဲ့သည် အစည်းအဝေးတစ်ခု ပြုလုပ်ကာ မြို့နယ် ကိုယ်စားလှယ်များအား အစိုးရ၏ ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ ပြည်သူလူထုထံ ရှင်းလင်း တင်ပြစေခဲ့သည်။

ဆ။ ဒေသန္တရ အစိုးရသည် နိုင်ငံသားများအား ဖိတ်ခေါ်၍ အစိုးရအနေဖြင့် ငွေကြေးများအား မည်သို့ မည်ပုံ သုံးစွဲသင့်ကြောင်း အကြံဉာဏ်များ တောင်းခံခဲ့သည်။



ဇ။ အစိုးရသည် နိုင်ငံသားများအား အကဲဖြတ်လွှာ ပုံစံဖောင်များ ဝေငှပေးသည်။ နိုင်ငံသားများသည် အဆိုပါ အကဲဖြတ်လွှာများမှတစ်ဆင့် ၎င်းတို့၏ မကျေနပ်မှုများကို အစိုးရအား အသိပေးနိုင်သည်။





## မြန်မာ့ရေးရာ

### ကလေးစစ်သားများ

မြန်မာနိုင်ငံတွင် အသက် ၁၈ နှစ် မပြည့်သေးသူများ စစ်တပ်ထဲ ဝင်ခြင်းကို တရားမဝင်ဟု သတ်မှတ်ထားသည်။ သို့သော် စစ်သားများသည် စစ်သားသစ် စုဆောင်းနိုင်လျှင် အပိုငွေများ ရရှိကြသောကြောင့် ကလေးငယ်များကို လှည့်ဖြား၍သော်လည်းကောင်း၊ အတင်းအကြပ်နည်းဖြင့် သော်လည်းကောင်း စစ်တပ်ထဲသို့ မကြာခဏ သွတ်သွင်းလျက်ရှိသည်။

၂၀၁၂ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံအစိုးရသည် ကလေးစစ်သား ပပျောက်ရေးလုပ်ငန်း စီမံကိန်းတစ်ရပ်ကို ရေးဆွဲ ချမှတ်ခဲ့သည်။ အဆိုပါ စီမံကိန်းအရ ကလေးငယ်များအား စစ်တပ်ထဲသို့ သွတ်သွင်းသော မည်သည့် စစ်သားကိုမဆို ပြစ်ဒဏ်ပေးနိုင်မှု ပါဝင်သည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၄ အထိ ပြစ်ဒဏ်ချမှတ်ခံရသော စစ်သားဦးရေသည် အရာရှိစစ်သည် ၄၈ ဦး အပါအဝင် စုစုပေါင်း ၃၁၂ ဦး အထိ ရှိလာခဲ့သည်။ ပြစ်ဒဏ်ဟု ဆိုရာတွင် သတိပေးခြင်း၊ လစာလျှော့ချခြင်းနှင့် ထောင်ဒဏ် ၃ လ အထိ ချမှတ်ခြင်းတို့ ပါဝင်သည်။

ဖြစ်ရပ်တစ်ခုတွင် စစ်သားတစ်ဦးသည် အမျိုးသမီးတစ်ဦး၏ နေအိမ်သို့ ရောက်လာပြီး သူမ၏ ၁၅ နှစ် အရွယ်သားမှာ စစ်တပ်ထဲမှ ထွက်ပြေးသွားသောကြောင့် အစုသူ့အား ပြန်ခေါ်ရန်လာခြင်းဖြစ်ကြောင်း ပြောလေသည်။

ထိုနေ့ မတိုင်မီ မကြာသေးခင်ကမှ ဗိုလ်ချုပ်ကြီးတစ်ဦး မိန့်ခွန်း ပြောထားတာ ရှိထားသည်။ မြန်မာ့တပ်မတော်သည် ကလေးစစ်သားများကို လက်မခံကြောင်းနှင့် ကလေးငယ်များအား စစ်တပ်အတွင်းသို့ ခေါ်ဆောင် သွတ်သွင်းသော မည်သည့် တပ်မတော်သားမဆို အပြစ်ပေးခံ ရမည်ဟု အဆိုပါ မိန့်ခွန်းတွင် ထည့်သွင်း ပြောကြားသွားခဲ့သည်။ အဆိုပါ မိန့်ခွန်းကို မြန်မာ့အလင်းနေ့စဉ်သတင်းစာ၏ မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြ ထားသည်။

ငင်းစစ်သား ရောက်လာချိန်၌ ကလေးငယ်၏ မိခင်အိမ်ထဲတွင် အဆိုပါ သတင်းစာ ရှိနေသည်။ သူမသည် စစ်သားအား သတင်းစာကို ပြလိုက်ရာ စစ်သားသည် အဆိုပါ မျက်နှာဖုံး သတင်းကို ဖတ်ကြည့်ပြီး ပြန်ထွက်သွားလေသည်။ သူမ၏ သားကို ရှာဖွေရန်လည်း မကြိုးစားတော့ပေ။

၂၀၁၂ နှင့် ၂၀၁၄ ခုနှစ် ကာလအတွင်း စုစုပေါင်း ကလေးငယ် ၃၆၄ ဦးကို စစ်တပ်အတွင်းမှ ပြန်လွှတ်ပေးခဲ့သည်။




## လေ့ကျင့်ခန်း

၁။ စစ်သားများသည် ကလေးငယ်များအား စစ်တပ်အတွင်းသို့ အဘယ်ကြောင့် သွတ်သွင်းကြသနည်း။

၂။ အဆိုပါစစ်သားသည် အမျိုးသမီး၏ သားငယ်အား ရှာဖွေရန် အဘယ်ကြောင့် မကြိုးစားတော့သနည်း။

၃။ အစိုးရ၏ လုပ်ငန်းစီမံကိန်းသည် တာဝန်ခံမှုကို မည်သို့ တိုးတက်စေခဲ့သနည်း။

## လုပ်ငန်းများ

## တယ်လီဖုန်းတာဝါတိုင်

အောက်ပါ စာပိုဒ်အား ဖတ်၍ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ပါ။


မြို့နယ်တစ်ခုတွင် ရွေးကောက်ပွဲ ကျင်းပ၍ မြို့နယ်ကိုယ်စားပြု ကောင်စီကို ဖွဲ့စည်းထားသည်။ မြို့နယ်အတွက် အရေးကြီးသောကိစ္စမှာ အဆိုပါ ဒေသနေ ကလေးငယ်အများစုသည် မြို့နယ်ရှိ စာသင်ကျောင်းနှင့် အလွန်ဝေးကွာသော နေရာတွင် နေနေကြရသည့် ပြဿနာ ဖြစ်သည်။ ကလေးများသည် ကျောင်းတက်ရန်အတွက် နေ့စဉ် အချိန်နာရီများစွာ အကုန်ခံ၍ သွားရသည်၊ ထိုသို့ မသွားချင်ရင်လည်း ကျောင်းမတက်ဘဲ နေရုံပင် ရှိတော့သည်။

မြို့နယ်ကိုယ်စားပြုကောင်စီသည် အဆိုပါ ကလေးငယ်များအတွက် ကျောင်းနှင့် ကပ်လျက်ရှိသော မြေကွက်လပ်တွင် ကျောင်းသားများအတွက် အဆောင် ဆောက်လုပ်ပေးရန် သဘောတူကြသည်။

သို့သော် အဆိုပါ ဆုံးဖြတ်ချက်ချပြီးသည့်နောက် မကြာမီတွင် တယ်လီဖုန်း ဆက်သွယ်ရေးကုမ္ပဏီတစ်ခုမှ ကိုယ်စားလှယ်များက ကိုယ်စားပြုကောင်စီကို ချဉ်းကပ်၍ တယ်လီဖုန်းတာဝါတိုင်တစ်ခု ဆောက်လုပ်ရန် ဆွေးနွေးလာသည်။ တယ်လီဖုန်းကုမ္ပဏီက ပြောကြားသည်မှာ ယင်းကဲ့သို့ တာဝါတိုင် ဆောက်ခြင်းအားဖြင့် မြို့နယ်တွင်းရှိ လူများ တယ်လီဖုန်းနှင့် အင်တာနက် အသုံးပြုနိုင်မည်ဟု ဆိုသည်။ ယင်းတာဝါတိုင် ဆောက်လုပ်ရန် နေရာမှာလည်း ကျောင်းသား အဆောင်ဆောက်ရန် ရည်မှန်းထားသော နေရာတစ်ခုသာ ရှိသည်ကို တွေ့ရသည်။

ကိုယ်စားပြုကောင်စီသည် တယ်လီဖုန်းတာဝါတိုင် ဆောက်လုပ်ရန် သဘောတူလိုက်ကြပြီး၊ ၎င်းတို့၏ ဘတ်ဂျက်ငွေ အကုန်လုံးကို တာဝါဆောက်လုပ်ရန်အတွက် သုံးစွဲလိုက်ကြသည်။

အဆိုပါ ကိစ္စနှင့် ပတ်သက်၍ ခေါ်ယူသော အစည်းအဝေးပွဲသို့ သင်လည်း တက်ရောက်နေသည် ဆိုပါစို့။



၁။ အဖွဲ့ဝင် ၄ ဦး (သို့) ၆ ဦးစီ ပါဝင်သော အဖွဲ့များ ဖွဲ့ပြီး အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။

- က။ မြို့နယ်ကိုယ်စားပြုကောင်စီသည် အဆိုပါ ဆုံးဖြတ်ချက်ကို ချမှတ်ခွင့် ရှိပါသလား။
- ခ။ သင်ကိုယ်တိုင်သာ မြို့နယ်ကိုယ်စားပြုကောင်စီဝင် တစ်ဦးဆိုလျှင် အဆိုပါ ကိစ္စအား မည်သို့ ကိုင်တွယ်ဖြေရှင်းမည်နည်း။
- ဂ။ မြို့နယ်ကိုယ်စားပြုကောင်စီ၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် လူထုအနေဖြင့် မည်သို့ လုပ်ဆောင်နိုင်မည်နည်း။

၂။ သင်တို့၏ အဖြေများကို အတန်းသို့ တင်ပြ ဆွေးနွေးပါ။

## ဆွေးနွေးချက်

၁။ တာဝန်ခံမှုသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် မည်သူက မည်သူကို တာဝန်ခံကြရသနည်း။

၃။ ခေါင်းဆောင်များသည် ပြည်သူလူထုအား မည်သည့်နည်းဖြင့် တာဝန်ခံကြသနည်း။

၄။ အစိုးရမှ တာဝန်ခံမှု ရှိစေရန် နိုင်ငံသား တစ်ဦးချင်းအနေဖြင့် မည်သို့ ထိန်းကျောင်းနိုင်မည်နည်း။

## ပြန်လည်သုံးသပ်ချက်

၁။ သင့် မိသားစု၊ သင့် စာသင်ကျောင်းနှင့် သင်ပါဝင်သော လူမှုအသိုင်းအဝိုင်းတွင် မည်သည့် ပုံစံဖြင့် သင် တာဝန်ခံရလေ့ ရှိသနည်း။

၂။ လူ့အဖွဲ့အစည်းတွင် သင့် အနေဖြင့် မည်သည့် ကိစ္စရပ်များကို တာဝန်ခံထားသနည်း။ (ဥပမာ – သင့်တွင် ရှိသော တာဝန်များ)။

၃။ မည်သူ (တို့) ကို သင်တာဝန်ခံပေးရသနည်း။

၄။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်များအနေဖြင့် ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှု အားလုံးအပေါ် တာဝန်ခံမှု ရှိစေရန် သင်မည်သို့ ထိန်းကျောင်းမည်နည်း။

## ၂.၁.၂ ပွင့်လင်းမြင်သာမှု




ပြည်သူလူထုသည် ဆုံးဖြတ်ချက်များကို မချမှတ်မီ ၎င်းတို့ ချမှတ်မည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍သော်လည်းကောင်း၊ ၎င်းတို့ ခေါင်းဆောင်များနှင့် ပတ်သက်၍သော်လည်းကောင်း သက်ဆိုင်ရာ သတင်းအချက်အလက်များကို ကောင်းစွာသိရှိထားရန် လိုအပ်ပေသည်။

ပွင့်လင်းမြင်သာမှု ဆိုသည်မှာ အစိုးရတစ်ရပ်သည် ပြည်သူလူထုအား သတင်းအချက်အလက်များ မျှဝေပေးရန် တာဝန်ရှိခြင်းကို ခေါ်ပါသည်။ နိုင်ငံသားများအနေဖြင့် ဆုံးဖြတ်ချက် ချမှတ်မှုနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ကောင်းစွာ သိရှိနိုင်ရမည်။ မည်သည့် ဆုံးဖြတ်ချက်များကို မည်သူက မည်သည့် ပုံစံဖြင့် မည်သည့် အတွက်ကြောင့် ချမှတ်သည်ဆိုသည့် သတင်းအချက်အလက်များကို ပြည်သူလူထုအနေနှင့် သိရှိနိုင်ရမည်ဖြစ်သည်။

အဆိုပါ ဆုံးဖြတ်ချက်များ၏ အကျိုးသက်ရောက်မှုခံရသော ပြည်သူလူထုသည် ဆုံးဖြတ်ချက်နှင့် ပတ်သက်သော သက်ဆိုင်ရာ သတင်းအချက်အလက်များကို လွတ်လွတ်လပ်လပ် ရယူသိရှိခွင့် ရှိလေသည်။ ပြည်သူလူထုကို သတင်းပေးရာတွင်လည်း သိရှိရယူရန် လွယ်ကူမှုနှင့် နားလည်ရန် လွယ်ကူမှု ရှိရန်မှာ အရေးကြီးသည်။

ထိုကဲ့သို့ သတင်းအချက်အလက်များအား ထုတ်ပြန်ပေးရန် တာဝန်ရှိခြင်းကို သတင်းလွတ်လပ်ခွင့် ဟူ၍လည်း ခေါ်ပါသည်။


## လေ့ကျင့်ခန်း

အောက်ပါ ဖော်ပြချက်များကို မှား/ မှန် ဆုံးဖြတ်ပါ။ မှားသည် ဆိုပါက အဘယ်ကြောင့် မှားသည်ကို အကြောင်းပြချက်နှင့်တကွ ဖြေဆိုပါ။

က။ ပွင့်လင်းမြင်သာမှုဟူသည် နိုင်ငံသားများက အစိုးရ ဆုံးဖြတ်ချက်နှင့် ပတ်သက်သော သတင်းအချက်အလက်များအား ရယူသိရှိခွင့် ရှိခြင်းကို ဆိုလိုပါသည်။

ခ။ နိုင်ငံသားများသည် အစိုးရတောင်းခံသော မည်သည့် သတင်းအချက်အလက်ကိုမဆို ပေးရန် တာဝန်ရှိပေသည်။

ဂ။ "သတင်းလွတ်လပ်ခွင့်" ဟူသည် ပြည်သူလူထုအနေနှင့် လိုအပ်သော သတင်းအချက်အလက်များ သိရှိနိုင်စေရန် အစိုးရက စီမံဆောင်ရွက်ပေးဖို့ တာဝန်ရှိခြင်းကို ဆိုလိုသည်။



ပွင့်လင်းမြင်သာမှုရှိခြင်းကြောင့် အောက်ပါ အကျိုးကျေးဇူးများ ရရှိနိုင်သည်။

၁။ အစိုးရသည် ပြည်သူလူထု မသိဘဲ အချို့သော နိုင်ငံသားများ၏ အခွင့်အရေးကို တိတ်တဆိတ် ချိုးဖောက်ရန် အခွင့်မသာတော့ပေ။ ပွင့်လင်းမြင်သာမှုရှိခြင်းကြောင့် ပြည်သူလူထုသည် သတင်းအချက်အလက်များကို သိရှိနေသည့်အတွက် အဆိုပါ ချိုးဖောက်မှုများကိုလည်း လျှို့ဝှက် ထိမ်ချန်ထားဖို့ မဖြစ်နိုင်ပေ။

၂။ အစိုးရအနေဖြင့် ၎င်းချမှတ်ထားသော စည်းမျဉ်း၊ ဥပဒေများကို မဖြစ်မနေ လိုက်နာရသည်။ အဆိုပါ ဥပဒေများကို လူတိုင်း သိရှိထားလျှင် အစိုးရဝန်ထမ်းများအနေဖြင့်လည်း ဥပဒေချိုးဖောက်ဖို့ရာ အခွင့်မသာတော့ပေ။

၃။ အစိုးရ၏ စွမ်းဆောင်မှု အရည်အသွေးနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ပြည်သူလူထုက လွတ်လွတ်လပ်လပ် ရရှိနေသောကြောင့် အစိုးရအနေဖြင့်လည်း အလုပ်ကို အမှန်အကန် ကြိုးပမ်း လုပ်ဆောင်ရသည်။ ပွင့်လင်းမြင်သာမှု သဘောအရ အစိုးရ၏ အသုံးစရိတ်၊ ငွေကြေးသုံးစွဲပုံနှင့် ဆောင်ရွက်ပြီးမြောက်မှုဆိုင်ရာ သတင်းအချက်အလက်များကို လွတ်လပ်စွာ သိရှိခွင့် ရှိနေရမည် ဖြစ်သည်။ ထို့ကြောင့် တစ်စုံတစ်ရာ အမှားလုပ်မိရင်သော်လည်းကောင်း၊ ဖြုန်းတီးမိရင်သော်လည်းကောင်း၊ ပျင်းရိလေးလံ၍ အလုပ်တာဝန် မကျေပွန်ကြရင်သော် လည်းကောင်း ပြည်သူအားလုံးက အလွယ်တကူ သိနေကြမည် ဖြစ်သည်။ သို့ဖြစ်၍ အစိုးရသည် ဝေဖန်ရှုတ်ချမှုများကို ရှောင်ရှားနိုင်ရန် အလို့ငှာ အလုပ်ကို ကြိုးစားပမ်းစား လုပ်ဆောင်ရတော့သည်။

၄။ အစိုးရ တာဝန်ရှိသူများသည် သက်ဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရသည်။ ထိုသို့ ထုတ်ပြန်ပေးရခြင်းကြောင့် ပြည်သူလူထုအား လိမ်ညာရန်၊ သတင်းထိမ်ချန်ရန် အခွင့် မသာတော့ပေ။

## လေ့ကျင့်ခန်း

ဖော်ပြပါ အခြေအနေများကို ရှေ့တွင် ဖော်ပြခဲ့သော ပွင့်လင်းမြင်သာမှု၏ အကျိုးကျေးဇူး ၄ မျိုးနှင့် တွဲစပ်ပြပါ။ ဖော်ပြချက် တစ်ခုချင်းစီအတွက် အဖြေသည် တစ်ခုထက်မက ရှိနိုင်ပါသည်။

က။ အစိုးရ တာဝန်ရှိသူများ၏ တာဝန်နှင့် အခန်းကဏ္ဍများ အကြောင်းကို ကျောင်းတွင် သင်ကြားပေးလျက် ရှိသည်။

<u>နမူနာအဖြေ</u> – ၂။ **အစိုးရအနေဖြင့် ချမှတ်ထားသော စည်းမျဉ်း၊ ဥပဒေများကို မဖြစ်မနေ လိုက်နာရသည်။**

ခ။ အစိုးရ၏ စည်းမျဉ်း ဥပဒေများနှင့် လုပ်ထုံး၊ လုပ်နည်းများကို ပြည်သူအများ သိရှိနိုင်လေသည်။

ဂ။ သတင်းလွတ်လပ်ခွင့်နှင့် မီဒီယာလွတ်လပ်ခွင့်ဆိုင်ရာ ဥပဒေများ အခိုင်အမာ ရှိထားသည်။

ဃ။ အစိုးရအရာရှိများ၏ မသမာမှုများနှင့် ပတ်သက်၍ သတင်းပို့ တိုင်ကြားသော နိုင်ငံသားများကို အကာအကွယ်ပေးသည့် ဥပဒေများ ရှိထားသည်။

င။ ကိုယ်စားလှယ်များနှင့် နိုင်ငံရေးပါတီများသည် လက်ခံရရှိသော အလှူငွေများနှင့် ပတ်သက်၍ သတင်း အချက်အလက် အားလုံးကို ထုတ်ပြန်ပေးခြင်းအားဖြင့် လာဘ်စားမှု မရှိကြောင်း သက်သေပြကြသည်။

စ။ အစိုးရ၏ စွမ်းဆောင်မှုများအပေါ် လေ့လာ သုံးသပ်မှုများကို လွတ်လပ်သော ပညာရှင်များက ပုံမှန် ပြုလုပ်လျက် ရှိသည်။

ဆ။ အစိုးရသည် ၎င်းတို့ ရည်မှန်းချက်များ၊ ဘတ်ဂျက်များနှင့် ထိုရည်မှန်းချက်များ မည်သည့် အတိုင်းအတာ အထိ ဖော်ဆောင်နိုင်ပုံ စသည့် အချက်အလက်များနှင့် ပတ်သက်၍ သတင်းများ ထုတ်ပြန်ပေးရသည်။

ပွင့်လင်းမြင်သာမှု၏ အကျိုးကျေးဇူးများ

၁။ အာဏာရှိသူများသည် ပြည်သူများ သိရှိခြင်း မရှိဘဲ နိုင်ငံသားများ၏ အခွင့်အရေးကို လျှို့ဝှက်စွာ ချိုးဖောက် အလွဲသုံးစားပြုခြင်း မရှိစေနိုင်ပါ။

၂။ အစိုးရသည် ၎င်း၏ စည်းမျဉ်း ဥပဒေများကို လိုက်နာရပေမည်။

၃။ အစိုးရသည် လုပ်ငန်းတာဝန်များကို ကြိုးစားစွာလုပ်ရန် လိုအပ်သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့ အလုပ်၏ အရည်အသွေးများ အကြောင်း သတင်းအချက်အလက် များစွာတို့သည် လွတ်လပ်စွာ ရယူခွင့် ရှိသောကြောင့် ဖြစ်သည်။

၄။ အစိုးရ အရာရှိများသည် သက်ဆိုင်ရာ သတင်းအချက်အလက်များကို ထုတ်ပြန် ကြေညာပေးသည်။



## မြန်မာ့ရေးရာ

### ပွင့်လင်းမြင်သာမှုရှိရန် ကရင်လူထု ခေါင်းဆောင်များက တိုက်တွန်း

၂၀၁၃ ခုနှစ် မေလ အတွင်းက ကရင်လူမှုအဖွဲ့အစည်း ၄၀ မှ ကိုယ်စားလှယ် ၁၅၀ ကျော်သည် ၅ ရက်တာ အစည်းအဝေးပွဲသို့ တက်ရောက်ရာ စီးပွားရေးစီမံကိန်းများနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ လုပ်ဆောင်ကြရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှု ရှိကြရန် တိုက်တွန်းလိုက်သည်။

ကရင်အမျိုးသားအစည်းအရုံး ညီလာခံကျင်းပရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူ နော်စူဇန်နာလှလှစိုးက "ကရင်အမျိုးသားအစည်းအရုံး (ကေအင်န်ယူ) အနေနဲ့ နောက်ဆုံး အပြီးသတ် ဆုံးဖြတ်ချက် မချမှတ်မီ ကရင်လူထုအား သေချာစွာ ရှင်းပြပေးစေချင်ပါတယ်" ဟု ဆိုသည်။

လျှပ်စစ်ထုတ်လုပ်ရေးနှင့် ဆည်မြောင်းကဲ့သို့ စီမံကိန်းကြီးများသည် ဒေသခံ လူ့အဖွဲ့အစည်းအား ထိခိုက်မှုများစွာ ရှိနိုင်ကြောင်းကိုလည်း ထည့်သွင်း ပြောကြားသွားခဲ့သည်။

"ကျွန်မတို့တွေဟာ ပြည်သူအပေါ် ဆိုးကျိုးတွေ သက်ရောက်လာချိန်ကျမှ စီမံကိန်းတွေအကြောင်းကို သိကြရတာချည်း ဖြစ်နေတယ်။ ဒီလိုအဖြစ်မျိုးတွေ အနာဂတ်မှာထပ်ပြီး မဖြစ်စေချင်တော့ဘူး" ဟု သူမက ဆိုပါသည်။

အစည်းအဝေးပြီးသည့်နောက် သူမက ဤသို့ ပြောပါသည်။ "ကေအင်န်ယူက သူတို့ရဲ့ စီးပွားရေးလုပ်ငန်း မူဝါဒတွေကို ရှင်းပြပါတယ်။ အတော်လေး ကောင်းပါတယ်။ သူတို့ မူဝါဒထဲမှာ ဒေသခံပြည်သူတွေကို မထိခိုက်စေဘဲ အကျိုးဖြစ်ထွန်းစေမယ့် စီးပွားရေးလုပ်ငန်းတွေလုပ်ဖို့ ပါဝင်ပါတယ်"။

သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေသွားရန်နှင့် ကေအင်န်ယူ၏ စီပွားရေးမူဝါဒများကို ပြည်သူလူထုအား အသိပညာပေး ရှင်းလင်းမှုများ ပြုလုပ်သွားရန် အစီအစဥ်ရှိကြောင်းလည်း ပြောကြားသွားခဲ့သည်။

Adapted from: http://www.irrawaddy.org/refugees/karen-community-leaders-call-for-transparency-on-business-deals-amid-peace-talks.html

### လေ့ကျင့်ခန်း

၁။ အထက်ပါ အစည်းအဝေး၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

၂။ နော်စူဇန်နာလှလှစိုးသည် ပွင့်လင်းမြင်သာမှု ပိုမို ရှိပါရန် အဘယ်ကြောင့် အလိုရှိသနည်း။

၃။ အစည်းအဝေး၏ အကျိုးရလဒ်အနေဖြင့် ကေအင်န်ယူသည် မည်သို့သော ဆောင်ရွက်မှုများ ပြုလုပ်မည်နည်း။

၄။ အထက်ပါ အစည်းအဝေးသည် ပွင့်လင်းမြင်သာမှုကို မည်သို့ တိုးတက်မှု ရှိစေခဲ့သနည်း။

အစိုးရအနေဖြင့် ၎င်း၏ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန်၊ ထိုသို့ မရှိပါက လည်း အစိုးရအပေါ်သို့ ဖိအားပေးမှုများ ပြုလုပ်ရန် နိုင်ငံသားများတွင် တာဝန်ရှိပေသည်။

သို့သော်လည်း တစ်ခါတစ်ရံတွင်မူ အစိုးရအနေဖြင့် ပွင့်လင်းမြင်သာမှုကို ကန့်သတ်ဖို့ လိုအပ်သည့် အခြေအနေမျိုးလည်း ရှိတတ်ပါသည်။ ဥပမာ – နိုင်ငံတော်လုံခြုံရေးကို ရှေးရှုရမည့် အရေးကိစ္စများ၊ ပြည်သူလူထု အသက်အိုးအိမ်နှင့် လူ့အခွင့်အရေးကို အန္တရာယ်ပြုလာသည့် အရေးကိစ္စများ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အစိုးရက ပွင့်လင်းမြင်သာမှုကို အလွဲသုံးစား မပြုရန် အလွန်အရေးကြီးသည်။

## ပွင့်လင်းမြင်သာမှုအား ကန့်သတ်ခြင်း

က။ အစိုးရသည် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တစ်ဖွဲ့နှင့် ငြိမ်းချမ်းရေး ဆွေးနွေးလျက်ရှိသည်။ တိုက်ပွဲပဋိပက္ခများ ဖြစ်ပွားရာနေရာမှ ပြည်သူများမှာ ၎င်းတို့ သဘောမတူသော ကိစ္စကို အစိုးရနှင့် တိုင်းရင်းသားခေါင်းဆောင်များ အပေးအယူ လုပ်သွားကြမည်ကို စိုးရိမ်လျက်ရှိသည်။ ယင်းအခြေအနေတွင် အစိုးရဘက်ကရော၊ တိုင်းရင်းသား လက်နက်ကိုင်များဘက်က ပါ ပြောကြားကြသည်မှာ ဆွေးနွေးပွဲ အကြောင်းအရာများမှာ အလွန်ထိလွယ်ရှလွယ်သော ကိစ္စများ ဖြစ်ခြင်းကြောင့် မည်သည့် သတင်းအချက်အလက်မျှ ထုတ်ပြန်ခြင်း မပြုဟု ဆိုသည်။



ခ။ နိုင်ငံတစ်နေရာတွင် လူမျိုးရေးအဓိကရုဏ်းများ ဖြစ်ပွားလျက်ရှိသည်။ ယင်းသတင်းကို ထုတ်ပြန်လိုက်ပါက အခြားဒေသများတွင် နေထိုင်ကြသော အလားတူ လူမျိုးများကြားတွင်လည်း အဓိကရုဏ်း စတင် ဖြစ်ပွားမည်ကို အစိုးရက စိုးရိမ်သည်။ ထို့ကြောင့် အစိုးရက ဂျာနယ်လစ်များကို အဆိုပါ ဒေသသို့ သွားရောက် သတင်းယူခွင့် မပြုပေ။

ဂ။ နိုင်ငံတစ်နိုင်ငံ၏ အလုပ်လက်မဲ့ဦးရေ များပြားသော ဒေသတစ်ခုတွင် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက စက်ရုံများစွာ တည်ဆောက်လျက် ရှိသည်။ ယင်းသို့ စက်ရုံများ တည်ဆောက်ခြင်းကြောင့် အလုပ်အကိုင်များ ရရှိလာပေမည်။ သို့သော် အဆိုပါ ကုမ္ပဏီသည် အလုပ်သမား အခွင့်အရေးကို ချိုးဖောက်သည်ဟု စွပ်စွဲခံနေရသော ကုမ္ပဏီ ဖြစ်သည်။ အရပ်ဖက်အဖွဲ့အစည်းတစ်ခုသည် အဆိုပါ ချိုးဖောက်မှုများနှင့် ပတ်သက်သော သတင်းကို ထုတ်ပြန်ချင်နေသည်။ သို့သော် အစိုးရက အဆိုပါ သတင်းနှင့် ပတ်သက်၍ ထုတ်ပြန်ခွင့် မပြုကြောင်း ပြောကြားထားသည်။

ဃ။ လူကုန်ကူးမှု လုပ်နေသော မှောင်ခိုကွန်ရက်ဂိုဏ်းကြီးတစ်ခုတွင် ပါဝင်သူများကို ဖော်ထုတ် ဖမ်းဆီးရန် အစိုးရက အထူးစီမံချက် ချမှတ်၍ လုပ်ဆောင်နေသည်။ လူကုန်ကူးသူများ အစိုးရ မဖမ်းခင်အချိန်မီ နိုင်ငံမှ ထွက်ပြေးမသွားနိုင်စေရန်အတွက် အစိုးရသည် အဆိုပါ ကိစ္စနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း မပြုပေ။

င။ ရွေးကောက်ပွဲ မကျင်းပမီ သီတင်းပတ် အနည်းငယ်သာ လိုတော့သည့် အချိန်တွင် လက်ရှိ အာဏာရပါတီ အဖွဲ့ဝင်တစ်ဦးမှာ လာဘ်စားမှု ကျူးလွန်ထားကြောင်း အစိုးရက သိရှိခဲ့ရသည်။ သို့သော် အဆိုပါ သတင်းကြောင့် ရွေးကောက်ပွဲကို အနှောင့်အယှက် ဖြစ်မည် စိုးသောကြောင့် ရွေးကောက်ပွဲ မဲရေတွက်ခြင်း မပြီးစီးမီ လာဘ်စားသောပါတီ အဖွဲ့ဝင်ကို ဖမ်းဆီးခြင်း မပြုရန် အစိုးရက ရဲတပ်ဖွဲ့အား ညွှန်ကြားထားသည်။



### လုပ်ငန်းများ

၁။ တစ်ဖက်ဖော်ပြပါ အခြေအနေများကို ဖတ်ရှုပါ။ အဆိုပါ အခြေအနေမျိုးတွင် အစိုးရတစ်ရပ်သည် ပွင့်လင်းမြင်သာမှုကို ကန့်သတ်သင့်သည်ဟု သင်ယူဆပါသလား။

၂။ အဖွဲ့ ၅ ဖွဲ့ ဖွဲ့ပါ။ တစ်ဖွဲ့ချင်းစီသည် ဖော်ပြပါ အခြေအနေများထဲမှ တစ်မျိုးကို ရွေးချယ်ပါ။ သက်ဆိုင်ရာ အဖွဲ့များအတွင်း အောက်ပါအတိုင်း အုပ်စုခွဲပါ။
- ပွင့်လင်းမြင်သာမှု ကန့်သတ်ခြင်းကို ထောက်ခံသောအုပ်စု။
- ပွင့်လင်းမြင်သာမှု ကန့်သတ်ခြင်းကို ကန့်ကွက်သော အုပ်စု။

၃။ ပွင့်လင်းမြင်သာမှု ကန့်သတ်ခြင်းအား ကန့်ကွက်ရခြင်း သို့မဟုတ် ထောက်ခံရခြင်း အကြောင်းအရင်းများကို စာရင်းပြုစုပါ။ အောက်ပါ မေးခွန်းများကို သင်၏ တင်ပြ ဆွေးနွေးမှုအတွက် အခြေခံလမ်းညွှန်အဖြစ် အသုံးပြုပါ။
- အစိုးရအနေဖြင့် သတင်းထုတ်ပြန်သင့်ပါသလား။ အဘယ်ကြောင့် ထုတ်ပြန်သင့်သနည်း သို့မဟုတ် အဘယ်ကြောင့် မထုတ်ပြန်သင့်သနည်း။
- အစိုးရသည် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်နေခြင်း ဖြစ်ပါသလား။ အဘယ်ကြောင့် ဖြစ်သနည်း သို့မဟုတ် အဘယ်ကြောင့် မဖြစ်သနည်း။
- အစိုးရသည် တာဝန်ခံမှုရှိရှိ ဆောင်ရွက်နေခြင်း ဖြစ်ပါသလား။ အဘယ်ကြောင့် ဖြစ်သနည်း သို့မဟုတ် အဘယ်ကြောင့် မဖြစ်သနည်း။

၄။ သင့်အဖွဲ့အတွင်း၌ ဘက်နှစ်ဖက် အပြန်အလှန် ငြင်းခုံ ဆွေးနွေးခြင်း (Debate) ပြုလုပ်ပါ။

၅။ သင်တို့၏ ဘက်နှစ်ဖက် အပြန်အလှန် ငြင်းခုံ ဆွေးနွေးမှုကို အတန်းသို့ တင်ပြပါ။

## ဆွေးနွေးချက်

၁။ ပွင့်လင်းမြင်သာမှုသည် ဒီမိုကရေစီအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

၂။ ပွင့်လင်းမြင်သာမှုကို ကန့်သတ်သင့်သော အခြေအနေမျိုး ရှိပါသလား၊ မည်သို့သော အခြေအနေများ ဖြစ်သနည်း။

၃။ သင့် နိုင်ငံ၊ သင်ပါဝင်သော လူ့အဖွဲ့အစည်းအတွင်းမှ အဆိုပါ အခြေအနေမျိုးနှင့် အလားတူသော နမူနာများကို စဉ်းစားကြည့်ပါ။

၄။ သတင်းလွတ်လပ်ခွင့်သည် ပွင့်လင်းမြင်သာမှုအတွက် အဘယ်ကြောင့် အရေးပါရသနည်း။

၅။ အစိုးရတစ်ရပ် ပွင့်လင်းမြင်သာမှု ရှိစေရန် နိုင်ငံသားများက မည်သို့ လုပ်ဆောင်နိုင်သနည်း။




## ပြန်လည်သုံးသပ်ချက်

၁။ သင်၏ လုပ်ဆောင်ချက်များ၊ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ အမြဲတမ်း ပွင့်လင်းမြင်သာမှု ရှိပါသလား။ ဘာကြောင့် ပွင့်လင်းမြင်သာမှု ရှိသနည်း။ သို့မဟုတ် ဘာကြောင့် မရှိတာလဲ။

၂။ သင့်အပေါ် အကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက် တစ်စုံတစ်ခုနှင့် ပတ်သက်၍ တစ်စုံတစ်ယောက်က သင့်အပေါ် ပွင့်လင်းမြင်သာမှု မရှိခဲ့သော အဖြစ်အပျက်တစ်ခုကို ပြန်စဉ်းစားကြည့်ပါ။

- သင်မည်သို့ ခံစားခဲ့ရပါသနည်း။
- ၎င်း အခြေအနေတွင် သင် ဘာလုပ်ခဲ့သနည်း။
- အလားတူ အခြေအနေမျိုး သင် ထပ်မံ ကြုံတွေ့လာပါက ထိုသို့ မဖြစ်အောင် သင်ဘယ်လို လုပ်ဆောင်မည်နည်း။

## ၂.၁.၃ ပါဝင်ဆောင်ရွက်မှု



ပါဝင်ဆောင်ရွက်မှုသည် ဒီမိုကရေစီ နိုင်ငံသားများ၏ အရေးကြီးဆုံးသော ကဏ္ဍတစ်ခုလည်းဖြစ်သည်။ ၎င်းသည် အခွင့်အရေးတစ်ရပ် ဖြစ်ရုံသာမက တာဝန်တစ်ရပ်လည်းဖြစ်သည်။

နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်မှုဟူသည် ရွေးကောက်ပွဲများ၌ မဲပေးခြင်း၊ နိုင်ငံ့အရေးကိစ္စများကို လေ့လာ သိရှိထားခြင်း၊ ပါဝင်ဆွေးနွေးခြင်း၊ ရပ်ရွာအရေးများ၌ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင် ဆောင်ရွက်ခြင်း အခွန်ထမ်းဆောင်ခြင်းနှင့် ဆန္ဒပြခြင်းစသဖြင့် ပုံစံမျိုးစုံ ရှိနိုင်ပါသည်။

နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှုသည် အောက်ပါ အကြောင်းအရင်းများကြောင့် အရေးပါရခြင်း ဖြစ်သည်။

၁။ ပါဝင်ဆောင်ရွက်ခြင်းဆိုသည့် အဓိပ္ပာယ်မှာ နိုင်ငံသားများသည် နိုင်ငံရေးတွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခြင်းကို ဆိုလိုသည်။ ယင်းသို့ ပါဝင်ဆောင်ရွက်ရာတွင် ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ လူနည်းစုဖြစ်စေ၊ အားနည်းသူ ဖြစ်စေ လူ့အဖွဲ့အစည်းတွင်းရှိ မည်သူမဆို ပါဝင်ဆောင်ရွက်နိုင်ကြခြင်း ဖြစ်သည်။ ၎င်းသည် နိုင်ငံသားအားလုံးကို မိမိတို့သဘောထားဆန္ဒများ ထုတ်ဖော်နိုင်အောင် တန်းတူညီမျှ ပေးထားသော အခွင့်အရေးလည်း ဖြစ်သည်။ ဤနည်းဖြင့် လူနည်းစုများနှင့် အားနည်းသော လူမှုအုပ်စုများအား ခွဲခြားဆက်ဆံခံရသော အပယ်ခံများ မဖြစ်အောင် တားဆီးပေးနိုင်သည်။

၂။ ပါဝင်ဆောင်ရွက်မှုသည် နိုင်ငံသားများအနေနှင့် အစိုးရ၏ လုပ်ကိုင်ဆောင်ရွက်နေမှုများကို သိရှိနိုင်အောင်လည်း အထောက်အပံ့ ဖြစ်စေပါသည်။ နိုင်ငံသားများသည် သတင်းစာ ဖတ်ရှုခြင်း၊ အစည်းအဝေးပွဲများသို့ တက်ရောက်ခြင်း၊ အစိုးရထံမှ သတင်းအချက်အလက်များကို ရယူရန် တက်တက်ကြွကြွ ကြိုးပမ်းခြင်းအားဖြင့် ပိုမိုသိရှိလာပေမည်။ နိုင်ငံသားများသည် ပါဝင်ဆောင်ရွက်မှု ရှိခြင်းအားဖြင့် မိမိတို့ လူ့အဖွဲ့အစည်းက ရင်ဆိုင်ကြုံတွေ့နေရသော အရေးကိစ္စများကို နားလည်သိရှိလာပြီး တိကျမှန်ကန်သော သတင်းအချက်အလက်များပေါ် အခြေခံ၍ ဆုံးဖြတ်ချက်များကိုလည်း ချမှတ်နိုင်လာမည်ဖြစ်သည်။

၃။ နိုင်ငံသားများဘက်မှ မိမိတို့၏ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများကို ထုတ်ဖော်ပြောဆိုမှု မရှိလျှင် ပြည်သူလူထု၏ လိုအပ်ချက်နှင့် ကိုက်ညီမည့် ဆုံးဖြတ်ချက်များကို အစိုးရအနေဖြင့်လည်း ချမှတ်နိုင်လိမ့်မည် မဟုတ်ပေ။ ထိုအကြောင်းကြောင့်ပင် နိုင်ငံသားများအနေဖြင့် မဲပေးဖို့ လိုအပ်ခြင်း ဖြစ်သည်။ မဲပေးခြင်းသည် ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်တွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်နိုင်သော အရေးပါသည့် နည်းလမ်းတစ်ခုလည်းဖြစ်သည်။

၄။ ပါဝင်ဆောင်ရွက်မှု ဆိုရာတွင် နိုင်ငံသားအနေဖြင့် ကိုယ်စားလှယ်များ အမှန်တကယ် အလုပ် လုပ်စေရန်နှင့် ရွေးကောက်ပွဲကြား ကာလများတွင် ၎င်းတို့၏ ကတိကဝတ်များ တည်စေရန် ဖိအားပေးမှုများလည်း ပါဝင်ပေသည်။ ကိုယ်စားလှယ်များ ထိုသို့ မလုပ်ဆောင်ပါက နိုင်ငံသားများ အနေဖြင့် ရှင်းလင်းချက်များပေးရန် တောင်းဆိုနိုင်သည်။ သို့မှသာ ဒီမိုကရေစီသည် ရွေးကောက်ပွဲ ကာလ၌သာ မဟုတ်ဘဲ အမြဲတမ်း အသက်ဝင်နေလိမ့်မည်ဖြစ်သည်။



*ပါဝင်ဆောင်ရွက်မှု – သတင်းအချက်အလက် ရရှိခြင်း*

## လေ့ကျင့်ခန်း

အထက်တွင် ဖော်ပြခဲ့သော အကြောင်းအရင်း ၄ ခုကို ယခုထိ ဆွေးနွေးလာခဲ့သော ဒီမိုကရေစီအင်္ဂါရပ် ၄ ခု နှင့် တွဲစပ်ပြပါ။

က။ တန်းတူညီမျှမှု

အဖြေ –**၁။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ လူကြီးဖြစ်စေ၊ လူငယ်ဖြစ်စေ၊ လူနည်းစုဖြစ်စေ၊ ဆင်းရဲသားဖြစ်စေ ပါဝင်ဆောင်ရွက်မှု ပြုနိုင်ခြင်း။**

ခ။ ရွေးကောက်ပွဲများ

ဂ။ တာဝန်ခံမှု

ဃ။ ပွင့်လင်းမြင်သာမှု

သက်ဆိုင်ရာ နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်မှု မရှိဘဲ ဒီမိုကရေစီအစိုးရ သက်ဝင်လည်ပတ်ဖို့ရာ မဖြစ်နိုင်ပေ။ ဒီမိုကရေစီဟူသည် အစိုးရနှင့် နိုင်ငံသားတို့ မိတ်ဖက်ပြု တည်ဆောက်ရသော စနစ်တစ်ခု ဖြစ်သည်။ ဒီမိုကရေစီရှင်သန် အားကောင်းစေရန် အစိုးရနှင့်အတူ နိုင်ငံသားများပါ နှစ်ဖက်စလုံး တက်တက်ကြွကြွ ရှိနေဖို့ လိုအပ်ပေသည်။ ခိုင်မာအားကောင်းသော ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများသည် သတင်းအချက်အလက်များကို သိရှိနေစေရန်၊ တက်ကြွသော တာဝန်ယူသော နိုင်ငံသားများ ဖြစ်နေစေရန် လိုအပ်သည်။ သို့မှသာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် နိုင်ငံသားများအနေနှင့် ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်မည် ဖြစ်သည်။




ပါဝင်ဆောင်ရွက်မှုဆိုတာ...

- နိုင်ငံသားများက အစိုးရကို ကူညီပံ့ပိုးပြီး အစိုးရနှင့် နိုင်ငံသားအတူတကွ လက်တွဲလုပ်ဆောင်ခြင်းကိုလည်း ဆိုနိုင်သည်။
- နိုင်ငံသားများက အစိုးရ၏ အမှားများကို ဝေဖန်ထောက်ပြပြီး အပြောင်းအလဲ ပြုလုပ်ရန် အကြံပြုခြင်းများကိုလည်း ဆိုလိုသည်။

နှစ်မျိုးစလုံးသည် နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှု၏ အရေးပါသော ပုံသဏ္ဍာန်များပင် ဖြစ်သည်။ အောက်ပါ အခြေအနေများ ရှိလာလျှင်လည်း ပါဝင်သော နိုင်ငံသားဦးရေ မြင့်မားပါက ပါဝင်ဆောင်ရွက်မှု ရှိသည်ဟု ဆိုနိုင်သည်။

- ရွေးကောက်ပွဲများတွင် ပါဝင်မဲပေးခြင်း။
- မိမိတို့ လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှုရှိသော အရေးကိစ္စများအား သိရှိနားလည်ပြီး စိတ်ဝင်စားမှုရှိခြင်း။
- အစိုးရ၏ လုပ်ကိုင်ဆောင်ရွက်မှု ပုံစံများကို သိရှိနားလည်ပြီး အစိုးရ ဆောင်ရွက်ချက်များအား ဂရုတစိုက် လေ့လာ စောင့်ကြည့်ခြင်း။
- လူထုအခြေပြု အဖွဲ့အစည်းများ (NGO များနှင့် ဘာသာရေး အသင်းအဖွဲ့များ အပါအဝင်) တွင် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်လုပ်ကိုင်ခြင်း။

## ပါဝင်ဆောင်ရွက်မှုပြ ပိရမစ်

သက်ဆိုင်ရာ အရေးကိစ္စများနှင့် ခေါင်းဆောင်များအကြောင်း လေ့လာ သိရှိထားခြင်း။

အဆိုပါ အရေးကိစ္စများနှင့် ခေါင်းဆောင်များအကြောင်းကို အခြားသူများအား အသိပညာပေး မျှဝေခြင်း။

အရေးကိစ္စများအား ပါဝင်ဆွေးနွေး ငြင်းခုံခြင်း။

အရေးကိစ္စတစ်ရပ်ရပ်အား ထောက်ခံရန်အတွက် အရပ်ဖက်အဖွဲ့အစည်း တစ်ခုခုတွင် ပါဝင်လှုပ်ရှားခြင်း။

ကိုယ်တိုင်နိုင်ငံရေးပါတီ သို့မဟုတ် အသင်းအဖွဲ့ ထူထောင်ခြင်း သို့မဟုတ် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်း။

နိုင်ငံရေး သို့မဟုတ် ရပ်ရွာအရေး စည်းဝေးပွဲများသို့ တက်ရောက်ခြင်း။

အရပ်ဖက်အဖွဲ့အစည်းတစ်ခုခု၏ ခေါင်းဆောင်ဖြစ်ခြင်း။


ရွေးကောက်ပွဲများတွင် မဲပေးခြင်း။

ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း။

အခွန်ထမ်းဆောင်ခြင်း။

စစ်မှုထမ်းခြင်း။

အစိုးရ၏ ဆောင်ရွက်မှု တစ်စုံတစ်ရာအား ကန့်ကွက်ဆန္ဒပြခြင်း။



### လုပ်ငန်းများ

၁။ ဒီမိုကရေစီတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှု ပုံစံများကို အရေးပါမှု အစဉ်လိုက် စီပြပါ။ အရေးအပါဆုံးသော ပါဝင်ဆောင်ရွက်မှုပုံစံ ၆ မျိုးကို ရွေးချယ်၍ ပိရမစ်တွင် ဖြည့်ပြပါ။ အရေးအပါဆုံးသော ပုံစံကို ထိပ်ဆုံးတွင်ထားပါ။

၂။ နှစ်ယောက်တစ်တွဲဖြင့် အရေးပါမှု အစဉ်လိုက် စာရင်းကို ဆွေးနွေး ဆုံးဖြတ်ပါ။

၃။ နောက်ထပ်တစ်တွဲနှင့် ထပ်ပေါင်း၍ အဖွဲ့လိုက် သဘောတူသော အရေးပါမှု စာရင်းကို ဆွေးနွေး ဆုံးဖြတ်ပါ။

၄။ နောက်တစ်ဖွဲ့နှင့် ထပ်မံပူးပေါင်း၍ အဖွဲ့လိုက် စာရင်းကို သဘောတူ ပြုစုပါ။

၅။ တစ်တန်းလုံး သဘောတူသော စာရင်းကို ပြုစုပါ။



## မြန်မာ့ရေးရာ

### အမျိုးသမီးပါတီ (မွန်)




မကြာသေးမီက မွန်ပြည်နယ်တွင် နိုင်ငံရေးတက်ကြွသော အမျိုးသမီးတစ်စုက ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အမျိုးသမီး နိုင်ငံရေး ပါတီတစ်ရပ် ဖွဲ့စည်းထူထောင်ခဲ့သည်။ ၎င်းတို့၏ ရည်ရွယ်ချက်မှာ မြန်မာ့ လွှတ်တော်ထဲတွင် အမျိုးသမီးထုအတွက် အမတ်နေရာများ ပိုမိုရရှိလာစေရန် ဖြစ်သည်။

မြန်မာပြည်၏ ပထမဦးဆုံးသော အမျိုးသမီးပါတီနှင့် ပတ်သက်၍ ပါတီဥက္ကဋ္ဌ လရောင်မွန်က ဧရာဝတီ သတင်းမီဒီယာအား ဤသို့ ပြောကြားခဲ့သည်။

မေး – ဘယ်အကြောင်းကြောင့် အမျိုးသမီးပါတီကို စတည်ထောင်ဖြစ်တာလဲ။

ဖြေ – မွန်အမျိုးသမီးတွေတချို့က နိုင်ငံရေးကို စိတ်ဝင်စားပြီး နိုင်ငံရေးပါတီတစ်ရပ် တည်ထောင်ချင်ကြတယ်လေ။ မြန်မာ့လွှတ်တော်ထဲမှာ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍက အင်မတန်ကို အကန့်အသတ်နဲ့ ရှိနေသေးလို့ပါ။

မေး – ပါတီရဲ့ အဓိက ဦးတည်ချက်က ဘာလဲ။

ဖြေ – ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲမှာ ကျွန်မတို့ ဝင်ပြိုင်ပါမယ်၊ ရည်ရွယ်ချက်ကတော့ အမျိုးသမီးတွေရဲ့ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရေး ပေ့ါ။ တချို့နေရာတွေမှာ အမျိုးသမီးတွေက အမျိုးသားတွေထက် သာပါတယ်၊ ဥပမာ – ပညာရေးနယ်ပယ်မှာပေ့ါ။ ဒါပေမယ့် အမျိုးသမီးတွေဟာ နိုင်ငံတော်ရဲ့ ဆုံးဖြတ်ချက် ချမှတ်တဲ့ ဖြစ်စဉ်တွေမှာ ပါဝင်ခွင့် သိပ်မရကြဘူး။ အမျိုးသမီးတွေ နိုင်ငံရေး နယ်ပယ်ထဲ ရောက်လာရင်တော့ သူတို့ရဲ့ အရေးပါမှုကို ပြသခွင့် ရနိုင်လိမ့်မယ်။ ကျား/မ တန်းတူညီမျှရေးကို တိုးမြှင့်ဖို့ ကျွန်မတို့ ကြိုးပမ်းဆောင်ရွက်သွားမှာပါ။

မေး – အမျိုးသမီးသီးသန့် နိုင်ငံရေးပါတီတစ်ရပ် ထူထောင်ရတာ ဘယ်လို အခက်အခဲမျိုးတွေ ရင်ဆိုင်ခဲ့ရပါသလဲ။

ဖြေ – အခက်အခဲတွေကတော့ အများကြီးပေ့ါ။ ဘယ်အဖွဲ့အစည်းရဲ့ ကူညီထောက်ပံ့မှုမှ မရရှိခဲ့ဘူး။ ကျွန်မတို့အတွက် ငွေကြေးထောက်ပံ့မှု လုံးဝ မရရှိခဲ့ပါဘူး။ ကျွန်မတို့ ပါတီကို ကျွန်မတို့ စီးပွားရေးလုပ်ငန်းကရတဲ့ ပိုက်ဆံနဲ့ လည်ပတ်ရပါတယ်။ ပါတီထူထောင်တဲ့ ကိစ္စမှာတော့ လူတချို့တလေက ကူညီပေးခဲ့ပါတယ်။ အမျိုးသမီးတွေ လုပ်နိုင်မှာ မဟုတ်ဘူးလို့ အများက ထင်ထားကြတာဖြစ်မယ်။ ကျွန်မတို့ရဲ့ ဒီပါတီကနေ အမျိုးသမီးတွေ ဘယ်လောက် စွမ်းဆောင်ရည်ရှိကြောင်း ပြသနိုင်အောင်လုပ်ဆောင် သွားပါ့မယ်။

Adapted from: http://www.irrawaddy.org/interview/will-show-much-women-capable-party.html

## လေ့ကျင့်ခန်း

၁။ အမျိုးသမီးပါတီ၏ ရည်မှန်းချက်များမှာ အဘယ်နည်း။

၂။ အမျိုးသမီးပါတီသည် မည်သို့သော စိန်ခေါ်မှုများကို ရင်ဆိုင်ကြရသနည်း။

၃။ အမျိုးသမီးပါတီသည် ၎င်း၏ ဘဏ္ဍာငွေကို မည်သည့် နေရာမှ ရရှိသနည်း။

၄။ အမျိုးသမီးပါတီသည် ပါဝင်ဆောင်ရွက်မှုကို မည်ကဲ့သို့ မြှင့်တင်ပေးသနည်း။

## ဆွေးနွေးချက်

၁။ ပါဝင်ဆောင်ရွက်မှုသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် နိုင်ငံသားများသည် မည်သည့် ပုံစံဖြင့် ပါဝင်ဆောင်ရွက်မှု ပြုကြနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှုအတွက် မည်သို့သော စိန်ခေါ်မှုများ ရှိနေသနည်း။

၄။ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှု မရှိတော့ပါက မည်သို့ ဖြစ်လာနိုင်မည်နည်း။

၅။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်မှု အားကောင်းလာစေရန် မည်သို့သော အားပေး တိုက်တွန်းမှုများ ပြုလုပ်နိုင်မည်နည်း။

**ပြန်လည်သုံးသပ်ချက်**

၁။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် မည်သည့်ပုံစံဖြင့် သင် ပါဝင်ဆောင်ရွက်သနည်း။

၂။ အဘယ်ကြောင့် ထိုသို့ ပါဝင်ဆောင်ရွက်ရသနည်း။

၃။ သင့်ကို ပါဝင်ဆောင်ရွက်မှု မပြုနိုင်အောင် မည်သို့သော စိန်ခေါ်မှုများက ဟန့်တားထားသနည်း။ အဆိုပါ စိန်ခေါ်မှုများကို သင်မည်သို့ ကျော်လွှားနိုင်မည်နည်း။

# ၂.၂ နားလည်သည်းခံမှု၊ စေ့စပ်ညှိနှိုင်းမှုနှင့် တရားဥပဒေ စိုးမိုးမှု

## ၂.၂.၁ နားလည်သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှု



ဒီမိုကရေစီစနစ်တွင် လူ့အဖွဲ့အစည်းတွင်းရှိ ကွဲပြားခြားနားသော လူမှုအုပ်စုများအကြား အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်မည့် သဘောတူညီမှုရှိရန် လိုအပ်သည်။ မိမိလူမှုအုပ်စုအတွက် သာမကပဲ လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက် အကောင်းဆုံးဖြစ်မည့်အရာကို မတူကွဲပြားသော လူမှုအုပ်စုများကြား သဘောတူညီမှု ရှိထားရန် အထူးအရေးကြီးပေသည်။ ၎င်းကို "ဘုံကောင်းကျိုး" ဟုလည်း ခေါ်ကြသည်။

ဆိုလိုသည်မှာ အစုအဖွဲ့တစ်ခုဖြစ်စေ (အစိုးရဖြစ်စေ) အနာဂတ်ကို စဉ်းစားရန် လိုအပ်သည်။ ဥပမာ – သစ်တောများကို ခုတ်လှဲခြင်းသည် ရေတိုအားဖြင့် စီးပွားရေးအကျိုးအမြတ်ကို ရရှိစေနိုင်သော်လည်း ရေရှည်တွင်မူ သဘာဝပတ်ဝန်းကျင် ပြဿနာများစွာကို ဖြစ်ပေါ်လာစေနိုင်သည်။ အခြားသော ပြည်သူတို့၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

နားလည်သည်းခံမှု ဆိုသည်မှာ မိမိကိုယ်တိုင်နှင့် သဘောထားချင်း မတိုက်ဆိုင်သော တခြားလူများ၏ ခံစားမှုများ၊ အလေ့အထများနှင့် ယုံကြည်မှုများကို လေးစားလက်ခံပေးခြင်းပင် ဖြစ်သည်။ မတူကွဲပြားသော နိုင်ငံရေးပါတီများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမျိုးစုများ အချင်းချင်း အတူတကွ ပူးပေါင်းလက်တွဲ လုပ်ကိုင်နိုင်ကြခြင်းသည် နားလည်သည်းခံမှု၏ သွင်ပြင်လက္ခဏာတစ်ရပ်လည်း ဖြစ်သည်။

စေ့စပ်ညှိနှိုင်းမှုဟူသည် တစ်ဦးတစ်ယောက်ချင်း၊ တစ်စုတစ်ဖွဲ့ချင်းစီအလိုက် လိုချင်နေကြသော အရာမျိုးကို စွန့်လွှတ်၍ အားလုံးသဘောတူ လက်ခံနိုင်သောအရာအား ကြိုးပမ်းရယူခြင်းကို ဆိုလိုသည်။ ထိုသို့ လုပ်ဆောင်ရခြင်းမှာလည်း ငြင်းခုံမှု ပဋိပက္ခများကို အဆုံးသတ်စေပြီး အဖြေတစ်ခုကို ရှာဖွေဖော်ထုတ်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကိုယ်စားလှယ်များအနေနှင့် (မိမိတို့ သက်ဆိုင်ရာ လူ့အသိုင်းအဝိုင်း တစ်ခုချင်းစီအတွက် အကောင်းဆုံး မဟုတ်သည့်တိုင်) လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အကောင်းဆုံး ဖြစ်စေမည့် အဖြေတစ်ခုပေါ်တွင် လက်ခံသဘောတူညီမှု ရှိကြခြင်းသည် စေ့စပ်ညှိနှိုင်းမှု၏ ဥပမာတစ်ခုပင်ဖြစ်သည်။

ကွဲပြားခြားနားသော အုပ်စုများတွင် မတူသောပန်းတိုင်များ ရှိနိုင်သော်လည်း ဒီမိုကရေစီစနစ်တွင် အရေးအကြီးဆုံးသော ပန်းတိုင်များ၊ အာလုံးမျှဝေထားသောနှုန်း စံတန်ဖိုးများကို သဘောတူညီမှု ရှိရန် လိုအပ်သည်။ ယင်းကဲ့သို့ ဘုံသဘောတူညီမှု ရှိမှသာ ပို၍အသေးစိတ်သော၊ လက်တွေ့ကျသော ကိစ္စရေးရာများကို ဆွေးနွေးညှိနှိုင်းရန်၊ ပူးပေါင်းဆောင်ရွက်ရန် အခြေခံအုတ်မြစ်ကို တည်ဆောက်နိုင်မည် ဖြစ်သည်။

နားလည်သည်းခံခြင်းနှင့် စေ့စပ်ညှိနှိုင်းခြင်းများကို အောက်ပါ နည်းလမ်းများဖြင့် တွေ့မြင်နိုင်သည်။

၁။ ပြည်သူတို့သည် ကွဲပြားခြားနားသော အကျိုးစီးပွားများ၊ အယူအဆများအား စီမံခန့်ခွဲနိုင်မည့် နည်းလမ်းများကို ရှာဖွေ၍ အဆိုပါ မတူကွဲပြားမှုများကြားတွင် ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ရန် ကြိုးပမ်းခြင်း။

၂။ ပြည်သူတို့သည် မည်သည့် အစုအဖွဲ့မျှ ၎င်းတို့ လိုချင်သည့်အရာ အကုန်လုံးကို ရလည်း မရသင့်၊ ရလည်း မရနိုင်ဆိုသည့် သဘောကို နားလည်ထားခြင်း။

၃။ လူနည်းစုကလည်း လူများစု၏ ဆုံးဖြတ်ချက်နှင့် ဆန္ဒတို့ကို လေးစားသကဲ့သို့၊ လူများစုကလည်း လူနည်းစု၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို လေးစားခြင်း။

## လေ့ကျင့်ခန်း

လွှတ်တော်ထဲတွင် နိုင်ငံရေးပါတီကြီး ၃ ခုရှိနေသည်။ ၎င်းတို့ အားလုံးတွင် အစိုးရလုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မူဝါဒများ ကိုယ်စီရှိထားကြသည်။

**ပြည်သူ့ဖွံ့ဖြိုးတိုးတက်ရေးပါတီ (PDP)**

- ~~အလုပ်အကိုင်များ ပိုမို ရရှိစေရမည်။~~
- ကျေးလက်ဒေသများတွင် စာသင်ကျောင်းများ ပိုမို တိုးချဲ့ဖွင့်လှစ်မည်။
- အခွန်လျှော့ကောက်မည်။
- ရဲတပ်ဖွဲ့ကို ပိုမို အင်အားတိုးချဲ့မည်။

**စည်းလုံးညီညွတ်ရေးနှင့် လုံခြုံရေးပါတီ (USP)**

- ရဲတပ်ဖွဲ့ကို ပိုမို အင်အားတိုးချဲ့မည်။
- စစ်တပ်ကို ပိုမို အင်အား တိုးချဲ့မည်။
- ပညာရေးစနစ်ကို ပိုမို တိုးတက်အောင် ဆောင်ရွက်မည်။
- အခွန်တိုးမြှင့် ကောက်ခံမည်။

**အမျိုးသားတန်းတူညီမျှရေးပါတီ (NEP)**

- အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုစနစ် ထားရှိမည်။
- အခမဲ့ ပညာရေးစနစ် ထားရှိမည်။
- အခွန်တိုးမြှင့် ကောက်ခံမည်။
- ~~အလုပ်အကိုင်များ ပိုမို ရရှိစေရမည်။~~


၁။ ဖော်ပြပါ မူဝါဒများကို ဆက်စပ်မှုပြ စက်ဝိုင်း (Venn Diagram) ထဲတွင် ထည့်ပါ။

၂။ အောက်ဖော်ပြပါ မူဝါဒများထဲမှ ပါတီ ၃ ခုစလုံးအတွက် စေ့စပ်ညှိနှိုင်းယူနိုင်မည့် အကောင်းဆုံး မူဝါဒကို ရွေးချယ်ပြပါ။

က။ ကျေးလက်ဒေသများတွင် အလုပ်အကိုင်များ ပိုမို ဖန်တီးပေးနိုင်ရန် အခွန်ကို လျှော့ကောက်မည်။

ခ။ စစ်တပ်နှင့် ရဲအင်အားကို ပိုမို တိုးချဲ့နိုင်ရန် အခွန်တိုးမြှင့်ကောက်ခံမည်။

ဂ။ ပညာရေးနိမ့်ကျနေသော ဒေသများတွင် အရည်အသွေး ပိုမို ကောင်းမွန်ပြီး စရိတ်သက်သာမည့် ပညာရေးဝန်ဆောင်မှုစနစ်ကို ကျင့်သုံးမည်။



## လေ့ကျင့်ခန်း

အသင့်တော်ဆုံး အဖြေကို ရွေးပါ။

၁။ အောက်ပါ ဖော်ပြချက်များထဲမှ နားလည် သည်းခံမှု သဘောတရားနှင့် လုံးဝ မကိုက်ညီသော အချက်ကို ရွေးချယ်ပြပါ။

- က။ သင်သဘောမတူသော အမြင် သဘောထားများကို လေးစားမှု ပေးခြင်း။
- ခ။ သင်သဘောမတူသော လူများ၏ အမြင်သဘောထားများကို ထုတ်ဖော် ခွင့်ပြုခြင်း။
- ဂ။ အစိုးရကို မည်သူမှ မဝေဖန်နိုင် အောင် ထိန်းချုပ် စီမံထားခြင်း။

၂။ အောက်ပါ ဖော်ပြချက်များထဲမှ နားလည်သည်းခံမှုမှ ရရှိသော အကျိုး ကျေးဇူးများကို ရွေးချယ်ပြပါ။

- က။ လူတိုင်း၏ အမြင်ကို နားထောင်ခြင်း အားဖြင့် အကောင်းဆုံး ဖြေရှင်းချက် ကို ရှာဖွေနိုင်ပါသည်။
- ခ။ အကျိုးအကြောင်း ခိုင်ခိုင်လုံလုံ ရှင်းပြမှုကို နားထောင်ရသောအခါ မိမိနှင့် မတူကွဲပြားသော အမြင် သဘောထားများကိုပင်လျှင် လက်ခံနိုင်ဖို့ရာ ပိုမို လွယ်ကူ လာပါသည်။
- ဂ။ ဆုံးဖြတ်ချက်များကို ပိုမို မြန်ဆန်စွာ ချနိုင်လာသည်။

ဒီမိုကရေစီ နိုင်ငံသားများသည် မိမိတို့၏ လိုအပ်ချက်နှင့် အမြင်သဘောထားများကို နားလည်သည်းခံမှုမှ တစ်ဆင့် စီမံခန့်ခွဲနိုင်ဖို့ လိုပါသည်။ နားလည်သည်းခံခြင်း ဆိုသည်မှာ တခြားလူများ၏ အယူအဆများ၊ ယုံကြည်မှုများကို မိမိကိုယ်တိုင်က သဘောမတူသည့်တိုင် လေးစားပေးခြင်းကို ဆိုလိုသည်။

ဒီမိုကရေစီသည် အမြင်သဘောထားများ လွတ်လပ်စွာ ဖလှယ်မှုပေါ်တွင် အခြေခံတည်ဆောက်ထားသော စနစ် ဖြစ်သည်။ ဒီမိုကရေစီတွင် နိုင်ငံသားများသည် မိမိတို့၏ အမြင်သဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိသလို အခြားသူများ၏ အမြင်သဘောထား ထုတ်ဖော်မှုများကိုလည်း လက်ခံ ခွင့်ပြုပေးရမည်ဖြစ်သည်။ လူကြိုက်မများသော အမြင်သဘောထားရှိသူများ သို့မဟုတ် အစိုးရအပေါ် ဆန့်ကျင်ဘက် အမြင်ရှိသူများကိုပင်လျှင် စည်းရုံးခွင့်၊ ပါဝင်ဆောင်ရွက်ခွင့် အမြင်သဘောထား ထုတ်ဖော်ခွင့်များ ပေးရမည်ဖြစ်သည်။

နိုင်ငံသားများသည် နားလည်သည်းခံမှုကို လက်တွေ့ကျင့်သုံးခြင်းဖြင့် ကွဲပြားခြားနားသော အယူအဆများ၊ အမြင်များကို လူအများရှေ့မှောက်တွင် ပြုလုပ်သော ငြင်းခုံဆွေးနွေးပွဲများ၌ ငြိမ်းချမ်းစွာ ဖလှယ်နိုင်ကြသည်။ အများပြည်သူ ရှေ့မှောက်၌ ပြုလုပ်သော ငြင်းခုံဆွေးနွေးပွဲများသည် နိုင်ငံသားများ အတွက် အခြားသူများ၏ အမြင်သဘောထားများကို လေ့လာ သိရှိခွင့်လည်း ရရှိစေပါသည်။ တစ်ခါတစ်ရံ နိုင်ငံသားများသည် အယူအဆတစ်ခုကို အမှန်တကယ် နားမလည်ဘဲ ကန့်ကွက်ဆန့်ကျင်မှု ပြုလုပ်တတ်ကြသည်။ နိုင်ငံသားများသည် ဆွေးနွေးချက်များအား နားထောင်ရခြင်း၊ နားမလည်သည် များကို မေးခွန်းများ မေးမြန်းခြင်းအားဖြင့် အခြားသူများ၏ လိုအပ်ချက်များနှင့် အမြင်များကို သိမြင် နားလည်လာနိုင်သည်။ ဤနည်းဖြင့် ဒီမိုကရေစီ နိုင်ငံသားများသည် ပဋိပက္ခများကို ကောင်းစွာ စီမံခန့်ခွဲနိုင်ပြီး အားလုံးနှင့် သက်ဆိုင်သော ဘုံပြဿနာများအတွက် ဖြေရှင်းနည်းကိုလည်း ရှာဖွေနိုင်မည် ဖြစ်သည်။

နားလည်သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှုများ ရှိလာပါက ဆန့်ကျင်သူများပင်လျှင် ချမှတ်လိုက်သော ဆုံးဖြတ်ချက်များကို လက်ခံဖို့ရာ ပိုမို လွယ်ကူလာနိုင်သည်။ ထိုသို့ ဖြစ်ရခြင်းမှာလည်း နိုင်ငံသားများ သည် ၎င်းဆုံးဖြတ်ချက်များ ချမှတ်လိုက်ရခြင်း၏ အကြောင်းအရင်းကို ကောင်းစွာ သိနားလည် နေသောကြောင့် ဖြစ်သည်။




မြန်မာပြည်ရှိ သည်းခံစောင့်ထိန်းမှု

## လုပ်ငန်းများ

## စေ့စပ်ညှိနှိုင်းရတော့မည့် ငါးဖမ်းလုပ်ငန်း

အောက်ပါစာပိုဒ်ကို ဖတ်၍ ညွှန်ကြားချက်တိုင်း လုပ်ဆောင်ပါ။

ကန်သာယာ (Laketown) မြို့လေးသည် လှပသော ရေပေါ်တောအုပ်နှင့် ပို၍ပင် လှပသော သက်တံ့ငါးများဖြင့် ပြည့်စုံသော အလှနှစ်ခု ဖြင့် ထင်ရှား ကျော်ကြားသည်။

ကန်သာယာမြို့ရှိ လူဦးရေ ၈၀ ရာခိုင်နှုန်းသည် ဆင်းရဲနွမ်းပါးသော တံငါသည် ရေလုပ်သားများဖြစ်ပြီး ကန်သာယာအိုင်ကြီး၏ အိုင်စပ်တစ်လျှောက်တွင် ငါးဖမ်းပိုက်ကွန်များဖြင့် ငါးဖမ်း၍ အသက်မွေးကြသည်။ သူတို့မှာ ဆောင်းရာသီရောက်တိုင်း အစာရေစာ ပြတ်လပ်မှု ပြဿနာ ကြုံတွေ့လေ့ရှိရာ ဒီနှစ်ဆောင်းရာသီမှာ အခြားနှစ်တွေထက် ပိုဆိုးသည်။ သူတို့သည် အေးခဲသော ဆောင်းလများ အတွက် လုံလောက်သည့် စားနပ်ရိက္ခာ မရှိသောကြောင့် အစာငတ်မွတ်ခြင်း ပြဿနာ ကြုံလာမည်ကို စိုးရိမ်ပူပန်နေကြသည်။

မြို့လူဦးရေ၏ ကျန် ၂၀ ရာခိုင်နှုန်းမှာ အိုင်ကြီးဘေးတစ်လျှောက်တွင် ဖွင့်လှစ်ထားသော ဟိုတယ်များနှင့် စားသောက်ဆိုင်များကို ပိုင်ဆိုင်ကြသူများ ဖြစ်သည်။ ၎င်းတို့သည် မြို့ရှိ နာမည်ကျော် ရေပေါ်တောအုပ်နှင့် သက်တံ့ငါးတို့ကို လာရောက်ကြည့်ရှုသော ကမ္ဘာလှည့်ခရီးသွားများထံမှ ဝင်ငွေရရှိကြသည်။ ၎င်းတို့၏ လုပ်ငန်းများက အောင်မြင်သည့်အတွက် ကလေးများအား ကျောင်းကောင်းကောင်း ထားနိုင်ကြသည်။ အိမ်ကောင်းကောင်း ဝယ်နိုင်ကြသည်။ ကားအသစ်များလည်း စီးနိုင်ကြသည်။ စားစရာလည်း အမြဲတမ်း အလုံအလောက် ရှိကြသည်။

ယခုအခါ တံငါသည်အချို့သည် ၎င်းတို့ ပြဿနာအား ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ခုကို မြို့ကောင်စီထံသို့ အဆိုပြုလာကြသည်။ ရေပေါ်တောအုပ်မှ သစ်ပင်များကိုခုတ်၍ ၎င်းတို့အတွက် ငါးဖမ်းလှေများ တည်ဆောက်ရန် ဖြစ်သည်။ ထိုငါးဖမ်းလှေများ ရရှိပါက ၎င်းတို့အနေဖြင့် ငါးများကို ယခုထက်အများကြီး ပိုဖမ်းနိုင်မည်ဖြစ်ပြီး စားစရာလည်း အလုံအလောက်ရမည်။ ဈေးကွက်ထဲမှာလည်း ငါးများကို ရောင်းချနိုင်မည် ဖြစ်သည်။ သို့ဆိုလျှင် သူတို့အတွက် စားစရာပြတ်လပ်မှု ပြဿနာလည်း ထပ်မံကြုံရတော့မည် မဟုတ်ပေ။

ဟိုတယ်နှင့် စားသောက်ဆိုင်ပိုင်ရှင်များကမူ အဆိုပါကိစ္စကို ပြင်းပြင်းထန်ထန် ကန့်ကွက်ကြသည်။ ရေပေါ်တောအုပ်များကို ခုတ်လှဲလိုက်ပါက ကမ္ဘာလှည့်ခရီးသည်များ လာကြတော့မည် မဟုတ်ကြောင်း၊ ငါးဖမ်းလှေများနှင့် တံငါသည်တွေ ငါးဖမ်းကြတော့မည်ဆိုလျှင် သက်တံ့ငါးများလည်း တံငါသည်တွေရဲ့ ငါးဖမ်းပိုက်တွေမှာ မိကုန်လိမ့်မည်ဖြစ်ကြောင်း ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်းရှင်များက ပြောကြသည်။


ယခု မြို့ကောင်စီမှ မည်သို့ ဆက်လက် ဆောင်ရွက်ရမည်ကို ဆုံးဖြတ်ချက်ချရန် လိုအပ်လာပေသည်။

၁။ အထက်ပါဇာတ်လမ်းအခင်းအကျင်းဆီမှ ပေါ်ထွက်လာနိုင်ဖွယ်ရှိသော ရလဒ်အဖြေကို အောက်ပါဇယားကွက်တွင် ဖြည့်ပါ။

- က။ တံငါသည်များသည် သစ်ပင်အားလုံးကို ခုတ်လှဲခွင့်ရပြီး ငါးဖမ်းလှေများ တည်ဆောက်ကာ ငါးတွေ အလုံးအရင်း ဖမ်းနိုင်ကြသည်။ ဟိုတယ်လုပ်ငန်းရှင်များမှာမူ ခရီးသွားများ မလာတော့သည့်အတွက် ဆင်းရဲမွဲတေ သွားကြလေသည်။
- ခ။ တံငါသည်များအား သစ်ပင်များ ခုတ်လှဲ၍ ငါးဖမ်းလှေများ တည်ဆောက်ခြင်းကို တားမြစ်ပိတ်ပင်လိုက်သောကြောင့် ဆောင်းရာသီတွင် တံငါသည် အများအပြား အငတ်ဘေးနှင့် ရင်ဆိုင်ကြရသည်။
- ဂ။ တံငါသည်များသည် ဟိုတယ်များကို မီးရှို့ဖျက်ဆီးကြသည့်အတွက် ထောင်တွင်း အကျဉ်းချခြင်း ခံကြရသည်။

| | **တံငါသည်များဘက်မှ ရှုံးသည်** | **တံငါသည်များဘက်မှ နိုင်သည်** |
|---|---|---|
| **ဟိုတယ်လုပ်ငန်းရှင်များဘက်မှ ရှုံးသည်** | ဂ - တံငါသည်များသည် ဟိုတယ်များကို မီးရှို့ဖျက်ဆီးကြသည့်အတွက် ထောင်ချခံကြရသည်။ | |
| **ဟိုတယ်လုပ်ငန်းရှင်များဘက်မှ နိုင်သည်** | | |


၂။ သင်သည် အဆိုပါပြဿနာနှင့် ပတ်သက်၍ နှစ်ဖက်စလုံး အကျိုးရှိစေမည့်နည်း (win-win solution) ကို ရှာဖွေပေးနိုင်ရန် ကန်သာယာမြို့သို့ စေလွှတ်သော စေ့စပ်ညှိနှိုင်းရေး အဖွဲ့၏ အဖွဲ့ဝင်တစ်ဦး ဆိုပါစို့။ အဖွဲ့များ ဖွဲ့၍ အဖွဲ့လိုက် ဖြေရှင်းနည်းများကို ရှာဖွေဖော်ထုတ်၍ အတန်းသို့ တင်ပြ ဆွေးနွေးပါ။





## မြန်မာ့ရေးရာ

### ပင်လုံသဘောတူစာချုပ်



၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၁၂ ရက်နေ့အထိ မြန်မာ့တိုင်းရင်းသားခေါင်းဆောင်များသည် ရှမ်းပြည်နယ်၊ ပင်လုံမြို့၌ တွေ့ဆုံကာ ပြည်ထောင်စုနိုင်ငံအဖြစ် ပေါင်းစည်းရေးကိစ္စကို ဆွေးနွေးခဲ့ကြသည်။ အဆိုပါ ညီလာခံသို့ ဗမာကြားဖြတ်အစိုးရ ကိုယ်စားလှယ်များနှင့် ရှမ်း၊ ကချင်၊ ချင်းခေါင်းဆောင်များ တက်ရောက် ဆွေးနွေးခဲ့ကြပြီး ကရင်ခေါင်းဆောင်များက လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည်။

အဆိုပါ ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက ပြည်ထောင်စုနိုင်ငံအဖြစ် ပေါင်းစည်းခြင်းသည် သက်ဆိုင်ရာ တိုင်းရင်းသားအားလုံးအတွက် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု တိုင်းရင်းသားကိုယ်စားလှယ်များအား ပြောကြားခဲ့သည်။ အဆိုပါ ညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းသည် သမိုင်းတွင် နာမည်ကျော်ခဲ့သည့် စကားနှစ်ခွန်းဖြစ်သော 'ဗမာတစ်ကျပ်ရရင်၊ ခင်ဗျားတို့လည်း တစ်ကျပ်ရစေရမယ်" "တောင်တန်းဒေသတွေ မပါဝင်တဲ့ ဗမာပြည်ဟာ ဆားမပါတဲ့ဟင်းလို ပေါ့ပျက်ပျက်ပဲ ဖြစ်လိမ့်မယ်" ဟု ပြောထားခဲ့သည်။

တိုင်းရင်းသားခေါင်းဆောင်အချို့ကမူ မိမိတို့ သဘောတူလိုက်သောအရာတစ်ခုက မိမိလူမျိုးတို့၏ အကျိုးစီးပွားနှင့် ဆန့်ကျင်သွားမည်ကို စိုးရိမ်ခဲ့ကြသည်။ ပြည်ထောင်စုနိုင်ငံအဖြစ် ပူးပေါင်းလိုက်ခြင်းကြောင့် မိမိတို့၏ လွတ်လပ်ရေးနှင့် ယဉ်ကျေးမှုများ ဆုံးရှုံးသွားမည်ကို အထူးစိုးရိမ်ခဲ့သည်။ အစိုးရ ကိုယ်စားလှယ်များကလည်း အလွန်အမင်း ခွဲထွက်ကုန်ကြလျှင် တိုင်းပြည်မတည်မငြိမ် ဖြစ်လာနိုင်မည့် အရေးကို စိုးရိမ်ခဲ့သည်။

ညီလာခံခေါင်းဆောင်များသည် အောက်ပါ ကိစ္စရပ်များအား စေ့စပ်ညှိနှိုင်း၍ သဘောတူညီမှုရသည်အထိ ဆွေးနွေးခဲ့ကြသည်။

- တိုင်းရင်းသားလူနည်းစု ပြည်နယ်များသည် ကိုယ်ပိုင်စီမံအုပ်ချုပ်ခွင့် (ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်) ရှိရမည်။
- တိုင်းရင်းသာလူနည်းစု လူမျိုးများသည် အခြေခံဒီမိုကရေစီ အခွင့်အရေးများ ရရှိခံစားခွင့် ရှိရမည်။
- တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး၊ ရိုးရာဓလေ့များနှင့် ကိုးကွယ်ယုံကြည်မှုတို့ကို အပြည့်အဝ ကာကွယ်ပေးရမည်။

ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် သက်ဆိုင်ရာ ခေါင်းဆောင်များက ပင်လုံသဘောတူ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး ထိုနေ့ကို ဂုဏ်ပြုသောအားဖြင့် ယခုအခါ ပြည်ထောင်စုနေ့အဖြစ် သတ်မှတ်၍ အထိမ်းအမှတ်ပွဲများ ကျင်းပကြခြင်း ဖြစ်သည်။

## လေ့ကျင့်ခန်း

၁။ ညီလာခံ တက်ရောက်လာကြသော တိုင်းရင်းသား ခေါင်းဆောင်များသည် မည်သည့် အချက်များကို စိုးရိမ်ခဲ့ကြသနည်း။

၂။ ညီလာခံ တက်ရောက်လာကြသော ကြားဖြတ်အစိုးရ ခေါင်းဆောင်များသည် မည်သည့် အချက်များကို စိုးရိမ်ခဲ့ကြသနည်း။

၃။ ညီလာခံ ခေါင်းဆောင်များသည် မည်သည့် အချက်များကို စေ့စပ်ညှိနှိုင်း၍ သဘောတူညီမှု ရရှိခဲ့ကြသနည်း။

၄။ ပင်လုံသဘောတူညီမှုတွင် နားလည်သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှုတို့သည် မည်သည့်နည်းဖြင့် အရေးပါခဲ့သနည်း။

## ဆွေးနွေးချက်

၁။ နိုင်ငံသားများအနေနှင့် တစ်ဦးတစ်ယောက်၊ အစုအဖွဲ့တစ်ခု၏ အကျိုးစီးပွားထက်ကျော်၍ "ဘုံကောင်းကျိုး" ကို မည်သည့် အချိန်တွင် ဦးစားပေးရမည်နည်း။

၂။ သင်၏ လူ့အသိုင်းအဝိုင်းတွင် လူအများစု တူညီစွာ လက်ခံထားသည့် အရေးအကြီးဆုံးသော ရည်မှန်းချက်နှင့် စံတန်ဖိုးများမှာ မည်သည့်အရာတွေနည်း။

၃။ သင်၏ လူ့အသိုင်းအဝိုင်းတွင် စေ့စပ်ညှိနှိုင်းခြင်း ကိစ္စကို မည်သည့်အရာက အဟန့်အတား ပြုနေသနည်း။

၄။ အကယ်၍ လူအများအကြား စေ့စပ်ညှိနှိုင်းမှု မရနိုင်တော့ပါက သင်၏ လူ့အသိုင်းအဝိုင်းတွင် မည်သို့ ဖြစ်လာနိုင်သနည်း။

၅။ နားလည်သည်းခံမှု ကင်းမဲ့ခြင်းသည် ဒီမိုကရေစီစနစ်ကို မည်သို့ ဆိုးကျိုးသက်ရောက်စေပါသနည်း။

## ပြန်လည်သုံးသပ်ချက်

၁။ သင့်အနေဖြင့် လူတစ်ယောက်နှင့် ဘယ်လိုမှ စေ့စပ်ညှိနှိုင်း၍ မရခဲ့ဖူးသော အဖြစ်အပျက်တစ်ခုကို ပြန်လည် စဉ်းစားကြည့်ပါ။ အဘယ်ကြောင့် ထိုသို့ စေ့စပ်ညှိနှိုင်း၍ မရခဲ့ပါသလဲ။ အခြားနည်းလမ်းများဖြင့် အစားထိုး သင်လုပ်နိုင်မည်လော။

၂။ သင့်အနေဖြင့် စေ့စပ်ညှိနှိုင်းမှု မပြုလုပ်ချင်သော ယုံကြည်ချက်များ၊ စံတန်ဖိုးများ ရှိပါသလား။ အဘယ့်ကြောင့်နည်း။

၃။ သင့်အနေဖြင့် နားလည်သည်းခံမှု မပေးနိုင်သော အယူအဆများ၊ အမြင်သဘောထားများ ရှိပါသလား။ မည်သည့်အရာများ ဖြစ်သနည်း။

## ၂.၂.၂ တရားဥပဒေစိုးမိုးမှု



ထိရောက်သော ဒီမိုကရေစီစနစ်တွင် အစိုးရနှင့် နိုင်ငံသားများသည် တရားဥပဒေစိုးမိုးရေးကို လေးစားရမည်ဖြစ်သည်။

ဆိုလိုသည်မှာ ဥပဒေများသည် တန်းတူညီမျှစွာ၊ တရားမျှတစွာ တစ်သမတ်တည်း စိုးမိုးသက်ဝင်မှုရှိနေရမည် ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ အရေးကြီးသော မျက်နှာစာ ၃ ရပ် ရှိသည်။

- ဥပဒေအထက်တွင် မည်သူမျှ မရှိစေရ။
- လူတိုင်း ဥပဒေကို လေးစားလိုက်နာရမည်။
- ဥပဒေရှေ့မှောက်တွင် လူတိုင်း တန်းတူညီမျှဖြစ်သည်

  ဟူသော မျက်နှာစာ ၃ ရပ်ပင် ဖြစ်သည်။

## က။ ဥပဒေအထက်တွင် မည်သူမျှ မရှိစေရ

တရားဥပဒေစိုးမိုးမှု ဆိုသည်မှာ ဥပဒေအထက်တွင် မည်သူမျှ ရှိမနေခြင်းကို ဆိုသည်။ "မည်သူမျှ" ဆိုသည့် စကားရပ်တွင် သမ္မတ၊ ဝန်ကြီးများနှင့် အစိုးရဝန်ထမ်းများလည်း ပါဝင်သည်။

ဒီမိုကရေစီနိုင်ငံတွင် ပြည်သူများသည် ၎င်းတို့ကိုယ်စား စီမံအုပ်ချုပ်ရန် အစိုးရတစ်ရပ်ရပ်ကို အခွင့်အာဏာ သဘောတူ အပ်နှင်းထားကြသည် ဆိုသော်လည်း အစိုးရအနေဖြင့် စိတ်ထင်တိုင်း လုပ်ခွင့်မရှိပေ။ အစိုးရနှင့် နိုင်ငံသားများကြား ရှိထားသော အဆိုပါ သဘောတူညီချက်အရ အစိုးရတစ်ရပ်ရပ်သည် ၎င်းတို့၏ အာဏာကို ချမှတ်ထားသော ဥပဒေဘောင် အကန့်အသတ်အတွင်း၌သာ ကျင့်သုံးရမည်ဖြစ်သည်။

ထိုအာဏာကို ကိုယ်ကျိုးစီးပွားအတွက်သော်လည်းကောင်း၊ တရားမဝင်နည်းလမ်းဖြင့်သော်လည်းကောင်း အသုံးပြုလာလျှင် ၎င်းကို အာဏာအလွဲသုံးစားပြုခြင်းဟုခေါ်သည်။ အစိုးရအရာရှိများသည် အာဏာကို ဥပဒေက ပေးအပ်ထားသည့်ဘောင်ထက် ကျော်လွန်၍ အလွန်အကျွံ သုံးစွဲလာသည့်အခါ အာဏာ အလွဲသုံးစားမှု မြောက်သည်ဟု ဆိုနိုင်သည်။ ဥပမာ – ကိုယ်စားလှယ်တစ်ဦးသည် ၎င်း၏ ဆွေမျိုးသားချင်းတစ်ဦး အဖမ်းမခံရရေးအတွက် မိမိရာထူးအရှိန်အဝါကိုသုံး၍ တားဆီးရန် ကြိုးစားခြင်းမျိုးဖြစ်သည်။ အာဏာအလွဲသုံးစားမှု မဖြစ်အောင် တားဆီးခြင်းသည်လည်း တရားဥပဒေစိုးမိုးရေး၏ အရေးပါသော အခြေခံမှုတစ်ရပ်ဖြစ်သည်။

## ခ။ လူတိုင်း ဥပဒေကို လေးစားလိုက်နာရမည်

ဥပဒေသည် လူတိုင်းအပေါ် သက်ရောက်မှုရှိသည်။ "လူတိုင်း" ဟု ဆိုရာတွင် အစိုးရ၊ စစ်တပ်၊ ရဲအရာရှိများ၊ တရားသူကြီးများသာမက သာမန်နိုင်ငံသားများလည်း ပါဝင်သည်။ အာဏာရှိသူဖြစ်စေ၊ ငွေကြေးချမ်းသာသူဖြစ်စေ မည်သူမဆို ဥပဒေကို လေးစားလိုက်နာရန် တာဝန်ရှိပေသည်။




ဥပဒေကို လေးစားလိုက်နာရေးမှုအတွက် အကြီးမားဆုံး စိန်ခေါ်မှုမှာ အကျင့်ပျက်ခြစားမှုပင် ဖြစ်သည်။ အရာရှိတစ်ဦးသည် မိမိကိုယ်ကျိုး စီးပွားအတွက် အာဏာကို အသုံးချသည့် အခြေအနေမျိုးကို အကျင့်ပျက်ခြစားမှုဖြစ်သည်ဟု ဆိုနိုင်သည်။ ဥပမာ – အစိုးရအရာရှိတစ်ဦး၏ အလုပ်တာဝန်မှာ နိုင်ငံသားများအား လိုင်စင်လက်မှတ် ထုတ်ပေးရန်ဖြစ်သည် ဆိုပါစို့။ သို့သော် ထိုအရာရှိသည် အပိုစောင်းပိုက်ဆံ (လာဘ်ငွေ) ပေးမှသာ လိုင်စင်လက်မှတ် ထုတ်ပေးတတ်သည့် ပုံစံမျိုးဖြစ်သည်။

အကျင့်ပျက်ခြစားမှုသည် ပြည်သူလူထုက အစိုးရတာဝန်ရှိသူများအပေါ် ယုံကြည်မှု ဆိုးဆိုးဝါးဝါး ကျဆင်းစေနိုင်သောကြောင့် ဒီမိုကရေစီအတွက် များစွာ အန္တရာယ်ကြီးပေသည်။ အစိုးရအလုပ်ကို ဝင်ရောက် လုပ်ကိုင်ခြင်း ဆိုသည်မှာ ပြည်သူအကျိုးကို ထမ်းရွက်ရန် တာဝန်ယူလိုက်ခြင်းပင် ဖြစ်သည်။ အစိုးရအရာရှိများသည် ပြည်သူအကျိုးကို မထမ်းရွက်ဘဲ ကိုယ်ကျိုးရှာနေသည်ဟု ပြည်သူအများက ထင်မြင်ယူဆသွားသည့်အခါ ပြည်သူတွေကိုယ်တိုင်လည်း တရားဥပဒေကို လေးစားလိုက်နာကြတော့မည် မဟုတ်ပေ။ ထိုအခြေအနေမျိုးသည် တရားဥပဒေစိုးမိုးရေးကို အားပျော့ချည့်နဲ့စေပြီး ဒီမိုကရေစီအပေါ်လည်း ဆိုးကျိုးများစွာ သက်ရောက်စေနိုင်ပါသည်။

## လေ့ကျင့်ခန်း

အောက်ဖော်ပြပါ အခြေအနေများကို ဖတ်ရှု၍ ဖော်ပြချက်တစ်ခုချင်းစီအလိုက် အာဏာကို အလွဲသုံးစားပြုခြင်း ဖြစ်သလား ။သို့မဟုတ် မှန်ကန်စွာ အသုံးပြုခြင်း ဖြစ်သည်လားဆိုတာ ဆုံးဖြတ်ပါ။ သင့် အဖြေများကို အကြောင်းပြချက် ပေးပါ။

က။ ဒေသန္တရ ဆေးခန်းများသို့ ဆေးဝါးဖြန့်ဖြူးပေးရန် တာဝန်ရှိသည့် အစိုးရအရာရှိတစ်ဦးသည် သူ့အကျိုးအမြတ် ရစေရန် ဆေးတချို့ကို ရောင်းချခြင်း။

နမူနာအဖြေ – **အာဏာအလွဲသုံးစားပြုခြင်း ဖြစ်သည်။ အကြောင်းမှာ သူမသည် ဆေးခန်းသို့ ဝေပေးရမည့် ဆေးများကို ပိုက်ဆံဖြင့် ရောင်းချသောကြောင့်ဖြစ်သည်။**

ခ။ မိုးခေါင်ရေရှားမှု အချိန်ကြာမြင့်စွာ ဖြစ်ပွားခဲ့ပြီးနောက် အစိုးရက ရေကို တစ်ရက် လေးနာရီသာ သုံးစွဲကြရန် တားမြစ် ကန့်သတ်ခြင်း။

ဂ။ ဒေသန္တရအစိုးရက အသက်မွေးအလုပ်အကိုင် သင်တန်းကျောင်းရှိ သင်တန်းသုံး အထောက်အကူ ပစ္စည်းများမှာ လုံခြုံစိတ်ချရမှု မရှိသည်ကို တွေ့ရသောကြောင့် သင်တန်းကျောင်းကို ပိတ်ပစ်ခဲ့သည်။

ဃ။ ဒေသခံအစိုးရဝန်ထမ်းတစ်ဦးသည် ရုံးလုပ်ငန်း ပိုမို မြန်ဆန်စေရန်အတွက် လူအများထံမှ အပိုကြေး တောင်းခံသည်။

င။ ဒေသခံ အစိုးရခေါင်းဆောင်တစ်ဦးသည် စီမံကိန်းကြီးတစ်ခုအတွက် ကန်ထရိုက်ကို ၎င်း၏မိတ်ဆွေ တစ်ဦးအား ချပေးလိုက်သည်။

### ဂ။ ဥပဒေရှေ့မှောက်တွင် လူတိုင်းတန်းတူညီမျှရှိခြင်း




တရားဥပဒေစိုးမိုးမှုတွင် ပါဝင်သော အခြေခံမှုတစ်ခုမှာ ဥပဒေမျက်မှောက်တွင် လူတိုင်း တန်းတူညီမျှ ရှိခြင်းပင် ဖြစ်သည်။ ထိုတန်းတူညီမျှမှု ဆိုသည်ကို နည်းလမ်း ၂ ခုဖြင့် တွေ့ရှိနိုင်သည်။

ပထမနည်းလမ်းမှာ လူတိုင်းလူတိုင်းသည် တူညီသော စည်းမျဉ်းဥပဒေများကို လိုက်နာရမည် ဖြစ်သလို၊ ဥပဒေ ချိုးဖောက်သည့်အခါတွင်လည်း တူညီသော ပြစ်ဒဏ်ကို ကျခံရခြင်း ဖြစ်သည်။ ဥပဒေ ချိုးဖောက်သူသည် ဆင်းရဲသူဖြစ်စေ၊ ချမ်းသာသူဖြစ်စေ တူညီသော ပြစ်ဒဏ်ကို ကျခံရမည် ဖြစ်သည်။ ဥပမာ ခိုးမှုအတွက် ထောင်ဒဏ်ပြစ်ဒဏ် ငါးနှစ်ဟု သတ်မှတ်ထားပါက၊ ယင်းပြစ်ဒဏ်မှာ နိုင်ငံသားအားလုံး အတွက် ဖြစ်ရမည်။

ဒုတိယနည်းလမ်းမှာ ဖြစ်စဉ်တိုင်းတွင် သတ်မှတ်စည်းမျဉ်း ဥပဒေအားလုံးကို လေးစားလိုက်နာရမည်ဖြစ်ပြီး မည်သည့် အဆင့်၊ မည်သည့် လုပ်ငန်းစဉ်ကိုမျှ ကျော်လွှားခြင်း၊ လျစ်လျူရှုခြင်း မပြုအပ်ပေ။ ဆိုလိုသည်မှာ လုပ်ငန်းစဉ်အဆင့်ဆင့်တို့သည် ပို၍ အချိန်ကြာကောင်း ကြာနိုင်မည်၊ ပို၍ ရှုပ်ထွေးကောင်း ရှုပ်ထွေးနိုင်မည်၊ သို့သော် နိုင်ငံသားများအတွက် လျစ်လျူရှုခံရခြင်း၊ မတရားခံရခြင်း၊ ချိုးဖောက်ခံရခြင်းမျိုးများ မဖြစ်အောင် များစွာ လျှော့ချပေးနိုင်လိမ့်မည် ဖြစ်သည်။ ၎င်းကို “ကျင့်ထုံးနှင့်အညီ ဆောင်ရွက်ခြင်း” ဟုလည်း ခေါ်ပါသည်။

တရားဥပဒေစိုးမိုးမှု ပုံစံကို အောက်ပါ နည်းလမ်းများဖြင့် တွေ့မြင်နိုင်ပါသည်။

၁။ ခေါင်းဆောင်များနှင့် အစိုးရဝန်ထမ်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ဥပဒေဖြင့် ကန့်သတ်ထားသည်။

၂။ တရားဥပဒေ စိုးမိုးမှုသည် နိုင်ငံသားများအား ရာဇဝတ်မှုများ၊ အနိုင်ကျင့်မှုများ၊ အကြမ်းဖက်မှုများမှ ကာကွယ်ပေးသည်။

၃။ မည်သည့် နိုင်ငံသားမှ အခြားသူများထက် အခွင့်အရေး ပိုမို ရရှိခြင်းနှင့် အခွင့်ထူးခံဖြစ်မှု မရှိစေရပေ။

၄။ ဆင်းရဲ ချမ်းသာ မခွဲခြားဘဲ ဥပဒေသည် နိုင်ငံသား အားလုံးအပေါ် တန်းတူညီမျှစွာ သက်ရောက်သည်။

၅။ နိုင်ငံသားတစ်ဦး ဥပဒေ ချိုးဖောက်သောအခါတွင်လည်း သတ်မှတ်ဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများ အတိုင်းသာ စီရင်ရသည်။

## လေ့ကျင့်ခန်း

အောက်တွင် ဖော်ပြထားသော တရားဥပဒေစိုးမိုးမှု ချိုးဖောက်ခြင်းများကို အထက်ပါ အခန်း (၂.၂.၂) တွင် ဖော်ပြခဲ့သော တရားဥပဒေစိုးမိုးမှု နည်းလမ်း ၅ မျိုး (၁–၅) နှင့် တွဲစပ်ပြပါ။

**တရားဥပဒေ စိုးမိုးမှု၏ အကျိုးကျေးဇူးများ**

၁။ အစိုးရဝန်ထမ်းများ၏ လုပ်ဆောင်မှုတိုင်းသည် ဥပဒေဖြင့် ထိန်းချုပ် ဆောင်ရွက်ထားသည်။

၂။ နိုင်ငံသားအားလုံးသည် ရာဇဝတ်မှု၊ အလွဲသုံးစားမှု၊ အကြမ်းဖက်မှုများမှ ကာကွယ်မှု ရရှိသည်။

၃။ နိုင်ငံသား အားလုံးသည် တူညီသော အခွင့်အရေးနှင့် အခွင့်ထူးများကို ရရှိ ခံစားနိုင်သည်။

၄။ နိုင်ငံသား အားလုံးသည် ဥပဒေနှင့်အညီ စီရင်ခံပိုင်ခွင့် ရှိသည်။

၅။ နိုင်ငံသား အားလုံးသည် ဥပဒေ ချိုးဖောက်ပါက တူညီသော စည်းမျဉ်း ဥပဒေများဖြင့် စီရင်ခံရမည်။

က။ ကလေးငယ်တစ်ဦးကို ကားဖြင့် တိုက်ခဲ့သော စီးပွားရေးလုပ်ငန်းရှင် သူဌေးတစ်ဦးသည် တရားသူကြီးများအား လာဘ်ထိုးခဲ့သောကြောင့် ပြစ်ဒဏ်လျှော့ပေါ့၍ ချမှတ်ခံရသည်။

နမူနာအဖြေ – ၄ **နိုင်ငံသား အားလုံးသည် ဥပဒေနှင့်အညီ စီရင်ခံပိုင်ခွင့်ရှိသည်။**

ခ။ ဒေသအာဏာပိုင်များသည် လမ်းပေါ်တွင် အိပ်နေကြသော အိမ်ခြေမဲ့များအား အကြမ်းဖက်နည်းကို သုံး၍ ရှင်းလင်းဖယ်ရှားခဲ့သည်။

ဂ။ အစိုးရဝန်ထမ်းများသည် အခြားနိုင်ငံသားများထက် နိုင်ငံကူးလက်မှတ် လျှောက်ရာတွင် ပို၍ လွယ်ကူသည်။

ဃ။ ဥပဒေက ဖမ်းဆီးပြီး ၂၄ နာရီအတွင်း တရားရုံးတင် စစ်ဆေးရမည်ဟု ဆိုထားသော်လည်း အကျဉ်းသားတစ်ဦးကို ရုံးတင်စစ်ဆေးခြင်း မရှိဘဲ ချုပ်ထားသည်မှာ ၂ လ ကြာပြီ ဖြစ်သည်။

င။ ခေါင်းဆောင်ပိုင်းမှ ပုဂ္ဂိုလ်တစ်ဦးသည် မိမိအပိုင် မဟုတ်သော မြေနေရာပေါ်တွင် အိမ်တစ်လုံး ဆောက်လုပ်နေသည်။

## လုပ်ငန်းများ

### သရုပ်ဖော်ခြင်း – တရားဥပဒေစိုးမိုးမှု

အောက်ပါ စာပိုဒ်ကို ဖတ်၍ ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်ပါ။



ဆင်းရဲသားရပ်ကွက်တစ်ခုတွင် မူးယစ်ဆေးသုံးစွဲမှု ပြဿနာ ရှိနေသည်။ လူငယ်အတော်များများသည် မူးယစ်ဆေး စွဲနေကြပြီး မူးယစ်ဆေး ဝယ်ယူရန် ငွေလိုသောကြောင့် ခိုးယူလုယက်မှုများကိုပါ ပြုလုပ်လာကြသည်။

ထိုအချိန်က အဆိုပါ မြို့သည် အရေးကြီးပုဂ္ဂိုလ်များ တက်ရောက်မည့် ပွဲတော်ကြီးတစ်ခုကို ကျင်းပတော့မည့်ဆဲဆဲ ဖြစ်နေသည်။ မြို့တော်ဝန်က ရဲမှူးထံလာ၍ မူးယစ်ဆေးပြဿနာကို ဖြေရှင်းရန် ညွှန်ကြားသည်။ အကယ်၍ မူးယစ်ဆေးနှင့် ရာဇဝတ်မှု ပြဿနာကို ပွဲတော်မတိုင်မီ မဖြေရှင်းနိုင်ပါက ရာထူးဖြုတ်ခံရမည်ဟု အထက်က အမိန့်ပေးထားကြောင်းပြောသည်။

ရဲတပ်ဖွဲ့သည် ဆင်းရဲသားရပ်ကွက်မှ မူးယစ်ဆေးသုံးစွဲမှုနှင့် ရာဇဝတ်မှု မှတ်တမ်းရှိဖူးသော လူငယ် အယောက် ၂၀ ကို ဖမ်းဆီးအချုပ်ချထားလိုက်သည်။ ရဲအားပိုက်ဆံ လာဘ်ထိုးသော မိသားစုများမှ လူငယ်အချို့ကိုမူ ပြန်လွှတ်ပေးလိုက်သည်။ သို့သော် လူငယ်တစ်ယောက်တွင် နှလုံးရောဂါ ရှိနေသည်။ ၎င်းလူငယ်သည် အကျဉ်းကျနေစဉ်မှာပင် သေဆုံးသွားသည်။ ထို့နောက်တွင် ရဲမှူးအား အဆိုပါ လူငယ် သေဆုံးမှုနှင့် ပတ်သက်၍ တာဝန်ရှိကြောင်း တရားစွဲဆိုထားသည်။

၁။ အဖွဲ့များ ဖွဲ့၍ တရားခွင်တွင် ရုံးတင်စစ်ဆေးသည့်ပုံစံ သရုပ်ဆောင်ပြပါ။ အဖွဲ့တစ်ဖွဲ့ချင်းစီတွင် အောက်ပါ ဇာတ်ကောင်များ ပါဝင်ရမည်။

- ရဲမှူးဘက်က လိုက်သော ရှေ့နေများအဖွဲ့က ရဲမှူးတွင် အပြစ်မရှိကြောင်း ရှင်းလင်း ထွက်ဆိုပါ။
- ရဲမှူးကို စွပ်စွဲ ပြစ်တင်မည့် ရှေ့နေ အဖွဲ့က ရဲမှူးတွင် အပြစ်ရှိကြောင်း ရှင်းလင်း ထွက်ဆိုပါ။
- တရားသူကြီးများအဖွဲ့က နှစ်ဖက်ထွက်ဆိုချက်များကို နားထောင်၍ အဆုံးအဖြတ်ပေးပါ။

၂။ ပထမဆုံးအနေဖြင့် အမှုလိုက်ရှေ့နေများက အမှုကို ထွက်ဆိုပါ။ တရားသူကြီးများက နားထောင်ပြီးနောက် ရဲမှူးတွင် အပြစ်ရှိကြောင်း သို့မဟုတ် မရှိကြောင်း ထွက်ဆိုပါ။

၃။ တရားသူကြီးများက ၎င်းတို့၏ အမြင်သဘောထားကို ကျန်သော သင်တန်းသူ/ သင်တန်းသားများသို့ တင်ပြဆွေးနွေးပါ။

၄။ တစ်တန်းလုံးအနေနှင့် ရဲမှူးအား မည်သို့ စီရင်ချက် ချသင့်ကြောင်း ဆုံးဖြတ်ပါ။

## မြန်မာ့ရေးရာ

### ဥပဒေအထောက်အကူပြုသူများ

မြန်မာနိုင်ငံရှိ ဆင်းရဲနွမ်းပါးသော ပြည်သူအများစုသည် တရားဥပဒေစနစ်နှင့် ပတ်သက်၍ စိန်ခေါ်မှုများစွာ ကြုံတွေ့နေရသည်။ ပြည်သူအများစုသည် ဥပဒေနှင့် တရားရေးစနစ်တို့အကြောင်း သိနားလည်မှု ကောင်းစွာ မရှိကြချေ။ အများစုသည် မိမိအတွက် အမှုလိုက်ပေးရန် ရှေ့နေ သို့မဟုတ် ဥပဒေအကြံပေးများ ငှားရမ်းဖို့ပင် ငွေကြေး မတတ်နိုင်ကြပေ။



တရားဥပဒေစိုးမိုးရေး အခြေခံသဘောတရားအရ ရာဇဝတ်မှု တစ်ခုခုဖြင့် စွပ်စွဲခံရသော မည်သူမဆို မိမိအတွက် ကိုယ်စားပြု ပြောဆိုပေးနိုင်ရန် ကျွမ်းကျင်သော ရှေ့နေများ ငှားရမ်းခွင့် ရှိသည်။ သို့သော် ကာယကံရှင် ကိုယ်တိုင်က ငွေကြေး မတတ်နိုင်ပါက မည်သို့မျှ ဖြစ်နိုင်မည် မဟုတ်ပေ။

အဆိုပါ ပြဿနာကို ဖြေရှင်းပေးနိုင်ရန် မြန်မာဥပဒေအထောက်အကူပြုကွန်ရက် (Myanmar Legal Aid Network) သည် မြန်မာနိုင်ငံတစ်လွှားတွင် ဥပဒေအထောက်အကူပြု စင်တာများ ဖွင့်လှစ်တည်ထောင်ပေးလျက် ရှိသည်။ ရန်ကုန်တရားမျှတရေးစင်တာ (Yangon Justice Center) သည် အဆိုပါ စင်တာများထဲမှတစ်ခု ဖြစ်သည်။ ရန်ကုန်တရားမျှတရေးစင်တာ YJC သည် နိုင်ငံသားများအား ဥပဒေဆိုင်ရာ အသိပညာများနှင့် အကြံဉာဏ်များ ပေးနိုင်သော ရပ်ရွာအခြေပြုဥပဒေထောက်ကူပြု စေတနာ့ဝန်ထမ်းများအား သင်တန်းပို့ချပေးလျက် ရှိသည်။ ဥပဒေအထောက်အကူပြုသူများ ဆိုသည်မှာ ၎င်းတို့ကိုယ်တိုင် ရှေ့နေများ မဟုတ်သည့်တိုင် ဥပဒေဆိုင်ရာ အထောက်အကူများပေးနိုင်ရန် လေ့ကျင့်သင်ကြားခြင်း ခံထားရသောသူများ ဖြစ်သည်။ ၎င်းတို့သည် အောက်ပါ လုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်ကြသည်။

- ပြည်သူလူထု၏ ဥပဒေဆိုင်ရာ အသိပညာများ တိုးတက်မြင့်မားလာစေရန် ပညာပေးခြင်း။
- ပြစ်မှုတစ်စုံတစ်ရာ စွပ်စွဲခံရသည့်အခါ၌လည်း ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ရွေးချယ်နိုင်မည့် အခွင့်အလမ်းများကို အကြံဉာဏ်များ ပေးခြင်း။
- ပြည်သူလူထုအား အာဏာပိုင်များနှင့် ဆက်သွယ် ဆောင်ရွက်ရာတွင် ကူညီပေးခြင်း။
- ပဋိပက္ခများကို ဖြေရှင်းပေးခြင်း။
- အကြံပြု တင်ပြခြင်း။
- ဥပဒေရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ သုတေသန ပြုလုပ်ခြင်း။

### လေ့ကျင့်ခန်း

၁။ ဆင်းရဲနွမ်းပါးသော ပြည်သူများသည် ဥပဒေပိုင်းဆိုင်ရာ စနစ်နှင့် ပတ်သက်၍ မည်သို့သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသနည်း။

၂။ ဥပဒေအထောက်အကူပြုသူဟူသည် အဘယ်နည်း။

၃။ ဥပဒေအထောက်အကူပြုသူများသည် မည်သည့် လုပ်ငန်းများကို လုပ်ဆောင်ကြသနည်း။

၄။ ရန်ကုန်တရားမျှတရေးစင်တာသည် တရားဥပဒေစိုးမိုးရေးကို မည်ကဲ့သို့ တိုးတက်စေပါသနည်း။

### ဆွေးနွေးချက်

၁။ ဒီမိုကရေစီစနစ်တွင် တရားဥပဒေစိုးမိုးမှုမှာ အဘယ်ကြောင့် အရေးကြီးရပါသနည်း။

၂။ ပြည်သူလူထုအား ဥပဒေကို လိုက်နာစေရန် ဆောင်ရွက်ရာတွင် မည်သို့သော စိန်ခေါ်မှုများကို တွေ့ရသနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် တရားဥပဒေစိုးမိုးမှု မည်မျှ အားကောင်းပါသနည်း။

၄။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် တရားဥပဒေစိုးမိုးမှု တိုးတက်လာစေရန် မည်သည့်အရာတွေကို လုပ်ဆောင်နိုင်မည်နည်း။

## ပြန်လည်သုံးသပ်ချက်

၁။ တရားဥပဒေကို သင် အမြဲတမ်း လိုက်နာပါသလား။


၂။ သင်သည် တရားဥပဒေကို အဘယ်ကြောင့် လိုက်နာရသနည်း သို့မဟုတ် အဘယ်ကြောင့် မလိုက်နာရသနည်း။

၃။ သင်ကိုယ်တိုင် တရားဥပဒေစိုးမိုးမှု ကင်းမဲ့ခြင်း၏ သားကောင် ဖြစ်ခဲ့ဖူးသော အဖြစ်အပျက် တစ်ခုကို ပြန်စဉ်းစားကြည့်ပါ။ သင်မည်သို့ ခံစားခဲ့ရပါသနည်း။

## ၂.၂.၃ ဒီမိုကရေစီ လက်တွေ့သက်ဝင် လည်ပတ်ရမည့် အင်္ဂါရပ်များ

### အကြိုသင်ခန်းစာ

ဒီမိုကရေစီအခြေခံအင်္ဂါရပ်များမှာ အဘယ်နည်း။




ဒီမိုကရေစီကို အရိုးရှင်းဆုံး အဓိပ္ပာယ်ဖွင့်ဆိုရလျှင် "ပြည်သူ့အုပ်ချုပ်ရေးစနစ်" ဖြစ်သည်။ ကိုယ်စားပြု ဒီမိုကရေစီစနစ်တွင် အုပ်ချုပ်သူ (ကိုယ်စားလှယ်များ) များကို ပြည်သူလူထုက ရွေးကောက်ပွဲများမှ တစ်ဆင့် ရွေးချယ်တင်မြှောက်ကြသည်။

သို့သော် ကိုယ်စားပြုဒီမိုကရေစီသည် အောက်ပါ အခြေခံအင်္ဂါရပ် ၇ မျိုးနှင့် ပြည့်စုံနေမှသာ သက်ဝင် လည်ပတ်နိုင်မည် ဖြစ်သည်။

၁။ **တန်းတူညီမျှမှု** – နိုင်ငံသားအားလုံးတွင် မဲပေးခွင့်နှင့် ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခွင့်တို့ တန်းတူညီမျှစွာ ရှိနေမှသာ ဒီမိုကရေစီ သက်ဝင်လည်ပတ်မည် ဖြစ်သည်။

၂။ **လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲများ** – ကိုယ်စားလှယ်များသည် ပြည်သူများ၏ ကိုယ်စား ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် ပြည်သူလူထု၏ လိုလားထောက်ခံမှုကို ရရှိနေရမည် ဖြစ်သည်။ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ရှိနေခြင်းသည် ပြည်သူလူထုအနေဖြင့် ကိုယ်စားလှယ်များအား ရွေးချယ်နိုင်သော သို့မဟုတ် ဖယ်ရှားနိုင်သော စနစ်တစ်ခုကို ဖန်တီးပေးရာ ရောက်ပါသည်။

၃။ **တာဝန်ခံမှု** – အစိုးရတစ်ရပ်သည် ပြည်သူလူထု၏ လိုလားထောက်ခံမှု မရှိတော့ဘူးဆိုလျှင် ရွေးကောက်ပွဲများမှတစ်ဆင့် ထိုအစိုးရကို ဖြုတ်ချနိုင်ပါသည်။ ဒီမိုကရေစီစနစ်သည် ပုံမှန် ရွေးကောက်ပွဲများမှတစ်ဆင့် အစိုးရများက ပြည်သူလူထုအပေါ် တာဝန်ခံမှုရှိအောင် ထိန်းကျောင်း ပေးထားပါသည်။

၄။ **ပွင့်လင်းမြင်သာမှု** – ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံသားများသည် မိမိနိုင်ငံတွင်း ဖြစ်ပျက်နေသော ဖြစ်စဉ်များကို သိရှိထားရန် လိုအပ်ပေသည်။ ကောင်းမွန်သော ဆုံးဖြတ်ချက်များ ပေါ်ထွက်နိုင် စေရန်အတွက် နိုင်ငံသားများသည် အစိုးရ၏ လုပ်ဆောင်ချက်များနှင့် ဆုံးဖြတ်ချက်များကို နားလည် သိရှိထားရန် လိုပေသည်။ သတင်းမီဒီယာနှင့် ပြည်သူလူထုသည် မည်သည့် ဆုံးဖြတ်ချက်များ ကို မည်သူတို့က မည်သည့်အတွက်ကြောင့် ချမှတ်ကြသည် ဆိုသည်နှင့် ပတ်သက်သော သတင်း အချက်အလက်များကို ရယူသိရှိနိုင်ရမည် ဖြစ်သည်။

၅။ **ပါဝင်ဆောင်ရွက်မှု** – ဒီမိုကရေစီတွင် နိုင်ငံသားအားလုံးသည် ပါဝင်ဆောင်ရွက်မှု ပြုကြရန် အခွင့်အရေးလည်း ရှိသလို တာဝန်လည်း ရှိကြပါသည်။ နိုင်ငံသားများ၏ ပါဝင်ဆောင်ရွက်မှုဟု ဆိုရာတွင် မဲပေးခြင်း၊ မိမိတို့၏ အမြင်သဘောထားများကို ထုတ်ဖော်ခြင်း၊ မိမိတို့အား အကျိုး သက်ရောက်မှု ရှိလာမည့် အရေးကိစ္စများကို သိရှိထားခြင်း၊ ဝင်ရောက် ဆွေးနွေးငြင်းခုံကြခြင်း၊ အစည်းအဝေးပွဲများသို့ တက်ရောက်ခြင်း စသည်တို့ ပါဝင်ပေသည်။ နိုင်ငံသားများ၏ ပါဝင် ဆောင်ရွက်မှုသည် အစိုးရအား တာဝန်ခံမှုရှိအောင် အထောက်အကူပြုသည်။

၆။ **နားလည်သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှု** – ဒီမိုကရေစီသည် နိုင်ငံသားအားလုံး သဘောတူညီနိုင်မည့် အဖြေကို အတူတကွ ဝိုင်းဝန်းရှာဖွေစေသောနည်းဖြင့် မတူကွဲပြားမှုများကို စီမံခန့်ခွဲပေးထားသည်။ မိမိနှင့် သဘောထား မတိုက်ဆိုင်သော အမြင်များ၊ အယူအဆများကို နားလည်သည်းခံမှု ရှိခြင်းသည် ဒီမိုကရေစီ၏ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်လည်း ဖြစ်သည်။

၇။ **တရားဥပဒေ စိုးမိုးမှု** – လူတိုင်းဥပဒေကို လေးစားလိုက်နာရမည်ဖြစ်ပြီး ချိုးဖောက်ပါကလည်း ချိုးဖောက်သည့်အတိုင်း တန်းတူပြစ်ဒဏ်ခံရခြင်းမျိုးကို ဆိုလိုသည်။ ဥပဒေသည် နိုင်ငံသား အားလုံးအပေါ်တွင် တန်းတူညီမျှစွာ သက်ရောက်ပြီး ဥစ္စာဓနချမ်းသာခြင်း၊ ဩဇာအာဏာ ကြီးမားခြင်းတို့ကို အကြောင်းပြု၍ ခြွင်းချက်ပြုခွင့်လည်း မရှိပေ။ ဒီမိုကရေစီတွင် ဥပဒေများသည် တန်းတူညီမျှစွာ၊ တရားမျှတစွာ၊ ရှေ့နောက်ညီညွတ်စွာ အသက်ဝင်နေဖို့ လိုပါသည်။

## လေ့ကျင့်ခန်း

ဘေးတစ်ဖက်တွင် ဖော်ပြထားသော အခြေအနေများကို ကြည့်၍ ချိုးဖောက်ခံရသော ဒီမိုကရေစီအခြေခံ အင်္ဂါရပ်များနှင့် တွဲစပ်ပြပါ။ အကြောင်းအရာတစ်ခုစီအတွက် အင်္ဂါရပ်သည် တစ်မျိုးထက်မက ရှိနိုင်ပါသည်။

က။ အာဏာရ နိုင်ငံရေးပါတီတစ်ခုသည် အကြမ်းဖက် ခြိမ်းခြောက်နည်းကိုသုံး၍ လူအများအား ၎င်းတို့ ပါတီကို မဲပေးရန် အကျပ်ကိုင်သည်။

နမူနာအဖြေ – **လွတ်လပ်၍ မျှတသော ရွေးကောက်ပွဲများ၊ တရားဥပဒေစိုးမိုးမှု။**

ခ။ ဝန်ကြီးတစ်ဦးသည် အစိုးရငွေများကို ခိုးယူ၍ နိုင်ငံခြားဘဏ်သို့ ပို့ထားသည်။ ယင်းကိစ္စကို မည်သူမျှ မသိကြပေ။ အဘယ်ကြောင့်ဆိုသော် အဆိုပါ ဝန်ကြီးဌာနသည် ရသုံးမှန်းခြေငွေစာရင်း (ဘတ်ဂျက်) ကို မထုတ်ပြန်သောကြောင့် ဖြစ်သည်။

ဂ။ နိုင်ငံရေးပါတီတစ်ခုအား ထောက်ခံသူများသည် ၎င်းတို့ သဘောမတူသော အစိုးရ ဆုံးဖြတ်ချက်များကို အကြမ်းဖက်နည်းသုံး၍ ဆန့်ကျင် ဆန္ဒပြကြသည်။

ဃ။ ရဲတပ်ဖွဲ့အတွင်း ဖြစ်ပွားသော လာဘ်စားမှုနှင့် ပတ်သက်၍ သတင်းရေးသားခြင်း မပြုရန် မီဒီယာများကို တားမြစ်ပိတ်ပင်ထားသည်။

င။ အစိုးရအရာရှိ တစ်ဦးသည် ပြည်သူ့ဘဏ္ဍာငွေများကို အလွဲသုံးစား ပြုခဲ့သော်လည်း အပြစ်ပေး အရေးယူခြင်း မခံရပေ။ အကြောင်းမှာ အဆိုပါ အရာရှိသည် ပါလီမန် အမတ်တစ်ဦးနှင့် ညီအစ်ကို တော်စပ်နေသောကြောင့် ဖြစ်သည်။

စ။ အစိုးရကျောင်းဆရာ၊ ဆရာမများသည် ချမ်းသာသော ကျောင်းသားများကို အခကြေးငွေယူ၍ ကျူရှင်သင်ရန် လက်ခံထားခြင်းကြောင့် ကျောင်းရှိ ပုံမှန်စာသင်ချိန်များကို ပျက်ကွက်နေသည်။

ဆ။ မြို့တစ်မြို့တွင် ကျူးကျော်များ နေထိုင်သော နယ်မြေတစ်ခု ရှိသည်။ ၎င်းနယ်မြေရှိ နေထိုင်သူများသည် မဲစာရင်း မှတ်ပုံတင်ရာတွင် နေရပ်လိပ်စာ မဖြည့်နိုင်ခြင်းကြောင့် မဲပေးခွင့် မရကြပေ။

ဇ။ ပြစ်မှုချင်း အတူတူပင် ဖြစ်သော်လည်း သြဇာအာဏာ ကြီးမားသောသူသည် ဆင်းရဲနွမ်းပါးသူထက် ပြစ်ဒဏ် လျှော့ပေါ့၍ ချမှတ်ခံရသည်။

ဈ။ ဆောက်လုပ်ရေးလုပ်ငန်းခွင် မတော်တဆမှုတစ်ခုကြောင့် လူများစွာ သေဆုံးသွားခဲ့ရာ၊ ယင်းကိစ္စနှင့် ပတ်သက်၍ တာဝန်ရှိသောသူများကို စုံစမ်း စစ်ဆေး ဖော်ထုတ်ရန် ဒေသန္တရအစိုးရက ငြင်းဆန်နေသည်။

ည။ ဝေးလံခေါင်သီသော ဒေသများမှ ပြည်သူအများစုသည် မဲကို မည်သည့်နေရာတွင် မည်သို့ ပေးရမည်ကို မသိကြပေ။

ဋ။ အာဏာရပါတီသည် ၎င်းတို့ ရှုံးနိမ့်သွားသော ရွေးကောက်ပွဲ၏ ရလဒ်ကို လက်မခံဘဲ ငြင်းဆန်နေကြသည်။ ရွေးကောက်ပွဲ အနိုင်ရသွားသော ပါတီသည် တိုင်းပြည်အတွက် မကောင်းနိုင်ကြောင်းနှင့် ၄ နှစ်အတွင်း နောက်တစ်ကြိမ် ရွေးကောက်ပွဲ ပြန်ကျင်းပပေးရမည်ဖြစ်ကြောင်း ပြောဆိုနေကြသည်။

ဌ။ ဆည်အသစ်တစ်ခု ဆောက်လုပ်မှုကို ကန့်ကွက်ဆန့်ကျင် ဆန္ဒပြကြသော ဒေသခံအဖွဲ့အစည်းများအား ရဲတပ်ဖွဲ့က အင်အားသုံး၍ တားမြစ်သည်။

ဍ။ လူနည်းစုတိုင်းရင်းသားများ နိုင်ငံရေးပါတီတည်ထောင်ခြင်းကို အစိုးရက တရားမဝင်ဟု ပြဌာန်းသည်။

ဎ။ တိုင်းရင်းသားလူနည်းစုများနှင့် အမျိုးသမီးများသည် ပါလီမန်လွှတ်တော်တွင် ကိုယ်စားပြုခွင့် မရကြပေ။

## ဘရာဇီး – ပြည်သူပါဝင်မှုအခြေပြု ဘဏ္ဍာငွေ သုံးစွဲမှု

ပေါ်တိုအယ်လာဂရီ (Porto Alegre) သည် ဘရာဇီးနိုင်ငံရှိ မြို့ကြီးတစ်မြို့ဖြစ်သည်။ အဆိုပါ မြို့သည် ပြည်သူပါဝင်မှုအခြေပြု ဘတ်ဂျက်ရေးဆွဲခြင်း စနစ်နှင့် ပတ်သက်၍ နာမည်ကြီးသော မြို့ဖြစ်ပြီး ထိုစနစ်ကို ၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ကျင့်သုံးခဲ့ဖူးသည်။ လူထုပါဝင်မှုအခြေပြု ဘဏ္ဍာငွေ ရေးဆွဲခြင်း စနစ်အရ ဒေသခံနိုင်ငံသားများသည် ၎င်းတို့ မြို့တွင် အစိုးရက ငွေကြေးအသုံးစရိတ်ကို မည်သို့ သုံးစွဲရမည် ဆိုသည်နှင့် ပတ်သက်သည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ဆုံးဖြတ်ခွင့် ရှိသည်။ အဆိုပါ စနစ်ကို ယခုအခါ ကမ္ဘာပေါ်ရှိ မြို့ပေါင်း ၁၅၀၀ တွင် ကျင့်သုံးနေကြပြီဖြစ်သည်။

ပေါ်တိုအယ်လာဂရီမြို့တွင် ကျင့်သုံးသော စနစ်အရ မြို့တော်နယ်မြေအတွင်းရှိ မြို့နယ် ၁၆ ခု တို့သည် တစ်မြို့နယ်ချင်းစီအလိုက် နှစ်စဉ် မြို့နယ်စည်းဝေးပွဲ နှစ်ကြိမ် ကျင်းပကြရသည်။ ပထမဆုံး စည်းဝေးပွဲသည် အလွန် ကြီးကျယ်လေ့ရှိသည်။ တချို့ မြို့နယ်များတွင် လူဦးရေ ၁၀၀၀ ကျော် တက်ရောက်ကြသည်။ အဆိုပါ အစည်းဝေးပွဲများတွင် မြို့နယ် လူထုက ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်၍ အဆိုပါ ကိုယ်စားလှယ်များက ၎င်းတို့ မြို့နယ်၏ ဘဏ္ဍာငွေကို ဆွေးနွေးကြရသည်။

အဆိုပါ အစည်းဝေးပွဲနောက်ပိုင်းတွင် ၎င်းကိုယ်စားလှယ်များသည် မြို့နယ်တွင်းရှိ လူထု အချို့နှင့်အတူ အစည်းအဝေးငယ်လေးများ မြောက်များစွာ ကျင်းပကြရပြီး မြို့ခံလူထု၏ လိုအပ်ချက်များနှင့် အလိုဆန္ဒများကို ဆွေးနွေး၍ နောက်နှစ်မြို့နယ် ဘတ်ဂျက်အတွက် အကြံပြုချက်များ ပေးကြရသည်။

နောက်သုံးလကြာသောအခါ မြို့နယ်အလိုက် ဒုတိယအကြိမ် လူထုစည်းဝေးပွဲကြီးကို ကျင်းပကြရသည်။ ဒုတိယအကြိမ် အစည်းဝေးပွဲကြီးတွင် မြို့နယ်လူထုသည် ကိုယ်စားလှယ်များ စုဆောင်းတင်ပြလာသော အကြံပြုချက်များစွာထဲမှ အကောင်းဆုံးကို ရွေးချယ်ကြရသည်။ မြို့နယ်လူထုသည် ၎င်းတို့ မြို့နယ်အတွက် မြူနီစပယ်ကောင်စီဝင် (စည်ပင်သာယာ ကောင်စီဝင်) များကိုလည်း မဲပေး ရွေးချယ်ကြရသည်။

ထို့နောက် စည်ပင်သာယာကောင်စီသည် မြို့နယ်လူထု၏ အကြံပြုချက်များကို အခြေခံ၍ ဘတ်ဂျက်ရေးဆွဲ ပြုစုကာ မြို့တော်အစိုးရထံသို့ ပေးပို့ရလေသည်။ မြို့တော်အစိုးရသည် ဘတ်ဂျက်ကို ချက်ချင်းလည်း အတည်ပြုပေးနိုင်သလို ပြင်ဆင်ပြောင်းလဲမှုများ ပြုလုပ်ရန် စည်ပင်သာယာကောင်စီထံသို့လည်း ပြန်လည်ပေးပို့နိုင်လေသည်။ သို့သော် စည်ပင်သာယာကောင်စီ၏ ၆၆ ရာခိုင်နှုန်းကျော်က ဘတ်ဂျက်ကို ပြင်ဆင်ပြောင်းလဲမှု မပြုဘဲ လက်ခံကြောင်း မဲပေးအတည်ပြုလျှင် မြို့တော်အစိုးရသည် ထိုအတိုင်းသာ လက်ခံပေးရသည်။

အဆိုပါ ဘတ်ဂျက်ရေးဆွဲမှု ဖြစ်စဉ်တွင် နှစ်စဉ် လူပေါင်း ၂၀၀၀၀ ခန့် ပါဝင် ဆုံးဖြတ်ကြရသည်။ ၎င်းတို့ထဲတွင် အမျိုးသမီးများ၊ ဆင်းရဲနွမ်းပါးသူများ၊ ပညာမတတ်သူများ စသည့် အပယ်ခံ လူမှုအုပ်စုများလည်း ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်တွင် ပါဝင်ခွင့် ရကြသည်။ အဆိုပါ စနစ်သည် ဘတ်ဂျက်ငွေများကို လူချမ်းသာများ အတွက်သာ သုံးစွဲခြင်းမျိုး မဖြစ်စေရအောင် ထိန်းကျောင်း ပေးနိုင်သည်။

၁၉၈၉ ခုနှစ်မှ ၂၀၀၄ ခုနှစ် အထိ ကျင့်သုံးခဲ့သော အဆိုပါ စနစ်သည် အောက်ပါ ရလဒ်များ ကို ပေါ်ထွက်လာစေခဲ့သည်။

- ဘတ်စ်ကားများသည် ဆင်းရဲသား နယ်မြေများထဲအထိ ပြေးဆွဲလာခြင်း။
- ရေပေးဝေရေးစနစ်ကို ရရှိသော မြို့နယ်လူထုအရေအတွက်မှာ ၇၅ ရာခိုင်နှုန်းမှ ၉၈ ရာခိုင်နှုန်း အထိ ရှိလာခြင်း။
- ဒေသန္တရအစိုးရ စာသင်ကျောင်းများ အရေအတွက် ၃ ဆ တိုးလာခြင်း။

## ဖြစ်ရပ်လေ့လာချက်



## လေ့ကျင့်ခန်း

၁။ လူထုပါဝင်မှုအခြေပြု ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်ကို အစဉ်လိုက် ပြန်စီပြပါ။

က။ လူထုစည်းဝေးပွဲကြီးတစ်ခု ကျင်းပ၍ အကောင်းဆုံး အကြံပြုချက်များကို ရွေးချယ်ပြီး မြူနီစပယ် ကောင်စီဝင် များကို ရွေးချယ်တင်မြှောက် ကြသည်။

ခ။ ကိုယ်စားလှယ်များနှင့် မြို့နယ် လူထုကြား အစည်းအဝေးငယ်လေး များ မြောက်များစွာ ပြုလုပ်၍ အကြံပြုချက်များကို စုဆောင်း မှတ်တမ်းတင်သည်။


ဂ။ မြူနီစပယ်ကောင်စီသည် အကောင်းဆုံး အကြံပြုချက်များကို အခြေခံ၍ ဘတ်ဂျက်ရေးဆွဲ ပြုစု သည်။

ဃ။ မြို့နယ်အလိုက် လူထုစည်းဝေးပွဲကြီး များ ကျင်းပ၍ ကိုယ်စားလှယ်များကို ရွေးချယ်ကြသည်။

၂။ ပေါ်တိုအယ်လာဂရီ၏ ပြည်သူပါဝင်မှု အခြေပြု ဘတ်ဂျက်ရေးဆွဲခြင်း စနစ်မှ မည်သည့် ရလဒ်များ ပေါ်ထွက်လာစေခဲ့ သနည်း။

၃။ ယခု ဖြစ်ရပ်လေ့လာချက်တွင် ဒီမိုကရေစီ အခြေခံအင်္ဂါရပ် ၇ မျိုး ထဲမှ မည်သည့် အင်္ဂါရပ်များကို တွေ့ရှိရသနည်း။

## ဖြစ်ရပ်လေ့လာချက်



### လေ့ကျင့်ခန်း

၁။ သမ္မတအိုဘာစန်ဟိုသည် ၎င်း၏သမ္မတ သက်တမ်း ထပ်တိုးရန်အတွက် မည်သည့် အကြောင်းပြချက်များ ပေးသနည်း။

၂။ ၂၀၀၇ ခုနှစ် လှုပ်ရှားမှုသည် မည်သည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသနည်း။

၃။ ယခုဖြစ်ရပ်လေ့လာချက်တွင် ဒီမိုကရေစီ အခြေခံအင်္ဂါရပ် ၇ မျိုး ထဲမှ မည်သည့် အင်္ဂါရပ်များကို တွေ့ရှိရသနည်း။

### နိုင်ဂျီးရီးယား – ၂၀၀၇ ခုနှစ် လှုပ်ရှားမှု

နိုင်ဂျီးရီးယားဥပဒေအရ လူတစ်ယောက်သည် သမ္မတသက်တမ်းကို အများဆုံး နှစ်ကြိမ်သာ (တစ်ကြိမ်လျှင် ၄ နှစ်) ထမ်းဆောင်ခွင့်ရှိသည်။ သို့သော် သမ္မတ အိုလူစီဂန်အိုဘာစန်ဟို (Olusegun Obasanjo) သည် တတိယသက်တမ်းဖြင့် အာဏာဆက်လက် ဆွဲကိုင်ထားရန် အားသန်နေသည်။ နောက်ထပ် ၄ နှစ် အာဏာ ဆက်ယူထားနိုင်ဖို့အတွက် ဥပဒေပြင်ဆင်မှုများ ပြုလုပ်ရန် အစီအစဉ်များ ချမှတ်လာသည်။

လတ်တလော၌ ဆင်းရဲမွဲတေမှုနှင့် လူမျိုးစုပဋိပက္ခများက နိုင်ဂျီးရီးယားတွင် ပြင်းထန်လျက် ရှိနေသည်။ သမ္မတအပြောင်းအလဲ အရမ်းမြန်ဆန်သွားပါက တိုင်းပြည် ဆင်းရဲမွဲတေသွားပြီး မငြိမ်မသက်တွေ ဖြစ်လာလိမ့်မည်ဟု သမ္မတအိုဘာစန်ဟိုက ဆိုပါသည်။ နိုင်ငံသားတွေ အနေဖြင့်လည်း ခိုင်မာတဲ့ ခေါင်းဆောင်မှုကို ဆက်လက် လိုအပ်ပါသည်ဟု ပြောကြားသည်။

အိုဘာစန်ဟိုသည် ဥပဒေပြင်ဆင်ရေးအတွက် အစိုးရထောက်ခံမှု ရရှိဖို့လည်း လိုအပ်သောကြောင့် သူ၏ နီးစပ်ရာ မိတ်ဆွေများအား အာဏာရှိသော ရာထူးနေရာများတွင် ဆွဲယူ ခန့်အပ်ထားသည်။ သူ၏ ဥပဒေပြင်ဆင်ရေး ကိစ္စအား ထောက်ခံပေးရန်အတွက်လည်း လူတွေကို ငွေကြေးနှင့် အခြားမက်လုံးများစွာပေး၍ စည်းရုံးခဲ့သည်ဟု လူများစုက ဆိုပါသည်။

အဆိုပါ လုပ်ဆောင်ချက်များကြောင့် ကိုယ်စားလှယ်အများစုသည် သမ္မတအား စိန်ခေါ် ဆန့်ကျင်ရန် ကြောက်ရွံ့သွားကြသည်။ သမ္မတအိုဘာစန်ဟိုအား ထောက်ခံသူများသည် အာဏာရ ရာထူးနေရာများစွာတွင် ရှိနေသောကြောင့် ဥပဒေပြင်ဆင်ရေး ကိစ္စအား ဆန့်ကျင်ရန် မဖြစ်နိုင်ဟု ကိုယ်စားလှယ်အများစုက နားလည်ထားကြသည်။

သို့သော် ကိုယ်စားလှယ်အချို့ကတော့ ပြင်ဆင်ရေးကိစ္စအား ကန့်ကွက်ခဲ့ကြသည်။ အဆိုပါ ကိုယ်စားလှယ်များသည် ပြည်သူ့အခြေပြုအဖွဲ့များ၊ တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များနှင့် ပူးပေါင်း၍ ဥပဒေပြင်ဆင်ရေးအား ဆန့်ကျင် ကန့်ကွက်ခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါ ကန့်ကွက်ရေး လှုပ်ရှားမှုသည် လမ်းပေါ်မှ ကလေးငယ်များနှင့် အခြားအပယ်ခံ လူမှုအုပ်စုများ အပါအဝင် ပြည်သူများစွာ၏ ထောက်ခံမှုကို ရရှိခဲ့သည်။ အဆိုပါ နိုင်ငံသားအားလုံးသည် ဥပဒေပြင်ဆင်ရေးစီမံကိန်းအား ကန့်ကွက်ဆန့်ကျင်ရန် ၎င်းတို့၏ ကိုယ်စားလှယ်များကို ဖိအားပေးခဲ့ကြသည်။

အကျိုးဆက်အနေဖြင့် နိုင်ဂျီးရီးယားပါလီမန်သည် ဥပဒေပြင်ဆင်ရေးကိစ္စအား ကန့်ကွက်ခဲ့ လေသည်။ နိုင်ဂျီးရီးယား အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအဖွဲ့သည် သမ္မတအိုဘာစန်ဟိုကို ထောက်ခံသူများအား ပေးခဲ့သော ငွေကြေးများနှင့် အခြားမက်လုံးများ ကိစ္စကို စုံစမ်းစစ်ဆေးမှု များ စတင် ပြုလုပ်လာတော့သည်။

၂၀၀၇ ခုနှစ် ဧပြီလ ရွေးကောက်ပွဲ ကျင်းပပြီးနောက်တွင် အိုဘာစန်ဟိုလည်း သမ္မတ နေရာမှ ဆင်းပေးလိုက်ရတော့သည်။

## အိန္ဒိယဒေသန္တရအစိုးရ

ကျေးရွာတစ်ရွာ (သို့မဟုတ် ကျေးရွာအုပ်စုတစ်စု) လျှင် ဂရန်ပန်ချာယတ် (The Gram Panchayat) ဟု ခေါ်သော ကျေးရွာကောင်စီနှင့် ဂရန်မာဆာဘာ (Grama Sabha) ဟု ခေါ်သော ကျေးရွာလူထုညီလာခံဟူ၍ အဓိက အရေးပါသည့် အဖွဲ့ကြီးနှစ်ခုရှိသည်။

### ဂရန်မာဆာဘာ (Grama Sabha) ခေါ် ကျေးရွာလူထု ညီလာခံ

ဂရန်မာဆာဘာသည် ကျေးရွာရှိ မဲပေးခွင့်ရှိသူအားလုံး လာရောက်စုဝေး၊ ဆွေးနွေး၍ ကျေးရွာအတွက် ဆုံးဖြတ်ချက်များ ချမှတ်ရာနေရာ ဖြစ်သည်။ ကျေးရွာရှိ အသက် ၁၈ နှစ်နှင့် အထက် မဲပေးခွင့်ရှိသူ အားလုံးသည် ဂရန်မာဆာဘာခေါ် ကျေးရွာလူထုညီလာခံ အဖွဲ့ဝင်များ ဖြစ်ကြသည်။ ကျေးရွာလူထု ညီလာခံသည် တစ်နှစ်လျှင် ၄ ကြိမ် ခေါ်ယူ၍ ဂရန်ပန်ချာယတ်ခေါ် ကျေးရွာကောင်စီကို ရွေးကောက်တင်မြှောက်ပေးရသည်။

### ဂရန်ပန်ချာယတ် (The Gram Panchayat) ခေါ် ကျေးရွာကောင်စီ

ဂရန်ပန်ချာယတ်ခေါ် ကျေးရွာကောင်စီသည် ကျေးရွာစီးပွားရေး ဖွံ့ဖြိုးမှုနှင့် လူမှုရေးတရားမျှတမှုဆိုင်ရာ လုပ်ငန်းများအား ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ကျေးရွာကောင်စီတွင် အဖွဲ့ဝင် ၇ ဦးမှ ၁၇ ဦး အထိရှိပြီး အဖွဲ့ဝင် သုံးပုံတစ်ပုံသည် အမျိုးသမီးများ ဖြစ်ရမည် (မကြာမီ ၅၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန် အစီအစဉ်ရှိသည်) ဟု ပြဋ္ဌာန်းထားသည်။ ကောင်စီတွင် တိုင်းရင်းသားလူနည်းစုများ ပါဝင်မှုရှိစေရန် ပြဋ္ဌာန်းထားသော စည်းမျဉ်းများလည်း ရှိပါသည်။

### ကျေးရွာလူထုညီလာခံနှင့် ကျေးရွာကောင်စီတို့၏ လုပ်ငန်းတာဝန်များ

ကျေးရွာကောင်စီသည် သောက်သုံးရေ အရင်းအမြစ်များ၊ လမ်းများ၊ စာသင်ကျောင်းများနှင့် အခြားသော အများပြည်သူသုံး အဆောက်အအုံများ (စာကြည့်တိုက်များ၊ ကစားကွင်းများ၊ လမ်းမီးများ စသည်တို့) ကို ဆောက်လုပ်ရန်၊ ပြုပြင်မွမ်းမံရန်နှင့် လိုအပ်သော ကျေးရွာအခွန်များ ကောက်ခံရန်တို့အတွက် တာဝန်ရှိသည်။

ကျေးရွာကောင်စီသည် ၎င်း၏ လုပ်ကိုင်ဆောင်ရွက်မှု အားလုံးအတွက် ကျေးရွာလူထုညီလာခံသို့ တာဝန်ခံရသည်။ ကျေးရွာညီလာခံသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံကိန်းရေးဆွဲရာတွင် ပါဝင်နိုင်သည်။ ကျေးရွာကောင်စီက ငွေကြေးအသုံးစရိတ်များကို တာဝန်ယူမှုရှိရှိ သုံးစွဲစေရန် အတွက်လည်း ကျေးရွာညီလာခံက ထိန်းကျောင်းပေးသည်။ ကျေးရွာအဆင့် ကောင်စီများအနေဖြင့် သက်ဆိုင်ရာ လုပ်ငန်းများကို မှန်မှန်ကန်ကန် လုပ်ဆောင်စေရန်နှင့် ပေးထားသော ကတိကဝတ်များ တည်စေရန်အတွက်လည်း ကျေးရွာညီလာခံများက ထိန်းကျောင်းပေးရန် တာဝန်ရှိသည်။

## ဖြစ်ရပ်လေ့လာချက်



### လေ့ကျင့်ခန်း

၁။ ဂရန်ပန်ချာယတ် (ကျေးရွာကောင်စီ) ဟူသည် အဘယ်နည်း။ ၎င်း အဖွဲ့ဝင်များကို မည်သို့ ရွေးချယ်သနည်း။

၂။ ဂရန်ဆာဘာ (ကျေးရွာညီလာခံ) ဟူသည် အဘယ်နည်း။ ၎င်း၏ လုပ်ငန်းတာဝန်များကို ဖော်ပြပါ။

၃။ ယခု ဖြစ်ရပ်လေ့လာချက်တွင် ဒီမိုကရေစီ အခြေခံအင်္ဂါရပ် ၇ မျိုး ထဲမှ မည်သည့် အင်္ဂါရပ်များကို တွေ့ရှိရသနည်း။

## လုပ်ငန်းများ

### စံတန်ဖိုးပြပိရမစ်

၁။ နှစ်ယောက်တစ်တွဲ အဖွဲ့များ ဖွဲ့၍ ဒီမိုကရေစီ အခြေခံအင်္ဂါရပ်များဖြစ်သော (တန်းတူညီမျှမှု၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ပါဝင်ဆောင်ရွက်မှု၊ နားလည်သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှု၊ တရားဥပဒေစိုးမိုးမှု) တို့ကို စံတန်ဖိုးပြ ပိရမစ်တွင် အရေးပါမှု အစဉ်အလိုက် စီပြပါ။

၂။ နောက်တစ်တွဲနှင့် ထပ်ပေါင်း၍ အဖွဲ့လိုက်အားလုံး သဘောတူသော စံတန်ဖိုးပြ ပိရမစ်တစ်ခု တည်ဆောက်ပါ။


၃။ နောက်တစ်ဖွဲ့နှင့် ထပ်မံ ပူးပေါင်း၍ စံတန်ဖိုးပြ ပိရမစ်တစ်ခု တည်ဆောက်ပါ။ ဤနည်းဖြင့် တစ်တန်းလုံးတွင် တစ်ဖွဲ့တည်း ရှိတော့သည်အထိ နောက်ထပ် အဖွဲ့များနှင့် ဆက်လက် ပူးပေါင်း၍ ပိရမစ်များ ဆက်လက် တည်ဆောက်ပါ။ နောက်ဆုံးတွင် တစ်တန်းလုံး သဘောတူသော စံတန်ဖိုးပြ ပိရမစ်တစ်ခု တည်ဆောက်ပါ။

၄။ အောက်ပါတို့ကို ဆွေးနွေးပါ။

က။ တစ်တန်းလုံး သဘောတူ ရေးဆွဲသော ပိရမစ်အရ သင်၏ အတန်းတွင်မည်သို့သော စံတန်ဖိုးများ ထားရှိသည်ကို တွေ့ရသနည်း။

ခ။ ယခု လေ့ကျင့်ခန်း ပြုလုပ်ရာ၌ သင့်တွင် မည်သို့သော အခက်ခဲများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသနည်း။

ဂ။ ၎င်းတို့ကို သင် မည်သို့ ကျော်လွှားခဲ့ပါသနည်း။



## ဆွေးနွေးချက်

၁။ သင်ပါဝင်သော လူ့အဖွဲ့စည်းတွင် မည်မျှ ဒီမိုကရေစီဆန်သနည်း။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းအား ယခုထက်ပို၍ ဒီမိုကရေစီဆန်လာစေရန် မည်သို့ လုပ်ဆောင်နိုင်မည်နည်း။


## ပြန်လည်သုံးသပ်ချက်

အထက်ပါ ဖော်ပြခဲ့သော ဒီမိုကရေစီ၏ အင်္ဂါရပ်များထဲမှ မည်သည့် အချက်သည် အရေးအပါဆုံးဟု သင် ထင်မြင်ပါသနည်း။ အဘယ်ကြောင့်နည်း။

# အပိုင်း ၁ ပြန်လည်ချုံငုံသုံးသပ်ခြင်း

**အပိုင်း ၁ စိတ်ကူးမြေပုံ**

အပိုင်း ၁ တွင် သင်လေ့လာမှတ်သားခဲ့သမျှ အရေးပါသော သဘောတရားများကို စိတ်ကူးမြေပုံတွင် ဖြည့်စွက်ပါ။




**နားလည်မှု ဆန်းစစ်ခြင်း**

၁။ “ဒီမိုကရေစီ” ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ အဘယ်နည်း။
၂။ ဒီမိုကရေစီ ဟူသည် အဘယ်နည်း။
၃။ အပိုင်း ၁ တွင် ဆွေးနွေးခဲ့သော ဆုံးဖြတ်ချက် ချမှတ်မှု နည်းလမ်း ၄ သွယ်ကို ဖော်ပြပါ။
၄။ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက် ချမှတ်ခြင်းဟူသည် အဘယ်နည်း။
၅။ တိုက်ရိုက်ဒီမိုကရေစီနှင့် သွယ်ဝိုက်ဒီမိုကရေစီတို့၏ ကွဲပြားမှုကို ဖော်ပြပါ။
၆။ ကိုယ်စားလှယ်ဟူသည် အဘယ်နည်း။ ၎င်းတို့ကို မည်သို့ ရွေးချယ်သနည်း။
၇။ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများသည် မည်သည့် ပုံစံဖြင့် တန်းတူညီမျှမှု ရှိကြသနည်း။
၈။ လူတစ်ယောက်အား မဲပေးခွင့် မပြုသင့်သော အကြောင်းအရင်းများ ရှိပါသလား။ မည်သည့် အကြောင်းများနည်း။
၉။ ဒီမိုကရေစီတွင် ရွေးကောက်ပွဲများသည် အဘယ်ကြောင့် အရေးပါရသနည်း။
၁၀။ နိုင်ငံရေးပါတီဟူသည် အဘယ်နည်း။
၁၁။ “လွတ်လပ်သော” ရွေးကောက်ပွဲဟူသည် အဘယ်နည်း။
၁၂။ “မျှတသော” ရွေးကောက်ပွဲဟူသည် အဘယ်နည်း။
၁၃။ တာဝန်ခံမှုသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။
၁၄။ ဒီမိုကရေစီတွင် ခေါင်းဆောင်များသည် မည်သည့် ပုံစံမျိုးဖြင့် တာဝန်ခံကြရသနည်း။
၁၅။ ပွင့်လင်းမြင်သာမှုသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။
၁၆။ ပွင့်လင်းမြင်သာမှုကို ကန့်သတ်သင့်သော အခြေအနေ အကြောင်းအရင်းများ ရှိပါသလား။
၁၇။ ပါဝင်ဆောင်ရွက်မှုသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။
၁၈။ ဒီမိုကရေစီစနစ်တွင် မည်သည့် နည်းလမ်းများဖြင့် နိုင်ငံသားများသည် ပါဝင်ဆောင်ရွက်နိုင်မည်နည်း။
၁၉။ နားလည်သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှုသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။
၂၀။ “ဘုံကောင်းကျိုး” ဟူသည် အဘယ်နည်း။
၂၁။ တရားဥပဒေစိုးမိုးမှုဟူသည် အဘယ်နည်း။
၂၂။ တရားဥပဒေစိုးမိုးမှုသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။



# အပိုင်း (၂)

## ဒီမိုကရေစီရှိ အခွင့်အရေးများ

### အကြောင်းအရာ

အပိုင်း (၂) သည် ဤစာအုပ်၏ ပထမဆုံးအပိုင်းမှ ရရှိခဲ့သော ဗဟုသုတများအပေါ် အခြေခံပြီး ဒီမိုကရေစီအတွင်းမှ အခွင့်အရေးနှင့် တာဝန်များ၏ အခန်းကဏ္ဍကို နားလည်ခြင်းတစ်ရပ် တည်ဆောက်သည်။

အခန်း (၃) သည် ဖွဲ့စည်းပုံ အခြေခံဥပဒေများ၊ လူများစု အုပ်ချုပ်မှုနှင့် လူနည်းစု အခွင့်အရေးများ၊ တက်ကြွလှုပ်ရှားသော နိုင်ငံသားဖြစ်တည်မှုနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများ အကြောင်းကို ဖော်ပြထားသည်။ ထိုအကြောင်းအရာများက ဒီမိုကရေစီတစ်ရပ်တွင် အဘယ့်ကြောင့် အရေးပါသော ကဏ္ဍများတွင် ပါဝင်နေကြောင်း ရှင်းလင်းထားပါသည်။

အခန်း (၄) သည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအကြား ဆက်စပ်မှုကို ရှင်းပြထားသည်။ ရှင်သန်ကောင်းမွန်သော ဒီမိုကရေစီတစ်ရပ် ဖော်ဆောင်ရာတွင် နိုင်ငံသား အခွင့်အရေးနှင့် တာဝန်များ အရေးကြီးကို နားလည်ရန် အပိုင်း (၂) က ရှင်းလင်းတင်ပြထားပါသည်။

အပိုင်း (၃) မှ ဒီမိုကရေစီ နည်းလမ်းကျ အစိုးရနှင့် ဒီမိုကရေစီမဆန်သော အစိုးရများအောက်မှ ပြည်သူတို့ အခန်းကဏ္ဍကို သုံးသပ်ရာတွင် အထက်ပါ အသိဗဟုသုတများသည် အရေးပါလာမည်လည်း ဖြစ်ပါသည်။



## အပိုင်း (၂) သင်ယူမှု ပန်းတိုင်များ

### ဗဟုသုတများ

(လေ့ကျင့်ခန်းများ)

**ဤအခန်းအပြီးတွင် အောက်ပါ ဗဟုသုတများ ရရှိမည် ဖြစ်သည်။**

- အခွင့်အရေး၏ အရေးပါမှု။
- ဖွဲ့စည်းပုံ အခြေခံ ဥပဒေများ၏ အရေးပါမှု။
- လူများစု အုပ်ချုပ်မှုနှင့် လူနည်းစု အခွင့်အရေးများ၏ အရေးပါမှု။
- တာဝန်ဝတ္တရားများ၏ အရေးပါမှု။
- တက်ကြွလှုပ်ရှားမှုရှိသော နိုင်ငံသား ဖြစ်တည်ခြင်း၏ အရေးပါမှု။
- အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အရေးပါမှု။
- လူ့အခွင့်အရေးဟူသည့် အယူအဆ။
- လူ့အခွင့်အရေးများနှင့် အခြေခံ လိုအပ်ချက်များ၊ လွတ်လပ်မှုများ ဆက်နွယ်နေပုံ။
- လူ့အဖွဲ့အစည်းတစ်ရပ်တွင် လူ့အခွင့်အရေးများ အရေးပါပုံ။
- ဒီမိုကရေစီတွင် လူ့အခွင့်အရေးများ အရေးပါပုံ။
- လွတ်လပ်စွာ ပြောဆိုခွင့်၏ အရေးပါမှု။
- လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်၏ အရေးပါပုံ။
- တန်းတူညီမျှခွင့်၏ အရေးပါပုံ။

### ကျွမ်းကျင်မှုများ

(လုပ်ဆောင်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါ စွမ်းရည်များ တိုးပွားလာမည် ဖြစ်သည်။**

- စံတန်ဖိုးပြ ပိရမစ်ကို အသုံးပြုပြီး အခွင့်အရေးများကို စိစစ် သုံးသပ်ရန်။
- ရပ်ရွာအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ တစ်ရပ်ကို ဖန်တီးခြင်း။
- အဖွဲ့အစည်းတစ်ရပ်တွင်းတွင် လူနည်းစု အခွင့်အရေးများကို ကာကွယ်နိုင်မည့် စည်းမျဉ်းများ ဖန်တီးခြင်း။
- နိုင်ငံသားများနှင့် ခေါင်းဆောင်များ၏ တာဝန်နှင့် ဝတ္တရားများကို နှိုင်းယှဉ် ချိန်ထိုးခြင်း။
- ပြဿနာတစ်ရပ်ကို ခွဲခြမ်းစိတ်ဖြာရာတွင် တာဝန်ပြဇယားကို သုံးစွဲခြင်း။
- ရပ်ရွာကိစ္စရပ်တစ်ခုကို ဖြေရှင်းရန် အတွက် လုပ်ငန်းစီမံချက်တစ်ခု ပြုလုပ်ခြင်း
- လူ့အခွင့်အရေး ကြေညာစာတမ်းတွင် အခွင့်အရေးများကို အခြေခံ လိုအပ်ချက်များ၊ လွတ်လပ်မှုများနှင့် တွဲဆက်နှိုင်းယှဉ်ခြင်း
- လူ့အခွင့်အရေးများကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ရာတွင် ရပ်ရွာအခြေပြု မြေပုံ ဆွဲခြင်းကို အသုံးပြုခြင်း။
- နံရံကပ် ပိုစတာများ အသုံးပြုပြီး လူ့အခွင့်အရေးများကို ဆွေးနွေးခြင်း။
- လွတ်လပ်စွာ ပြောဆိုခွင့်၏ အကန့်အသတ်များ ဆွေးနွေးခြင်း။
- လွတ်လပ်ခွင့် အကန့်အသတ်များ အကြောင်း ဆွေးနွေးခြင်း (မည်သည့် အဖွဲ့အစည်း အုပ်စုများက ကန့်သတ်နိုင် ကြောင်း။)
- တန်းတူညီမျှမှု အခွင့်အရေးများ၏ အကန့်အသတ်များကို ငြင်းခုံ ဆွေးနွေးခြင်း။

### တန်ဖိုးများ

(ပြန်လည် သုံးသပ်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါတို့ကို စဉ်းစား သုံးသပ်မိပြီး ဖြစ်ပါလိမ့်မည်။**

- အခွင့်အရေးနှင့် ပတ်သက်သည့် မိမိ အတွေ့အကြုံ။
- အခွင့်အရေးနှင့် စည်းမျဉ်းစည်းကမ်းများ ဆက်နွယ်မှု။
- လူနည်းစုနှင့် လူများစုကြား ပဋိပက္ခများ။
- တာဝန်ဝတ္တရားများကို လျစ်လျူရှုခြင်း၏ အကျိုးဆက်များ။
- တက်ကြွလှုပ်ရှားသော နိုင်ငံသားများ၏ တန်ဖိုးများ။
- အရပ်ဖက်အဖွဲ့အစည်းများနှင့် ပတ်သက်သည့် မိမိ အတွေ့အကြုံများ။
- မိမိ၏ အရေးအပါဆုံး လိုအပ်ချက်များ နှင့် လွတ်လပ်ခွင့်များ။
- မိမိရပ်ရွာမှ လူ့အခွင့်အရေးများအတွက် မိမိ၏ ကူညီပါဝင်မှု။
- စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ လုပ်ပိုင်ခွင့် ပေးအပ်ခြင်းနှင့် ပတ်သက် သည့် မိမိ၏ အတွေ့အကြုံ။
- နိုင်ထက်စီးနင်း စကား၊ အမုန်းစကားများ အကြောင်း။
- လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်နှင့် ပတ်သက် သည့် မိမိ၏ အတွေ့အကြုံ။
- ခွဲခြား ဆက်ဆံမှုနှင့် ပတ်သက်သည့် မိမိ၏ အတွေ့အကြုံ။

## ၃.၁ ဒီမိုကရေစီရှိ အခွင့်အရေးများ

### ၃.၁.၁ အခွင့်အရေးနှင့် တာဝန်

**အကြိုသင်ခန်းစာ**

၁။ ဒီမိုကရေစီရှိပြည်သူတို့၏ အခွင့်အရေးများကို စာရင်းပြုစုပါ။

၂။ ဒီမိုကရေစီစနစ်ရှိပြည်သူတို့၏ တာဝန်များကို စာရင်းပြုစုပါ။



လူသားအားလုံးသည် အကြောက်တရားကင်းစွာ၊ အကြမ်းဖက်ခံရမှုကင်းစွာ၊ ညှဉ်းပန်း နှိပ်စက်ခံရမှု ကင်းစွာ ပျော်ပျော်ရွှင်ရွှင် အသက်ရှင်နေထိုင်ခွင့် ရှိသည်။ ထိုသို့သော အခြေအနေမျိုး ဖြစ်စေရန် လူတို့သည် သူတစ်ပါးအား ထိခိုက်စေခြင်း၊ နစ်နာစေခြင်းများ မရှိသော ပုံစံမျိုးဖြင့် ပြုမူနေထိုင်တတ်ကြဖို့ လိုပေသည်။

အခွင့်အရေးဆိုသည်မှာ လူမှုအသိုင်းအဝိုင်းအတွင်းရှိ လူများအား မည်သို့ မည်ပုံ ဆက်ဆံရမည် ဆိုသည်နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေများဟု ဆိုနိုင်သည်။ လူတစ်ဦးက အခြား လူတစ်ဦးအပေါ်၊ လူ့အဖွဲ့အစည်းက လူတစ်ဦးချင်းစီအပေါ်၊ အစိုးရက နိုင်ငံသားတစ်ဦးချင်းစီအပေါ် မည်သို့ မည်ပုံ ဆက်ဆံပြုမူရမည်ကို အဆိုပါ စည်းမျဉ်းများက ပြဋ္ဌာန်းပေးသည်။

အခွင့်အရေးများသည် ပြည်သူများအား –

- တစ်စုံတစ်ခုကို ပြုလုပ်ခွင့် သို့မဟုတ် ရရှိပိုင်ခွင့် ပေးထားသည်။
- တစ်စုံတစ်ခု သို့မဟုတ် တစ်စုံတစ်ယောက်၏ ထိပါးမှုရန်မှ ကာကွယ်ပေးထားသည်။
- တစ်စုံတစ်ခုအား လုပ်ဆောင်ခွင့်၊ ရရှိပိုင်ခွင့်ကို ခိုင်မာအောင် အာမခံပေးထားသည်။

တာဝန်ဆိုသည်မှာ တစ်စုံတစ်ခုကို ပြုလုပ်ရမည့် ကတိကဝတ် သို့မဟုတ် ဝတ္တရားကို ဆိုလိုသည်။ နိုင်ငံသား တာဝန်ဟူသည် နိုင်ငံသားတစ်ဦးက မိမိသက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်း ကောင်းကျိုးအတွက် တက်တက်ကြွကြွ ပါဝင်ထမ်းရွက်ခြင်းမျိုး ဖြစ်သည်။ လူ့အသိုင်းအဝိုင်း တစ်ခုလုံး၏ ကောင်းခြင်း၊ ဆိုးခြင်းသည် ထိုလူ့အသိုင်းအဝိုင်းအတွင်းရှိ အားလုံးသော လူတစ်ဦးချင်းစီအပေါ် သက်ရောက်မှု ရှိလေသည်။ နိုင်ငံသားတစ်ဦးသည် မိမိ လူ့အသိုင်းအဝိုင်းဆီမှ ကောင်းကျိုးချမ်းသာကို ရရှိလိုလျှင် ထို လူ့အသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်အောင် ပါဝင်ကူညီ ထမ်းရွက်ပေးဖို့ လိုပေသည်။

## လေ့ကျင့်ခန်း

အောက်ပါတို့တွင် မည်သည်တို့က တာဝန်ဖြစ်၍ မည်သည်တို့က အခွင့်အရေး ဖြစ်သည်ကို ခွဲခြားပြပါ

က။ ဘေးကင်း လုံခြုံခြင်း
ခ။ အခြားသူများအပေါ် လေးစားမှုရှိခြင်း
ဂ။ သင် လက်ထပ်မည့်သူကို ရွေးချယ်ခြင်း
ဃ။ သင့် ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် လုပ်ဆောင်ခြင်း
င။ အကူအညီ လိုအပ်နေသူများအား ကူညီ ထောက်ပံ့ခြင်း
စ။ သင် ဆန္ဒရှိသော နေရာတွင် နေထိုင်ခြင်း




### ၁။ တန်းတူညီမျှမှု

ဒီမိုကရေစီစနစ်တွင် နိုင်ငံသားတိုင်းသည် ၎င်းတို့အပေါ် သက်ရောက်မည့် ဆုံးဖြတ်ချက်တိုင်းတွင် တန်းတူညီစွာ ပါဝင်ဆုံးဖြတ်ခွင့် ရှိသည်။ တန်းတူညီမျှမှု မရှိသော လူ့အဖွဲ့အစည်းတွင် အချို့သော သူများသည် ပါဝင်ဆောင်ရွက်မှု အခွင့်အရေး မရှိနိုင်ကြပေ။ ၎င်းအခြေအနေသည် ဒီမိုကရေစီအတွက် အလွန်ဆိုးရွားပါသည်။

### ၂။ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ

မဲပေးရွေးချယ်ခွင့်နှင့် ပုံမှန်ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် ရွေးချယ်ခံပိုင်ခွင့်တို့သည် ဒီမိုကရေစီ တွင် အရေးအကြီးဆုံးသော အခွင့်အရေးများဟု ဆိုနိုင်သည်။ မိမိတို့ လူ့အဖွဲ့အစည်း၏ အရေးကိစ္စများ ကို ဆုံးဖြတ်ရာ၌လည်းကောင်း၊ မိမိတို့ ခေါင်းဆောင်များကို ရွေးချယ်ရာ၌လည်းကောင်း နိုင်ငံသား အားလုံး ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန် အဆိုပါ အခွင့်အရေးများက အာမခံပေးထားသည်။ ရွေးကောက် တင်မြှောက်မှုနှင့် ပတ်သက်၍ အခြားသော အခွင့်အရေးများလည်း ရှိသေးသည်။

- မဲဆန္ဒရှင်များသည် လျှို့ဝှက်စွာ မဲပေးခွင့် ရှိခြင်း။
- မဲဆန္ဒရှင်များသည် ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှုများနှင့် ပတ်သက်၍ စိုးရိမ်ကြောက်လန့်စရာ မလိုဘဲ မိမိကြိုက်နှစ်သက်ရာ ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ မဲပေးခွင့် ရှိခြင်း။

### ၃။ တာဝန်ခံမှု

ဒီမိုကရေစီစနစ်တွင် ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များသည် ပြည်သူလူထုကို တာဝန်ခံကြရသည်။ အဆိုပါ ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွက် မကောင်းသော ဆုံးဖြတ်ချက်များ ချမှတ်လာလျှင် သို့မဟုတ် ပြည်သူလူထု အလိုဆန္ဒနှင့်အညီ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်လာကြပြီဆိုလျှင် ပြည်သူတို့သည် နောက်ရွေးကောက်ပွဲများ၌ အဆိုပါ ကိုယ်စားလှယ်များအား မဲမပေးတော့ခြင်းဖြင့် နိုင်ငံရေးအာဏာမှ ပြန်လည်ရုပ်သိမ်းနိုင်ပါသည်။

နိုင်ငံသားများသည် ၎င်းတို့ ကိုယ်စားလှယ်များနှင့် အစိုးရတို့အား ချမှတ်လိုက်သော ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်နေသော လုပ်ဆောင်ချက်များနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းတင်ပြမှုများ ပြုလုပ်ပေးရန် တောင်းဆိုခွင့်ရှိသည်။ နိုင်ငံသားများနှင့် နိုင်ငံရေးပါတီများက အစိုးရအပေါ် မေးခွန်းထုတ်ခွင့်၊ ဝေဖန်ထောက်ပြခွင့် မရှိဘူးဆိုလျှင် တာဝန်ခံမှုလည်း မရှိနိုင်ပေ။

### ၄။ ပွင့်လင်းမြင်သာမှု

ပြည်သူလူထုအနေဖြင့် အစိုးရ ဘာတွေ လုပ်ဆောင်နေသလဲ ဆိုတာကို သိရှိခွင့် ရရှိရန် သတင်းလွတ်လပ်ခွင့် ဥပဒေများ ရှိထားဖို့ လိုပေသည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူလူထုသည် အစိုးရ၏ ဆုံးဖြတ်ချက်များ၊ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအား ရယူသိရှိပိုင်ခွင့် ရှိသည်။

စာနယ်ဇင်း လွတ်လပ်ခွင့်အရ သတင်းသမားများသည် အစိုးရနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ရယူ သိရှိ ထုတ်ပြန်ခွင့် ရှိသည်။ ထိုကဲ့သို့ သတင်းအချက်အလက်များကို ရယူသိရှိထားခြင်းဖြင့် နိုင်ငံသားများသည် အစိုးရ၏ စွမ်းဆောင်ရည် မည်မျှ ရှိသည်ကို အကဲဖြတ်နိုင်မည်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုသည် အစိုးရက ပြည်သူလူထုအပေါ် တာဝန်ခံမှု ရှိစေသော အရေးကြီးသည့် ဒီမိုကရေစီ အစိတ်အပိုင်းတစ်ရပ်လည်းဖြစ်သည်။

### ၅။ ပါဝင်ဆောင်ရွက်မှု




ခိုင်မာအားကောင်းသော ဒီမိုကရေစီတစ်ရပ်ဖြစ်ဖို့ဆိုလျှင် နိုင်ငံသားများသည် နိုင်ငံရေး ဆုံးဖြတ်ချက်များ ချမှတ်မှုဖြစ်စဉ်၌ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်ကြဖို့ လိုပေသည်။ ထိုသို့ ပါဝင်ဆောင်ရွက်နိုင်စေရန် နိုင်ငံသားများသည် တာဝန်ယူတတ်ဖို့၊ တက်ကြွဖို့၊ အသိအမြင် ဗဟုသုတ ကြွယ်ဝထားဖို့ လိုပါသည်။

နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှု ပုံစံမှာ အသွင်မျိုးစုံ ရှိနိုင်သည်။ ၎င်းတို့ထဲတွင် ကိုယ်စားလှယ်နေရာများအတွက် ဝင်ရောက် အရွေးချယ်ခံခြင်း၊ ရွေးကောက်ပွဲများတွင် မဲပေးခြင်း၊ အရပ်ဖက်အသင်းအဖွဲ့များ ပါဝင်ခြင်း၊ ဖွဲ့စည်းထူထောင်ခြင်း၊ လူထုအစည်းဝေးများ တက်ရောက်ခြင်း၊ စေတနာ့ဝန်ထမ်း လုပ်ပေးခြင်းနှင့် အစိုးရအား ဆန့်ကျင်ဆန္ဒပြခြင်းတို့ ပါဝင်သည်။ ဒီမိုကရေစီတွင် ထိုကဲ့သို့သော ပါဝင်ဆောင်ရွက်မှု အားလုံးကို အထူး အခွင့်အရေးများဖြင့် အာမခံပေးထားပါသည်။

နိုင်ငံသားများသည် ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုကို အဟန့်အတား ဖြစ်စေမည့် ခြိမ်းခြောက်မှု၊ အကြမ်းဖက်မှုနှင့် မတရားအရေးယူမှုတို့မှလည်း ကင်းလွတ်ခွင့် ရှိရမည်။ ထိုကဲ့သို့ အခွင့်အရေးများ ရှိထားခြင်းအားဖြင့် နိုင်ငံသားများသည် ဒီမိုကရေစီဖြစ်စဉ်တွင် ယုံကြည်မှုရှိစွာဖြင့် ပါဝင်ဆောင်ရွက်နိုင်လိမ့်မည်ဖြစ်သည်။

### ၆။ ဆွေးနွေးညှိနှိုင်းမှုနှင့် နားလည်သည်းခံမှု

ဒီမိုကရေစီသည် လွတ်လပ်စွာ အမြင်သဘောအား ဖလှယ်နိုင်မှုအပေါ် အခြေပြုထားသည်။ နိုင်ငံသားများသည် မိမိတို့၏ အမြင်သဘောထားများကို လွတ်လပ်စွာ ထုတ်ဖော် တင်ပြခွင့် ရှိသလို အခြားသူများက အလားတူ တင်ပြလာသော အမြင်သဘောထားများကိုလည်း လက်ခံပေးရမည် ဖြစ်သည်။

ဒီမိုကရေစီအစိုးရ ဆိုသည်မှာ မတူကွဲပြားသော လူမှုအသိုင်းအဝိုင်းများမှလာသည့် ကိုယ်စားလှယ်မျိုးစုံဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည်။ ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းများအလိုက် ထင်ဟပ်သည့် မတူကွဲပြားသော အမြင်သဘောထားများ၊ ယုံကြည်မှုများ၊ စံတန်ဖိုးများကို မြှင့်တင်နိုင်ခွင့် ရှိရမည် ဖြစ်သည်။ ထိုသို့ မရှိပါက ကိုယ်စားပြုဒီမိုကရေစီစနစ် သက်ဝင်လည်ပတ်နိုင်လိမ့်မည် မဟုတ်ပေ။

ဒီမိုကရေစီတွင် လူနည်းစုများအား ပါဝင်ဆောင်ရွက်ခွင့် ကန့်သတ်ထားခြင်းသည် ခွဲခြားဆက်ဆံမှုနှင့် ပြင်းထန်သော ပဋိပက္ခများသို့ ဦးတည်စေနိုင်သည်။

### ၇။ တရားဥပဒေစိုးမိုးမှု




ဒီမိုကရေစီတွင် အစိုးရတစ်ရပ်သည် ဥပဒေအရ ပေးအပ်သော နိုင်ငံသားတို့၏ အခွင့်အရေးများကို ငြင်းပယ်ခွင့် မရှိသလို ချိုးဖောက်ခွင့်လည်း မရှိပေ။ တရားဥပဒေ စိုးမိုးမှုရှိလျှင် နိုင်ငံသား အားလုံးသည် အခွင့်အရေး ချိုးဖောက်မှုများကို စိန်ခေါ်အန်တုနိုင်သလို ချိုးဖောက်သူများကိုလည်း ထိုက်သင့်သော ပြစ်ဒဏ်များ ပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် ဒီမိုကရေစီတွင် လွတ်လပ်မျှတသော တရားစီရင်ရေးစနစ်ရှိဖို့ အလွန်အရေးကြီးပေသည်။ ဆိုလိုသည်မှာ တရားသူကြီးများသည် အစိုးရ သို့မဟုတ် ဩဇာအာဏာရှိသူများ၏ အလိုဆန္ဒကို မလိုက်ဘဲ တရားဥပဒေအတိုင်း လိုက်နာကျင့်သုံးစီရင်ကြခြင်းကို ဆိုလိုသည်။ ဒီမိုကရေစီ နိုင်ငံသား အခွင့်အရေးများ ချိုးဖောက်ခံရမှု မရှိစေရန်၊ ချိုးဖောက်သူများ ရှိလာပါကလည်း ပြစ်ဒဏ်ပေးနိုင်ရန် တရားဥပဒေစိုးမိုးမှုက မရှိမဖြစ် လိုအပ်ပေသည်။

တရားဥပဒေစိုးမိုးမှုနှင့် ပတ်သက်၍ အရေးပါသည့် အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

- တရားမျှတသော ရုံးတင်စစ်ဆေးမှု ခံယူပိုင်ခွင့်။
- မိမိအား တင်ထားသော စွဲချက်များအား သိရှိခွင့်။
- ရှေ့နေငှားရမ်းခွင့်။
- အပြစ်ရှိကြောင်း သက်သေအထောက်အထား မပြနိုင်သေးခင်အထိ အပြစ်မဲ့သည်ဟု ယူဆခံပိုင်ခွင့်။

**လေ့ကျင့်ခန်း**

အောက်ပါ ဖော်ပြချက်များအား မှား/ မှန် စိစစ်ပြပါ။ မှားပါကလည်း အဘယ်ကြောင့် မှားသည်ကို ရှင်းလင်း ဖြေဆိုပါ။

က။ မဲပေးခွင့်သည် ဒီမိုကရေစီတွင် သိပ်အရေးမပါလှပေ။

ခ။ ဒီမိုကရေစီတွင် နိုင်ငံသားတိုင်းသည် မိမိတို့၏ အမြင်သဘောထားများကို လွတ်လပ်စွာ ထုတ်ဖော် တင်ပြခွင့်ရှိရန် အရေးကြီးသည်။

ဂ။ ဒီမိုကရေစီ အခွင့်အရေးများက နိုင်ငံသားများကို လွတ်လပ်စွာ စုဝေးခွင့်ရှိအောင်နှင့် အစုအဖွဲ့ဖွဲ့ခွင့် အာမခံ ပေးထားသည်။

ဃ။ ရွေးကောက်ပွဲများသည် ဒီမိုကရေစီတွင် ခေါင်းဆောင်များ တာဝန်ခံမှုရှိအောင်ထိန်းကျောင်းနိုင်သည့် တစ်ခုတည်းသော နည်းလမ်း ဖြစ်သည်။

င။ သတင်းလွတ်လပ်ခွင့် ဥပဒေသည် နိုင်ငံသားများအား အစိုးရထံမှ မှတ်တမ်း စာရွက်များနှင့် သတင်းအချက်အလက်များ ရယူသိရှိခွင့် ရှိစေရန် အာမခံပေးသည်။

စ။ ဒီမိုကရေစီတွင် အချို့သောသူများသည် အခြားသူများထက် အခွင့်အရေး ပိုရတတ်ကြသည်။

ဆ။ တရားဥပဒေစိုးမိုးမှုသည် အခွင့်အရေး ချိုးဖောက်မှုများဖြစ်ရန် ပိုမို ခက်ခဲစေသည်။



## မြန်မာ့ရေးရာ

### အခွင့်အရေးများအကြောင်း – အထက်တန်းကျောင်းများအတွက် ပြည်သူ့နီတိ၊ ၁၉၅၃

ဒီမိုကရေစီတွင် အစိုးရအာဏာသည် ပြည်သူ့ထံမှ ဆင်းသက်သည်။ ဥပဒေများကို ပြည်သူက ပြဋ္ဌာန်းသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် နိုင်ငံသားများသည် ယင်းဥပဒေများကို ကာကွယ်ဖို့နှင့် လေးစားလိုက်နာဖို့ တာဝန်ရှိပေသည်။ သို့သော် ဥပဒေတစ်ရပ်သည် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် ဗီလာဆန့်ကျင်လာပြီဆိုလျှင် နိုင်ငံသားတို့သည် ယင်းဥပဒေကို ပါလီမန်မှတစ်ဆင့် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်ခွင့်ရှိသည်။




ဒီမိုကရေစီတွင် မဲပေးခြင်းသည် အလွန်အရေးကြီးပေသည်။ နိုင်ငံသားတို့သည် မိမိတို့၏ မဲပေးရွေးချယ်ခွင့်ကို ထိထိရောက်ရောက် မှန်မှန်ကန်ကန် အသုံးချနိုင်လျှင် တာဝန်ယူမှုရှိပြီး ယဉ်ကျေးမှုအဆင့် မြင့်မားသော အစိုးရတစ်ရပ်ကို ရရှိပေမည်။ ယင်းအခွင့်အရေးကို ထိထိရောက်ရောက် အသုံးမချနိုင်လျှင် မကောင်းသော ကိုယ်စားလှယ်များကိုသာ ရရှိလာမည်ဖြစ်၍ ကောင်းမွန်သော အစိုးရတစ်ရပ် ပေါ်ထွန်းလာနိုင်မည် မဟုတ်ပေ။

ဒီမိုကရေစီ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်ရာတွင် နိုင်ငံသား တစ်ဦးချင်းစီ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးပေသည်။ နိုင်ငံသားများတွင် ဒီမိုကရေစီ စံတန်ဖိုးများ၊ မှန်ကန်သော ပြုမူကျင့်ကြံမှုများနှင့် တက်ကြွသော ပါဝင်ဆောင်ရွက်မှုများ မရှိလျှင် ဒီမိုကရေစီစနစ်လည်း အောင်မြင်နိုင်မည် မဟုတ်ပေ။

မြန်မာပြည်တွင် ကျွန်ုပ်တို့ လိုအပ်နေသော အပြောင်းအလဲများ ရရှိဖို့ဆိုလျှင် ကျွန်ုပ်တို့ တစ်ဦးချင်းစီ၏ ဘဝထဲ၊ နှလုံးသားထဲတွင် တော်လှန်ရေးတစ်ရပ် ပေါ်ပေါက်လာဖို့ လိုပေသည်။ အဆိုပါ တော်လှန်ရေးသည် နိုင်ငံရေး ပါတီများ၊ အသင်းအဖွဲ့များနှင့် အခြားအဖွဲ့အစည်းများတွင် မစတင်မီ လူတစ်ဦးချင်းစီ၌ အရင်ဆုံး စတင်ဖို့ လိုပေမည်။

*(ဦးဘဆွေ၊ ပြည်သူ့နီတိ၊ စာမျက်နှာ ၁၈ – ၂၀ မှ)*

## လေ့ကျင့်ခန်း

၁။ အထက်ဖော်ပြပါ စာပိုဒ်တွင် ဦးဘဆွေသည် မည်သည့် အခွင့်အရေးများကို ညွှန်းဆိုထားသနည်း။

၂။ အထက်ဖော်ပြပါ စာပိုဒ်တွင် ဦးဘဆွေသည် မည်သည့် တာဝန်များကို ညွှန်းဆိုထားသနည်း။

၃။ ၎င်း၏ အယူအဆအရ ဒီမိုကရေစီတွင် မည်သည့်အရာက အရေးပါသနည်း။

၄။ ၎င်း၏ အယူအဆအရ ပထမအဆင့်အနေဖြင့် မည်သည့်အရာ ဖြစ်ပေါ်လာဖို့ လိုသနည်း။

## လေ့ကျင့်ခန်း



အောက်ဖော်ပြပါ အခွင့်အရေး ၇ ရပ်ကို ရှေ့စာမျက်နှာတွင် ဖော်ပြခဲ့သော ဒီမိုကရေစီ အင်္ဂါရပ်များနှင့် တွဲစပ်ပြပါ။

**တောင်အာဖရိကၡ် နိုင်ငံသား အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များမှ ကောက်နှုတ်ချက် –**

က။ နိုင်ငံသားတိုင်းသည် မည်သည့် ဥပဒေပြုလွှတ်တော်အတွက်မဆို လွတ်လပ်မျှတသော ပုံမှန်ရွေးကောက်ပွဲများမှတစ်ဆင့် ရွေးချယ်ခွင့်နှင့် ရွေးချယ်ခံပိုင်ခွင့်များ ရှိနေရမည်။

နမူနာအဖြေ – **၂။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ**

ခ။ လူတိုင်းသည် ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှ ရှိရမည်ဖြစ်ပြီး မတရားသဖြင့် ခွဲခြားဆက်ဆံခံရခြင်း မရှိစေရ။

ဂ။ သင်သည် သင်၏ အခွင့်အရေးအား ကာကွယ်နိုင်စေရန် အလို့ငှာ နိုင်ငံတော်အစိုးရထံမှ မည်သည့် သတင်းအချက်အလက်ကိုမဆို ရယူသိရှိခွင့် ရှိသည်။

ဃ။ သင်သည် ငြိမ်းချမ်းစွာ စုဝေးခွင့်၊ လှည့်လည်ခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်နှင့် ကန့်ကွက် ဆန္ဒပြခွင့် ရှိသည်။

င။ သင်သည် သင်ကြိုက်နှစ်သက်ရာကို ပြောဆိုခွင့်၊ ဖတ်ရှုခွင့်၊ လေ့လာခွင့် ရှိသည်၊ သို့သော် အမုန်းစကား (အကြမ်းဖက်မှုနှင့် အမုန်းတရားများကို လှုံ့ဆော်သော ပြောဆိုမှုများ) ကိုမူ ပြောဟောခွင့် မရှိ။

စ။ သင်သည် ဥပဒေနှင့် ညီသော၊ ကျိုးကြောင်း ဆီလျော်မှုရှိသော၊ လုပ်ထုံးလုပ်နည်း တရားမျှတသော (ကျင့်ထုံးနှင့်အညီ ဆောင်ရွက်သော) အရေးယူ ဆောင်ရွက်မှုကို ခံယူခွင့်ရှိသည်။

ဆ။ ဒေသဆိုင်ရာ အစိုးရ (ပြည်နယ် / တိုင်း) သည် ဝန်ကြီးချုပ်ကို မဲခွဲ၍ ရာထူးမှ ဖယ်ရှားလျှင် ဝန်ကြီးချုပ်နှင့် အတူ အခြားသော အုပ်ချုပ်ရေးကောင်စီဝင် (အစိုးရအဖွဲ့ဝင်) များလည်း ရာထူးမှ နှုတ်ထွက်ရမည်။

၁။ တန်းတူညီမျှမှု
၂။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲ
၃။ တာဝန်ခံမှု
၄။ ပွင့်လင်းမြင်သာမှု
၅။ ပူးပေါင်း ပါဝင်ခြင်း
၆။ သည်းခံနိုင်မှုနှင့် စေ့စပ်ညှိနှိုင်းမှု
၇။ တရားဥပဒေ စိုးမိုးမှု



## လုပ်ငန်းများ


### အခွင့်အရေး ပိရမစ်

၁။ ဒီမိုကရေစီစနစ်ရှိ ပြည်သူတို့၏ အခွင့်အရေးများကို အဆင့်သတ်မှတ်ပါ။ အရေးပါဆုံးသော အခွင့်အရေးများကို ထိပ်ဆုံးတွင်ထား၍ အရေးပါမှု အနည်းဆုံးသော အခွင့်အရေးများကို အောက်ဆုံးတွင် ထားပါ။

၂။ နှစ်ယောက်တစ်တွဲ တွဲ၍ အခွင့်အရေး ပိရမစ်ကို ဆုံးဖြတ်ပါ။

၃။ အခြားအဖွဲ့တစ်ခုနှင့် ထပ်ပေါင်း၍ အခွင့်အရေး ပိရမစ်တစ်ခု ညှိနှိုင်း တည်ဆောက်ပါ။

၄။ တစ်တန်းလုံး သဘောတူညီသော အခွင့်အရေး ပိရမစ်တစ်ခု တည်ဆောက်ပါ။



## ဆွေးနွေးချက်

၁။ ဒီမိုကရေစီတွင် အခွင့်အရေးများသည် အဘယ်ကြောင့် ဤမျှ အရေးပါရသနည်း။

၂။ သင့် လူမှုအသိုင်းအဝိုင်း၏ အဖွဲ့ဝင်တစ်ဦး အနေဖြင့် သင့်တွင် မည်သည့် အခွင့်အရေးများ ရှိသနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့ အစည်းတွင် လူတိုင်းတူညီသော အခွင့်အရေး ရရှိကြပါသလား။

## ပြန်လည်သုံးသပ်ချက်

သင်၏ အခွင့်အရေးများအား တစ်စုံတစ်ယောက်က ကန့်သတ်ခြင်း၊ ချိုးဖောက်ခြင်းများ ရှိဖူးပါသလား။ သင် မည်သို့ ခံစားခဲ့ရပါသနည်း။ ဥပမာနှင့်တကွ ရှင်းပြပါ။

## ၃.၁.၂ ဖွဲ့စည်းပုံ အခြေခံဥပဒေများ




### က။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုတာ ဘာလဲ

ဖွဲ့စည်းပုံ အခြေခံဥပဒေဟူသည် နိုင်ငံတစ်နိုင်ငံရှိ ဥပဒေအားလုံး၏ အခြေခံ အုတ်မြစ်ပင် ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ တရားရေးစနစ်၊ နိုင်ငံရေးစနစ်များ၏ အခြေခံ အုတ်မြစ်အဖြစ် တိကျစွာ ရေးသားပြဋ္ဌာန်းထားသော ဥပဒေအပေါင်းအစုလည်း ဖြစ်သည်။ ထို ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်သူနှင့် အစိုးရကြား ဆက်နွှယ်မှုကို ဖော်ပြသည်။ ၎င်း၏ အရေးပါသော လုပ်ငန်း တာဝန်များမှာ –


၁။ ယုံကြည်မှုနှင့် တည်ငြိမ်မှုကို တိုးမြှင့်ရန်

၂။ အစိုးရအာဏာအပေါ် ကန့်သတ်မှုများ ထားရှိရန်

၃။ နိုင်ငံသားတို့၏ အခွင့်အရေးကို စာရင်းပြု သတ်မှတ်ရန်

၄။ လူနည်းစုများ၏ အခွင့်အရေးကို သတ်မှတ်ပေးရန်

၅။ အစိုးရ၏ ကွဲပြားခြားနားသော အစိတ်အပိုင်းများရှိ တာဝန်နှင့် အခန်းကဏ္ဍများကို သတ်မှတ် ပြဋ္ဌာန်းပေးရန် စသည်တို့ ပါဝင်သည်။



### ခ။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဘာကြောင့် လိုအပ်တာလဲ

ဖွဲ့စည်းပုံ အခြေခံဥပဒေဟူသည် အခြားသော ဥပဒေအားလုံး အခြေခံရမည့် အရေးကြီးဆုံးသော ပင်မဥပဒေ အပေါင်းအစုကို တည်ဆောက်ပေးသည်။ နိုင်ငံသားအချင်းချင်းကြား၌သော်လည်းကောင်း၊ နိုင်ငံသားများနှင့် အစိုးရတို့ကြား၌သော်လည်းကောင်း ထားရှိ ကျင့်သုံးရမည့် ဆက်ဆံရေး ပုံစံကို အဆိုပါ စည်းမျဉ်းဥပဒေများက သတ်မှတ် ပြဋ္ဌာန်းပေးသည်။

မည်သည့် ဥပဒေအားလုံးမဆို ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဆန့်ကျင်၍ မရပေ။ ဥပမာ – လူတိုင်း အခြေခံ ပညာရေးကို သင်ယူခွင့်ရှိရမည်ဟု အခြေခံဥပဒေက ဆိုထားလျှင် အချို့သော လူများအား အစိုးရ စာသင်ကျောင်းများသို့ တက်ရောက်ရန် ပိတ်ပင်ထားသော ဥပဒေများကို အစိုးရကလည်း ပြဋ္ဌာန်းခွင့် မရှိပေ။ အမြဲတမ်း လေးစားလိုက်နာရမည့် အခြေခံဥပဒေများ ရှိထားကြောင်း နိုင်ငံသားများ သိရှိထားလျှင် ယုံကြည်မှုလည်း တိုးမြင့်လာမည် ဖြစ်သည်။

အဆိုပါ စည်းမျဉ်းဥပဒေများသည် အလွယ်တကူ ပြင်ဆင်ပြောင်းလဲ၍ မရမှသာ အသက်ဝင်၍ အလုပ်ဖြစ်ပေလိမ့်မည်။ ထို့ကြောင့်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် ပြင်ဆင်ရန် အလွန်ခက်ခဲတတ်ကြခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် အစိုးရအသစ်တစ်ရပ် အာဏာရလာတိုင်း ကြီးမားသော အပြောင်းအလဲ မပြုလုပ်နိုင်စေရန် တားဆီးပေးသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် အစိုးရသစ်တစ်ရပ်က ပြုလုပ်ခွင့်ရှိသော အပြောင်းအလဲများ၏ ပမာဏနှင့် အရှိန်အဟုန်ကို ကန့်သတ်ပေးခြင်းအားဖြင့် တည်ငြိမ်မှုကို မြှင့်တင်ပေးနိုင်သည်။




## လေ့ကျင့်ခန်း

အောက်ပါ ဖော်ပြချက်များထဲမှ ဒီမိုကရေစီစနစ်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေများ၏ လုပ်ငန်းတာဝန် မဟုတ်သော အရာများကို ရွေးချယ် ဖော်ထုတ်ပြပါ။

- က။ ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် အစိုးရနှင့် နိုင်ငံသားတို့ကြား ထားရှိ ကျင့်သုံးရမည့် ဆက်ဆံရေး ပုံစံများကို သတ်မှတ် ပြဋ္ဌာန်းပေးသည်။
- ခ။ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အရေးပါဆုံးသော ဥပဒေများကို သတ်မှတ် ပြဋ္ဌာန်းပေးသည်။
- ဂ။ မည်သည့် ကလေးများသာ ကျောင်းတက်ခွင့် ရှိရမည် ဆိုသည်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေက ဆုံးဖြတ်ပေးသည်။
- ဃ။ အစိုးရအနေနှင့် အပြောင်းအလဲကို မြန်မြန်ဆန်ဆန်ကြီး မလုပ်နိုင်စေရန်အတွက် ဖွဲ့စည်းပုံ အခြေခံ ဥပဒေများက ထိန်းချုပ်ပေးထားသည်။

### ၇။ ဖွဲ့စည်းပုံ အခြေခံဥပဒေက အစိုးရ အာဏာအား ကန့်သတ်ပေးခြင်း

ဖွဲ့စည်းပုံ အခြေခံဥပဒေသည် အစိုးရအာဏာများကို ကန့်သတ်ပေးသည်။ အစိုးရတစ်ရပ်အနေဖြင့် လုပ်ပိုင်ခွင့်ရှိသော အာဏာနှင့် လုပ်ပိုင်ခွင့် မရှိသော အာဏာများကို ဖွဲ့စည်းပုံ အခြေခံဥပဒေက တိကျရှင်းလင်းစွာ သတ်မှတ် ပြဋ္ဌာန်းပေးသည်။

ဒီမိုကရေစီအစိုးရတစ်ရပ်သည် လွတ်လပ်မျှတသော ရွေးကောက်ပွဲများမှတစ်ဆင့် အာဏာရလာသည့်တိုင်အောင် မိမိတို့ လုပ်ချင်ရာ လုပ်ခွင့် မရှိပေ။ ၎င်းအနေဖြင့် လေးစားလိုက်နာရမည့် အခြေခံစည်းမျဉ်း ဥပဒေများ ရှိပါသည်။ ၎င်းစည်းမျဉ်း ဥပဒေများထဲတွင် အများအားဖြင့် အောက်ပါ အချက်များ ပါလေ့ရှိသည်။

- လူနည်းစု အခွင့်အရေးကို ကာကွယ်ပေးသော ဥပဒေများ။
- အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်သည့်အခါတိုင်း သတ်မှတ်လုပ်ငန်းစဉ် အဆင့်ဆင့် (မဲပေးခြင်း၊ စည်းဝေးခြင်း၊ သုံးသပ်ခြင်း စသည်) ကို ဖြတ်သန်း လုပ်ဆောင်ရန် စီမံထိန်းကွပ် ပေးထားသည့် ဥပဒေများ။
- ကိုယ်စားလှယ်များနှင့် အခြားအစိုးရအဖွဲ့ဝင်များ၏ အခွင့်အရေးနှင့် တာဝန်များကို သတ်မှတ် ပြဋ္ဌာန်းထားသည့် ဥပဒေများ။
- မည်သူက မည်သူ့အပေါ် တာဝန်ခံရမည်နှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းထားသော ဥပဒေများ။

**လေ့ကျင့်ခန်း**

အောက်ပါ ဖော်ပြချက်များထဲတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေက အစိုးရအာဏာအား ကန့်သတ် ထိန်းချုပ်ပေးခြင်းနှင့် မသက်ဆိုင်သော ဥပမာများကို ရွေးချယ် ဖော်ထုတ်ပြပါ။

က။ အစိုးရအနေဖြင့် တိုင်းရင်းသား လူနည်းစုများ၏ လိုအပ်ချက်ကို လျစ်လျူရှုမှုများ မပြုအောင် ဖွဲ့စည်းပုံ အခြေခံဥပဒေက ထိန်းချုပ်ပေးထားသည်။

ခ။ ကိုယ်စားလှယ်များ အာဏာအလွဲသုံးစား မပြုလုပ်စေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေက တားဆီးပေးထားသည်။

ဂ။ အရေးပါသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် သတ်မှတ်လုပ်ငန်းစဉ် အဆင့်ဆင့်ကို မှန်မှန်ကန်ကန် လိုက်နာမှု ရှိစေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေက ထိန်းကျောင်းပေးထားသည်။

ဃ။ ရွေးကောက်ပွဲများက ခိုင်မာအားကောင်းသော အစိုးရတစ်ရပ် ပေါ်ထွက်လာရေးကို အမြဲတန်း ဦးတည်နေစေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေများက သေချာစေသည်။

## လေ့ကျင့်ခန်း

ထူထောင်စ နိုင်ငံသစ် တစ်ခုသည် ၎င်းတို့၏ ပထမဆုံး ဒီမိုကရက်တစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ တစ်ခုကို ရေးဆွဲနေကြသည်။ ၎င်းတို့သည် အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တိုင်းပြည်အား ဒီမိုကရေစီ ပိုဆန်စေမည့် ဥပဒေများကို ထည့်သွင်း ရေးဆွဲရန် အားသန်နေကြသည်။

၁။ တစ်ဖက်ပါ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ မည်သည့် အပိုဒ်များက ဒီမိုကရေစီကို အထောက်အပံ့ ဖြစ်နေစေသည် (သို့မဟုတ်) အတားအဆီး ဖြစ်နေစေသည် ဆိုသည်ကို စိစစ် ဆုံးဖြတ်ပါ။

၂။ သင်ခန်းစာ နံပါတ် ၃.၁.၁ မှ ဒီမိုကရေစီ အခြေခံအင်္ဂါရပ် ၇ ခုကို ပြန်လည် လေ့လာပါ။

- တန်းတူညီမျှမှု
- လွတ်လပ်မျှတသော ရွေးကောက်ပွဲများ
- တာဝန်ခံမှု
- ပွင့်လင်းမြင်သာမှု
- ပါဝင် ဆောင်ရွက်မှု
- စေ့စပ်ညှိနှိုင်းမှုနှင့် နားလည် သည်းခံမှု
- တရားဥပဒေ စိုးမိုးမှု

တစ်ဖက်ဖော်ပြပါ ဥပဒေတစ်ရပ်ချင်းစီသည် ဒီမိုကရေစီ၏ မည်သည့် အင်္ဂါရပ်များနှင့် ဆက်နွယ်နေသနည်း။

<u>နမူနာအဖြေများ –</u>

*က - ၁။ ဆန့်ကျင်*

*၂။ ပါဝင်ဆောင်ရွက်မှု၊ တန်းတူညီမျှမှု*



DRAFT CONSTITUTION

### ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း

(က) နိုင်ငံသားများ၊ အသင်းအဖွဲ့များ ဖွဲ့စည်းရာတွင် မည်သူများသာ ဖွဲ့စည်းခွင့်ရှိသည် ဆိုသည့် အလွန်တင်းကြပ်သည့် ဥပဒေများ (လူနည်းစု ဘာသာရေး အသင်းအဖွဲ့များ လုံးဝ ထူထောင်ခွင့် မပြု) ပြဋ္ဌာန်းထားရမည်။

(ခ) သေးငယ်သော တိုင်းရင်းသား လူနည်းစု ပြည်နယ်များမှ ကိုယ်စားလှယ်များအတွက် လွှတ်တော်အတွင်း ကိုယ်စားလှယ်နေရာများ ရရှိရမည့် အာမခံချက်များ ထားရှိရမည်။

(ဂ) နိုင်ငံတော် သမ္မတကို ၄ နှစ် တစ်ကြိမ် မဲပေးရွေးချယ်သည်။

(ဃ) မည်သည့် အစိုးရအရာရှိ တစ်ဦးဦးကိုမျှ ရာထူးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ရာဇဝတ်မှုဖြင့် ဖမ်းဆီးခြင်းမျိုး မပြုရ။

(င) ရာဇဝတ်သားများနှင့် ရာဇဝတ်မှုဆိုင်ရာ သတင်းအချက်အလက်များကို အများပြည်သူတို့ သိရှိနိုင်သည်။

(စ) အမျိုးသား လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်သော အစိုးရ၏ အစည်းအဝေး အားလုံးကို တံခါးပိတ် ကျင်းပမည်။

(ဆ) သမ္မတသည် တရားရုံး၏ မည်သည့် ဆုံးဖြတ်ချက်ကိုမဆို ပယ်ဖျက်နိုင်သည်။

(ဇ) ရဲတပ်ဖွဲ့၏ ဖမ်းဆီးခြင်းခံရသော မည်သူမဆို ရှေ့နေနှင့် တွေ့ဆုံ စကားပြောခွင့် ရရှိရမည်။

(ဈ) နိုင်ငံသားများပေးသော မဲများသည် လျှို့ဝှက်မဲသာ ဖြစ်ရမည်။

(ည) နိုင်ငံ၏ ရွေးကောက်ပွဲများကို ဦးဆောင်ကျင်းပသူသည် အာဏာရပါတီမှ ပါတီဝင် ဖြစ်ရမည်။

(ဋ) လူအများ ကြိုက်နှစ်သက်မှု မရှိသည့် ဟောပြောမှုပင်ဖြစ်စေ၊ လွတ်လပ်စွာ ဟောပြောခွင့်ကို အကာအကွယ်ပေးရမည်။

(ဌ) နိုင်ငံတော် ဘာသာကို တစ်ခုတည်းသာ သတ်မှတ်မည်ဖြစ်ပြီး အခြား ကိုးကွယ် ယုံကြည်မှုဘာသာ အားလုံးကို တရားမဝင်ဟု သတ်မှတ်မည်။

(ဍ) နိုင်ငံသားအားလုံး လူတစ်ယောက် မဲတစ်မဲသာ ပေးခွင့်ရှိသည်။

(ဎ) မြေယာ ပိုင်ဆိုင်သူများသာ ကိုယ်စားလှယ် ဖြစ်ခွင့်ရှိသည်။

## ဃ။ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် မူလအခြေခံ အခွင့်အရေးများကို အကာအကွယ် ပေးသည်

ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ပြည်သူလူထု၏ အခွင့်အရေးများနှင့် ဒီမိုကရေစီ အခြေခံအနှစ်သာရများကို ကာကွယ်သော ပင်မဥပဒေများအား သတ်မှတ်ပြဋ္ဌာန်းပေးသည်။ အဆိုပါ ဥပဒေများတွင် အစိုးရတစ်ရပ်က အာဏာအလွဲသုံးစား ပြုခြင်းများနှင့် နိုင်ငံသားတို့၏ လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းများ မပြုအောင် တားမြစ်ထားသော ဥပဒေများ ပါဝင်ပါသည်။

နိုင်ငံသားတို့၏ အခွင့်အရေးကို ကာကွယ်ရန်အလို့ငှာ နိုင်ငံသား အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ထည့်သွင်း ပြဋ္ဌာန်းထားလေ့ရှိသည်။ နိုင်ငံသား အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များဟူသည် နိုင်ငံသားတို့၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ရှင်းလင်းတိကျစွာ ပြဋ္ဌာန်းပေးထားသော ပဋိညာဉ်တစ်ခုလည်း ဖြစ်သည်။ ထိုပြဋ္ဌာန်းချက်များသည် လေးစားကာကွယ်ပေးရမည့် အခြေခံအကျဆုံးသော အခွင့်အရေးများ ပါဝင်ပါသည်။

ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံအခြေခံဥပဒေများသည် ဒီမိုကရေစီ ရှင်သန် ထွန်းကားနိုင်ရန်အတွက် မရှိမဖြစ် လိုအပ်သော အခြေခံ အခွင့်အရေးများကို ကာကွယ်ပေးသည်။ အဆိုပါ ဥပဒေများထဲတွင် အစိုးရတစ်ရပ်က အာဏာအလွဲသုံးစားပြုခြင်း (ဥပမာ – ရွေးကောက်ပွဲရလဒ်ကို မျက်ကွယ်ပြုခြင်း) ကို တားမြစ်ထားသော ဥပဒေများနှင့် နိုင်ငံသားတို့၏ အခွင့်အရေးများအား ချိုးဖောက်ခြင်း (ဥပမာ – ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်ခြင်းကို ပိတ်ပင်ခြင်း သို့မဟုတ် တရားမျှတသော တရားခွင်၌ တရားစီရင်မှု ခံယူပိုင်ခွင့်ကို ကန့်သတ်ခြင်း) တို့ကို တားမြစ်ထားသော ဥပဒေများအား တင်းတင်းကြပ်ကြပ် ပြဋ္ဌာန်းထားလေ့ရှိသည်။




အခွင့်အရေး (Rights) များ ဟူသည် နိုင်ငံသားများကသော်လည်းကောင်း၊ အစိုးရကသော်လည်းကောင်း လေးစားလိုက်နာမှု မရှိလျှင် မည်သို့မျှ အသုံးဝင်မည် မဟုတ်ပေ။ ထို့အတူ နိုင်ငံသားများအနေနှင့် မိမိအခွင့်အရေး ချိုးဖောက်ခံနေရခြင်းအပေါ် မည်သို့မျှ မတတ်နိုင်လျှင်လည်း အဆိုပါ အခွင့်အရေးများသည် အသုံးဝင်တော့မည် မဟုတ်ပေ။ ထို့ကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြေခံ အခွင့်အရေးများသည် အမှန်တကယ် အသက်ဝင်အောင် ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရမည့် ဥပဒေ အခွင့်အရေးများ ဖြစ်ခြင်းကြောင့် များစွာ အရေးပါလေသည်။

နိုင်ငံသား အခွင့်အရေးကို နိုင်ငံသားအချင်းချင်းကသော်လည်းကောင်း၊ စီးပွားရေး လုပ်ငန်းကြီးများက သော်လည်းကောင်း၊ အစိုးရကသော်လည်းကောင်း ချိုးဖောက်လာလျှင် ချိုးဖောက်ခံရသော နိုင်ငံသားများသည် တရားမျှတမှုကို တရားရုံးမှတစ်ဆင့် ရယူခံစားခွင့်ရှိသည်။ တရားရုံးများသည် နိုင်ငံသား အခွင့်အရေးအား ကာကွယ်စောင့်ရှောက်ခွင့် အာဏာရှိသည်။ ချိုးဖောက်ခံရသူများအား နစ်နာကြေး သို့မဟုတ် လျော်ကြေး ခံစားခွင့်ပေးနိုင်သလို ချိုးဖောက်သူများအားလည်း ထိုက်သင့်သော ပြစ်ဒဏ်များ ပေးခွင့် ရှိလေသည်။

နိုင်ငံသား အခွင့်အရေးအပေါ် အစိုးရဘက်မှ မတရားစွက်ဖက်မှုများ မပြုနိုင်စေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေက အကာအကွယ် ပေးထားသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခြေခံအခွင့်အရေးများ သို့မဟုတ် ဥပဒေများကို ကျော်လွန် ချိုးဖောက်သည့် မည်သည့် ဥပဒေ၊ မည်သည့် အရေးယူဆောင်ရွက်မှုမျိုးကိုမျှ အစိုးရအနေဖြင့် ချမှတ်လုပ်ဆောင်ခွင့် မရှိပေ။ အစိုးရ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက် တစ်စုံတစ်ရာသည် အဆိုပါ အခွင့်အရေးများအား ကန့်သတ်ခြင်း၊ ရုပ်သိမ်းခြင်းမျိုး ဖြစ်လာပါက တရားရုံးသည် အဆိုပါ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များအား တရားမဝင်ဟု ကြေညာ၍ ပယ်ဖျက်နိုင်သည်။

### လေ့ကျင့်ခန်း

အောက်ပါဖော်ပြချက်များထဲမှ ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံ အခြေခံဥပဒေများက အခြေခံ အခွင့်အရေးများအပေါ် ကာကွယ်ပေးသည့် ဥပမာ အကြောင်းအရာနှင့် မသက်ဆိုင်သော ဖော်ပြချက်များကို ရွေးချယ် ဖော်ထုတ်ပြပါ။

က။ ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် နိုင်ငံသားများတွင် ရှိရမည့် အခြေခံ အခွင့်အရေးများကို ထည့်သွင်း ပြဋ္ဌာန်းထားလေ့ရှိသည်။

ခ။ နိုင်ငံသားများအနေဖြင့် အခွင့်အရေး ချိုးဖောက်မှုများကို တရားရုံးများမှတစ်ဆင့် အံတု စိန်ခေါ်နိုင်စေရန် ဖွဲ့စည်းပုံ အခြေခံ ဥပဒေများက စီမံပေးထားသည်။

ဂ။ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပင်မ ဥပဒေများနှင့် ဆန့်ကျင်သည့် ဥပဒေများကို အစိုးရအနေဖြင့် ချမှတ် ပြဋ္ဌာန်းမှု မပြုနိုင်အောင် ဖွဲ့စည်းပုံ အခြေခံဥပဒေက ထိန်းကျောင်းပေး ထားသည်။

ဃ။ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဆန္ဒထုတ်ဖော်မှုများကို ပိတ်ပင် ပေးထားခြင်းဖြင့် ငြိမ်းချမ်းရေးကို ဖန်တီးပေးသည်။

## လေ့ကျင့်ခန်း

မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ နိုင်ငံသား အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို သင်ခန်းစာ နံပါတ် ၃.၁.၁ ပါ ဒီမိုကရေစီ အခြေခံအင်္ဂါရပ် ၇ ခုနှင့် တွဲစပ်ပြပါ။ အခွင့်အရေး တစ်ခုစီတွင် တစ်ခုထက်ပိုသော အဖြေများ ရှိနိုင်သည်။

နမူနာအဖြေ

**၃၄၇ - ဥပဒေ ရှေ့မှောက်တွင် တန်းတူညီမျှမှု (တန်းတူညီမျှမှု၊ တာဝန်ခံမှု၊ တရားဥပဒေစိုးမိုးမှု)**

| | | |
|---|---|---|
| – လွတ်လပ် မျှတသော ရွေးကောက်ပွဲများ | – တာဝန်ခံမှု | – နားလည်သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှု |
| – တန်းတူညီမျှမှု | – ပွင့်လင်းမြင်သာမှု | – တရားဥပဒေ စိုးမိုးမှု |
| | – ပါဝင်ဆောင်ရွက်မှု | |



### မြန်မာ့ရေးရာ

### မြန်မာနိုင်ငံသားတို့၏ အခွင့်အရေးများ

၃၄၇ – ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုရှိခြင်း။

၃၄၈ – ခွဲခြားဆက်ဆံခံရမှု ကင်းလွတ်ခွင့်ရှိခြင်း (လူမျိုး၊ မျိုးရိုးဇာတိ၊ ကိုးကွယ်ယုံကြည်မှုဘာသာ၊ လူမှုအဆင့်အတန်း၊ ယဉ်ကျေးမှု၊ ကျား/မ ကွဲပြားမှု၊ ဥစ္စာဓန ပိုင်ဆိုင်မှုတို့ကို အကြောင်းပြု၍ ခွဲခြား ဆက်ဆံမှု မပြုရခြင်း။)

၃၄၉ – တန်းတူအခွင့်အရေးရှိခြင်း (ပြည်သူ့ဝန်ထမ်း တာဝန်ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်း လုပ်ကိုင်မှု စသည်ဖြင့် ....)

၃၅၀ – လုပ်ငန်းခွင်တွင် အမျိုးသမီး၊ အမျိုးသား လစာနှင့် အခွင့်အရေး တန်းတူညီမျှရှိခြင်း။

၃၅၁ – မိခင်များ၊ ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများ အတွက် ဥပဒေအရ ပြဋ္ဌာန်းထားသော အခွင့်အရေးများ တန်းတူညီမျှ ခံစားခွင့်ရှိခြင်း။

၃၅၂ – အစိုးရဝန်ထမ်း ခန့်ထားမှုတွင် ခွဲခြားဆက်ဆံမှု မပြုရခြင်း (ခြွင်းချက် ။ ။ အမျိုးသားများအတွက်သာ သင့်တော်သော အလုပ်အကိုင်များမှတစ်ပါး။)

၃၅၃ – အသက်ရှင်သန်ခွင့်နှင့် တစ်ကိုယ်ရည် လွတ်လပ်ခွင့် (ကာယကံရှင်သည် အခြားဥပဒေ တစ်ခုခုအား မချိုးဖောက်သမျှ ကာလပတ်လုံး ခံစားခွင့်ရှိခြင်း။)

၃၅၄ – နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိခြင်း –

(က) မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်၊ ရေးသား ဖြန့်ဝေခွင့်။

(ခ) လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်း လှည့်လည်ခွင့်။

(ဂ) အသင်းအဖွဲ့များ၊ အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်။

(ဃ) ခွဲခြားဆက်ဆံမှုမျိုး မဖြစ်စေဘဲ မိမိတို့၏ တိုင်းရင်းသား ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းများကို တိုးတက် ဖွံ့ဖြိုးအောင် ဆောင်ရွက်ခွင့်။

၃၅၅ – မည်သည့် အရပ်ဒေသမဆို လွတ်လပ်စွာ အခြေချ နေထိုင်ခွင့်။

၃၅၆ – ပိုင်ဆိုင်မှုများအား ဥပဒေအရ အကာအကွယ် ရယူပိုင်ခွင့်။

၃၅၇ – နေအိမ်ဥပစာ လုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့် အခြား ဆက်သွယ်ရေးဆိုင်ရာ လုံခြုံမှု။

၃၅၈ – ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုအား တားမြစ်ခြင်း။

၃၅၉ – အဓမ္မခိုင်းစေခြင်းအား တားမြစ်ခြင်း (ပြစ်ဒဏ်ပေးခြင်းကို ခံရသဖြင့် အလုပ်ဒဏ် ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူ အကျိုး အတွက် ဆောင်ရွက်ရန် တာဝန်ချထားပေးခြင်းမှတစ်ပါး။)

၃၆၀ – ၃၆၄ – လွတ်လပ်စွာ ယုံကြည်ခွင့်နှင့် ကိုးကွယ်ခွင့် (ရပ်ရွာအေးချမ်း သာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားနှင့် ကျန်းမာရေးအလို့ငှာ ပြဋ္ဌာန်းထားသော ဥပဒေများနှင့် မဆန့်ကျင်လျှင်) (နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာရေးကို အလွဲသုံးစားပြုခြင်းမျိုးကို တားမြစ်သည်။)

၃၆၅ – မိမိအမြတ်တနိုးထားရှိသော စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ဓလေ့ထုံးတမ်းတို့ကို လွတ်လပ်စွာ ပြုစုပျိုးထောင် ဆောင်ရွက်ခွင့်ရှိခြင်း။

၃၆၆ – ပညာသင်ကြားပိုင်ခွင့်နှင့် မသင်မနေရ အခြေခံပညာကို အခမဲ့ သင်ကြားခွင့်ရှိခြင်း။

၃၆၇ – (နိုင်ငံတော်က ချမှတ်ထားသော ကျန်းမာရေးမူဝါဒနှင့်အညီ) ကျန်းမာရေး စောင့်ရှောက်မှုကို ခံယူခွင့်ရှိခြင်း။

၃၆၉ – (ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ) လွှတ်တော်များတွင် ရွေးချယ် တင်မြှောက်ခွင့်နှင့် ရွေးချယ် တင်မြှောက် ခံပိုင်ခွင့်ရှိခြင်း။

၃၇၀ – စီးပွားရေး လုပ်ငန်းများ လွတ်လပ်စွာ လုပ်ကိုင်ခွင့်၊ ကိုယ်ပိုင် တီထွင်ခွင့်နှင့် မူပိုင်ခွင့်။

၃၇၃ – ဥပဒေအတိုင်းသာ ပြစ်ဒဏ်ခံခွင့်ရှိခြင်း။

၃၇၅ – ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူ မည်သူမဆို ခုခံချေပပိုင်ခွင့် ရှိခြင်း

၃၇၆ – (နိုင်ငံတော် လုံခြုံရေး အလို့ငှာ ကြိုတင်ကာကွယ် ထားရှိရန် လိုအပ်သောကိစ္စ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုသည့် ကိစ္စမှတစ်ပါး) တရားသူကြီး၏ ချုပ်မိန့် မရရှိဘဲ မည်သူကိုမျှ ၂၄ နာရီထက် ပို၍ ချုပ်နှောင်ခြင်း မပြုရ။

၃၈၀ – နိုင်ငံခြား တိုင်းတစ်ပါးနှင့် ဆက်ဆံသော နိုင်ငံသားတိုင်း နိုင်ငံတော်၏ ကာကွယ်စောင့်ရှောက်မှုကို တောင်းခံခွင့်ရှိခြင်း။

၃၈၁ – တရားမျှတသော တရားခွင်၌ တရားစီရင်မှု ခံယူပိုင်ခွင့်ရှိခြင်း။ (တိုင်းတစ်ပါးမှ ကျူးကျော်ဝင်ရောက် တိုက်ခိုက်ချိန်၊ ဆူပူသောင်းကျန်းမှုများ ဖြစ်ပေါ်နေချိန်၊ အရေးပေါ် အခြေအနေ ဖြစ်ပေါ်နေချိန်တို့မှတစ်ပါး။)

*ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စာမျက်နှာ ၁၄၉ မှ ၁၅၆*

## လုပ်ငန်းများ

### လူ့အသိုင်းအဝိုင်းတစ်ခုအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ




၁။ သင်သည် သင့် လူ့အသိုင်းအဝိုင်းအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ခု ရေးဆွဲရမည် ဆိုပါစို့၊ မည်သို့သော အခွင့်အရေးများကို ထည့်သွင်း ရေးဆွဲမည်နည်း။ သင့် အနေနှင့် ထည့်သွင်းခြင်း မပြုမည့် အခွင့်အရေးများ လည်း ရှိပါသလား။ အကြောင်းပြချက်နှင့်တကွ ရှင်းပြပါ။

၂။ ခေါင်းဆောင်တို့၏ အခွင့်အာဏာများကို ကန့်သတ်မည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းရန် ရှိပါသလား။ သင့် လူမှုအသိုင်းအဝိုင်းအတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် မည်သို့သော ကန့်သတ်ထိန်းချုပ်မှု ပြဋ္ဌာန်းချက်များကို ထည့်သွင်း ရေးဆွဲရန် ရှိပါသနည်း။

## ဆွေးနွေးချက်

၁။ ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် လိုအပ်သည်ဟု သင် ထင်ပါသလား။ အဘယ်ကြောင့် လိုအပ်သည်ဟု ထင်ပါသနည်း သို့မဟုတ် မလိုအပ်ဘူးဟု ထင်ပါသနည်း။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်များ၏ အခွင့်အာဏာကို ကန့်သတ်ထားသော ပြဋ္ဌာန်းချက်များ ရှိပါသလား။ ရှိသည် ဆိုပါက မည်သည့်အရာတွေ ဖြစ်သည် ဆိုသည်ကို ရှင်းပြပါ။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် လူထုသည် ၎င်းတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးများကို သိရှိကြပါသလား။

၄။ ပြည်သူတို့သည် ၎င်းတို့၏ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေးများကို သိရှိ မထားပါက မည်ကဲ့သို့ ဖြစ်လာနိုင်မည်နည်း။

## ပြန်လည်သုံးသပ်ချက်

၁။ သင်၏ အခွင့်အရေးများကို ဥပဒေများ၊ စည်းမျဉ်းများက အကာကွယ် ပေးခဲ့သော အဖြစ်အပျက် ကာလတစ်ခု ကို ပြန်လည် စဉ်းစားကြည့်ပါ။ သင် မည်သို့ ခံစားခဲ့ရပါသနည်း။

၂။ သင်၏ အခွင့်အရေးများကို ဥပဒေများ၊ စည်းမျဉ်းများဖြင့် အကာကွယ် မပေးနိုင်ခဲ့သော အဖြစ်အပျက် ကာလတစ်ခုကို ပြန်လည် စဉ်းစားကြည့်ပါ။ သင် မည်သို့ ခံစားခဲ့ရပါသနည်း။

၃။ စည်းမျဉ်း ဥပဒေတစ်ရပ်ရပ်က သင် ဆန္ဒရှိသော အလုပ်များ ပြုလုပ်ရန် ပိတ်ပင်ခဲ့သော အဖြစ်အပျက် ကာလတစ်ခုကို ပြန်လည် စဉ်းစားကြည့်ပါ၊ မည်သည့်အရာတွေ ဖြစ်ပျက်ခဲ့သနည်း။ သင် မည်သို့ ခံစား ခဲ့ရသနည်း။

## ၃.၁.၃ လူများစု စိုးမိုးမှုနှင့် လူနည်းစု အခွင့်အရေး

### အကြိုသင်ခန်းစာ

၁။ လူများစု စိုးမိုးမှုဟူသည် အဘယ်နည်း။

၂။ လူနည်းစု အခွင့်အရေး ဟူသည် အဘယ်နည်း။




ဒီမိုကရေစီသည် လူအများစု၏ လုပ်နိုင်ခွင့်ကိုလည်း ကန့်သတ်ထားသည်။ ဥပမာ – လူဦးရေအများစုရှိသော လူမျိုးက လူနည်းစုတစ်ရပ်၏ လူ့အခွင့်အရေးကို ချိုးဖောက်လိုပါက ထိုသို့ချိုးဖောက်ရန် ဒီမိုကရေစီက ခွင့်မပြုပေ။ လူအများစုက လူနည်းစုအပေါ် နိုင်ထက်စီးနင်း မပြုရန် ကာကွယ်ပေးထားသော အခွင့်အရေးကို လူနည်းစု အခွင့်အရေးဟု ခေါ်သည်။

လူနည်းစု အခွင့်အရေးအရ လူများစု အနေဖြင့် အောက်ပါ ဆုံးဖြတ်ချက်များကို မလုပ်နိုင်ရန် စီမံထိန်းသိမ်းထားသည် –

- အနာဂတ်တွင် ပြင်ဆင်ပြောင်းလဲရန် မဖြစ်နိုင်တော့သည့် ဆုံးဖြတ်ချက်များ (ဥပမာ – အာဏာရှင်စနစ် ထူထောင်ခြင်း)။
- ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်တွင် လူနည်းစုများ ပါဝင်ခွင့်ကို ပိတ်ပင်သော ဆုံးဖြတ်ချက်များ။
- လူနည်းစုအပေါ် လူ့အခွင့်အရေး ချိုးဖောက်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းတို့ကို ဦးတည်စေသော ဆုံးဖြတ်ချက်များ (မချမှတ်နိုင်အောင် ဥပဒေဖြင့် စီမံထိန်းကွပ်ပေးထားသည်။

လူနည်းစု အဖွဲ့အစည်းတွင်းမှ လူတိုင်းသည် အခြားသူများနှင့် တန်းတူ လူ့အခွင့်အရေး ရရှိပါသည်။ လူမျိုးအရသော်လည်းကောင်း၊ ကိုးကွယ်ယုံကြည်မှုအရသော်လည်းကောင်း၊ နိုင်ငံရေး ယုံကြည်မှုအရ သော်လည်းကောင်း၊ လိင်ကွဲပြားမှုအရသော်လည်းကောင်း လူနည်းစု ဖြစ်နေသည့်တိုင်အောင် အခြား သူများနှင့် တန်းတူ လူ့အခွင့်အရေး ရှိပါသည်။

လူနည်းစု အခွင့်အရေးအား အကာအကွယ် ပေးနိုင်သည့် အရေးကြီးဆုံး နည်းလမ်းတစ်ခုမှာ အဆိုပါ အခွင့်အရေးများကို ဖွဲ့စည်းပုံ အခြေခံဥပဒေထဲတွင် ထည့်သွင်း ပြဋ္ဌာန်းခြင်း ဖြစ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေများသည် ပြင်ဆင်ရန် အလွန်ခက်ခဲတတ်ကြသည့်အတွက် အစိုးရတစ်ရပ်သည် လူများစု၏ ထောက်ခံမှု ရရှိသည့်တိုင် လူနည်းစု အခွင့်အရေးများကို ပိတ်ပင်ရုပ်သိမ်းဖို့ရာ အခွင့်အလမ်း မရှိပေ။

လူနည်းစု အခွင့်အရေးများကို နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ထည့်သွင်း ပြဋ္ဌာန်းလေ့ ရှိကြသည်။ အဆိုပါ အခွင့်အရေးများကို အာမခံနိုင်ရန် အောက်ပါ နည်းလမ်းများကို အများဆုံး အသုံးပြုလေ့ရှိသည်။

၁။ **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးခြင်း** – လူနည်းစုများအား ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းနှင့် သက်ဆိုင် သော ကိစ္စရပ်များကို ကိုယ်ပိုင်ဆုံးဖြတ် ပြဋ္ဌာန်းခွင့် အာဏာပေးသော ဥပဒေများ။ ဥပမာ – ဗဟို အစိုးရသည် ဒေသန္တရအစိုးရများကို ၎င်းတို့ ဧရိယာအတွင်းရှိ ဆေးရုံများ၊ စာသင်ကျောင်းများနှင့် ပတ်သက်၍ ဆုံးဖြတ်ခွင့် အာဏာများ ပေးအပ်ထားခြင်း။

၂။ **အာဏာခွဲဝေခြင်း** – အစိုးရအဖွဲ့အတွင်း၌ လူနည်းစုများအား ကိုယ်စားပြုခွင့်ရအောင် စီမံ ထိန်းကျောင်းပေးထားသော ဥပဒေများ။ ဥပမာ – ပါလီမန် ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်းသည် လူမျိုးစုတစ်ခုမှ ကိုယ်စားလှယ်များ ဖြစ်ရမည်ဖြစ်ပြီး ကျန် ၅၀ ရာခိုင်နှုန်းမှာ အခြား လူမျိုးစုမှ ဖြစ်ရမည် စသဖြင့် ဥပဒေများ သတ်မှတ် ပြဋ္ဌာန်းထားခြင်း။

၃။ **မတူကွဲပြားသော ယဉ်ကျေးမှုကို ကာကွယ်ပေးခြင်း** – လူနည်းစုတို့၏ ယဉ်ကျေးမှု ဝိသေသ လက္ခဏာများ၊ ဘာသာစကားနှင့် ဓလေ့ထုံးတမ်းများကို ကာကွယ်ပေးသော ဥပဒေများ။ ဥပမာ အစိုးရသည် တိုင်းရင်းသား လူနည်းစု နယ်မြေများတွင် စာသင်ကျောင်းများ၌ ၎င်းတို့၏ တိုင်းရင်းသားဘာသာ စကားများဖြင့် သင်ကြားရန် ခွင့်ပြုပေးခြင်း။

၄။ **အနိမ့်ခံဘဝ လွတ်မြောက်ရေး ပံ့ပိုးမှု** – အစိုးရဝန်ထမ်း ခန့်အပ်ခြင်း၊ အလုပ်အကိုင်နှင့် ပညာရေး အခွင့်အလမ်းများကို လူနည်းစုများအား လူများစု လူမျိုးများထက်ပို၍ ဦးစားပေးရန် စီမံ ထိန်းကွပ်ပေးထားသော ဥပဒေများ။ ဥပမာ – အသစ်ခန့်အပ်မည့် အစိုးရဝန်ထမ်း အားလုံး၏ ၃၀ ရာခိုင်နှုန်းသည် ဘာသာရေး လူနည်းစု အသိုင်းအဝိုင်းမှ လူမျိုးများ ဖြစ်ရမည်ဟု အစိုးရက စည်းမျဉ်းများ ပြဋ္ဌာန်းပေးခြင်း။




က။ မြောက်အိုင်ယာလန် အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်နှစ်ဦး ရှိသည်။ တစ်ဦးမှာ ကတ်သလစ် ဘာသာဝင်များ ထဲမှ ဖြစ်၍ ကျန်တစ်ဦးမှာ ပရိုတက်စတင့် ဘာသာဝင်များထဲမှ ဖြစ်သည်။ ဝန်ကြီးချုပ် နှစ်ဦးသည် တူညီသော အာဏာရှိကြသည်။ တစ်ဦးမရှိလျှင် ကျန်တစ်ယောက်မှာ ရာထူးတွင် အာဏာ မရှိတော့ချေ။

နမူနာအဖြေ – **၁။ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးခြင်း**

ခ။ အိန္ဒိယတွင် တမီးလ်နာဒူး အစိုးရသည် ပါလီမန် အမတ်နေရာ ၃.၅ ရာခိုင်နှုန်းကို မွတ်ဆလင် အသိုင်းအဝိုင်း အတွက် သတ်မှတ်ပေးထားပြီး နောက်ထပ် ၃.၅ ရာခိုင်နှုန်းကို ခရစ်ယာန် ဘာသာဝင်များအတွက် သတ်မှတ် ပေးထားသည်။

ဂ။ အယ်လန်ကျွန်းဒေသသည် ဖင်လန်နိုင်ငံထဲမှ နယ်မြေတစ်ခု ဖြစ်သည်။ အယ်လန်ကျွန်း အစိုးရသည် ဒေသအတွင်းရှိ ကျန်းမာရေး၊ ပညာရေး၊ အိမ်ရာစီမံကိန်းနှင့် လုံခြုံရေးဆိုင်ရာ မူဝါဒများကို ရေးဆွဲ ဆောင်ရွက်သည်။

ဃ။ ဘယ်လ်ဂျီယံတွင် “လူမှုအသိုင်းအဝိုင်း အခြေပြု အစိုးရစနစ်” ကို ထားရှိသည်။ (ဒတ်ချ်၊ ပြင်သစ်၊ ဂျာမန် စကားပြောဆိုသော) ဘာသာစကား အခြေပြု လူမှုအသိုင်းအဝိုင်း တစ်ခုစီသည် မိမိတို့၏ လူမှုအသိုင်းအဝိုင်း အခြေပြု အစိုးရကို ရွေးကောက်ဖွဲ့စည်းသည်။ ထိုအစိုးရများသည် ယဉ်ကျေးမှု၊ ပညာရေးနှင့် ဘာသာစကားစသည့် ကိစ္စရပ်များတွင် ဆုံးဖြတ်ကြသည်။

## လေ့ကျင့်ခန်း

ဘေးတစ်ဖက်ပါ ဥပမာများကို အထက်ဖော်ပြပါ လူနည်းစု အခွင့်အရေး ပြဋ္ဌာန်းချက် ၄ မျိုးနှင့် တွဲစပ်ပြပါ။

## မြန်မာ့ရေးရာ

### ငြိမ်း (ရှလွန်း) ဖောင်ဒေးရှင်း

NYEIN (SHALOM) FOUNDATION
Working for Peace & Development for the People of Myanmar

ရှလွန်းဖောင်ဒေးရှင်း (ခေါ်) ငြိမ်းဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံရှိ ပြည်တွင်း NGO တစ်ခုဖြစ်ပြီး မြန်မာပြည်သူ တစ်ရပ်လုံးအတွက် ငြိမ်းချမ်း၍ တရားမျှတသော လူ့အဖွဲ့အစည်းတစ်ရပ် ဖော်ဆောင်ရန်ဟူသော မျှော်မှန်းချက်ဖြင့် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်သည်။

ငြိမ်းဖောင်ဒေးရှင်းကို ၂၀၀၀ ခုနှစ် မေလတွင် စတင် တည်ထောင်ခဲ့ပြီး ဗမာလူမျိုးနှင့် အခြားတိုင်းရင်းသား လူမျိုးစုများကြား ငြိမ်းချမ်းသင့်မြတ်မှု ရရှိရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ ပြည်ထောင်စု မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသား ပြည်သူများကြား ငြိမ်းချမ်းသင့်မြတ်မှုနှင့် အပြန်အလှန် လေးစားမှု၊ နားလည်မှုတို့ရှိမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံသူ နိုင်ငံသားအားလုံးလည်း ကောင်းကျိုး ခံစားရလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် ဖွဲ့စည်းလှုပ်ရှားနေသော အဖွဲ့အစည်းတစ်ခုလည်းဖြစ်သည်။

#### အဓိကလှုပ်ရှား ဆောင်ရွက်မှုများ

**အကြမ်းဖက်မှု တားဆီးရေး**

လူ့အဖွဲ့အစည်း၏ အလွှာစုံတွင် အကြမ်းဖက်မှုအစား အပြန်အလှန် တွေ့ဆုံ ဆွေးနွေးညှိနှိုင်းမှုများ တိုးမြှင့်ပေးခြင်း။

တွေ့ဆုံ ဆွေးနွေးမှုသည် တိုင်းရင်းသား ခေါင်းဆောင်များနှင့် အစိုးရကြား ယုံကြည်မှုကို တည်ဆောက်ပေးနိုင်မည်ဖြစ်သည်။ အပြန်အလှန် ယုံကြည်မှုရှိခြင်းအားဖြင့် မတူကွဲပြားသော တိုင်းရင်းသား လူမျိုးများကြား မိမိတို့ အသီးသီး၏ လိုအပ်ချက်နှင့် အကျိုးစီးပွားများကို ဟန်ချက်ညီညီ ထိန်းညှိ၍ အဖြေရှာနိုင်ပြီး ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ကြမည်ဖြစ်သည်။

**ယုံကြည်မှု တည်ဆောက်ရေး**

လူ့အဖွဲ့အစည်းအတွင်းရှိ တိုင်းရင်းသားအစုအဖွဲ့များ၊ ဘာသာရေး အစုအဖွဲ့များမှသည် အောက်ခြေ၊ အလယ်အလတ်နှင့် ထိပ်သီးခေါင်းဆောင်များအထိ အလွှာစုံ၊ နယ်ပယ်စုံမှ လူမှုအစုအဖွဲ့များနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရေး။

လူများစု လူမျိုးများနှင့် လူနည်းစု တိုင်းရင်းသားများကြား ယုံကြည်မှု တည်ဆောက်နိုင်ခြင်းအားဖြင့် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်မှု ပိုမို ရရှိလာစေနိုင်ပြီး ပြဿနာများကို ဖြေရှင်းနိုင်လိမ့်မည်ဖြစ်သည်။

**ပြည်သူလူထုအား စွမ်းရည် မြှင့်တင်ရေး**

ရပ်ကွက် ကျေးရွာအဆင့် ခေါင်းဆောင်များ၊ ပြည်နယ်တိုင်းအဆင့် ခေါင်းဆောင်များနှင့် ပြည်သူလူထုအား အသိပညာ ဗဟုသုတများနှင့် ကျွမ်းကျင်မှု သင်တန်းများ ပို့ချပေးခြင်းအားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ မိမိတို့၏ အခွင့်အရေးများကို သိမြင်နားလည်လာစေခြင်း။

တိုင်းရင်းသား လူနည်းစုများသည် ထိုကဲ့သို့ စွမ်းရည်မြှင့် သင်တန်းများ ရရှိခြင်းအားဖြင့် မိမိတို့၏ အခွင့်အရေးများကို သိမြင်လာပြီး အဆိုပါ အခွင့်အရေးများကို မည်သို့ ကာကွယ်နိုင်မည် ဆိုသည်ကိုလည်း နားလည်လာလိမ့်မည် ဖြစ်သည်။



**ကျယ်ကျယ်ပြန့်ပြန့် ပါဝင်နိုင်သော ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ် ဖော်ဆောင်ရေး**

တန်းတူညီမျှမှုနှင့် ပါဝင်ဆောင်ရွက်မှုတို့ကို မြှင့်တင်ပေးမည့် စနစ်တစ်ခု ဖန်တီးပေးနိုင်ရန် ဆုံးဖြတ်ချက်ချမှတ်ခွင့် အာဏာရှိသူများနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရေး။ ထိုသို့ လုပ်ဆောင်ခြင်းအားဖြင့် လူနည်းစု တိုင်းရင်းသားများနှင့် အပယ်ခံလူမှု အုပ်စုများသည် ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ်တွင် ပါဝင်ခွင့်ရလာပြီး ၎င်းတို့၏ လိုအပ်ချက်များနှင့် စိုးရိမ်ပူပန်ချက်များကိုလည်း ဆုံးဖြတ်ချက် ချမှတ်ရာတွင် ထည့်သွင်း စဉ်းစားလာလိမ့်မည် ဖြစ်သည်။

### လေ့ကျင့်ခန်း

အောက်ပါ မေးခွန်းများကို ဖြေပါ။

၁။ ငြိမ်းဖောင်ဒေးရှင်း၏ ဦးတည်ချက်များမှာ အဘယ်နည်း။

၂။ ငြိမ်းဖောင်ဒေးရှင်းသည် ၎င်း၏ ဦးတည်ချက်များကို ဖော်ဆောင်ရန် မည်သို့သော လုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်နေသနည်း။

၃။ အဆိုပါ လှုပ်ရှားဆောင်ရွက်မှုများသည် လူများစု စိုးမိုးမှုနှင့် လူနည်းစု အခွင့်အရေးကြား ဟန်ချက်ညီအောင် မည်သို့ ထိန်းညှိပေးသနည်း။

## လုပ်ငန်းများ

### အားကစားကလပ်

အောက်ပါစာပိုဒ်ကို ဖတ်၍ ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်ပါ။

စင်ထရယ် အားကစားကလပ်တွင် ကလပ်အဖွဲ့ဝင် ၇၅ ရာခိုင်နှုန်းမှာ ဘောလုံး အားကစားသမားများဖြစ်၍ ကျန် ၂၅ ရာခိုင်နှုန်းမှာ ခြင်းလုံး အားကစားသမားများ ဖြစ်သည်။ ဘောလုံးအသင်းနှင့် ခြင်းလုံးအသင်းတို့သည် ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ကြရပြီး သက်ဆိုင်ရာ အသင်းများသို့ နှစ်စဉ် အသင်းသား အသစ်များ ဝင်ရောက်လျက် ရှိသည်။ အသင်းသားတစ်ဦးလျှင် အသင်းဝင်ကြေး တစ်နှစ်လျှင် ကျပ် ၂၀၀၀၀ ကို ကလပ်သို့ ပေးသွင်းရသည်။

ကလပ်သည် တစ်နှစ်တစ်ကြိမ် ဘတ်ဂျက် အစည်းအဝေးပြုလုပ်ပြီး ကလပ်မှ ကောက်ခံရရှိသော ရန်ပုံငွေများအား မည်သို့ သုံးစွဲရမည်ကို ကလပ်အဖွဲ့ဝင် အားလုံး၏ အများစု ထောက်ခံမဲဖြင့် ဆုံးဖြတ်လေ့ရှိသည်။

ဘောလုံး အားကစားသမားများသည် ဝတ်စုံသစ်များ၊ ဘောလုံး အားကစားပစ္စည်းအသစ်များ ဝယ်ယူ၍ ကလပ်၏ ဘောလုံးကွင်းကို ပိုမို အဆင့်မြင့်လာအောင် လုပ်ဆောင်ချင်ကြသည်။ ခြင်းလုံး အားကစားသမားများကလည်း ဝတ်စုံသစ်များ၊ ခြင်းလုံး အားကစားပစ္စည်းအသစ်များ ဝယ်ယူ၍ ကလပ်၏ ခြင်းလုံး အားကစားကွင်းကို ပိုမို အဆင့်မြင့်ရန် လုပ်ဆောင်ချင်နေကြသည်။

ခြင်းလုံး အားကစားသမားအုပ်စုသည် နှစ်စဉ်မဲရှုံးပြီး ကလပ် ရန်ပုံငွေ အားလုံးမှာ ဘောလုံးသမားများထံသို့ချည်း ရောက်ရှိသွားခဲ့သည်။ ထို့ကြောင့် ခြင်းလုံး အားကစားသမားများ မခံမရပ်နိုင် ဖြစ်လာသည်။ ကောက်ခံရရှိသော ပိုက်ဆံ အားလုံးကို ဘောလုံး အားကစားအတွက်သာ သုံးစွဲနေပြီး ခြင်းလုံးသမားများ အတွက်မူ ဘာမှ မရရှိကြပေ။ အဆိုပါ စနစ်သည် တရားမျှတမှု မရှိဟု ခြင်းလုံးသမားများက ခံစားလာရပြီး အချို့သည် ကလပ်မှ ခွဲထွက်ကာ ခြင်းလုံး အားကစား ကလပ်တစ်ခု သီးသန့်ထောင်ရန်ပင် ပြောဆိုလာကြသည်။

ဘောလုံးသမား အများစုသည် ခြင်းလုံးသမားတို့၏ ခံစားချက်ကို နားမလည်ကြပေ။ အများစုသဘောနှင့် ဆုံးဖြတ်ခြင်းသည် ဒီမိုကရေစီ နည်းလမ်းကျသည်ဟုလည်း ဆိုကြသည်။ သို့သော် အချို့သော ဘောလုံးသမားများကမူ အဆိုပါ စနစ်သည် တရားမျှတမှု မရှိကြောင်းကို သိရှိနေသည်။ ခြင်းလုံးသမားများ၏ လိုအပ်ချက်ကို ထည့်သွင်း မစဉ်းစားလျှင် စစ်မှန်သော ဒီမိုကရေစီ မဟုတ်ဟု ၎င်းတို့ကလည်း ငြင်းချက် ထုတ်လာကြသည်။




၁။ အဖွဲ့များ ဖွဲ့ပါ။ သင်တို့သည် အားကစား ကလပ်၏ ကော်မတီဝင်များ ဆိုကြပါစို့။ အောက်ပါ ကိစ္စရပ်များအား ဆွေးနွေးပါ။
   - က။ အဆိုပါ အုပ်စုများကြား ရန်ပုံငွေများကို မည်သို့ ခွဲဝေသင့်သနည်း။
   - ခ။ ရန်ပုံငွေများအား မည်သို့ ခွဲဝေသင့်ကြောင်းကို မည်သူက ဆုံးဖြတ်ပေးသင့်သနည်း။
   - ဂ။ ဆုံးဖြတ်ချက်များကို မည်သို့ ချမှတ်သင့်သနည်း။
   - ဃ။ အစုအဖွဲ့အလိုက် ကိုယ်ပိုင် အုပ်ချုပ်ပိုင်ခွင့် ပေးသင့်ပါသလား။ (ဥပမာ – ကိုယ့် အဖွဲ့ကိုယ် ဖွဲ့ခြင်း သို့မဟုတ် ကိုယ့် ရန်ပုံငွေ ကိုယ်တိုင် ကောက်ခံ သုံးစွဲခြင်း)
   - င။ လူများစု အခွင့်အရေးနှင့် လူနည်းစုတို့၏ အခွင့်အရေးများကို ကာကွယ်နိုင်ရန် မည်သို့သော စည်းမျဉ်း ပြဋ္ဌာန်းချက်များ လိုအပ်ပါသနည်း။

၂။ အဆိုပါ ကိစ္စရပ်များအား ဖြေရှင်းနိုင်မည့် ဥပဒေ စည်းမျဉ်းများကို ချရေးပါ။

၃။ သင်၏ ဥပဒေ စည်းမျဉ်းများကို အတန်းသို့ တင်ပြပါ။

## ဆွေးနွေးချက်

၁။ လူများစု စိုးမိုးမှုသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၂။ လူနည်းစု အခွင့်အရေးသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၃။ သင့် လူ့အသိုင်းအဝိုင်းတွင် လူများစု စိုးမိုးမှုအား ကန့်သတ်ထားသော ပြဋ္ဌာန်းချက်များ ရှိပါသလား။

၄။ သင့် လူမှုအသိုင်းအဝိုင်းတွင် လူနည်းစု အခွင့်အရေးနှင့် လူများစု ဆုံးဖြတ်ချက်တို့ကြား ပဋိပက္ခ ဖြစ်ခဲ့ဖူးသော အဖြစ်အပျက်ကာလ တစ်ခုကို ပြန်လည် စဉ်းစားကြည့်ပါ။ အဆိုပါ ပဋိပက္ခများကို မည်သို့ ဖြေရှင်းခဲ့ပါသနည်း။

**ပြန်လည်သုံးသပ်ချက်**

၁။ လူနည်းစုနှင့် လူများစု ပဋိပက္ခအတွင်း သင် ပါဝင် ပတ်သက်ခဲ့ဖူးသော အဖြစ်အပျက်ကာလ တစ်ခုကို ပြန်လည် စဉ်းစားကြည့်ပါ။ မည်သို့ ဖြစ်ပျက်ခဲ့ပါသနည်း။ ဥပမာများနှင့်တကွ ရှင်းပြပါ။

၂။ သင့် အနေဖြင့် အခွင့်အရေးသာ ရခဲ့မည်ဆိုလျှင် ဖြစ်ခဲ့စဉ်ကနှင့် မတူသော အခြား မည်သည့် လုပ်ဆောင်ချက်မျိုးကို လုပ်ဆောင်မည်ဟု စိတ်ကူးပါသနည်း။


# ၃.၂ တာဝန်နှင့် ဒီမိုကရေစီ

## ၃.၂.၁ ဒီမိုကရေစီရှိ တာဝန်များ

**အကြိုသင်ခန်းစာ**

၁။ ဒီမိုကရေစီ တာဝန်များဟူသည် အဘယ်နည်း။

၂။ အဖွဲ့များ ဖွဲ့ပါ။ အဖွဲ့ဝင်တစ်ဦး အနေဖြင့် သင့်တွင် ရှိနေသော တာဝန်များကို စာရင်း ပြုစုပါ။



အခွင့်အရေးနှင့် တာဝန်သည် သီးခြားစီ ဖြစ်တည်နေ၍ မရပေ။ လူတစ်ယောက်တွင် အခွင့်အရေးတစ်ရပ် ရှိပြီဆိုပါက ၎င်းသည် အခြားသူများ၏ အဆိုပါ အခွင့်အရေးကိုလည်း လေးစားပေးရန် တာဝန်လည်း တစ်ပြိုင်နက်တည်း ရှိလာပါသည်။

ဒီမိုကရေစီ အခွင့်အရေးများဟူသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်းဝင် ဖြစ်ရခြင်း၏ အကျိုးကျေးဇူး တစ်ရပ်ပင် ဖြစ်သည်။ နိုင်ငံသားတစ်ဦးသည် မိမိလူ့အဖွဲ့အစည်းထံမှ အဆိုပါ အကျိုးကျေးဇူးများ ခံစားလိုသည်ဆိုလျှင် သက်ဆိုင်ရာ လူ့အဖွဲ့အစည်းများ၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုပြုရန် တာဝန်လည်း ရှိပေသည်။ နိုင်ငံသားတစ်ဦးသည် မိမိလူ့အဖွဲ့အစည်းထံမှ အကျိုးအမြတ် ခံစားလိုသည်ဆိုလျှင် အောက်ပါတို့ကို လုပ်ဆောင်ရန် တာဝန်ရှိပါသည်။

- သက်ဆိုင်ရာ လူ့အဖွဲ့အစည်း ကောင်းစားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီခြင်း။
- သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအား သက်ရောက်မှု ရှိစေမည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း။
- သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ တရားဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများအား လေးစား လိုက်နာခြင်း။

လူ့အဖွဲ့အစည်းတစ်ရပ်ကို သက်ဆိုင်ရာ လူ့အဖွဲ့အစည်းဝင်များက ချမှတ်သော ဆုံးဖြတ်ချက်များဖြင့် ပုံဖော် ပြဋ္ဌာန်းပေးပါသည်။ ဒီမိုကရေစီ နိုင်ငံသားများသည် ကောင်းမွန်သော ရွေးချယ်မှုများ ပြုလုပ်ရန်နှင့် မိမိတို့ လူ့အဖွဲ့အစည်းအတွင်းရှိ အခြားလူများ၏ အရေးကိုပါ ထည့်သွင်း စဉ်းစားပေးကြရန် တာဝန်ရှိပေသည်။

## လေ့ကျင့်ခန်း

ဒီမိုကရေစီအင်္ဂါရပ်များနှင့် တာဝန်များကို တွဲစပ်ပြပါ။ တာဝန်တစ်ရပ်ချင်းစီအတွက် ဒီမိုကရေစီအင်္ဂါရပ်သည် တစ်ရပ်ထက်မက ရှိနိုင်ပါသည်။




က။ ကိုယ်တိုင် မဲပေးခြင်း၊ အခြားသူများအား မဲပေးရန် တိုက်တွန်း အားပေးခြင်း။

နမူနာအဖြေ – ၁၊ ၃

ခ။ အခြားသူများ၏ အမြင်သဘောထားများနှင့် ယုံကြည် သက်ဝင်မှုများအား လေးစားခြင်း။

ဂ။ အသင်းအဖွဲ့များ၊ အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့် ပါဝင်ဆောင်ရွက်ခြင်းမှတစ်ဆင့် ဒီမိုကရေစီတွင် ပါဝင်ခြင်း။

ဃ။ ရွေးကောက်ပွဲတွင် မတူကွဲပြားသော ကိုယ်စားလှယ်လောင်းများအကြောင်း လေ့လာ သိရှိထားခြင်း။

င။ သင်၏ အမြင်သဘောထားများ၊ အယူအဆများအား ထုတ်ဖော်ခြင်း။

စ။ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များအား လေ့လာသိရှိ၍ ဝေဖန် ဆန်းစစ်ခြင်း။

ဆ။ ရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း။

ဇ။ ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး လှုပ်ရှားမှုတွင် စေတနာ့ ဝန်ထမ်းအဖြစ် ပါဝင် ဆောင်ရွက်ခြင်း။

ဈ။ သင်နှင့် သဘောထား မတိုက်ဆိုင်သော နိုင်ငံရေးအယူအဆများ ရှိနေခြင်းအပေါ် လက်ခံနိုင်ခြင်း။

ည။ ဥပဒေ မချိုးဖောက်ခြင်း။

ဋ။ သတင်းအချက်အလက်များ ရယူခြင်း၊ မိမိတို့၏ အမြင်သဘောထားများအား ထုတ်ဖော်ခြင်းတို့ဖြင့် အစိုးရအား တာဝန်ခံမှု ရှိစေရန် ဖိအားပေးခြင်း။

ဌ။ ရွေးကောက်ခံ ကိုယ်စားလှယ်အဖြစ် ဝင်ရောက် ယှဉ်ပြိုင် ရွေးချယ်ခံပိုင်ခွင့်။

ဍ။ ခြိမ်းခြောက်ခြင်း၊ အကြမ်းဖက်ခြင်းတို့မှတစ်ဆင့် အခြားသူများ၏ နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများကို ကန့်သတ်မှု မပြုလုပ်ခြင်း။

ဎ။ လူမျိုးရေးအရသော်လည်းကောင်း၊ ဘာသာရေးအရသော်လည်းကောင်း၊ ကိုယ်အင်္ဂါ ချွတ်ယွင်းမှုကြောင့်သော် လည်းကောင်း၊ ကျား / မ ကွဲပြားမှု အရသော်လည်းကောင်း၊ လိင်စိတ် တိမ်းညွတ်မှုအရသော်လည်းကောင်း အကြောင်းပြု၍ ခွဲခြား ဆက်ဆံခြင်းများ မပြုလုပ်ခြင်း။

ဏ။ ဥပဒေအရ ရှိနေသော သင်၏ အခွင့်အရေးနှင့် တာဝန်များအပေါ် ကောင်းစွာ သိရှိ နားလည်ထားခြင်း။

တ။ အကျင့်ပျက် ခြစားမှုများကို တွေ့မြင်သိရှိသည့်အခါ ထုတ်ဖော် ပြောဆိုခြင်း။

ထ။ ရွေးကောက်ပွဲများအား လွတ်လပ်မျှတမှု ရှိစေရန် ဝိုင်းဝန်း ကြိုးပမ်းခြင်း။

ဒ။ အခြားသူများအား အမြင်ခြင်း မတူသော်လည်း လေးစားသမှုဖြင့် ဆက်ဆံခြင်း။

## တာဝန်များကို အစဉ်လိုက် စီပြပါ

**လုပ်ငန်းများ**

၁။ အောက်ဖော်ပြပါ တာဝန် စာရင်းများထဲမှ အရေးအပါဆုံးသော ၁၀ ချက်ကို ရွေးချယ်၍ အောက်ပါ ပုဂ္ဂိုလ်များအတွက် အရေးပါမှု အစဉ်လိုက် စီပြပါ။

- နိုင်ငံသားများအားလုံး
- ခေါင်းဆောင်များ
- သင်ကိုယ်တိုင်

၂။ ဖော်ပြပါ ပုဂ္ဂိုလ် ၃ ဦး (နိုင်ငံသားအားလုံး၊ ခေါင်းဆောင်များ၊ သင်ကိုယ်တိုင်) ၏ တာဝန် စာရင်းများကို နှိုင်းယှဉ်ပါ။ မည်သည့် အချက်များက တူညီ၍ မည်သည့် အချက်များက ကွဲပြားသနည်း။

၃။ သင်၏ တာဝန် စာရင်းကို ယခု သင်ခန်းစာ၏ ပထမပိုင်း သင်ခန်းစာ (၃.၂.၁) မှ သင် ပြုစုခဲ့သော တာဝန် စာရင်းနှင့် နှိုင်းယှဉ်ပါ။ မည်သည့်အချက်များက တူညီ၍ မည်သည့် အချက်များက ကွဲပြားသနည်း။

# ဒီမိုကရေစီရှိ သင်၏ တာဝန်များ



## နိုင်ငံသားများ၏ အရေးအပါဆုံးသော တာဝန်အချက် ၂၀




က။ ခေါင်းဆောင်များနှင့် ကိစ္စရေးရာများအကြောင်း လေ့လာ သိရှိထားခြင်း။

ခ။ ပြည်သူပိုင် ပစ္စည်းများအား လေးစား ကာကွယ်ခြင်း။

ဂ။ ခေါင်းဆောင်များနှင့် ကိစ္စရေးရာများအကြောင်း အခြားသူများအား ပညာပေးခြင်း။

ဃ။ ကိစ္စရေးရာများအကြောင်း ပါဝင်ဆွေးနွေး ငြင်းခုံခြင်း။

င။ သင်၏ လူမှုအသိုင်းအဝိုင်းတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင် ကူညီ ဆောင်ရွက်ခြင်း။

စ။ ကိစ္စတစ်ခုအား ထောက်ခံရန်အတွက် ရပ်ရွာလူမှု အသိုင်းအဝိုင်းများတွင် ပါဝင် လုပ်ဆောင်ခြင်း။

ဆ။ နိုင်ငံရေးပါတီများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း သို့မဟုတ် အဖွဲ့အတွင်း ဝင်ရောက်ခြင်း။

ဇ။ သင်၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအား ထိန်းသိမ်းခြင်း။

ဈ။ ငြိမ်းချမ်းသာယာရေးကို တိုးမြှင့် လုပ်ဆောင်ခြင်း။

ည။ နိုင်ငံရေး အစည်းဝေးပွဲများ၊ ရပ်ရွာအစည်းအဝေးများတွင် ပါဝင် တက်ရောက်ခြင်း။

ဋ။ စည်းလုံးညီညွတ်မှုကို တိုးမြှင့် လုပ်ဆောင်ခြင်း။

ဌ။ ရွေးကောက်ပွဲများတွင် မဲပေးခြင်း။

ဍ။ သက်ဆိုင်ရာ လူ့အဖွဲ့စည်းအတွက် ကိုယ်စားလှယ်အဖြစ် ဝင်ရောက် အရွေးချယ်ခံခြင်း။

ပ။ အခွန်ထမ်းဆောင်ခြင်း။

ဏ။ ပညာတတ်ခြင်း။

တ။ သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း။

ထ။ စစ်မှုထမ်းခြင်း။

ဒ။ ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်း စသည့် နည်းလမ်းများဖြင့် အစိုးရအား ဆန့်ကျင် ကန့်ကွက်ခြင်း။

ဓ။ အခြား နိုင်ငံသားများ၏ အခွင့်အရေးကို လေးစားခြင်း။

န။ တရားဥပဒေကို လေးစား လိုက်နာခြင်း။



## မြန်မာ့ရေးရာ

### မြန်မာနိုင်ငံသားတို့၏ တာဝန်များ – အမြင် ၂ မျိုး

**အပိုဒ် ၁ ၊ ၁၉၅၃ ခုနှစ်ထုတ် အထက်တန်းကျောင်းများအတွက် ပြည်သူ့နီတိ စာအုပ်တွင် နိုင်ငံသားတို့၏ အဓိကတာဝန်ကြီး ၅ ရပ် အကြောင်း ဖော်ပြထားသည်။**

၁။ **နိုင်ငံတော်၏ ဥပဒေများအား လေးစားလိုက်နာခြင်း** – ဒီမိုကရေစီ နိုင်ငံသား တစ်ယောက်၏ အဓိက အရေးကြီးသော တာဝန်တစ်ရပ်မှာ ဥပဒေကို လေးစားလိုက်နာခြင်း ဖြစ်သည်။ ဒီမိုကရေစီ နိုင်ငံသား တစ်ဦးသည် တရားဥပဒေကို မိမိကိုယ်တိုင် လိုက်နာရုံသာမက တစ်ပါးသူများအားလည်း ထိုသို့ လိုက်နာဖို့ စည်းရုံးတိုက်တွန်းမှုများ ပြုလုပ်ရန် တာဝန်ရှိပါသည်။

၂။ **အခွန်ထမ်းဆောင်ခြင်း** – ရွေးချယ်တင်မြှောက်ခံ အစိုးရတစ်ရပ်သည် နိုင်ငံသားတို့ လူမှုဘဝဖူလုံရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများစွာ ရှိပါသည်။ အဆိုပါ လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် အစိုးရတွင် ငွေကြေး အသုံးစရိတ်များစွာ လိုအပ်သည်။ ထို့ကြောင့် အစိုးရသည် နိုင်ငံသားများထံမှ အခွန်ကောက်ခံရန် တာဝန်ရှိလာသည်။ နိုင်ငံသားများသည် နိုင်ငံတော် အခွန်များကို သာမက ရပ်ရွာစည်ပင်သာယာ အခွန်များကိုပါ ထမ်းဆောင်ရန် တာဝန်ရှိပါသည်။

၃။ **နိုင်ငံသားနှင့် မဲပေးခြင်း** – ဒီမိုကရေစီနိုင်ငံ တစ်ခုတွင် နိုင်ငံသားတစ်ဦး၏ အခြေခံတာဝန်တစ်ရပ်မှာ မဲပေးခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မဲပေးခြင်း၏ စွမ်းအားကို တန်ဖိုးထား၍ ထိရောက်စွာ အသုံးချအပ်ပေသည်။ မဲမပေးသောသူများသည် နိုင်ငံသားတစ်ယောက်အနေဖြင့် တာဝန် ပျက်ကွက်ခြင်းပင်ဖြစ်သည်။

၄။ **အခြေခံပညာ သင်ကြားခြင်း** – နိုင်ငံသားတိုင်းသည် ပညာကို ကောင်းမွန်စွာ သင်ကြားတတ်မြောက်ရန် တာဝန်ရှိပေသည်။ ပညာရေး၏ ဦးတည်ချက်တစ်ရပ်မှာ နိုင်ငံသားအချင်းချင်း ငြိမ်းချမ်းစွာ ပူးပေါင်းလက်တွဲ ဆောင်ရွက်တတ်စေရန် ရည်ရွယ်သည်။ ပညာရေးဟူသည် အသက်မွေးပညာရပ် သင်ယူတတ်မြောက်စေရန် တစ်ခုတည်း ဦးတည်ခြင်း မဟုတ်ပေ။

၅။ **နိုင်ငံ့တာဝန် ထမ်းဆောင်ခြင်း** – နိုင်ငံ့တာဝန် ထမ်းဆောင်ခြင်းတွင် အမျိုးအစား ၂ မျိုး ရှိသည်။ ပထမတစ်မျိုးမှာ တရားဝင် နိုင်ငံ့ဝန်ထမ်း လုပ်ကိုင်ခြင်းနှင့် ဒုတိယ အမျိုးအစားမှာ စေတနာ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခြင်းတို့ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်း (အစိုးရဝန်ထမ်း) များသည် ၎င်းတို့၏ အလုပ်တာဝန်ကို ရိုးသားစွာ၊ ကျေပွန်စွာ စေတနာပါပါ ထမ်းဆောင်ကြမည်ဆိုလျှင် ၎င်းတို့ကို ဂုဏ်သိက္ခာရှိသော ဝန်ထမ်းကောင်းများအဖြစ် ရှုမြင်ကြမည်ဖြစ်သည်။ စေတနာ့ဝန်ထမ်းများသည်လည်း ထိုကဲ့သို့ ဂုဏ်သိက္ခာမျိုး ရှိပါသည်။

**အပိုဒ် ၂ ၊ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြန်မာနိုင်ငံသားတိုင်းသည် အောက်ပါတို့ကို ထမ်းဆောင်ရန် တာဝန်ရှိသည်။**

- ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း။
- ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းခြင်း။
- နိုင်ငံတော် ကာကွယ်ရေးအတွက် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာ သင်ကြားခြင်းနှင့် စစ်မှုထမ်းခြင်း။
- တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ကြိုးပမ်း ဆောင်ရွက်ခြင်း။
- နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း။
- အခွန်ထမ်းဆောင်ခြင်း။
- အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။
- သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်း။
- လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခြင်း။
- အများပြည်သူပိုင် ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း။

## လေ့ကျင့်ခန်း

အထက်ဖော်ပြပါ တာဝန် စာရင်းကို စာမျက်နှာ ၉၃ ရှိ လုပ်ငန်းများတွင် သင် ပြုစုခဲ့သော တာဝန် စာရင်းနှင့် နှိုင်းယှဉ်ပါ။

၁။ မည်သည့် အချက်များက တူညီနေပါသနည်း။

၂။ မည်သည့် အချက်များက ကွဲပြားနေပါသနည်း။

## ဆွေးနွေးချက်

၁။ သင်ပါဝင်သော လူ့အဖွဲ့အစည်းရှိ ပြည်သူလူထုတွင်ရှိသော အရေးအပါဆုံး တာဝန်များကို ဖော်ပြပါ။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းရှိ ပြည်သူလူထုအား အဆိုပါ တာဝန်များကို မထမ်းဆောင်နိုင်စေရန် မည်သည့် အရာများက အဟန့်အတား ဖြစ်နေပါသနည်း။

၃။ ပြည်သူလူထုသည် အဆိုပါ တာဝန်များကို မထမ်းဆောင်ပါက မည်သို့ ဖြစ်လာနိုင်မည်နည်း။

၄။ သင်ပါဝင်သော လူ့အဖွဲ့အစည်းရှိ ပြည်သူတို့အား အဆိုပါ တာဝန်များကို လက်ခံလာစေရန် မည်သို့သော နည်းလမ်းများဖြင့် အားပေးတိုက်တွန်းနိုင်မည်နည်း။

## ပြန်လည်သုံးသပ်ချက်

၁။ သင့် အနေဖြင့် တာဝန် တစ်ခုခုတွင် လျစ်လျူရှု (သို့) မသိကျိုးကျွန် ပြုလုပ်ခဲ့ဖူးပါလား။ ဘာတွေ ဖြစ်ခဲ့ပါသလဲ။

၂။ သင့် အနေဖြင့် အခြား တစ်စုံတစ်ဦး၏ တာဝန် တစ်ခုခုတွင် လျစ်လျူရှု (သို့) မသိကျိုးကျွန် ပြုမူကြောင့် ဆိုးရွားသည့် ထိခိုက်မှုများ ရှိပါသလား။ ရှိခဲ့လျှင် မည်သို့ ခံစားခဲ့ရပါသလဲ။

## ၃.၂.၂ တာဝန်နှင့် နိုင်ငံသားတို့၏ တက်ကြွလှုပ်ရှားမှု



ဒီမိုကရေစီတွင် အစိုးရဟူသည် နိုင်ငံသားများ၏ အကျိုးကို ထမ်းရွက်ရန်နှင့် နိုင်ငံသားများအား ကာကွယ်မှုပေးရန် တည်ရှိနေကြခြင်းဖြစ်သည်။ သို့သော် နိုင်ငံသားများသည် ရွေးကောက်ပွဲ၌ မဲပေးရုံသာပေးပြီး နောက်ရွေးကောက်ပွဲ မတိုင်ခင်အထိ ဘာမှမလုပ်တော့ဘူးဆိုလျှင် ဒီမိုကရေစီသည် တစ်စတစ်စ အားနည်းလာပေလိမ့်မည်။ သို့ဖြစ်လျှင် အကျင့်ပျက်ခြစားခြင်း၊ စီမံခန့်ခွဲမှု ညံ့ဖျင်းခြင်း၊ အာဏာရှင်ဆန်လာခြင်း အပါအဝင် ပြဿနာပေါင်းများစွာ ပေါ်ပေါက်လာစေနိုင်သည်။

ဒီမိုကရေစီတွင် နိုင်ငံသားများသည် အစိုးရနှင့် ပူးပေါင်းလုပ်ဆောင်၍ ပြည်သူလူထု၏ လိုအပ်ချက်များအား အစိုးရဘက်မှ သိရှိစေရန် ကြိုးပမ်းလုပ်ဆောင်ကြဖို့လိုသည်။ အဆိုပါ လိုအပ်ချက်များကို ဖြည့်ဆည်းမပေးပါကလည်း ဒီမိုကရေစီအရ နိုင်ငံသားများသည် အစိုးရကို ဝေဖန်ထောက်ပြကြရမည် ဖြစ်သည်။ ထိုသို့ လုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံသားများဘက်မှလည်း ၎င်းတို့၏ လူမှုရေး၊ နိုင်ငံရေး၊ အခြေအနေများကို ကောင်းစွာ သိရှိနားလည်ထားရမည်ဖြစ်ပြီး နိုင်ငံသားတာဝန်ကိုလည်း ခံယူထမ်းဆောင်တတ်ကြရန် လိုပါသည်။


တက်ကြွလှုပ်ရှားမှုရှိသော နိုင်ငံသားတို့၏ အဓိက သွင်ပြင်လက္ခဏာရပ်များကို အောက်ပါအတိုင်း ဖော်ထုတ်ကြည့်နိုင်သည်။

၁။ နိုင်ငံသားများသည် မိမိလူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုအကျိုးပြု လုပ်ငန်းများတွင် အချိန်နှင့် လုပ်အားကို ရင်းနှီးစိုက်ထုတ်၍ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ထမ်းရွက်ခြင်း။

၂။ နိုင်ငံသားများသည် မိမိတို့အပေါ် သက်ရောက်မှု ရှိစေမည့် ဆုံးဖြတ်ချက်များကို ချမှတ်သည့် ဖြစ်စဉ်တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြခြင်း။

၃။ နိုင်ငံသားများသည် မိမိတို့ လူ့အဖွဲ့အစည်းအပေါ် သက်ရောက်မှု ရှိစေမည့် နိုင်ငံရေး၊ လူမှုရေး ကိစ္စရပ်များအား နားလည်သိရှိထားခြင်း။

၄။ နိုင်ငံသားများသည် တရားမျှတမှု မရှိသော ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များနှင့် အခြေအနေများအား အန်တုစိန်ခေါ်ခြင်း။



**လေ့ကျင့်ခန်း**

အောက်ပါ လုပ်ရှားဆောင်ရွက်မှုများကို အထက်ဖော်ပြပါ တက်ကြွလုပ်ရှားမှုရှိသော နိုင်ငံသားများ၏ အဓိက သွင်ပြင်လက္ခဏာရပ် ၄ ခုနှင့် တွဲစပ်ပြပါ။ အဖြေသည် တစ်ခုထပ်ပိုသော သွင်ပြင်လက္ခဏာရပ်များလည်း ရှိနိုင်သည်။

# တက်ကြွလှုပ်ရှားမှုရှိသော နိုင်ငံသား

## ဖြစ်စေရန် ဘာတွေ လုပ်ဆောင်နိုင်သလဲ

### အောက်ဖော်ပြပါ ၇ ချက်သည် သင်လုပ်ဆောင်နိုင်သော အရာများဖြစ်သည်။



က။ မည်သည့် နေရာတွင် လမ်းသစ်ဖောက်လုပ်မည် ဆိုသည်ကို ဆုံးဖြတ်မည့် လူထု အစည်းအဝေးပွဲသို့ ပါဝင် တက်ရောက်ခြင်း။

ခ။ သင့် လူမှုအသိုင်းအဝိုင်း အတွင်းရှိ ပြဿနာတစ်ရပ်အတွက် ပူးပေါင်း အဖြေရှာရန် ဒေသန္တရအစိုးရနှင့် လက်တွဲ ပူးပေါင်း ဆောင်ရွက်ခြင်း။

ဂ။ အသစ်ဆောက်လုပ်သည့် စက်ရုံနှင့် ပတ်သက်၍ သင်၏ စိုးရိမ်ပူပန်ချက်များကို သင်၏ ကိုယ်စားလှယ်အား ထုတ်ဖော် ပြောဆိုခြင်း။

ဃ။ သင့် လူမှုအသိုင်းအဝိုင်းအပေါ် သက်ရောက်မှု ရှိစေမည့် ဥပဒေအသစ်များနှင့် ပတ်သက်၍ သိရှိနားလည်ထားခြင်း။

င။ လေထုညစ်ညမ်းမှု၏ ဆိုးကျိုးသက်ရောက်မှုများကို အသိပညာပေးသည့် လှုပ်ရှားမှုတွင် အခြားသူများနှင့်အတူ ပူပေါင်း ပါဝင် ဆောင်ရွက်ခြင်း။

စ။ သင်သဘောမတူသော ဆုံးဖြတ်ချက်တစ်ရပ်ကို ကန့်ကွက် ဆန့်ကျင်ရန် ဆန္ဒပြပွဲတစ်ရပ် ဦးဆောင် စီစဉ်ခြင်း။

ဆ။ ဒေသန္တရ ရွေးကောက်ပွဲတွင် ပါဝင် မဲပေးခြင်း။

## မြန်မာ့ရေးရာ

### ခင်နှင်းကြည်သာနှင့် တွေ့ဆုံမေးမြန်းခြင်း



ခင်နှင်းကြည်သာသည် တစ်ကိုယ်တော်ပရဟိတသမားများ ကွန်ရက်ကို တည်ထောင်သူ အသက် ၂၈ နှစ်အရွယ် လူငယ်အမျိုးသမီးတစ်ဦး ဖြစ်သည်။ အဆိုပါ ကွန်ရက်သည် စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းကြားရှိ မြိုင်မြို့နယ်မှ ဆင်းရဲသား ပြည်သူလူထုကို ကူညီထောက်ပံ့ရန် အထူးပြု ဆောင်ရွက်လျက်ရှိသည်။

မေး – ဒီကွန်ရက်လေးကို ဘယ်လို စလုပ်ဖြစ်ခဲ့တာလဲ။

ဖြေ – ၂၀၁၂ ခုနှစ် မေလမှာ တောင်တန်းဒေသကို ခရီးသွားဖြစ်ခဲ့တယ်။ အဲဒီမှာ အဖျားရောဂါ ခံစားနေရတဲ့ လူတွေအကြောင်း ဆောင်းပါးတစ်ပုဒ် ရေးဖို့ပါ။ ရောက်သွားတော့ အဲဒီဒေသမှာ လူမှုပြဿနာများစွာ ရှိနေကြတာကို တွေ့ခဲ့ရတယ်။ ဆောင်းပါးရေးပြီးတဲ့ အခါမှာ အလှူရှင် အချို့က ကျွန်မဆီကို အလှူငွေတွေ ပို့ပေးကြလို့ ကျွန်မလည်း အဲဒီလူတွေအတွက် လိုအပ်တာတွေ ဝယ်ပေးနိုင်ခဲ့တယ်။ အဲဒီလိုနဲ့ ကျွန်မ ဒီကွန်ရက်လေးကို စလုပ်ဖြစ်ခဲ့တယ် ဆိုပါတော့။

မေး – ရန်ပုံငွေကိုကော ဘယ်လို ရှာပါသလဲ။

ဖြေ – ကွန်ရက် စလုပ်ကတည်းက ကျွန်မ ဖေ့စ်ဘုတ် (Facebook) လူမှုစာမျက်နှာကနေပြီး အလှူငွေ ကောက်ခံခဲ့ပါတယ်။ ကျွန်မရဲ့ ကိုယ်ပိုင် အကောင့်ကကော ကွန်ရက်ရဲ့ Page ကပါ နှစ်ခုစလုံးကို သုံးပြီး အလှူခံခဲ့တယ်။ အလှူရှင်တွေနဲ့ကော စေတနာ့ ဝန်ထမ်းတွေနဲ့ပါ ကျွန်မ ဖေ့စ်ဘုတ်ကနေ တစ်ဆင့် ဆက်သွယ် စကားပြောခဲ့တယ်။ တချို့ လူတွေဆိုရင် ကျွန်မ လူချင်းတောင် မတွေ့ဖူးခဲ့ပါဘူး။ ပြည်တွင်း ပြည်ပက အလှူရှင် ၉၈ ရာခိုင်နှုန်းဟာ ဖေ့စ်ဘုတ် (Facebook) ကနေ တစ်ဆင့်ပဲ လှူခဲ့ကြတာပါ။

မေး – မြိုင်က လူထုကို ဘယ်လိုပုံစံနဲ့ ကူညီထောက်ပံ့တာလဲ။

ဖြေ – ပညာရေးပိုင်းကနေ စပြီး ကူညီပါတယ်။ မူလတန်းပညာရေးက အခမဲ့ ဖြစ်ရမယ်လို့တော့ အစိုးရက ပြောပါတယ်။ ဒါပေမယ့် တောင်တန်းဒေသက ကလေးတွေဟာ တဲကုပ်လေးတွေမှာ စာသင်နေကြရပြီး ဆရာ၊ ဆရာမတွေကိုလည်း အခကြေးငွေပေးပြီး သင်ကြရပါတယ်။ ပိုက်ဆံမပေးနိုင်တော့ရင် ဆရာတွေကလည်း စာသင်မပေးကြတော့ဘူး။ ဒါကြောင့် သူတို့အတွက် စာသင်ကျောင်း ၇ ကျောင်းကို ကျွန်မတို့ ဆောက်လုပ်ပေးခဲ့ပြီး အဲဒီကျောင်းတွေကို အစိုးရကျောင်းများအဖြစ် တရားဝင် အသိအမှတ်ပြုပေးဖို့ ဒေသန္တရ အစိုးရဆီကိုလည်း တောင်းဆိုပေးခဲ့ပါတယ်။ မူလတန်းအဆင့်မှာ အခမဲ့ပညာရေးစနစ် ဖြစ်စေဖို့ကိုလည်း တောင်းဆိုပေးခဲ့ပါတယ်။ ဆေးဝါးကုသဖို့ ဆရာဝန်တွေကိုလည်း တစ်နှစ်ကို ၈ ကြိမ် ကျွန်မတို့ ခေါ်ယူပေးပါတယ်။

မေး – ဒီကွန်ရက်ကို ဘာကြောင့် စလုပ် ဖြစ်ခဲ့တာလဲ။

ဖြေ – ကျွန်မတို့တွေ နိုင်ငံဖွံ့ဖြိုးရေး အလုပ်တွေကို လုပ်ကြတဲ့အခါမှာ ကျွန်မတို့နည်း ကျွန်မတို့ဟန်နဲ့လည်း အပြောင်းအလဲကို ဖန်တီးနိုင်စွမ်း ရှိတယ်လို့ ယုံကြည်ပါတယ်။ အစိုးရကို စောင့်နေစရာ မလိုပါဘူး။ အဲဒီ အပြောင်းအလဲကို ကျွန်မ စပြီး လုပ်ချင်တယ်။ ပြောင်းလဲဖို့ လိုနေတဲ့ အရာတွေကို ပြောင်းလဲအောင် လုပ်ချင်တဲ့ ဆန္ဒနဲ့ စပြီး လုပ်ဖြစ်ခဲ့တာပါ။

http://www.irrawaddy.org/interview/region-forgotten.html *ဧရာဝတီသတင်းမီဒီယာမှ ကူးယူဖော်ပြပါသည်။*

**လေ့ကျင့်ခန်း**

၁။ ခင်နှင်းကြည်သာသည် တစ်ကိုယ်တော်ပရဟိတသမားများ ကွန်ရက်ကို အဘယ်ကြောင့် စတင် လုပ်ဆောင်ဖြစ်ခဲ့သနည်း။

၂။ သူမ၏ ကွန်ရက်သည် မည်သို့သော လှုပ်ရှား ဆောင်ရွက်မှုတွေကို လုပ်ဆောင်သနည်း။

၃။ သူမ၏ ကွန်ရက်အတွက် ရန်ပုံငွေကို မည်ကဲ့သို့ ရှာဖွေ စုဆောင်းခဲ့သနည်း။

၄။ ခင်နှင်းကြည်သာတွင် တက်ကြွလှုပ်ရှားမှုရှိသောနိုင်ငံသားနှင့် ပတ်သက်သည့် မည်သည့် သွင်ပြင်လက္ခဏာရပ်များ ရှိနေသနည်း။

## လုပ်ငန်းများ

### တာဝန်ကွန်ချာ

အောက်ပါ စာပိုဒ်ကို ဖတ်၍ ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်ပါ။



ဒုက္ခမြို့လေး (Troubletown) ၏ စာသင်ကျောင်းသည် မြို့စွန်ရှိ ကွင်းပြင်ကြီး တစ်ခု၏ ကပ်လျက်ဘေးတွင် တည်ရှိသည်။ ကျောင်းသားများသည် ကွင်းပြင်ကြီးထဲ၌ ကစားရသည်ကို နှစ်သက်ကြသည်။ ကျောင်း၏ ဘေးပတ်ပတ်လည်တွင် လယ်ကွင်းပြင်များ ဝန်းရံထားသည်။ လယ်သမားများ အားလုံးသည် တိရစ္ဆာန်များကို ခြောက်လှန့်မောင်းထုတ်ရန်နှင့် ၎င်းတို့၏ စိုက်ခင်းသီးနှံများအား ကာကွယ်ရန်အတွက် ခွေးများ မွေးထားကြသည်။

စာသင်ကျောင်း၏ စားဖိုဆောင် ဝန်ထမ်းများသည် မီးဖိုချောင်ထွက် အမှိုက်များနှင့် စားကြွင်းစားကျန် အားလုံးကို လယ်ကွင်းပြင်ထဲသို့ လွှင့်ပစ်လျက်ရှိရာ လယ်ကွင်းထဲတွင် အမှိုက်ပုံကြီး ဖြစ်လျက်ရှိနေသည်။ ထိုအမှိုက်ပုံသည် ခွေးများကို လက်ယပ်ခေါ်သလို ဖြစ်နေပြီး ခွေးများသည် အမှိုက်ပုံရှိ စားကြွင်းစားကျန်များကို လာရောက်စားသောက်ကြတော့သည်။

ကျောင်းသား အချို့ကလည်း ခွေးများကို ခဲများဖြင့် ပစ်ပေါက်ကြသည်။ မကြာသေးမီက ကျောင်းသားအချို့ ခွေးကိုက်ခံရပြီး အဖျားဝင်တော့သည်။ ကျောင်းသားမိဘများလည်း ဒေါသဖြစ်ကြပြီး အဆိုပါ အခြေအနေနှင့် ပတ်သက်၍ တစ်ခုခုဖြေရှင်းပေးရန် တောင်းဆိုလာကြသည်။

၁။ အဖွဲ့များ ဖွဲ့ပါ။ အဖွဲ့တစ်ဖွဲ့ချင်းစီသည် အောက်တွင် ဖော်ပြထားသော တာဝန်ကွန်ချာဇယားရှိ အဖွဲ့ ၄ ဖွဲ့ကို ပေးရန်အတွက် တာဝန်အမှတ် (responsibility points) ၁၀ ခု ရှိထားသည်။ အမှတ်တစ်ခုချင်းစီသည် တာဝန်ပမာဏတစ်ခုကို ရည်ညွှန်းပါသည်။

- ဥပမာ – သင့် အနေဖြင့် အဖွဲ့တစ်ခုသည် တာဝန် အလုံးစုံ ရှိသည်ဟု ထင်မြင် ယူဆပါက ထိုအဖွဲ့အား ၁၀ မှတ် ပေးပါ။
- အဖွဲ့နှစ်ခုသည် ညီတူညီမျှ တာဝန်ရှိသည်ဟု ယူဆပါက တစ်ဖွဲ့လျှင် ၅ မှတ်စီ ပေးပါ။
- သင် မြင်တွေ့သော အခြေအနေအလိုက် အမှတ် ၁၀ မှတ်ကို သင့်တော်သလို ဝေမျှ ပေးပါ။




| တာဝန်ကွန်ချာဇယား | |
|---|---|
| လယ်သမားများ | ကျောင်းစီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ |
| ကျောင်းသားများ | ကျောင်းသားမိဘများ |

၂။ သင်၏ ရလဒ်များကို အတန်းသို့ တင်ပြ ဆွေးနွေးပါ။ အဆိုပါ အမှတ်များ ဝေပေးရခြင်း၏ အကြောင်းအရင်းများကို ရှင်းပြပါ။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်း အတွင်းရှိ အခြား နောက်ထပ် ပြဿနာရပ် တစ်ခုကို စဉ်းစားကြည့်ပါ။ တာဝန်ကွန်ချာ ဇယားတစ်ခု ဒီဇိုင်းရေးဆွဲပြီး ရလဒ်များကို အတန်းသို့ တင်ပြ ဆွေးနွေးပါ။

## ဆွေးနွေးချက်

၁။ သင်ပါဝင်သော လူ့အဖွဲ့အစည်းအတွင်းမှ တက်ကြွလှုပ်ရှားမှုရှိသော နိုင်ငံသားအချို့ရွေးချယ် ဖော်ပြပါ။

၂။ သူတို့၏ စွမ်းဆောင်ပြီးမြောက်မှုများထဲတွင် မည်သည့်အရာများက အရေးအပါဆုံး ဖြစ်သည်ဟု သင် ထင်မြင်ပါသနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် နိုင်ငံသားများ တက်ကြွလှုပ်ရှားမှု ရှိလာစေရန် အတွက် မည်သို့သော အားပေး တိုက်တွန်းမှုများ ပြုလုပ်နိုင်မည်နည်း။

## ပြန်လည်သုံးသပ်ချက်

၁။ သင်ပါဝင်သော လူ့အဖွဲ့အစည်းအတွင်းမှ တက်ကြွလှုပ်ရှားမှုရှိသော နိုင်ငံသာများအကြောင်း စဉ်းစားကြည့်ပါ။ ၎င်းတို့တွင် မည်သို့သော စံတန်ဖိုးထားမှုများ ရှိသနည်း။

၂။ သင်နှင့် အဆိုပါ ပုဂ္ဂိုလ်များကြား မည်သည့် စံတန်ဖိုးများ တူညီကြသနည်း။

၃။ ၎င်းတို့တွင် ရှိထားသော စံတန်ဖိုးများထဲမှ သင်လေးစားသော၊ သင်ကိုယ်တိုင်တွင် ရှိလာအောင်လည်း ပျိုးထောင်ချင်သော စံတန်ဖိုးများ ရှိပါသလား၊ မည်သည့် စံတန်ဖိုးများ ဖြစ်သည်ကို ဖော်ပြပါ။

## ၃.၂.၃ တာဝန်နှင့် အရပ်ဖက်လူမှုအဖွဲ့အစည်း




အများအားဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ ရည်မှန်းချက်များတွင် –

၁။ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေး

၂။ အနိမ့်ခံလူမှုအုပ်စုများအား စွမ်းရည်မြှင့်တင်ရေး

၃။ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးတက်ကောင်းမွန်လာရေး

၄။ လူမှုဖွံ့ဖြိုးရေးများ တိုးမြှင့် ဆောင်ရွက်ရေး စသည်တို့ ပါဝင်လေ့ရှိသည်။

အရပ်ဖက်လူ့အဖွဲ့အစည်းသည် ဒီမိုကရေစီအတွက် များစွာ အရေးပါသည်။ အကြောင်းမှာ နိုင်ငံသားများသည် ထိုအဖွဲ့အစည်းများမှတစ်ဆင့် အစိုးရနှင့် သီးခြားကင်းလွတ်စွာ ပါဝင်ဆောင်ရွက်ခွင့် ရသောကြောင့် ဖြစ်သည်။ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အစိုးရနှင့် ကင်း၍ သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်ဖို့လည်းများစွာ အရေးကြီးပါသည်။ ပထမ အကြောင်းအရင်းမှာ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ထိုကဲ့သို့ လွတ်လပ်မှသာ အစိုးရအပေါ် ဝေဖန်နိုင်မည်ဖြစ်သည်။ ဒုတိယ အကြောင်းအရင်းမှာ အရပ်ဖက်လူ့အဖွဲ့အစည်းများ ထိုကဲ့သို့ လွတ်လပ်ခြင်းမှသည် အစိုးရက ဖြည့်ဆည်းပေးနိုင်စွမ်း မရှိသော လိုအပ်ချက်များကို ၎င်းတို့က ဖြည့်ဆည်းပေးနိုင်ကြမည်ဖြစ်သည်။

တစ်ဖက်က ကြည့်လျှင်လည်း အရပ်ဖက်လူ့အဖွဲ့အစည်းများသည် ၎င်းတို့၏ ရည်မှန်းချက်များ အထမြောက်စေရန်အတွက် အစိုးရနှင့် နီးနီးကပ်ကပ် လက်တွဲပူးပေါင်းမှုများ လုပ်ဆောင်ကြရသည်။ ဤနည်းဖြင့် ၎င်းတို့သည် နေ့စဉ် အစိုးရနှင့် ပြည်သူတို့ကြား ပေါင်းကူးတံတားအဖြစ် ရပ်တည် ဆောင်ရွက်ပေးတတ်ကြသည်။

အရပ်ဖက်လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းခြင်းနှင့် နိုင်ငံသားများ၏ တက်ကြွလှုပ်ရှားမှု ရှိခြင်းသည် ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရေးအတွက် များစွာအရေးပါလေသည်။ ထိုသို့ ရှိထားခြင်းအားဖြင့် တာဝန်ခံမှု အားကောင်းသော အစိုးရမျိုး ပေါ်ထွန်းစေပြီး နိုင်ငံသားတို့၏ အခွင့်အရေးကို လေးစားလိုက်နာစေရန်အတွက်လည်း ထိန်းကျောင်းပေးနိုင်ပေသည်။

## လေ့ကျင့်ခန်း

အောက်ဖော်ပြပါ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSO) များကို တစ်ဖက်တွင် ဆွေးနွေးခဲ့သော ရည်မှန်းချက် ၄ ရပ် တို့နှင့် တွဲစပ်ပါ။ အချို့သော အရပ်ဖက်လူမှုအဖွဲ့အစည်းများတွင် ရည်မှန်းချက်တစ်မျိုးထက်မက ရှိနေနိုင်ပါသည်။

နမူနာအဖြေ – ၂ –
**အနိမ့်ခံလူမှုအုပ်စုများအား စွမ်းရည်မြှင့်တင်ရေး**

**က။ လှုပ်ရှားဆောင်ရွက် ပြည်သူ့အတွက်အဖွဲ့** (Action for Public) https://www.facebook.com/actionforpublicAFP

**အဓိကဆောင်ရွက်သော လုပ်ငန်းများ –**

- အိတ်ချ်အိုင်ဗီ (HIV) ဝေဒနာရှင် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကြောင်းပညာ သင်တန်းများပေးခြင်းနှင့် ဝင်ငွေရရှိရေး ဆောင်ရွက်ပေးခြင်း။
- အသေးစားငွေစု ငွေချေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။
- လူငယ်များအတွက် ဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေး သင်တန်းများပေးခြင်း။

**ခ။ ရှမ်းအမျိုးသမီး တက်ကြွလှုပ်ရှားသူများကွန်ရက်** (Shan Women's Action Network) http://www.shanwomen.org

**အဓိကဆောင်ရွက်သော လုပ်ငန်းများ –**

- အမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေး မြှင့်တင်ခြင်း။
- အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများအား ဆန့်ကျင် တိုက်ဖျက်ခြင်း။
- ငြိမ်းချမ်းရေးနှင့် လွတ်လပ်မှုအတွက် ပူးပေါင်းလက်တွဲ ဆောင်ရွက်ခြင်း။
- အမျိုးသမီးများအား စွမ်းဆောင်ရည် မြှင့်တင်ခြင်း။
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ လုပ်ဆောင်ခြင်း။

**ဂ။ ကရုဏာမြန်မာ လူမှုကူညီရေးအဖွဲ့** (Karuna Myanmar Social Service) http://www.kmss-caritasmyanmar.org

**အဓိကဆောင်ရွက်သော လုပ်ငန်းများ –**

- ကျန်းမာရေးစောင့်ရှောက်မှုနှင့် HIV/AIDS ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ လုပ်ဆောင်ခြင်း။
- သောက်သုံးရေသန့်ရှင်းရေးနှင့် ပိုးမွှားကင်းစင် ပတ်ဝန်းကျင်လုပ်ငန်းအစီအစဉ်များ လုပ်ဆောင်ခြင်း။
- ကလေးသူငယ် ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း။
- ပညာသင်ဆု အစီအစဉ်များ လုပ်ဆောင်ခြင်း။
- သဘာဝဘေးအန္တရာယ် လျှော့ချရေး အသိပညာပေး လုပ်ငန်းများ လုပ်ဆောင်ခြင်း။

**ဃ။ ရခိုင်ကမ်းရိုးတန်း ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့** (Rakhine Costal Region Conservation Association)
http://www.rakhineconservation.org

**အဓိကဆောင်ရွက်သော လုပ်ငန်းများ –**

- သစ်တောထိန်းသိမ်းခြင်း။
- ကျေးရွာပိုင် သစ်တောများ စိုက်ပျိုး ထူထောင်ပေးခြင်း။
- သဘာဝ ဘေးအန္တရာယ် ကာကွယ်ခြင်းလုပ်ငန်း။
- တောဆင်ရိုင်းများကို တရားမဝင် တောရိုင်းတိရစ္ဆာန် အမဲလိုက်ခြင်းနှင့် သတ်ဖြတ်ခြင်းရန်မှ ကာကွယ်ပေးခြင်း။

**င။ ကျောင်းထားမိခင် ဒေသဖွံ့ဖြိုးရေးအဖွဲ့** (Kyaunghtarmikhin Local Development Organization)

**အဓိကဆောင်ရွက်သော လုပ်ငန်းများ –**

- ဒေသခံလူထုနှင့် အဖွဲ့အစည်းများအား စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။
- ရပ်ရွာဦးဆောင်မှုအခြေပြု ငွေကြေးထောက်ပံ့မှု လုပ်ငန်းများ ဖော်ဆောင်ပေးရန် အသေးစား ငွေစု ငွေချေး လုပ်ငန်းများ လုပ်ဆောင်ခြင်း။
- သစ်တောများ ပြန်လည် ပျိုးထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ခြင်း။
- နိုင်ငံသားများအတွက် ခေါင်းဆောင်မှု သင်တန်းများ စီစဉ်ပို့ချပေးခြင်း။

**စ။ ဗမာရွှေ့ပြောင်း ဆရာများအသင်း** (Burmese Migrant Teachers Association) https://bmta05.wordpress.com


**အဓိကဆောင်ရွက်သော လုပ်ငန်းများ –**

- ရွှေ့ပြောင်းလူထု အသိုင်းအဝိုင်းတွင်းမှ ကလေးငယ်များ ပညာသင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခြင်း။
- ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းဆရာများ၏ စွမ်းရည်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း။
- မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အသိအမှတ်ပြုသည့် သင်ရိုးညွှန်းတမ်းများ ပြုစုခြင်း။
- ရွှေ့ပြောင်းကျောင်းဆရာများနှင့် ကျောင်းသားများ၏ အခွင့်အရေးအတွက် မူဝါဒပိုင်းဆိုင်ရာ တိုက်တွန်း လှုံ့ဆော်မှုများ လှုပ်ရှားဆောင်ရွက်ခြင်း။

## လုပ်ငန်းများ

## ရပ်ရွာအတွင်း ပတ်ဝန်းကျင် ညစ်ညမ်းမှု

အောက်ပါ စာပိုဒ်ကို ဖတ်၍ ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်ပါ။



ကျေးရွာ၏ အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် စက်ရုံအများအပြား ရှိနေသည်။ ထိုစက်ရုံများမှ များပြားသော အညစ်အကြေးနှင့် စွန့်ပစ်ပစ္စည်းများ နေ့စဉ် ထုတ်လွှတ်နေသည်။ ပြီးခဲ့သော နှစ်ကာလများအတွင်း ကျန်းမာရေး ချို့တဲ့သူ ဦးရေသည် တစ်နေ့တစ်ခြား များပြားလာခဲ့သည်။ မကြာသေးခင်က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ NGO အဖွဲ့တစ်ဖွဲ့ ကျေးရွာသို့ ရောက်ရှိလာပြီး ပတ်ဝန်းကျင် ညစ်ညမ်းမှု ပမာဏကို တိုင်းတာခဲ့ရာ ဝန်းကျင်ညစ်ညမ်းမှု ပမာဏသည် ဒေသခံပြည်သူများ၏ ကျန်းမာရေးအတွက် အလွန်စိုးရိမ်ဖွယ်ရာ အဆင့်အထိ ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရသည်။

ထိုအကြောင်းကို ဒေသခံပြည်သူများ သိရှိသွားကြသောအခါ အဆိုပါ ကိစ္စနှင့် ပတ်သက်၍ အရေးယူ ဆောင်ရွက်မှုတစ်ခုခု ပြုလုပ်ရန် ဆုံးဖြတ်လိုက်ကြသည်။ ယခုအခါ ထိုကိစ္စကို ဆွေးနွေးရန် ၎င်းတို့အဖွဲ့ အစည်းအဝေးထိုင်နေကြခြင်းဖြစ်သည်။ အစည်းအဝေးတွင် ဆွေးနွေးရမည့် အစီအစဉ်များမှာ –

- မည်သို့သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်မည်နည်း။
- မည်သို့သော ဆောင်ရွက်မှုများက အထိရောက်ဆုံး ဖြစ်မည်နည်း။
- ထိုဆောင်ရွက်မှုများကို မည်သူတွေ တာဝန်ယူ လုပ်ဆောင်မည်နည်း။

၁။ သင်သည် အဆိုပါ အစည်းအဝေးသို့ ကျေးရွာကိုယ်စားပြုတစ်ဦးအနေဖြင့် ပါဝင် တက်ရောက်နေသည် ဆိုပါစို့။ အဖွဲ့ထဲ၌ သင်၏ ဖြေရှင်းပုံများကို တင်ပြရန် ပြင်ဆင်ပါ။

၂။ သင့်ရပ်ရွာကို သက်ရောက်မှု ရှိနေသော အရေးကိစ္စတစ်ခုနှင့် ပတ်သက်၍လည်း အလားတူ အစည်းအဝေး တစ်ခု ပြုလုပ်ပါ။

- သင့်ရပ်ရွာအနေဖြင့်လည်း မည်သို့သော ပြဿနာကို ကိုင်တွယ် ဖြေရှင်းရန် ဆန္ဒရှိနေကြသနည်း။
- ထိုပြဿနာကို ဖြေရှင်းရန် သင်တို့ ဒေသခံပြည်သူများအနေဖြင့် မည်သို့သော အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်လျှင် ဖြစ်နိုင်မည် ထင်ပါသနည်း။
- မည်သို့သော အရေးယူဆောင်ရွက်မှုမျိုးက အထိရောက်ဆုံး ဖြစ်မည်နည်း ။
- ထိုကိစ္စကို မည်သူတွေက တာဝန်ယူ ဆောင်ရွက်သင့်သနည်း။

၃။ ပြဿနာတစ်ရပ်ကို ဖော်ထုတ်၍ အဆိုပါ ပြဿနာအတွက် ဖြစ်နိုင်ချေရှိသော ဖြေရှင်းနည်းကိုပါ ရှာဖွေ ဖော်ထုတ်ပြီး အတန်းရှေ့တွင် တင်ပြ ဆွေးနွေးရန် ပြင်ဆင်ပါ။

၄။ လုပ်ငန်းစီမံကိန်းတစ်ရပ်ကို ရေးဆွဲပါ။ အခြေအနေကို ပြောင်းလဲရန် သင်လုပ်ဆောင်မည့် လုပ်ငန်းစဉ် အဆင့်ဆင့် စာရင်းတစ်ခု ဖြစ်ပါစေ။

## ဆွေးနွေးချက်

၁။ ဒီမိုကရေစီတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အဘယ်ကြောင့် အရေးပါရသနည်း။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် မည်သည့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ တက်ကြွလှုပ်ရှားနေကြသနည်း။ ၎င်းတို့အနေဖြင့် မည်သို့သော လုပ်ငန်းများကို လုပ်ဆောင်နေကြသနည်း။

၃။ အရပ်ဖက်လူမှုအဖွဲ့စည်းများ ရှင်သန် အားကောင်းခြင်းသည် မည်သို့သော ကောင်းကျိုးများနှင့် ဆိုးကျိုးများကို ဖြစ်ပေါ်စေတတ်သနည်း။

## ပြန်လည်သုံးသပ်ချက်

၁။ သင့်အနေဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခုခုတွင် စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဖူးပါသလား။ သင့်၏ အတွေ့အကြုံများကို ဖော်ပြပါ။

၂။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်မှုကြောင့် သင်ကိုယ်တိုင် ကောင်းကျိုး ခံစားရသည်မျိုး ရှိခဲ့ဖူးပါသလား။ မည်သို့ အကျိုးခံစားခဲ့ရသည်ကို ရှင်းပြပါ။

၃။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ စွမ်းဆောင်မှုကြောင့် သင်ကိုယ်တိုင် ဆိုးကျိုးခံစားရသည်မျိုး ရှိခဲ့ဖူးပါသလား။ မည်သို့ ဆိုးကျိုးများ သက်ရောက်ခဲ့သည်ကို ရှင်းပြပါ။

# ၄.၁ လူ့အခွင့်အရေး

## ၄.၁.၁ လူ့အခွင့်အရေး – လိုအပ်ချက်နှင့် လွတ်လပ်မှု




လူ့အခွင့်အရေးထဲတွင် အသက်ရှင်သန်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့်၊ မိသားစု ထူထောင်ခွင့်များ ပါဝင်သည်။ ထိုအခွင့်အရေးများကို နိုင်ငံသားများအား အစိုးရက ပေးထားခြင်း မဟုတ်သည့်အတွက် အစိုးရက ရုပ်သိမ်းခွင့်လည်း မရှိပေ။ ၎င်းတို့သည် လူတိုင်း၏ မွေးရာပါ အခွင့်အရေးများဖြစ်သည်။ လူသားဖြစ်နေသည့်အတွက် ၎င်းအခွင့်အရေးများ ရှိနေခြင်းဖြစ်သည်။




လူ့အခွင့်အရေးဟူသည် ကျွန်ုပ်တို့၏ အခြေခံလိုအပ်ချက်များနှင့် ဆက်နွယ်လျက်ရှိသည်။ အခြေခံ လိုအပ်ချက်များ ဆိုသည်မှာ လူသားတို့ အသက်ရှင်နေထိုင်ရန် လိုအပ်သော အရာများဖြစ်သည်။ အဆိုပါ လိုအပ်ချက်များထဲတွင် စားနပ်ရိက္ခာ လုံလောက်စွာ စားသုံးရမှု၊ သန့်ရှင်းသော သောက်ရေရရှိမှု၊ နာမကျန်းဖြစ်သည့်အခါ ကျန်းမာရေးစောင့်ရှောက်ခံရမှုတို့ ပါဝင်သည်။

အဆိုပါ လိုအပ်ချက်များထဲတွင် ကျွန်ုပ်တို့၏ အခြေခံလွတ်လပ်ခွင့်များလည်း ပါဝင်သည်။ အခြေခံ လွတ်လပ်ခွင့် ဆိုသည်မှာ လူသားတို့ လွတ်လပ်ပျော်ရွှင်သော ဘဝကို ရရှိရန် ဆောင်ရွက်နိုင်ခြင်း ဖြစ်သည်။ ထိုလွတ်လပ်ခွင့်များသည် လွတ်လပ်စွာ အမြင်သဘောထား ထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ကဲ့သို့ လွတ်လပ်ခွင့်များဖြစ်သည်။ ဆိုခဲ့ပါ အရင်းအမြစ်များ (အစားအစာ၊ ရေနှင့် နေထိုင်စရာ) ရရှိရေးနှင့် ဆိုခဲ့ပါ အခြေခံလွတ်လပ်ခွင့်များ ခံစားနိုင်ရေးသည် ကျွန်ုပ်တို့၏ အခြေခံ လူ့အခွင့်အရေးများပင်ဖြစ်သည်။ လူသားတစ်ဦးအဖြစ် ရရှိရမည့် အခွင့်အရေးများဖြစ်သည်။

လူ့အခွင့်အရေးနှင့် ပတ်သက်၍ အရေးအပါဆုံးသော စာတမ်းမှာ ကုလသမဂ္ဂရဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (Universal Declaration of Human Rights) ပင် ဖြစ်သည်။

| မွေးရာပါ အခွင့်အရေး | အစိုးရထံမှရသော အခွင့်အရေး |
|---|---|
| နမူနာအဖြေ –<br>၂ - လူမျိုး၊ လိင်၊ အသားအရောင်၊ ဘာသာစကား၊ နိုင်ငံရေး ယုံကြည်ချက် မည်သို့ ရှိသည်ဖြစ်စေ၊ ဤစာတမ်းတွင် ပါဝင်သော အခွင့်အရေး အားလုံးကို လူတိုင်း ခံစားခွင့် ရှိသည်။ | နမူနာအဖြေ –<br>၂၆ - နားလည်မှုနှင့် သဘောထားကြီး သည်းခံမှုတို့ကို မြှင့်တင်ပေးနိုင်သော ပညာရေး ရရှိခွင့်။ |

## လေ့ကျင့်ခန်း

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများကို ပေးထားသော ဇယားကွက်တွင် ဖြည့်ပါ။

# အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း

၁။ လူတိုင်း မွေးဖွားကတည်းက တူညီသော လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးရှိသည်။

၂။ လူမျိုး၊ လိင်၊ အသားအရောင်၊ ဘာသာစကား၊ နိုင်ငံရေး ယုံကြည်ချက် မည်သို့ ရှိသည်ဖြစ်စေ၊ ဤစာတမ်းတွင် ပါဝင်သော အခွင့်အရေး အားလုံးကို လူတိုင်း ခံစားခွင့်ရှိသည်။

၃။ အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် ဘေးကင်းလုံခြုံခွင့်။

၄။ ကျွန်ပြုခံရခြင်းမှ ကင်းလွတ်ခွင့်။

၅။ နှိပ်စက်ခြင်း၊ ရက်စက်လူမဆန်သော၊ လူ့ဂုဏ်သိက္ခာ ထိခိုက်စေသော ဆက်ဆံခြင်းမျိုးမှ ကင်းလွတ်ခွင့်။

၆။ ဥပဒေရှေ့မှောက်တွင် လူသားတစ်ဦးအဖြစ် အသိအမှတ်ပြုခံပိုင်ခွင့်။

၇။ ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှခွင့်နှင့် စောင့်ရှောက်မှု ရယူပိုင်ခွင့်။

၈။ အခြေခံ အခွင့်အရေးများ ချိုးဖောက်ခံရခြင်းအတွက် ပြန်လည်ဖြည့်ဆည်းကုစားပေးမှု ရယူပိုင်ခွင့်။

၉။ နိုင်ထက်စီးနင်း ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း၊ ပြည်နှင်ခြင်းတို့မှ ကင်းလွတ်ခွင့်။

၁၀။ မျှတ၍ အများကြားနာနိုင်သော တရားစီရင်မှု ခံယူခွင့်။

၁၁။ အပြစ်ရှိကြောင်း သက်သေမပြနိုင်သရွေ့ အပြစ်ကင်းသည်ဟု ယူဆခံပိုင်ခွင့်။

၁၂။ အိမ်ရာနှင့် မိသားစုတွင် အနှောင့်အယှက် ကင်းရှင်းစွာ နေပိုင်ခွင့်၊ တစ်ကိုယ်ရည်လွတ်လပ် လုံခြုံခွင့်။

၁၃။ လွတ်လပ်စွာ လှုပ်ရှားသွားလာ နေထိုင်ပိုင်ခွင့်၊ နိုင်ငံတစ်နိုင်ငံမှ ထွက်ခွာခွင့် ပြန်လည်ဝင်ရောက်ခွင့်။

၁၄။ မတရားစီရင်ခံရပါက အခြားနိုင်ငံတွင် ခိုလှုံခွင့်။

၁၅။ နိုင်ငံသား ဖြစ်ခွင့်။

၁၆။ အရွယ်ရောက်ပြီးသူတိုင်း လွတ်လပ်စွာ လက်ထပ်ခွင့်၊ မိသားစု တည်ထောင်ခွင့်။

၁၇။ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် မတရားသိမ်းပိုက်ခံရခြင်းမှာ ကင်းလွတ်ခွင့်။

၁၈။ လွတ်လပ်စွာ တွေးခေါ်ကိုးကွယ်ယုံကြည်ခွင့်။

၁၉။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းရယူပိုင်ခွင့်။

၂၀။ လွတ်လပ်စွာ သင်းပင်း ဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်။

၂၁။ အစိုးရတွင် ပါဝင်လုပ်ဆောင်ခွင့်နှင့် ပုံမှန်ကျင်းပသော ရွေးကောက်ပွဲများတွင် မဲပေးခွင့်။ အစိုးရ၏ အာဏာလုပ်ပိုင်ခွင့်သည် ပြည်သူ၏ သဘောတူညီချက်ပေါ်တွင်သာ တည်ရမည်။

၂၂။ လူမှုဘဝဖူလုံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို ခံစားခွင့်။

၂၃။ အလုပ်အကိုင်၊ သင့်တင့်သော လုပ်ငန်းခွင်အခြေအနေ၊ တူမျှသော လစာရရှိခွင့်နှင့် သမဂ္ဂများတွင် အဖွဲ့ဝင်ခွင့်။

၂၄။ အပန်းဖြေ၊ အနားယူခွင့်။

၂၅။ သင့်တင့်သော လူနေမှု အဆင့်အတန်း၊ အစားအစာ၊ အဝတ်အစား၊ အိမ်ရာနှင့် ဆေးဝါးစောင့်ရှောက်မှုများ ရရှိခွင့်။

၂၆။ နားလည်မှုနှင့် သဘောထားကြီး သည်းခံမှုတို့ကို မြှင့်တင်ပေးနိုင်သော ပညာရေး ရရှိခွင့်။

၂၇။ ယဉ်ကျေးမှု၊ အနုပညာ၊ သိပ္ပံပညာတို့ လိုက်စားသော လူ့အသိုင်းအဝိုင်းတွင် ပါဝင်ပိုင်ခွင့်။

၂၈။ ဤအခွင့်အရေးများကို အသိအမှတ်ပြုသော လူမှုနှင့် နိုင်ငံတကာ ဆက်ဆံရေးများ၏ စောင့်ရှောက်မှုကို ခံစားခွင့်။

၂၉။ ဤအခွင့်အရေးများနှင့် အခြားသူများ၏ လွတ်လပ်ခွင့်များကို စောင့်ရှောက်ကာကွယ်ရန် လူတိုင်းတွင် တာဝန်ဝတ္တရားများရှိသည်။

၃၀။ ဤကြေညာချက်ထဲမှ မည်သည့် အချက်ကမှ ဖော်ပြပါ အခွင့်အရေးများ လွတ်လပ်ခွင့်များကို ကန့်သတ်ဟန့်တားခြင်း မပြုစေရ။

## လုပ်ငန်းများ

### လိုအပ်ချက်နှင့် လွတ်လပ်မှု




၁။ အဖွဲ့များ ဖွဲ့ပြီး သင်တို့၏ အခြေခံအကျဆုံးသော လိုအပ်ချက် ၆ ခုကို စဉ်းစား ဖော်ထုတ်ပါ။

<u>ဥပမာ</u> – **အစားအစာ၊ နေစရာ။**

၂။ သင်၏ အခြေခံအကျဆုံးသော လွတ်လပ်ခွင့် ၆ မျိုးကို စဉ်းစား ဖော်ထုတ်ပါ။

<u>ဥပမာ</u> – **ပြောဆိုခွင့်၊ လက်ထပ်ထိမ်းမြားခွင့်နှင့် သားသမီးရယူခွင့်**

၃။ စာမျက်နှာ (၁၀၇) ပါ လူ့အခွင့်အရေး ကြေညာစာတမ်းကို လေ့လာပါ။ မည်သည့် အခွင့်အရေးများသည် အဆိုပါ လိုအပ်ချက်များ၊ လွတ်လပ်ခွင့်များနှင့် ဆက်နွယ်နေပါသနည်း။

## ဆွေးနွေးချက်

၁။ သင်၏ လူ့အဖွဲ့အစည်းအတွင်းရှိ ပြည်သူလူထုသည် အဆိုပါ အခြေခံ လိုအပ်ချက်များ ပြည့်မီစေရန် မည်သို့သော အတားအဆီးများ ရှိနေပါသနည်း။

၂။ သင်၏ လူ့အဖွဲ့အစည်းအတွင်းရှိ ပြည်သူလူထုအတွက် အခြေခံလိုအပ်ချက်များ ပြည့်မီစေရန် မည်သို့သော အပြောင်းအလဲများ ပြုလုပ်ရန် လိုအပ်နေပါသနည်း။

၃။ သင်၏ လူ့အဖွဲ့အစည်းအတွင်းရှိ ပြည်သူလူထုသည် အဆိုပါ အခြေခံ လွတ်လပ်ခွင့်များ ခံစားနိုင်ရန် မည်သို့သော အတားအဆီးများ ရှိနေပါသနည်း။

၄။ သင်၏ လူ့အဖွဲ့အစည်းအတွင်းရှိ လူတိုင်းအတွက် အဆိုပါ အခြေခံ လွတ်လပ်ခွင့်များ ခံစားနိုင်စေရန် မည်သို့သော အပြောင်းအလဲများ ပြုလုပ်ရန် လိုအပ်နေပါသနည်း။

## ပြန်လည်သုံးသပ်ချက်

၁။ သင့်ဘဝတွင် မည်သည့်အရာများက အရေးပါဆုံး ဖြစ်မည်နည်း။ ၎င်းတို့ကို မည်သည့် လူ့အခွင့်အရေးများက အထောက်အပံ့ သို့မဟုတ် အကာအကွယ် ဖြစ်စေမည်နည်း။

၂။ သင်ကိုယ်တိုင်သော်လည်းကောင်း သို့မဟုတ် သင်နှင့် ရင်းနှီးသော မိတ်ဆွေတစ်ဦးဦးသော်လည်းကောင်း လူ့အခွင့်အရေး ချိုးဖောက်ခံရခြင်း ရှိခဲ့ဖူးပါသလား။ မည်ကဲ့သို့ ချိုးဖောက်ခဲ့ပါသနည်း။ သင် မည်သို့ ခံစားခဲ့ရပါသနည်း။

## ၄.၁.၂ လူ့အခွင့်အရေးနှင့် လူ့အဖွဲ့အစည်း



လူတိုင်း၌ မွေးရာပါ အခွင့်အရေးများ ရှိနေကြသည့်တိုင် အဆိုပါ အခွင့်အရေးများမှာ မကြာခဏ ဆိုသလို ချိုးဖောက်ခံနေရသည်။ ထိုအခွင့်အရေးများကို အခြားသော လူပုဂ္ဂိုလ်များကသော် လည်းကောင်း၊ စီးပွားရေး အဖွဲ့အစည်းများကသော်လည်းကောင်း၊ အစိုးရများကသော်လည်းကောင်း ချိုးဖောက်နေခြင်းမျိုးလည်း ဖြစ်နိုင်သည်။ လူသည် မိမိ၌ ဘာအခွင့်အရေးတွေ ရှိနေသည် ဆိုသည်ကို မသိရှိသောအခါ အခြားသူများအနေဖြင့် ၎င်း၏ လူ့အခွင့်အရေးကို ချိုးဖောက်ရန်မှာ အလွန်ပင် လွယ်ကူလှပြီး အရေးယူမှု တစ်စုံတစ်ရာ မရှိပေ။




လူ့အခွင့်အရေး ကြေညာစာတမ်းကို လက်မှတ်ရေးထိုး (သဘောတူ) ထားသော နိုင်ငံများထဲတွင် မြန်မာနိုင်ငံလည်း ပါဝင်သည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသားများ လူ့အခွင့်အရေး ချိုးဖောက်ခံလာ ရပြီဆိုလျှင် အဆိုပါ ကြေညာစာတမ်းကို ကိုးကား၍ အစိုးရ၏ တာဝန်ဝတ္တရားများ လျစ်လျူရှုမှုကို ထောက်ပြနိုင်ပါသည်။

မြန်မာနိုင်ငံသည် လူ့အခွင့်အရေးနှင့် ဆက်စပ်သော အခြားအရေးပါသည့် သဘောတူ စာချုပ်များ တွင်လည်း လက်မှတ် ရေးထိုးထားသည်။ ၎င်းတို့ထဲတွင် –

- ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (International Convention on the Rights of Child)
- အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ သဘောတူညီချက် (Convention on Elimination of All Discrimination against Women)
- မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (UN Convention on the Rights of Persons with Disadilities) ... စသည်တို့ ပါဝင်သည်။

## လေ့ကျင့်ခန်း

အောက်ပါ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စာမျက်နှာ (၁၀၇) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်းပါ သက်ဆိုင်ရာ စာပိုဒ်များနှင့် တွဲစပ် ပြပါ။

က။ စစ်သားများသည် လူနေရပ်ကွက် တစ်ခုရှိ မြေနေရာပေါ်တွင် စက်ရုံဆောက်ရန် အတွက် အဆိုပါ မြေပေါ်မှ လူနေအိမ်များအား အတင်းအကြပ် ဖယ်ရှားခိုင်းနေသည်။

နမူနာအဖြေ – **၃၊ ၁၃၊ ၁၇၊ ၂၅**

ခ။ စက်ရုံသည် မြစ်ထဲသို့ စွန့်ပစ်ပစ္စည်းများ သွန်ချနေသည်။ ၎င်း စွန့်ပစ်ပစ္စည်းများကြောင့် ကျေးရွာ အတွက် သောက်သုံးရေများ ညစ်ညမ်းလာပြီး ရေသည် ရွာသားများ သောက်သုံးရန် အတွက် အန္တရာယ် ရှိလာသည်။

ဂ။ ငါးဖမ်းသင်္ဘောတစ်စင်းသည် ၎င်း၏ အလုပ်သမားများအား အန္တရာယ်ရှိသော အခြေအနေအောက် တွင် တစ်ပတ်ကို ၇ ရက်၊ တစ်ရက်ကို ၁၆ နာရီ အလုပ်လုပ်ရန် အတင်းအကြပ် ခိုင်းစေသည်။

ဃ။ ကျေးရွာအား စိုက်ခင်း လယ်ယာမြေအဖြစ် အသုံးပြုရန် ရှိနေသည့်အတွက် ကျေးရွာလူထုအား ရွာမှ ဖယ်ရှားပေးရန် ခိုင်းစေသည်။

င။ သတင်းသမား တစ်ဦးသည် နိုင်ငံရေးသမား တစ်ယောက်၏ အကျင့်ပျက် ခြစားမှုကို ထုတ်ဖော် ရေးသားမှု ကြောင့် ဖမ်းဆီးခံလိုက်ရသည်။

စ။ ငြိမ်းချမ်းရေး ဆန္ဒပြပွဲ စီစဉ်သူများအား ဆန္ဒပြပွဲ မဖျက်သိမ်းပါက ထောင်ချမည်ဟု ခြိမ်းခြောက်သည်။

ဆ။ လူတစ်ယောက်သည် စွဲချက်တစ်စုံတစ်ရာ မရှိသေးဘဲ ထောင်ထဲတွင် ထိန်းသိမ်းခံထားရသည်မှာ တစ်လရှိပြီ ဖြစ်သည်။

ဇ။ လူမှုရေး၊ နိုင်ငံရေး ကိစ္စရပ်များနှင့် ပတ်သက်၍ လှုံ့ဆော်အသိပညာပေးသည့် အဖွဲ့အစည်းများ မထူထောင်ရန် တက်ကြွလှုပ်ရှားသူများအား ပိတ်ပင်ထားသည်။

ဈ။ လူနည်းစု ဘာသာရေး အသိုင်းအဝိုင်း အဖွဲ့ဝင်များအား အစိုးရ စာသင်ကျောင်းများတွင် ပညာသင်ကြားခွင့် မပြုပေ။



## မြန်မာ့ရေးရာ

## မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်

**မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် တာဝန် အခန်းမှ ကောက်နှုတ်ချက်**

၁။ ကော်မရှင်၏ လုပ်ပိုင်ခွင့်နှင့် တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

(က)သတင်းအချက်အလက်များ ဖြန့်ချီပေးခြင်း၊ လူ့အခွင့်အရေးဆိုင်ရာ အသိပညာများ တိုးတက်လာစေရန် ပညာပေးခြင်းနှင့် ခွဲခြား ဆက်ဆံမှုများအား လျော့ပါးအောင် ဆောင်ရွက်ခြင်း။

(ခ) အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေများနှင့် ပြည်တွင်း လူ့အခွင့်အရေး ဥပဒေများအား လေးစားလိုက်နာမှု ရှိစေရန် စီမံဆောင်ရွက်ခြင်း။

(ဂ) လူ့အခွင့်အရေး ချိုးဖောက်ဖျက်ကြောင်း တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်များကို စုံစမ်း စစ်ဆေးခြင်း။

(ဃ)တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်အရဖြစ်စေ၊ သတင်းအရဖြစ်စေ လူ့အခွင့်အရေး ဖောက်ဖျက်မှု ဖြစ်ပွားကြောင်း သိရှိရသည့် နေရာများသို့ သွားရောက်ခြင်း။

(င) အကျဉ်းထောင်များ၊ အချုပ်ခန်းများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်နိုင်ခြေရှိသော နေရာများသို့ သွားရောက် စစ်ဆေးခြင်း။

(စ) သက်ဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့အစည်း၊ တိုင်းရင်းသားအဖွဲ့အစည်း၊ လူနည်းစု အဖွဲ့အစည်း၊ ပညာရပ်ဆိုင်ရာ အဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဆ)အမျိုးသားအဆင့်၊ ဒေသအဆင့်၊ နိုင်ငံတကာအဆင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် သင့်တော်သလို တိုင်ပင် ဆွေးနွေး ပူးပေါင်းဆောင်ရွက်ခြင်း။

(ဇ) အစိုးရအဖွဲ့မှ ကော်မရှင်သို့ ရည်ညွှန်းပေးပို့လာသော လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို လက်ခံဆောင်ရွက်ခြင်း။

(ဈ) နိုင်ငံတော် သမ္မတမှ ကော်မရှင်သို့ ပေးပို့သော လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို လက်ခံဆောင်ရွက်ခြင်း။



(ည)ကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ အစီရင်ခံစာများ ပြုစုထုတ်ပြန်ခြင်း။

(ဋ) ကော်မရှင်၏ လုပ်ငန်းစဉ်များနှင့် ဆက်စပ်မှုရှိသည့် လုပ်ငန်းများအား ဆောင်ရွက်ခြင်း။

(ဌ) နိုင်ငံတော်၏ လူ့အခွင့်အရေး အခြေအနေများနှင့် စပ်လျဉ်း၍ နှစ်ပတ်လည် အစီရင်ခံစာကို သမ္မတနှင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်း။

(ဍ) လူ့အခွင့်အရေးကိစ္စနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို အထူးအစီရင်ခံစာများကို သမ္မတထံသို့ ရေးသားတင်ပြခြင်း။

၂။ ကော်မရှင်သည် –

(က)လုပ်ပိုင်ခွင့်များကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ငွေကြေးစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်။

*မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ၂၀၁၅ မှ ကောက်နှုတ် ရေးသားထားပါသည်။* http://mnhrc.org.mm/en/about/mandate

## လေ့ကျင့်ခန်း

အောက်ပါ မေးခွန်းများကို ဖြေပါ။

၁။ လူ့အခွင့်အရေးဆိုင်ရာ အသိပညာ ပြန့်ပွားရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်က မည်သည့် လုပ်ငန်းများကို ဆောင်ရွက်ပါသနည်း။

၂။ လူတစ်ဦးက လူ့အခွင့်အရေး ချိုးဖောက်မှုကိစ္စ တစ်စုံတစ်ရာ တိုင်တန်းလာလျှင် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်က မည်သို့ ဆောင်ရွက်ပါသနည်း။

၃။ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် အခြား မည်သည့် အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှု ပြုလုပ်သနည်း။

၄။ မြန်မာနိုင်ငံ လူ့အခွင့်အရေး ကော်မရှင်သည် ၎င်း၏ လုပ်ငန်းတာဝန်များကို လွတ်လပ်စွာ စီမံ ဆောင်ရွက်ခွင့်ရှိရန် အဘယ်ကြောင့် အရေးတကြီး လိုအပ်ပါသနည်း။

## လုပ်ငန်းများ

### လူ့အခွင့်အရေးများအား ပုံဖော်ကြည့်ခြင်း

၁။ အဖွဲ့လိုက်အနေဖြင့် မိမိတို့၏ မြို့ သို့မဟုတ် နေထိုင်ရာ ဝန်းကျင်နှင့် ပတ်သက်၍ မြေပုံတစ်ခု ဆွဲပါ။ မြေပုံတွင် –
- လူနေအိမ်များ အဓိက အများပြည်သူဆိုင်ရာ အဆောက်အဦးများ (ဥပမာ – ပန်းခြံ၊ စာတိုက်၊ မြို့တော်ခန်းမ၊ စာသင်ကျောင်းများ၊ ဘာသာရေး အဆောက်အအုံများ) နှင့်
- ဌာနဆိုင်ရာ အဆောက်အဦးများ (ဥပမာ – ဆေးရုံ၊ မီးသတ်ဌာန၊ ရဲစခန်း၊ သုသာန်) နှင့်
- ရပ်ရွာအတွင်း အရေးပါသည့် အခြားသော နေရာများ (ဥပမာ – ကုန်စုံဆိုင်၊ ရုပ်ရှင်ရုံ၊ စာတိုက်) တို့ကို ထည့်သွင်းပါ။

၂။ သင့် မြေပုံပေါ်ရှိ မတူကွဲပြားသော နေရာအမျိုးမျိုးနှင့် လူ့အခွင့်အရေးမှာ မည်သို့ ဆက်စပ်နေပါသနည်း။ ဥပမာ –
- ဘာသာရေး အဆောက်အအုံ (ဥပမာ – ဘုရား၊ စေတီများ၊ ဗလီများ၊ ဝတ်ပြုကျောင်းများ၊ ဘုရားကျောင်းများ) – လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်
- စာသင်ကျောင်း – ပညာသင်ကြားခွင့်
- စာတိုက် – သတင်းအချက်အလက် ရယူခွင့်၊ တစ်ကိုယ်ရည် လွတ်လပ်ခွင့်နှင့် ဆက်သွယ် ဖော်ပြခွင့်

၃။ အထက်ပါကဲ့သို့ အခွင့်အရေးတစ်ခုချင်းစီကို ဖော်ထုတ်ရင်း လူ့အခွင့်အရေး ကြေညာစာတမ်းပါ သက်ဆိုင်ရာ အပိုဒ်များနှင့် ဆက်စပ်ကြည့်ပါ။ မြေပုံပေါ်ရှိ သက်ဆိုင်သော နေရာတစ်ခုချင်းစီ၏ ဘေးတွင် သက်ဆိုင်သော အပိုဒ်နံပါတ်များ ရေးချပါ။

၄။ အောက်ပါ မေးခွန်းများကို ဆွေးနွေးပါ။
- အဆိုပါ မြို့တွင် ပြည်သူတို့၏ လူ့အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ပေးနေသော နေရာဌာနများ ရှိပါသလား။
- အဆိုပါ မြို့တွင် ပြည်သူတို့၏ လူ့အခွင့်အရေးများ ချိုးဖောက်ခံရသည့် နေရာများ ရှိနေပါသလား။
- တစ်စုံတစ်ယောက်၏ လူ့အခွင့်အရေး ချိုးဖောက်ခံရသည့်အခါ အဆိုပါ မြို့ သို့မဟုတ် အဆိုပါ လူမှုဝန်းကျင်တွင် ဘာတွေ ဖြစ်လာတတ်သနည်း။

၅။ သင်၏ မြေပုံအား တစ်တန်းလုံးကို တင်ပြ ဆွေးနွေးပါ။

## ဆွေးနွေးချက်

၁။ သင့် လူ့အဖွဲ့အစည်းရှိ ပြည်သူလူထုတွင် ရှိနေသည့် အရေးအပါဆုံးသော လူ့အခွင့်အရေးများမှာ အဘယ်နည်း။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် မည်သည့် လူ့အခွင့်အရေးများ အားနည်းနေသနည်း သို့မဟုတ် ချို့တဲ့နေသနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် အဆိုပါ အခွင့်အရေးများကို ကာကွယ်ရန် သို့မဟုတ် အားကောင်းလာစေရန် မည်သို့ လုပ်ဆောင်နိုင်မည်နည်း။

## ပြန်လည်သုံးသပ်ချက်

၁။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် လူ့အခွင့်အရေးများ ရှင်သန် အားကောင်းလာစေရန် သင် ကိုယ်တိုင် လှုပ်ရှားဆောင်ရွက်ခြင်း ရှိပါသလား။ ဥပမာများနှင့်တကွ ရှင်းပြပါ။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် လူ့အခွင့်အရေးများ အားနည်းချည့်နဲ့စေရန် သင်ကိုယ်တိုင် လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိပါသလား။ ဥပမာများနှင့်တကွ ရှင်းပြပါ။

# ၄.၁.၃ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ




လူ့အခွင့်အရေးသည် ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်များမှ တစ်ခုလည်း ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) တွင် ဒီမိုကရေစီအစိုးရတစ်ရပ်ကို ရရှိခြင်းသည်လည်း လူ့အခွင့်အရေးတစ်ရပ်ပင်ဖြစ်ကြောင်း ထည့်သွင်း ဖော်ပြထားသည်။ "ပြည်သူပြည်သားတို့ ဆန္ဒသည် အုပ်ချုပ်မှုအာဏာ၏ အခြေခံ ဖြစ်ရမည်" ဟု ၎င်းကြေညာစာတမ်း၏ အပိုဒ် ၂၁ တွင် ဆိုထားသည်။

လူ့အခွင့်အရေးမရှိဘဲ ဒီမိုကရေစီ သက်ဝင်လည်ပတ်ရန် မဖြစ်နိုင်ပေ။ မိမိတို့ လူ့အသိုင်းအဝိုင်းအား သက်ရောက်မှု ရှိစေသည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လူတိုင်း တန်းတူညီမျှစွာ ပါဝင်ဆုံးဖြတ်ခွင့် ရှိစေရန် လူ့အခွင့်အရေးက အာမခံပေးထားသည်။ ၎င်းတို့ထဲတွင် ရွေးကောက်ပွဲများ၌ မဲပေး ရွေးချယ်ခွင့်နှင့် ကိုယ်စားလှယ်လောင်းအဖြစ် ရွေးချယ်ခံပိုင်ခွင့်တို့လည်း ပါဝင်ပေသည်။

### က။ လွတ်လပ်ခွင့်များ

လွတ်လပ်မှု ရပိုင်ခွင့်ဟူသည် နိုင်ငံသားတို့အနေဖြင့် တစ်စုံတစ်ခုကို လွတ်လပ်စွာ ပြုလုပ်ဆောင်ရွက် နိုင်သော အခွင့်အရေး ရှိခြင်းပင် ဖြစ်သည်။ ၎င်းတို့ထဲတွင် လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် ခွဲခြားဆက်ဆံခံရမှုမှ ကင်းလွတ်ခွင့်တို့ ပါဝင်သည်။ နိုင်ငံသားများအနေဖြင့် ပါဝင်ဆောင်ရွက်မှု ပြုနိုင်ရန် အဆိုပါ လွတ်လပ်ခွင့်များသည် ဒီမိုကရေစီ၏ အခြေခံ လိုအပ်ချက်များပင်ဖြစ်သည်။ ဥပမာ –

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် မရှိလျှင် ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့အား ဘာကြောင့် မဲပေးရွေးချယ်သင့်သည်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များအား ရှင်းပြခွင့် ရရှိနိုင်တော့မည် မဟုတ်ပေ။
- လွတ်လပ်စွာ စုဝေးခွင့် မရှိလျှင် သက်ဆိုင်ရာ လူထုသည် ကိုယ်စားလှယ်လောင်းများ၏ ဟောပြောပွဲများ၊ စကားရည်လုပွဲများကို စုဝေးနားထောင်ခွင့် ရတော့မည် မဟုတ်ပေ။

- လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့် မရှိလျှင် ပြည်သူလူထုသည် နိုင်ငံရေးပါတီများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ ထူထောင်၍ ပူးပေါင်းလုပ်ဆောင်ခြင်းများ လုပ်နိုင်တော့မည် မဟုတ်ပေ။
- ခွဲခြားဆက်ဆံခံရမှု ကင်းလွတ်ခွင့် မရှိလျှင် အချို့သော လူများသည် မိမိတို့အပေါ် သက်ရောက်မည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ချန်လှပ်ထားခြင်း ခံရပေမည်။

**လေ့ကျင့်ခန်း**

အောက်ပါ ဖော်ပြချက်များသည် လွတ်လပ်ခွင့်များကို ကောင်းမွန်စွာ အသုံးချခြင်းလော သို့မဟုတ် ချိုးဖောက်ခြင်းလော ဆိုသည်ကို ခွဲခြားပြပါ။

က။ သတင်းသမား အမျိုးသမီးတစ်ဦးထံသို့ ၎င်းအား ငြိမ်ငြိမ်နေရန်၊ မနေပါက သူမ၏ မိသားစုပါ ဒုက္ခရောက်သွားမည်ဖြစ်ကြောင်း ခြိမ်းခြောက်ထားသည့် စာတစ်စောင် ရောက်လာသည်။

နမူနာအဖြေ – **လွတ်လပ်ခွင့်အား ချိုးဖောက်ခြင်း**

ခ။ လယ်သမားတစ်စုသည် မြို့လယ်ခေါင်တွင် လာရောက်စုဝေး၍ ပတ်ဝန်းကျင် ညစ်ညမ်းမှုများကြောင့် လယ်ယာမြေများအပေါ် သက်ရောက်သည့် အကျိုးဆက်များ အကြောင်းကို မြို့နေလူထုအား ဟောပြော ရှင်းပြကြသည်။

ဂ။ အလုပ်သမားအခွင့်အရေး လှုပ်ရှားမှု အဖွဲ့သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်မှုကို တရားဥပဒေနှင့် မညီကြောင်း အစိုးရက ဥပဒေ ပြဋ္ဌာန်းသည်။

ဃ။ လူအများစု ပြောဆို အသုံးပြုသည့် ဘာသာစကားကို မပြောတတ်သည့် လူများအတွက် တရားရုံးတွင် ဘာသာပြန်များ ထားရှိပေးရန် အစိုးရက ဥပဒေတစ်ရပ် ပြဋ္ဌာန်းထားသည်။

င။ အစိုးရဝန်ထမ်း အလုပ်အကိုင်များကို လူများစု တိုင်းရင်းသားများသာ လုပ်ကိုင်ခွင့်ပေးသည်။

စ။ ဂီတနှင့် ကဗျာ အနုပညာရှင် တစ်စုသည် "အကျင့်ပျက်ခြစားမှု ဆန့်ကျင်ရေးတေးများ" ဟု အမည်ပေးထားသော သီချင်းဆိုပွဲတစ်ခုကို စီစဉ်၍ အဆိုပါပွဲတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဆိုင်ရာ တေးသီချင်းများကို သီဆိုကြသည်။




## ၁။ ဘေးကင်းလုံခြုံခွင့်များ

ဘေးကင်းလုံခြုံခွင့်သည် နိုင်ငံသားများအား မတရားမှုများမှ အကာအကွယ် ပေးထားသည်။ ဘေးကင်းလုံခြုံခွင့်အရ နိုင်ငံသားများသည် မတရားသဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်းများမှ ကင်းလွတ်ခွင့်ရှိသည်။ ဒီမိုကရေစီစနစ်တွင် နိုင်ငံသားများသည် အကြမ်းဖက်မှု၊ မတရားသဖြင့် ပြစ်ဒဏ်ပေးမှုများကို စိုးရိမ်ကြောက်လန့်နေစရာ မလိုဘဲ နိုင်ငံရေးဖြစ်စဉ်၌ ပါဝင်ဆောင်ရွက်နိုင်ဖို့ လိုပေသည်။ ထိုသို့ ပါဝင် ဆောင်ရွက်နိုင်ရန် ယုံကြည်မှုနှင့် လုံခြုံမှုတို့ ရှိနေဖို့ လိုပါသည်။ ဘေးကင်းလုံခြုံခွင့်သည် နိုင်ငံသားများအား မတရားမှု အန္တရာယ်များမှ ကာကွယ်ပေးခြင်းနှင့် နိုင်ငံသားတို့အား ပါဝင်ဆောင်ရွက်နိုင်မှု စွမ်းရည်မြှင့်တင်ပေးခြင်းတို့အားဖြင့် ဒီမိုကရေစီကို ပြန်၍ အထောက်အပံ့ ဖြစ်စေပါသည်။



ဘေးကင်းလုံခြုံခွင့် ဆိုသည်မှာ နိုင်ငံသားများသည် အစိုးရ၏ ဥပဒေမဲ့ခြိမ်းခြောက်ခြင်း၊ ရန်ပြုခြင်း၊ ဖမ်းဆီးခြင်းတို့မှ ကင်းလွတ်ခွင့် ရှိခြင်းကို ဆိုလိုသည်။ ဘေးကင်းလုံခြုံခွင့်အရ အစိုးရသည် ရှင်းလင်းတိကျစွာ ရေးဆွဲပြဋ္ဌာန်းထားသော ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီသာလျှင် လူများကို ဖမ်းဆီးခွင့် အပြစ်ပေးခွင့်ရှိသည်။ ဥပဒေလုပ်ထုံးလုပ်နည်းဟု ဆိုရာတွင် အောက်ပါတို့ ပါဝင်သည် –

- ဖမ်းဆီးထိန်းသိမ်းခံရသူသည် ၎င်းဖမ်းဆီးထိန်းသိမ်းခံရခြင်း၏ အကြောင်းအရင်းကို သိခွင့်ရှိသည်။
- ဖမ်းဆီးထိန်းသိမ်းခံရသူသည် ဖမ်းဆီးခံရပြီး ၂၄ နာရီအတွင်း အနီးဆုံး တရားရုံး၌ ရုံးထုတ်စစ်ဆေးခံပိုင်ခွင့်ရှိသည်။
- ဖမ်းဆီးထိန်းသိမ်းခံရသူသည် ရှေ့နေနှင့် တွေ့ဆုံခွင့်ရှိသည်။

အဆိုပါ အခွင့်အရေးများနှင့် (အခွင့်အရေးများကို အကာအကွယ်ပေးသော ဥပဒေများ) သည် နိုင်ငံသားများအား လူမဆန်စွာ ပြုမူဆက်ဆံခံရခြင်းမှ ကာကွယ်ပေးထားသည်။ ၎င်းတို့ အထဲတွင် အောက်ပါ အခြေအနေများမှ ကင်းလွတ်ခွင့်များလည်း ပါဝင်သည် –

- အစိုးရ၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့၏ ဥပဒေမဲ့ မတရားအရေးယူမှု။
- အကြောင်းမဲ့ ပြစ်ဒဏ်ပေးခံရမှု။
- ညှဉ်းပန်းနှိပ်စက်မှု။
- အကြောင်းမဲ့ ရှာဖွေဖမ်းဆီး သိမ်းဆည်းမှု။
- ဥပဒေနှင့်အညီ တရားရင်ဆိုင်ခွင့်နှင့် ရှေ့နေငှားရမ်းခွင့်တို့ ပိတ်ပင်ခံရမှု။
- အကျင့်ပျက်ခြစားမှု။
- အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှု။

ဘေးကင်းလုံခြုံခွင့်သည် နိုင်ငံသားများအား စိုးရိမ်ကြောက်လန့်ခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းတို့မှ ကာကွယ်ပေးသည်။ နိုင်ငံသားတို့သည် အကြောက်တရားတို့ဖြင့် နေနေရလျှင် ၎င်းတို့၏ အမြင်သဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်ကြတော့မည် မဟုတ်ပေ။ ဘေးကင်းလုံခြုံခွင့်သည် နိုင်ငံသားများအား ဒီမိုကရေစီ ဖြစ်စဉ်၌ ပါဝင်ဆောင်ရွက်နိုင်ရန်၊ အမြင်သဘောထားများကို လွတ်လပ်စွာ ထုတ်ဖော်နိုင်ရန်နှင့် အစိုးရကို ဝေဖန်ထောက်ပြနိုင်ရန် မိမိကိုယ်ကို ယုံကြည်မှုကို ပေးစွမ်းနိုင်သည်။ အဆိုပါ အခြေအနေများ မရှိဘဲ ဒီမိုကရေစီ သက်ဝင်လည်ပတ်ဖို့ရာ မဖြစ်နိုင်ပေ။

## လေ့ကျင့်ခန်း

အောက်ပါဖော်ပြချက်များအား မှား/ မှန် ခွဲခြားပြပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းပြပါ။

က။ ဘေးကင်းလုံခြုံခွင့်သည် နိုင်ငံသားများအား အစိုးရကို ဝေဖန်မှုများ မပြုရဲအောင် ကြောက်ရွံ့နေစေခြင်းအားဖြင့် ဒီမိုကရေစီကို ပံ့ပိုးပေးပါသည်။

ခ။ ဘေးကင်းလုံခြုံခွင့်အရ ရဲများသည် လူတစ်ယောက်ကို အကြောင်းမဲ့ ဖမ်းဆီးရန် အလွန် ခက်ခဲသွားပေသည်။

ဂ။ သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်း၌ လူကြိုက်များမှု မရှိသောသူများအား အကြမ်းဖက်ခြိမ်းခြောက်မှု ပြုခြင်းသည် လက်ခံနိုင်ဖွယ်ရာဖြစ်သည်။

ဃ။ ဘေးကင်းလုံခြုံခွင့်သည် နိုင်ငံသားများအား အာဏာအလွဲသုံးစားပြုခြင်း အန္တရာယ်မှ အကာအကွယ် ပေးထားသည်။

င။ ဘေးကင်းလုံခြုံခွင့်တွင် အဖမ်းခံရသည့်အခါ ရှေ့နေနှင့် တွေ့ဆုံ ဆွေးနွေးခွင့်လည်း ပါဝင်သည်။

စ။ လာဘ်ငွေ မပေးနိုင်သော နိုင်ငံသားများ၏ ဘေးကင်းလုံခြုံခွင့်ကို လျစ်လျူရှုနိုင်ပေသည်။



## မြန်မာ့ရေးရာ

### လူ့အခွင့်အရေး ဆိုသည်မှာ (အထက်တန်းကျောင်းများအတွက် ပြည်သူ့နီတိ၊ ၁၉၅၃)




တစ်ခါတစ်ရံတွင် လူတို့အား အယူအဆတစ်ခုတည်း၊ ဝါဒတစ်ခုတည်းကိုသာ လက်ခံယုံကြည်စေရန် ခေါင်းဆောင်များနှင့် အာဏာရှိသူများက ဝါဒမှိုင်းသွင်းမှုများ ပြုလုပ်လေ့ရှိသည်။ ထိုကဲ့သို့ ပြုလုပ်ခြင်းသည် ခေါင်းဆောင်ပိုင်းများနှင့် အာဏာရှိသူ လူတစ်စုအတွက်သာ ကောင်းကျိုးဖြစ်စေပြီး လူ့အဖွဲ့အစည်း တစ်ခုလုံးအတွက်မူ ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေတတ်သည်။ ထို့ကြောင့် လူအများအနေဖြင့် မတူကွဲပြားသော အတွေးအခေါ်အယူအဆများ၊ ဝါဒများကို လေ့လာခွင့် ရှိစေရန် ဆောင်ရွက်သင့်ပေသည်။

လူတိုင်းတွင် မိမိထက်သန်ရာ ယုံကြည်ချက်များ ရှိကြသည်။ အဆိုပါ အတွေးအခေါ်များသည် လူ့အဖွဲ့အစည်း ငြိမ်းချမ်းသာယာရေးကို မထိခိုက်စေလျှင် အစိုးရအနေဖြင့်လည်း လူတို့အား ထိုအတွေးအခေါ်များကို လက်ခံယုံကြည်ခွင့် ပေးသင့်သည်။ အထူးသဖြင့် လူတို့အား ၎င်းတို့၏ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားများကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုရန် အရေးကြီးသည်။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ရိုးရာနတ်ကိုးကွယ်မှုများနှင့် အခြားကိုးကွယ်ယုံကြည်မှုများ အားလုံးကို ခွင့်ပြုပေးထားသည်။ နိုင်ငံသားတို့သည် မိမိတို့၏ ကိုးကွယ်ယုံကြည်ရာ ဘာသာတရားကို လွတ်လပ်စွာ ကိုးကွယ်လိုလျှင် အခြားသူများ၏ ကိုးကွယ် ယုံကြည်မှုကိုလည်း လက်ခံခွင့်ပြုပေးရမည် ဖြစ်သည်။ မိမိဘာသာတရားကသာ အခြားသူများ၏ ဘာသာတရားထက် သာလွန်ကောင်းမြတ်သည် ဟူ၍လည်း မပြောဆိုအပ်ပေ။ အခြားဘာသာ ကိုးကွယ်မှုမှာလည်း မှားယွင်းသည်ဟုလည်း မပြောအပ်ပေ။

လူအမျိုးမျိုးတွင် အယူအဆအမျိုးမျိုးရှိကြပြီး အဆိုပါ အယူအဆများကို လူအများရှေ့မှောက်တွင်လည်း လွတ်လပ်စွာ ဟောပြော ဆွေးနွေးပြလိုကြသည်။ အစိုးရသည် နိုင်ငံသားတို့၏ လွတ်လပ်စွာ ပြောဆိုခွင့်ကို ပိတ်ပင်မည်ဆိုလျှင် ထိုသူတို့သည် မခံမရပ်နိုင်ဖြစ်၍ အဓိကရုဏ်းများ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လွတ်လပ်စွာ ပြောဆိုခွင့်ကို ထားရှိသင့်ပေသည်။ သို့သော် အချို့သော ပြောဆိုမှုများသည် လူမျိုးတစ်မျိုးနှင့် တစ်မျိုးကြား၊ နိုင်ငံသားတစ်ဦးနှင့် တစ်ဦးကြား အထင်အမြင် လွဲမှားမှုများနှင့် ပဋိပက္ခများကို ဖြစ်ပွားစေနိုင်သလို အချို့စကားများသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၊ လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိခိုက်စေမှုများလည်း ဖြစ်စေနိုင်သည်။ ထိုသို့သော ပြောဆိုမှုမျိုးများကိုမူ ထိန်းချုပ်ကန့်သတ်သင့်ပေသည်။

လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်တို့ အားလုံးသည် ဒီမိုကရေစီ နည်းကျ ဆွေးနွေးမှုအတွက် အရေးကြီးပေသည်။ နိုင်ငံသားများသည် ၎င်းတို့၏ အမြင်သဘောထားများကို သတင်းစာများ၊ ဂျာနယ်များတွင် လွတ်လပ်စွာ ရေးသားဖော်ပြနိုင်ခွင့် ရှိရပေမည်။

ဥပဒေသည် လူတိုင်းအပေါ် တန်းတူညီမျှစွာ သက်ရောက်မှု ရှိရေးသည်လည်း များစွာအရေးကြီးပေသည်။ ငွေကြေးချမ်းသာသူဖြစ်စေ၊ ဆင်းရဲသူဖြစ်စေ၊ လူများစုအဖွဲ့ဝင်ဖြစ်စေ၊ လူနည်းစုအဖွဲ့ဝင်ဖြစ်စေ၊ ဥပဒေသည် တစ်ညီတည်းသာ သက်ရောက်ရမည် ဖြစ်သည်။

ကောင်းမွန်သော ပညာရေးကို သင်ကြားနိုင်မည့် အခွင့်အရေးသည် ချမ်းသာသူ၊ ဩဇာအာဏာရှိသူများအတွက်သာ မဟုတ်ဘဲ နိုင်ငံသားအားလုံးအတွက် ဖြစ်ရပေမည်။ ပြည်သူတို့အတွက် ပညာသင်ကြားနိုင်ရန် ဟန့်တားနေသည့် အခက်အခဲ အတားအဆီးဟူသမျှ ဖယ်ရှားပေးရန်မှာ အစိုးရ၏ တာဝန်ဖြစ်သည်။ အစိုးရသည် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးရမည်ဖြစ်သည်။ ဆင်းရဲနွမ်းပါးသူများ အနေဖြင့် ခန္ဓာကိုယ်အား ထိခိုက်စေနိုင်မည့် ပြင်းထန်သော အလုပ်ကြမ်းများ လုပ်ရခြင်းမျိုး မဖြစ်ရအောင်လည်း စီမံထိန်းကျောင်းသင့်ပေသည်။

*ဦးဘဖေ (၁၉၅၃)၊ "အထက်တန်းကျောင်းများအတွက် ပြည်သူ့နီတိ" မှ ကောက်နုတ်ထားသည်။*

**လေ့ကျင့်ခန်း**

၁။ ဦးဘဖေသည် ဒီမိုကရေစီတွင် မည်သည့် အခွင့်အရေးများက အရေးပါကြောင်း ပြောဆိုထားသနည်း။

၂။ ဦးဘဖေက အဆိုပါ အခွင့်အရေးများသည် မည်သည့် တာဝန်များနှင့် ဒွန်တွဲ၍လာကြောင်း ပြောဆိုထားသနည်း။

၃။ ဦးဘဖေသည် ပြည်သူများ အဆိုပါ အခွင့်အရေးတို့ကို ခံစားခွင့်ရစေရန် အစိုးရအနေဖြင့် မည်သို့ ဆောင်ရွက်သင့်ကြောင်း ပြောဆိုထားသနည်း။

## လုပ်ငန်းများ

### လူ့အခွင့်အရေး ပိုစတာ

၁။ အဖွဲ့များ ဖွဲ့ပါ။ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများထဲမှ ဒီမိုကရေစီနှင့် ဆက်နွယ်သော လူ့အခွင့်အရေးတစ်ခုကို အဖွဲ့လိုက် ရွေးချယ်ပါ။




အောက်ပါအတိုင်း ပိုစတာတစ်ခု ပြုလုပ် ဖန်တီးပါ –

- (ပိုစတာနောက်ဘက်တွင်) ခေါင်းစဉ်/ လူ့အခွင့်အရေး စာပိုဒ်တစ်ခုကို ရေးသားပါ။
- (ပိုစတာ၏ ရှေ့ပိုင်းတွင်) ၎င်း အခွင့်အရေးသည် ဒီမိုကရေစီအတွက် ဘာကြောင့် အရေးကြီးရသည်ကို ပေါ်လွင်အောင် ပြသထားသော ပုံတစ်ပုံကိုထည့်ပါ။

၂။ သင်တို့၏ ပုံများကို နံရံတွင် ချိတ်ဆွဲထားပါ။

၃။ စာသင်ခန်းတွင် ချိတ်ဆွဲထားသော ပိုစတာများကို လှည့်ပတ်ကြည့်ရှု၍ ပိုစတာတစ်ခုချင်းစီသည် လူ့အခွင့်အရေး ကြေညာစာတမ်းပါ မည်သည့် အပိုဒ်ကို ရည်ညွှန်းကြောင်း စဉ်းစား ဆုံးဖြတ်ပါ။

## ဆွေးနွေးချက်

၁။ လူ့အခွင့်အရေးကို ကာကွယ်ရာတွင် ဒီမိုကရေစီစနစ်က အဘယ်ကြောင့် သင့်တော် ကောင်းမွန်ပါသနည်း။

၂။ လွတ်လပ်ခွင့်များသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၃။ ဘေးကင်းလုံခြုံခွင့်သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၄။ ဒီမိုကရေစီတွင် ပြည်သူလူထုသည် ၎င်းတို့၏ လူ့အခွင့်အရေးများကို ကာကွယ်ရန် မည်သို့ လုပ်ဆောင်နိုင်ကြသနည်း။

## ပြန်လည်သုံးသပ်ချက်

၁။ ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်တွင် ပါဝင်နိုင်မည်ဟူသော ယုံကြည်မှု စွမ်းရည်ကို သင့်အား မည်သည့် အရာက ပေးစွမ်းပါသနည်း။

၂။ အဆိုပါ စွမ်းရည်ကို မည်သည့် အခွင့်အရေးများက အားဖြည့်ပေးသနည်း သို့မဟုတ် ကာကွယ်ပေးသနည်း။

# ၄.၂ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်း ဆောင်ရွက်ခွင့်နှင့် တန်းတူညီမျှခွင့်

## ၄.၂.၁ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်




လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် (လွတ်လပ်စွာ ရေးသားဖော်ပြခွင့်) သည် ဒီမိုကရေစီ၏ အခြေခံ လိုအပ်ချက်တစ်ခု ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ ရေးသား၊ ပြောဆို ထုတ်ဖော်ခွင့် ရှိခြင်းအားဖြင့် နိုင်ငံသားများသည် မိမိတို့၏ အသံကို ထုတ်ဖော်အသိပေးခွင့်ရကြမည်ဖြစ်သည်။ အဆိုပါ အခွင့်အရေးအား ခိုင်လုံသော အကြောင်းပြချက် တစ်စုံတစ်ရာ မရှိဘဲ (ဥပမာ – အကြမ်းဖက်မှု သို့မဟုတ် အများပြည်သူအား အန္တရာယ်ဖြစ်စေမှုကို အားပေးလှုံ့ဆော်ခြင်း) မည်သည့်အခါမျှ ကန့်သတ်ပိတ်ပင်ခြင်း မပြုသင့်ပေ။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တွင် အခြားသူများနှင့် သတင်းအချက်အလက်များ ၊ အတွေးအခေါ် အယူအဆများ အပြန်အလှန် ဖလှယ်ခွင့် (ဥပမာ – ဟောပြောခြင်း၊ လူမှုကွန်ရက်မီဒီယာ စာမျက်နှာများတွင် ဝေဖန်ချက်များ ရေးခြင်း၊ သတင်းဂျာနယ်များ နှင့် ဘလော့များတွင် သတင်းဆောင်းပါးများ ရေးသားခြင်းတို့လည်း) ပါဝင်သည်။ ထို့အတူ သတင်း အချက်အလက်များ၊ အတွေးအခေါ် အယူအဆများ လက်ခံရယူခွင့်လည်း ပါဝင်သည်။



လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် ဒီမိုကရေစီကို အောက်ပါနည်းလမ်းများဖြင့် ထောက်ကူ ပေးထားပါသည်။

- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိခြင်းအားဖြင့် လူတိုင်းသည် မိမိ၏ စိတ်ကူး အယူအဆများကို ဖော်ထုတ်အသိပေးနိုင်သည်။ သို့မှသာ ဆွေးနွေးငြင်းခုံမှုများတွင် အကောင်းဆုံး စိတ်ကူးအယူအဆများက အနိုင်ရရှိသွားမည်ဖြစ်သည်။ ဤနည်းဖြင့် လူအချင်းချင်း တစ်ဦး၏ အမြင်ကို တစ်ဦးက သိရှိ၍ နားလည်မှုရစေပြီး ပဋိပက္ခများ ကိုလည်း လျော့ကျစေနိုင်သည်။
- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှု ရှိခြင်းအားဖြင့် နိုင်ငံသားများသည် မိမိတို့ နိုင်ငံအတွင်း ဖြစ်ပျက်နေသော အရေးကိစ္စများကို သိရှိနိုင်ကြမည် ဖြစ်သည်။ အရေးကိစ္စများ သိရှိ နားလည်သော နိုင်ငံသားများသည် ပိုမို ကောင်းမွန်သော ဆုံးဖြတ်ချက်များကို ချမှတ်နိုင် ပေမည်။ ထိုအချက်သည် အလွန်အရေးကြီးလှသည်။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီ နိုင်ငံသားများသည် မိမိတို့အား အုပ်ချုပ်မည့် အစိုးရကို မိမိတို့ ကိုယ်တိုင် ရွေးချယ်ရန် တာဝန်ရှိနေသောကြောင့် ဖြစ်သည်။
- လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် အစိုးရနှင့် ပြည်သူလူထုကြား ဆက်သွယ်မှု အတွက်လည်း ပံ့ပိုးပေးနိုင်ခြင်းကြောင့် ဒီမိုကရေစီအတွက် အလွန်အရေးပါလေသည်။ နိုင်ငံသားများသည် အစိုးရနှင့် ပတ်သက်၍ မိမိတို့၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖော်ပြခွင့်၊ ရှိရမည် ဖြစ်သည်။ သို့မှသာ အစိုးရဘက်မှလည်း ၎င်းတို့ လုပ်ကိုင်ဆောင်ရွက်မှုများအား ပြည်သူလူထုက ကြိုက်နှစ်သက်မှုရှိ၊ မရှိကို သိမြင်လာပြီး လိုအပ်လျှင် မူဝါဒ အပြောင်းအလဲများကို ပြုလုပ်လာနိုင်မည်ဖြစ်သည်။

သို့သော် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ဟူသည် ပြည်သူလူထုအား ပြောချင်ရာ ပြောခွင့်ပေးထားခြင်း မျိုးတော့ မဟုတ်ပေ။ ဥပမာ – အမုန်းစကားများ (လူတစ်ယောက်သည် လူအများအား အကြမ်းဖက်မှု ပြုလုပ်ရန် အားပေးလှုံ့ဆော်သည့် အပြောအဆိုများ) ကိုမူ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်က ကာကွယ်ပေးလိမ့်မည် မဟုတ်ပေ။ လွတ်လပ်စွာ ရေးသားထုတ်ဖော်ခွင့်၊ ပြောဆိုခွင့်နှင့် ပတ်သက်၍ ကန့်သတ် ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာ နိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် ထည့်သွင်း ပြဋ္ဌာန်းထားလေ့ရှိသည်။

## လေ့ကျင့်ခန်း

၁။ အောက်ပါဖော်ပြချက်များတွင် ဒီမိုကရေစီရှိ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ အကျိုးကျေးဇူးနှင့် မကိုက်ညီသည့် အချက်များကို ရွေးချယ် ဖော်ထုတ်ပြပါ။

က။ ပြဿနာများကို ဖြေရှင်းရန် အထောက်အကူဖြစ်နိုင်မည့် စိတ်ကူးအယူအဆများ ပိုမိုရရှိစေနိုင်သည်။

ခ။ နိုင်ငံသားအချင်းချင်း တစ်ဦး၏ လိုအပ်ချက်များကို တစ်ဦးက ပိုမို သိရှိနားလည်လာစေနိုင်သည်။

ဂ။ ပညာတတ်သောသူများသာ ၎င်းတို့၏ အမြင်သဘောထားများကို ထုတ်ဖော်ပြောဆိုခွင့်ရကြသည်။

၂။ အောက်ပါဖော်ပြချက်များထဲမှ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၏ ကောင်းကျိုးရလဒ်များနှင့် မညီသည့် အချက်များကို ရွေးထုတ် ဖော်ပြပါ။

က။ နိုင်ငံသားများသည် အသိအမြင် ပိုမိုကြွယ်ဝစွာဖြင့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ကြသည်။

ခ။ အစိုးရသည် ပြည်သူလူထု၏ လိုအပ်ချက်များကို ပိုမို သိမြင်နားလည်လာသည်။

ဂ။ လူထုထောက်ခံမှုနည်းသော သဘောထားရှိသူများသည် ၎င်းတို့ အယူအဆများကို ထုတ်ဖော် ပြောဆိုခွင့် မရကြပေ။

၃။ အောက်ပါဖော်ပြချက်များထဲမှ မည်သည့် အချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်က ခွင့်မပြုသနည်း။

က။ အကြမ်းဖက်မှုကို လှုံ့ဆော်အားပေးသော အပြောအဆိုများ။

ခ။ ဒီမိုကရေစီကို ဝေဖန်မှုများ။

ဂ။ အစိုးရအပေါ် ဝေဖန်မှုများ။



## မြန်မာ့ရေးရာ

### လွတ်လပ်စွာ ပြောဆိုခွင့်နှင့် အမုန်းစကား



နိုင်ငံရေးတက်ကြွ လှုပ်ရှားသူလည်းဖြစ်၊ ဘလော့ဂါတစ်ဦးလည်းဖြစ်သော နေဘုန်းလတ်သည် အမုန်းစကား ဆန့်ကျင်ရေးကို ရည်ရွယ်သော ပန်းစကား လှုပ်ရှားမှုကို ပြီးခဲ့သော အပတ်မှစ၍ လှုပ်ရှားခဲ့သည်။ အမုန်းစကားဟု ဆိုရာတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် တစ်စုတစ်ဖွဲ့အား လူမျိုးရေးကို အခြေခံ၍လည်းကောင်း၊ ဘာသာရေးကို အခြေခံ၍လည်းကောင်း၊ လိင်စိတ်တိမ်းညွတ်မှုကို အခြေခံ၍ လည်းကောင်း ရည်ရွယ်တိုက်ခိုက်သော စကားများဖြစ်သည်။

မေး – ဒီလှုပ်ရှားမှုကို ဘာကြောင့် စလုပ်ဖြစ်ခဲ့တာလဲ။

ဖြေ – အင်တာနက်ပေါ်မှာ ပြောဆိုလာကြတဲ့ စကားတွေဟာ တစ်နေ့တခြား ဆိုးရွားလာနေတယ်။ ကျွန်တော်တို့က လွတ်လပ်စွာ ပြောဆိုခွင့်ကို ထောက်ခံပြောဆိုကြတဲ့အခါမှာ အမုန်းစကားများ လျော့ပါးရေးကိုပါ ထည့်သွင်း ပြောဆိုတယ်။ လူတစ်ယောက်ကို ရိုက်နှက်သတ်ဖြတ်ဖို့ သွေးထိုးလှုံ့ဆော်တဲ့ စကားမျိုးတွေဟာ အမုန်းစကားတွေပဲဖြစ်တယ်။ ဒီစကားတွေကြောင့် လူတွေကြားမှာ အမုန်းတရားတွေ ပျံ့နှံ့စေနိုင်ပြီး လူ့အဖွဲ့အစည်းအတွက် အန္တရာယ် ဖြစ်လာနိုင်တယ်။

အမုန်းစကားတွေကို လူမှုကွန်ရက်မီဒီယာတွေမှာပဲ တွေ့နေရတာ မဟုတ်တော့ဘူး။ လူစုံတဲ့ တချို့ဟောပြောပွဲတွေ၊ ပုံနှိပ်မီဒီယာတွေမှာလည်း တွေ့လာရတယ်။ အဲဒီအမုန်းစကားတွေကို ပျံ့နှံ့အောင် ကြိုးစားနေတဲ့ လူတွေဟာ ကျွန်တော်တို့ နိုင်ငံမှာ အကြမ်းဖက် ပဋိပက္ခတွေ ဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်နေတာနဲ့ အတူတူပါပဲ။

အမုန်းစကားဆန့်ကျင်ရေး လှုပ်ရှားမှု စလုပ်ဖို့ အခြားအရပ်ဖက်လူမှုအဖွဲ့အစည်းတွေနဲ့ ကျွန်တော် စဆွေးနွေး ဖြစ်ခဲ့တယ်။ ပထမဆုံး ကျွန်တော်တို့ရဲ့ ဆောင်ပုဒ်လေးကို ထုတ်ပြန်ကြေညာခဲ့တယ်။ "လူအချင်းချင်း အမုန်းမပွားဖို့ ငါတို့ နှုတ်ကို စောင့်စည်းစို့" ဆိုတဲ့ ဆောင်ပုဒ်လေးပါ။ ဒီလိုနဲ့ "ပန်းစကား" လို့ခေါ်တဲ့ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုကို စတင်အကောင်အထည်ဖော် ဖြစ်ခဲ့တယ်။

မေး – ခင်ဗျားတို့ရဲ့ ရည်ရွယ်ချက်တွေကို ရရှိဖို့ ပန်းစကားလှုပ်ရှားမှုမှာ ဘယ်လိုလုပ်ငန်းမျိုးတွေကို လုပ်ဆောင်ဖြစ်ခဲ့ပါသလဲ။

ဖြေ – ရန်ကုန်မြို့နဲ့ အခြားပြည်နယ်နဲ့ တိုင်းတွေမှာ စတစ်ကာတွေ၊ ပိုစတာတွေ၊ လက်ကမ်းစာစောင်တွေကို ဝေငှဖြစ်ခဲ့တယ်။ ပထမဆုံး ကျွန်တော်တို့ လှုပ်ရှားမှုရဲ့ ပေးချင်တဲ့ သတင်းစကားတွေကို လူတွေကြားမှာ ပျံ့နှံ့အောင် ကြိုးစားလုပ်ဆောင်တယ်။ ကျွန်တော်တို့ လှုပ်ရှားမှုက သြဇာရှိတဲ့ ဒေသခံ ခေါင်းဆောင်ပိုင်းတွေကိုလည်း ရည်ရွယ်ပါတယ်။ ဒီသတင်းစကားတွေက ပြည်သူတွေကြားမှာ ပျံ့နှံ့ သိရှိသွားကြပြီဆိုရင် အန္တရာယ်ရှိတဲ့ အမုန်းစကားတွေကို ပြောဆိုလာတဲ့လူတွေကိုလည်း ပြည်သူတွေကိုယ်တိုင် ဆန့်ကျင်လာကြလိမ့်မယ်။

မေး – အမုန်းစကားတွေကို တားဆီးခြင်းက လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မထိခိုက်စေဘူးလား။

ဖြေ – လူတိုင်းမှာ လွတ်လပ်စွာ ပြောဆိုခွင့် ရှိပါတယ်၊ ဒါပေမယ့် အဲဒီအခွင့်အရေးက အန္တရာယ် အမုန်းစကားတွေကို ဖြန့်ချီဖို့တော့ မဟုတ်ဘူး၊ ကိုယ်ပြောတဲ့ စကားကို ကိုယ်တာဝန်ယူတတ်ဖို့ လိုပါလိမ့်မယ်။ လွတ်လပ်စွာ ပြောဆိုခွင့်ကို ကန့်သတ်ခြင်းဟာ လွတ်လပ်ခွင့်အတွက် အန္တရာယ်ဖြစ်ကောင်း ဖြစ်နိုင်ပါတယ် ဒါပေမယ့် အမုန်းစကားတွေက လွတ်လပ်ခွင့်အတွက် ပိုပြီးအန္တရာယ်ကြီးပါတယ်။

ကျွန်တော်တို့ ကိုယ်တိုင်လည်း သေသေချာချာ နားလည်အောင် ရှင်းပြရတာတွေ ရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က လွတ်လပ်စွာ ပြောဆိုခွင့်ကို လိုက်ပိတ်ပင်နေတယ်လို့ တချို့လူတွေက ထင်နေကြတယ်။ တကယ်တော့ ပန်းစကား လှုပ်ရှားမှုဟာ လွတ်လပ်စွာ ပြောဆိုခွင့်ကို လိုက်ပိတ်ပင်နေတာ မဟုတ်ပါဘူး၊ လူ့အဖွဲ့အစည်းကို အန္တရာယ်ဖြစ်စေမယ့် အမုန်းစကားတွေကို မပြောမိစေဖို့ပဲ လူတွေကို အသိပေး တိုက်တွန်းနေတာပါ။

*ဧရာဝတီ သတင်းဌာန၏ ကိုနေဘုန်းလတ်အား မေးမြန်းထားသည့် 'အမုန်းစကား နှလုံးသားထဲသို့ အဆိပ်ကဲ့သို့သွား' မှ ကောက်နှုတ် ဖော်ပြထားသည်။* http://www.irrawaddy.org/interview/hate-speech-pours-poison-heart.html

## လေ့ကျင့်ခန်း

၁။ အမုန်းစကားဟူသည် အဘယ်နည်း။

၂။ နေဘုန်းလတ်သည် ပန်းစကား လှုပ်ရှားမှုကို အဘယ်ကြောင့် စတင်လုပ် ဖြစ်ခဲ့သနည်း။

၃။ နေဘုန်းလတ်သည် လွတ်လပ်စွာ ပြောဆိုခွင့်ကို ကန့်သတ်ရန် ကြိုးစားနေသည်ဟု ဆိုနိုင်ပါသလား။

## လုပ်ငန်းများ

### လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အား ကာကွယ်ခြင်း

အောက်ပါဖြစ်စဉ်တစ်ခုချင်းစီကို လေ့လာ၍ ၎င်းတို့အား လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ဖြင့် အကာအကွယ် ပေးသင့် / မပေးသင့် ဆိုသည်ကို အကြောင်းပြချက်နှင့်တကွ ရှင်းပြပါ။

က။ တက်ကြွလှုပ်ရှားသူ တစ်ဦးသည် နိုင်ငံတော်အလံကို မီးရှို့ခြင်းဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကန့်ကွက် ဆန္ဒပြသည်။

နမူနာအဖြေ – **ကာကွယ်ပေးသင့်ပါသည်၊ အဘယ်ကြောင့်ဆိုသော် သူသည် အခြားသူများအား အန္တရာယ် မဖြစ်စေဘဲ မိမိဆန္ဒ သဘောထားကို ထုတ်ဖော်ပြနေသောကြောင့်ဖြစ်သည်။**

**သို့မဟုတ်**

**အကာအကွယ် မပေးသင့်ပါ၊ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်အလံကို မီးရှို့ခြင်းသည် မိမိနိုင်ငံကို မထေမဲ့မြင်ပြုရာကျပြီး အမျိုးသားစည်းလုံးညီညွတ်ရေးကို ပျက်ပြားစေနိုင်သောကြောင့်ဖြစ်သည်။**

ခ။ နိုင်ငံရေးခေါင်းဆောင်တစ်ဦးသည် ၎င်း၏ နောက်လိုက်များအား အခြားနိုင်ငံရေး ပါတီခေါင်းဆောင် တစ်ဦးကို လုပ်ကြံသတ်ဖြတ်ရန် ခိုင်းစေသည်။

ဂ။ မြို့နယ်အရာရှိတစ်ဦးသည် အကျင့်ပျက်ခြစားနေသည့်အတွက် မြို့နယ်လူထုအနေနှင့် ထိုသူကို ရာထူးမှ ဖြုတ်ချရန် ဆန္ဒပြ တောင်းဆိုသင့်ကြောင်း သတင်းသမားတစ်ဦးက ထုတ်ဖော် ရေးသားလာသည်။

ဃ။ ပြည်သူလူထုသည် အစိုးရအား ဆန့်ကျင် ဆန္ဒပြသည့်အနေဖြင့် အခွန်မဆောင်သင့်ကြောင်း တက်ကြွ လှုပ်ရှားသူတစ်ဦးက ဖေ့စ်ဘုတ်လူမှုကွန်ရက်စာမျက်နှာ (facebook) တွင် ရေးသားထားသည်။

င။ အများပြည်သူများကြားတွင် သက်ဆိုင်ရာ ယဉ်ကျေးမှု ဝတ်စုံများ ဝတ်ဆင်ခြင်းကိုသော်လည်းကောင်း၊ ရိုးရာပွဲတော်များ ကျင်းပခြင်းကိုသော်လည်းကောင်း ခွင့်မပြုသင့်ဟု သတင်းစာ တစ်စောင်က ရေးသား ဖော်ပြလာသည်။

စ။ မိမိတို့နှင့် မတူသော အခြားဘာသာဝင်များ အားလုံးကို မိမိတို့ လူ့အဖွဲ့အစည်းမှ မောင်းထုတ်ပစ်ရမည်ဟု ဘာသာရေးခေါင်းဆောင်တစ်ဦးက မိန့်ခွန်းတွင် ထည့်ပြောနေသည်။

ဆ။ ကျောင်းသားတစ်စုသည် လတ်တလော နိုင်ငံရေးကိစ္စရပ်များကို ဆွေးနွေးငြင်းခုံကြရန် စကားရည်လုပွဲ (debate) ကလပ်တစ်ခုကို စ၍ တည်ထောင်ကြသည်။ ၎င်းတို့၏ ဆွေးနွေးချက်များ၊ သဘောထား အမြင်များကို facebook စာမျက်နှာများပေါ်မှတစ်ဆင့် လူအများဆီသို့ ဖြန့်ဝေကြသည်။

ဇ။ ဒေသအစိုးရသည် ပြည်သူစာကြည့်တိုက်မှ စာအုပ်များကို နိုင်ငံတော်နှင့် နိုင်ငံယဉ်ကျေးမှုအား ထိခိုက်စော်ကားသည်ဟုဆိုကာ ဖယ်ရှားသည်။

ဈ။ အကြမ်းဖက် တော်လှန်ရေးအဖွဲ့တစ်ဖွဲ့က ပြည်သူလူထုအား ၎င်းတို့နှင့်အတူ အစိုးရကို ပူးပေါင်း တော်လှန် တိုက်ခိုက်ရန် အားပေးလှုံ့ဆော်သည့် စာကို လိုက်ဝေနေသည်။

## ဆွေးနွေးချက်

၁။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၂။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၃။ သင့် လူ့အဖွဲ့အစည်းရှိ ပြည်သူလူထု၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မည်သည့်အရာများက တားဆီး ပိတ်ပင်နေပါသနည်း။

၄။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို တာဝန်မဲ့စွာ အသုံးချနေ သူများ ရှိပါသလား။ ထိုကဲ့သို့ တာဝန်မဲ့စွာ ပြောဆိုမှုကြောင့် မည်သည့် ရိုက်ခတ်မှုများ ရှိလာသနည်း။

### ပြန်လည်သုံးသပ်ချက်

၁။ တစ်စုံတစ်ယောက်၏ပြောစကားကြောင့် သင့်အပေါ်၌လည်းကောင်း၊ သင့်မိတ်ဆွေတစ်ဦးဦးအပေါ်၌လည်းကောင်းထိခိုက်နစ်နာစေခဲ့သော အဖြစ်အပျက်မျိုး ရှိခဲ့ဖူးပါသလား။

၂။ အမုန်းတရားများ၊ အကြမ်းဖက်မှုများကို ပေါ်ပေါက်စေခဲ့သော ပြောစကားတစ်ခုခုအား တစ်စုံတစ်ယောက်က ပြောဆိုသည်ကို သင်ကြားခဲ့ဖူးတာရှိပါသလား။

၃။ ဆိုခဲ့ပါဖြစ်စဉ်နှစ်ခုစလုံးတွင် ၎င်းတို့ပြောဆိုကြသော စကားများကို ပိတ်ပင်သင့်သည်ဟု သင့်အနေဖြင့် ထင်မြင်ယူဆပါသလား။ အဘယ်ကြောင့်ဆိုသည်ကို ရှင်းပြပါ။

## ၄.၂.၂ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်

### အကြိုသင်ခန်းစာ

၁။ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်ဟူသည် အဘယ်နည်း။

၂။ လွတ်လပ်စွာ စုဝေးခွင့်ဟူသည် အဘယ်နည်း။






### က။ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်

လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်ဟူသည် ပြည်သူလူထုအနေနှင့် မိမိယုံကြည်ရာ အဖွဲ့အစည်းကို ဖွဲ့စည်းထူထောင်ခွင့်၊ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်တို့ကို ဆိုလိုသည်။ ၎င်းတို့ထဲတွင် အရပ်ဖက်လူမှု အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ ဘာသာရေး အဖွဲ့အစည်းများ၊ အလုပ်သမား သမဂ္ဂများနှင့် နိုင်ငံရေးပါတီများ ပါဝင်သည်။ ကိုယ်မယုံကြည်သော အဖွဲ့အစည်းများကို မထောက်ခံဘဲ နေနိုင်ခွင့်၊ အဖွဲ့ဝင်အဖြစ် မခံယူဘဲ နေနိုင်ခွင့်များသည်လည်း လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်ပင် ဖြစ်သည်။

တူညီသော ဘုံရည်မှန်းချက်များဆီသို့ အတူတကွ ပူးပေါင်းလုပ်ဆောင်နိုင်ရန် လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်က ကာကွယ်ပေးထားသည်။ ဘုံတူညီသော ပြဿနာများကို ဖြေရှင်းရန်၊ ဘုံလိုအပ်ချက်များကို ဖြည့်ဆည်းရန် လိုအပ်လာသည့် နေရာများတွင် တက်ကြွသော နိုင်ငံသားများ အတူတကွ လက်တွဲလုပ်ဆောင်နိုင်ကြရန် လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်က အာမခံပေးထားသည်။ ဥပမာ –

- စက်ရုံအလုပ်သမားများသည် ၎င်းတို့၏ အလုပ်သမားအကျိုးစီးပွားများ မြှင့်တင်ရန် အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရှိသည်။
- ကျေးရွာတစ်ရွာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် အကျင့်ပျက်ပြားမှုများကို ဆန့်ကျင်ရန် ကျေးရွာနေလူတစ်စုက အသင်းအဖွဲ့တစ်ခု ဖွဲ့စည်း၍ ကန့်ကွက်လှုပ်ရှားနိုင်သည်။

နိုင်ငံသားများသည် အစုအဖွဲ့အဖြစ် ပေါင်းစည်းမိသွားသည့်အခါ စွမ်းအားပိုမို ကြီးထွားလာသည်။ လွတ်လပ်သော အသင်းအဖွဲ့များသည် ပြည်သူ့ရေးရာ ဆွေးနွေးပွဲများတွင် ပြည်သူ့အသံကို ကျယ်ကျယ်လောင်လောင် ထင်ဟပ်စေနိုင်ပါသည်။ ဤနည်းဖြင့် ပြည်သူ့အာဏာနှင့် အစိုးရ အာဏာကြား ချိန်ခွင်လျှာ ညီမျှမှုကို ထိန်းညှိပေးနိုင်ပြီး ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ပါဝင် ဆောင်ရွက်မှုတို့ကို အားကောင်းလာစေနိုင်ပါသည်။

ထိုအခွင့်အရေးတွင် အဖွဲ့အစည်းတစ်ခုထဲသို့ မဝင်ဘဲ နေနိုင်ခွင့်လည်း ပါဝင်သည်။ ဥပမာ – လူအများအား ၎င်းတို့ မလိုလားဘဲ နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် အလုပ်သမား သမဂ္ဂတစ်ခုထဲသို့ အတင်းအကြပ် ဝင်ရောက်စေခြင်းမျိုးကိုလည်း လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်က ကာကွယ်ပေးထားသည်။ ဤနည်းဖြင့် လူအများအား အစုအဖွဲ့ တစ်ခုခု၏ အဖွဲ့ဝင် မဟုတ်ခြင်းကြောင့် ခွဲခြားဆက်ဆံခံရခြင်းမျိုး မဖြစ်ရအောင် ကာကွယ်ပေးနိုင်သလို မိမိဆန္ဒမရှိဘဲ အဖွဲ့အစည်းတစ်ခုခု အတွင်းသို့ ဝင်ရောက်ရန် ဖိအားပေးခံရခြင်းမျိုးကိုလည်း ကာကွယ်ပေးနိုင်ပါသည်။



**လေ့ကျင့်ခန်း**

အောက်ပါ ဖော်ပြချက်များကို မှား / မှန် ဆုံးဖြတ်ပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းလင်းပြပါ။

က။ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခွင့်တွင် ဘာသာရေး အသင်းအဖွဲ့များသို့ ပါဝင်ဆောင်ရွက်ခြင်းများ အကျုံးမဝင်ပေ။

ခ။ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခွင့် ရှိခြင်းအားဖြင့် နိုင်ငံသားများသည် မိမိတို့ လိုချင်သော ရည်မှန်းချက်များကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကြိုးပမ်းရယူနိုင်ပေသည်။

ဂ။ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်း ဆောင်ရွက်ခွင့် ရှိခြင်းအားဖြင့် နိုင်ငံသားများသည် မိမိတို့၏ စိုးရိမ်ပူပန်မှုများကို အစိုးရအား ထုတ်ဖော် ပြောဆိုသည့်အခါ ပိုမို ကျယ်လောင်သော အသံမျိုးဖြင့် ထုတ်ဖော်နိုင်ပေလိမ့်မည်။

ဃ။ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခွင့်တွင် အဖွဲ့အစည်း တစ်ခုထဲသို့ အဖွဲ့ဝင်အဖြစ် မဝင်ရောက်ဘဲ နေနိုင်ခွင့်လည်း ပါဝင်ပါသည်။




## ခ။ လွတ်လပ်စွာ စုဝေးခွင့်

လွတ်လပ်စွာ စုဝေးခွင့်ဟူသည် ပြည်သူလူထုအနေနှင့် အခြားသူများ၏ စွက်ဖက်မှု တစ်စုံတစ်ရာ မရှိဘဲ ငြိမ်းချမ်းစွာ စုဝေးတွေ့ဆုံခွင့် ရှိခြင်းကို ဆိုလိုသည်။ အဆိုပါ စုဝေးမှုတွင် အစည်းအဝေးများ၊ လူထု စည်းဝေးပွဲများ၊ ချီတက်ပွဲများနှင့် ဆန္ဒပြပွဲများ ပါဝင်ပါသည်။

လွတ်လပ်စွာ စုဝေးခွင့်သည် လူအများအား ၎င်းတို့၏ အမြင်သဘောထားကို ငြိမ်းချမ်းစွာ ထုတ်ဖော်ခွင့် ပေးထားသည်။ ၎င်းတို့သည် ပြဿနာတစ်ရပ်ကို ဆွေးနွေးချင် ဆွေးနွေးမည်၊ အမြင်သဘောထားများ ဖလှယ်ချင် ဖလှယ်မည်၊ ကိစ္စရပ်တစ်ခုအတွက် လူထုထောက်ခံမှုရအောင် စည်းရုံးသည်လည်း ဖြစ်ကောင်း ဖြစ်နိုင်သည်၊ ရွေးကောက်ပွဲဝင်သောပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းကို ထောက်ခံသည်မျိုးလည်း ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။ အဆိုပါ ဖြစ်စဉ်အားလုံးသည် ဒီမိုကရေစီ ဖြစ်စဉ်တွင် ပြည်သူများ ပါဝင်မှုကို မြှင့်တင်ပေးပါသည်။

## လေ့ကျင့်ခန်း

အောက်ဖော်ပြပါ ချိုးဖောက်မှုများကို သင်ခန်းစာ ၄.၂.၂(ခ)တွင် ဆွေးနွေးခဲ့သော စည်းမျဉ်း ၄ ခု နှင့် တွဲစပ်ပြပါ။

က။ ဆန္ဒပြပွဲ ဦးဆောင်စီစဉ်သူများသည် မိမိတို့တွင် အင်အား မည်မျှကြီးမား ကြောင်းကို ထုတ်ဖော် ပြသရန် အတွက် ဆန္ဒပြလာသူများအား လက်နက်များ ယူဆောင်လာ ခိုင်းသည်။

နမူနာအဖြေ

**(၃) ပုံစံ - အဘယ်ကြောင့်ဆိုသော် ဆန္ဒပြသူများသည် ငြိမ်းချမ်းစွာ ပြုလုပ်ရမည့် ဆန္ဒပြပွဲသို့ လက်နက်များ ယူဆောင်မလာသင့်ပေ။**

ခ။ လူများစု ကြည်ညိုလေးစားသည့် ထင်ရှားသော ဘာသာရေး ခေါင်းဆောင်တစ်ဦး၏ ဈာပနပွဲ ကာလ အတွင်း၌ အထိမ်းအမှတ် ဂုဏ်ပြုပွဲကြီးတစ်ခု ကျင်းပရန် စီစဉ်ထားသည်။

ဂ။ ဘောလုံးအသင်း တစ်သင်းကို ထောက်ခံသော ပရိတ်သတ်တစ်စု သည် အခြားအသင်းတစ်သင်းကို ထောက်ခံသော ပရိတ်သတ်များအား တိုက်ခိုက်ရန် စုဝေး ရောက်ရှိလာကြ သည်။

ဃ။ ရွှေ့ပြောင်းနေထိုင်သူ ဆန့်ကျင်ရေး အုပ်စု တစ်စုသည် ရွှေ့ပြောင်း နေထိုင်သူ အများစု နေထိုင်ရာ နယ်မြေထဲသို့ ချီတက်ဆန္ဒပြရန် စီစဉ်နေကြသည်။

လွတ်လပ်စွာ စုဝေးခွင့်က နိုင်ငံသားတို့၏ အားပေးထောက်ခံမှု (သို့) ကန့်ကွက်ဆန္ဒပြမှုများ ဖော်ထုတ်ပြသရာတွင် တစ်ဦးတစ်ယောက်ချင်းစီ လှုပ်ရှားခြင်းထက် ပိုမို ထိရောက်အားကောင်းစေသည်။ ကြီးမားသော လူထုစုဝေးပွဲများကို မီဒီယာများကလည်း အလေးထား ဖော်ပြပေးတတ်ကြသည်။ ထိုသို့ ဖော်ပြခြင်းသည် လူထု၏ လိုအပ်ချက်များနှင့် စိုးရိမ်ချက်များကို အစိုးရက အလေးထား နားထောင်တတ်လာစေရန် များစွာ တွန်းအားပေးနိုင်ပေသည်။

သို့သော်လည်း လွတ်လပ်စွာ စုဝေးခွင့်နှင့် ပတ်သက်၍ ပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေတချို့ ရှိပါသည်။ ၎င်းတို့ထဲတွင် ရည်ရွယ်ချက်၊ အချိန်၊ လုပ်မည့်ပုံစံနှင့် လုပ်မည့်နေရာ စသည့် သတ်မှတ်ချက်များ ပါဝင်ပါသည်။

၁။ **ရည်ရွယ်ချက်** – စုဝေးမှုသည် ဆူပူခြင်း၊ လူ့အဖွဲ့အစည်း အေးချမ်းသာယာမှုအား နှောင့်ယှက်ဖျက်ဆီးခြင်းသို့ ဦးမတည်စေရ။

၂။ **အချိန်** – စုဝေးမှုသည် အရေးကြီးသော အားလပ်ရက်များ သို့မဟုတ် အခြား အငြင်းပွားလာနိုင်သော နေ့များ (ဥပမာ – ဘာသာရေးပွဲတော် ကျင်းပနေသောနေ့များ) နှင့် မသင့်တော်သောအချိန် (ဥပမာ – ညဉ့်နက်သန်းခေါင်အချိန်) တို့ကို ရှောင်ရမည်။

၃။ **ပုံစံ** – အကြမ်းမဖက်၊ ငြိမ်းချမ်းသော နည်းဖြင့် စုဝေးရမည် (စုဝေးသူများသည် လက်နက်များ ကိုင်ဆောင်ထားခြင်း မဖြစ်ရ။)

၄။ **နေရာ** – ပြည်သူလူထု၏ နိစ္စဓူဝ နေထိုင်မှု ဘဝများအား ထိခိုက်မှု ဖြစ်စေမည့် နေရာများတွင် မစုဝေးရ။

အဆိုပါ စည်းမျဉ်းဥပဒေများ ပြဋ္ဌာန်းရခြင်း ရည်ရွယ်ချက်မှာ စုဝေးခြင်း၊ ဆန္ဒပြခြင်း၊ ကန့်ကွက်ရှုတ်ချခြင်းတို့သည် အခြားသူတို့၏ အခွင့်အရေးအား ထိပါးမှု မရှိစေရန် ဖြစ်သည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပေါ်လာနိုင်စေမည်။ (ဥပမာ – အမုန်းပွားစေသော ဟောပြောမှုများဖြင့် အကြမ်းဖက်မှုဖြစ်အောင် လှုံ့ဆော်ခြင်းများ ပြုလုပ်ခြင်းများကို) လမ်းလျှောက် ဆန္ဒပြပွဲများ ပြုလုပ်ချင်ကြသော မည်သည့် အဖွဲ့ကိုမဆို နိုင်ငံသားများအား ကာကွယ်မှုပေးရန် ရည်ရွယ်ချက်ဖြင့် ကန့်သတ်ပိတ်ပင်နိုင်ပါသည်။ သို့သော် စုဝေးလှည့်လည်မှုသည် အခြားသူများ၏ အခွင့်အရေးကို မထိပါးစေဘဲ ငြိမ်းချမ်းစွာ ရှိနေသမျှ ကာလပတ်လုံး ၎င်းအား မည်သည့် အကြောင်းနှင့်မျှ ပိတ်ပင်တားဆီးခွင့် မရှိပေ။



*ငြိမ်းချမ်းစွာ ဆန္ဒပြနေသော သူများနှင့် လုံခြုံရေး ဝန်ထမ်းများ*

# မြန်မာ့ရေးရာ

## ပေါင်းကူး

**နောက်ခံသမိုင်း**

ပေါင်းကူးအဖွဲ့သည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ အသေးစား အရပ်ဖက်လူမှုအဖွဲ့အစည်းငယ်လေးများ ရှင်သန်အားကောင်းလာစေရန်နှင့် စွမ်းဆောင်ရည် မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ပေါင်းကူးအဖွဲ့ကို ၂၀၀၇ ခုနှစ်တွင် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပြည်တွင်းအဖွဲ့အစည်းများ တစ်စုက စုပေါင်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်တွင် ပေါင်းကူးသည် လွတ်လပ်သော ပြည်တွင်း NGO တစ်ခု ဖြစ်လာသည်။

ပေါင်းကူးသည် တိုင်းရင်းသား လူမျိုးပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံ၊ ယုံကြည်မှုပေါင်းစုံကို တန်ဖိုးထားတတ်သော ပဒေသာစုံ မြန်မာ့လူ့အဖွဲ့အစည်းမျိုးကို လိုလားမျှော်မှန်းသောအဖွဲ့ဖြစ်သည်။ ၎င်းသည် တိုင်းရင်းသားပြည်သူအားလုံး (အထူးသဖြင့် အပယ်ခံလူမှုအုပ်စုဝင်များ) ၏ အခွင့်အရေးကို လေးစားမှုနှင့် တန်းတူညီမျှမှုတို့အပေါ် အခြေခံထားသော လူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းရေးကို ရည်မျှော်၍ လုပ်ဆောင်နေခြင်းဖြစ်သည်။ ပေါင်းကူးသည် ဆင်းရဲနွမ်းပါးသော ပြည်သူလူထုအား စွမ်းဆောင်ရည် မြှင့်တင်ပေးသော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ကူညီပံ့ပိုးပေးလျက်ရှိသည်။

ပေါင်းကူးသည် မြန်မာနိုင်ငံတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းလာစေရေးကို လိုလားသည်။ မြန်မာနိုင်ငံအတွင်း တရားမျှတမှု၊ လွတ်လပ်မှုနှင့် ရပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများအတွက် ဦးတည် လှုပ်ရှားဆောင်ရွက်နေကြသော အဖွဲ့အစည်းများကိုလည်း ပေါင်းကူးက ကူညီထောက်ပံ့ပေးလျက် ရှိသည်။ သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းများအတွင်း အပြုသဘောဆောင်သော အပြောင်းအလဲများနှင့် ငြိမ်းချမ်းရေးတို့ကို ဖော်ဆောင်ရန် ကြိုးပမ်းနေကြသော အဖွဲ့အစည်းများ၏ လိုအပ်သော အရင်းအမြစ်များနှင့် အခွင့်အလမ်းများကိုလည်း ရှာဖွေဖန်တီးပေးသည်။

**အဓိကဆောင်ရွက်သော လုပ်ငန်းများ –**

**အသေးစား ချေးငွေများ ချပေးခြင်း** – ဒေသခံ အဖွဲ့အစည်းများအတွက် စီမံကိန်းများနှင့် သက်ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အသေးစားထောက်ပံ့ငွေများ ချပေးခြင်း။ ထိုသို့ စီစဉ်ဆောင်ရွက်ပေးခြင်းအားဖြင့် သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးရာ ရောက်သလို ၎င်းလူမှုအသိုင်းအဝိုင်းများ၏ စိုးရိမ်ပူပန်ချက်များ၊ အလိုဆန္ဒများကိုလည်း အစိုးရထံသို့ ထုတ်ဖော် ပြသပေးနိုင်သည်။

**တွေ့ဆုံပွဲ ဆွေးနွေးပွဲများနှင့် သင်တန်းများ လုပ်ဆောင်ပေးခြင်း** – လယ်ယာမြေ ဥပဒေကဲ့သို့ အရေးကြီးသော ကိစ္စရပ်များ၊ ဘဏ္ဍာငွေ စီမံခန့်ခွဲမှု ကဲ့သို့သော အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးပွဲများနှင့် သင်တန်းများ ပြုလုပ်ပေးခြင်း။ ထိုသို့ ပြုလုပ်ပေးခြင်းအားဖြင့် အဖွဲ့အစည်းများအား ပိုမို ခိုင်မာအားကောင်းစေခြင်း၊ ပို၍စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်စေခြင်းတို့ ဖြစ်ပေါ်စေပြီး ပို၍ ထိထိရောက်ရောက် ပါဝင်ဆောင်ရွက်နိုင်စွမ်း ရှိလာစေပါသည်။

**ကွန်ရက်များချိတ်ဆက် ဖွဲ့စည်းပေးခြင်း** – မိမိ၏ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများအား မြန်မာနိုင်ငံအတွင်းရှိ အခြားအရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ကွန်ရက်ချိတ်ဆက် တည်ဆောက်ပေးခြင်း။ ၎င်းတို့ထဲတွင် ကျေးလက်အခြေပြု အဖွဲ့များအား မြို့ပြအဖွဲ့များနှင့် ချိတ်ဆက်ပေးခြင်း၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများအား အစိုးရနှင့် ချိတ်ဆက်ပေးခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်ပါသည်။ ထိုသို့ ပြုလုပ်ပေးခြင်းအားဖြင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် အတူတကွ ပူးပေါင်းလက်တွဲ လုပ်ဆောင်၍ စုပေါင်းအင်အားဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို အစိုးရထံသို့ ထုတ်ဖော်တင်ပြနိုင်မည်ဖြစ်သည်။

*ပေါင်းကူးအဖွဲ့၏ အကြောင်းကို အင်တာနက် စာမျက်နှာမှ ကောက်နုတ်ပြန်ဆိုထားပါသည်။* (http://www.iss.nl/research/research_programmes/political_economy_of_resources_environment_and_population_per/networks/mosaic/partners_profiles/paung_ku/)

**လေ့ကျင့်ခန်း**

၁။ ပေါင်းကူးအဖွဲ့ကို မည်သို့စတင်ခဲ့သနည်း။

၂။ ပေါင်းကူး၏ဦးတည်ချက် ပန်းတိုင်များမှာ အဘယ်နည်း။

၃။ ၎င်း၏ဦးတည်ချက် ပန်းတိုင်များကို အကောင်အထည်ဖော် ဆောင်နိုင်ရန် မည်သို့သော လုပ်ငန်းများကို လုပ်ဆောင်သနည်း။

၄။ ပေါင်းကူးသည် လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်တို့ကို မည်သည့် ပုံစံဖြင့် ကူညီပံ့ပိုးပေးသနည်း။

## လုပ်ငန်းများ

### မိမိအခွင့်အရေးကို မိမိ သိရှိနားလည်ခြင်း – ၁

၁။ အောက်ပါဖြစ်ရပ်တစ်ခုချင်းစီအား လေ့လာပြီး ဖြစ်စဉ်တစ်ခုချင်းစီသည် လွတ်လပ်စွာ စုဝေးခွင့်ကို ချိုးဖောက်ခြင်းဟုတ်သည်၊ မဟုတ်သည်ကို အကြောင်းပြချက်နှင့်တကွ ရှင်းလင်း ဖြေဆိုပြပါ။

က။ စစ်ဆန့်ကျင်ရေးအဖွဲ့တစ်ဖွဲ့က စစ်သားတစ်ဦး၏ စျာပနပွဲ၌ ငြိမ်းချမ်းစွာ ဆန္ဒပြနေကြသည်။

နမူနာအဖြေ – **ချိုးဖောက်ရာကျသည်၊ အဘယ်ကြောင့်ဆိုသော် အဆိုပါ လုပ်ရပ်သည် သေဆုံးသူ စစ်သားနှင့် ၎င်း၏ မိသားစုအား မလေးမစား ပြုလုပ်သလို ဖြစ်နေသည်။**

သို့မဟုတ်

**ချိုးဖောက်ရာ မကျပါ၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အများပြည်သူပိုင် နေရာ၌ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်နေခြင်းဖြစ်သည်။**

ခ။ လူမျိုးရေးဝါဒီအဖွဲ့တစ်ဖွဲ့က လူနည်းစု တိုင်းရင်းသားတစ်စု နေထိုင်ရာ နယ်မြေအတွင်း လမ်းလျှောက် ချီတက်ပွဲတစ်ခုလုပ်ရန် ပြင်ဆင်နေသည်။

ဂ။ ဘာသာရေးအဖွဲ့တစ်ဖွဲ့က ကျား/ မ တန်းတူညီမျှရေးကို ဆန့်ကျင်ဆန္ဒပြပွဲများ ပြုလုပ်နေသည်။

ဃ။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ထိခိုက်စေသည်ဟူသော အကြောင်းပြချက်ဖြင့် အစိုးရက တိုင်းရင်းသား လူမျိုးစု တစ်စု၏ အမျိုးသားနေ့ ကျင်းပမည့်ပွဲကို တားမြစ်ပိတ်ပင်လိုက်သည်။

င။ အမျိုးသမီးတစ်စုသည် စာသင်ကျောင်းဂိတ်ဝ၌ မိမိတို့ကိုယ်ကို သံကြိုးများဖြင့် ချည်နှောင်၍ ပညာရေး စနစ်အတွင်း ကျား/ မ ခွဲခြားဆက်ဆံမှုကို ဆန့်ကျင် ဆန္ဒပြနေသည်။

စ။ အမျိုးသားရေးဝါဒီ တစ်စုသည် အခြားလူမျိုးစု တစ်စုမှ ခေါင်းဆောင်များ၏ ပုံများနှင့် အထိမ်းအမှတ် သင်္ကေတများကို မီးရှို့၍ ဆန္ဒပြနေကြသည်။

၂။ အောက်ပါဖြစ်ရပ်တစ်ခုချင်းစီအား လေ့လာပြီး ဖြစ်စဉ်တစ်ခုချင်းစီသည် လွတ်လပ်စွာ စုဝေးခွင့်ကို ချိုးဖောက်ခြင်းဟုတ်သည်၊ မဟုတ်သည်ကို အကြောင်းပြချက်နှင့်တကွ ရှင်းလင်း ဖြေဆိုပြပါ။

က။ နိုင်ငံတကာဘာသာရေး အဖွဲ့အစည်းကြီး တစ်ခုသည် ၎င်းတို့ ဘာသာဝင်များကိုသာ ကူညီပံ့ပိုးမှုများ ပေးမည့် ရုံးတစ်ရုံးကို နိုင်ငံတွင်း လာရောက် ဖွင့်လှစ်ချင်သည်။

ခ။ အစိုးရသည် ဒီမိုကရေစီကို ဆန့်ကျင်နေသော အဖွဲ့အစည်းတစ်ခုအား မတရား အသင်းအဖြစ် ကြေညာ လိုက်သည်။

ဂ။ အမျိုးသမီးစွမ်းရည် မြှင့်တင်ရေးအဖွဲ့သည် သင်တန်း၌ အမျိုးသားများအား ပါဝင်တက်ရောက်ခွင့် မပြုပေ။ အမျိုးသားများအား ပါဝင်တက်ရောက်ခွင့် ပေးမည်ဆိုလျှင် ၎င်းတို့ သင်တန်း၏ ထိရောက်မှု ကျဆင်းသွားနိုင်သောကြောင့်ဟု အကြောင်းပြလေသည်။

ဃ။ မြို့နယ်လုပ်ငန်း ကော်မတီကို ဖွဲ့စည်းရာတွင် အမျိုးသမီးများကို ပါဝင်ခွင့် မပြုပေ။ အမျိုးသမီးများအား ပါဝင်ခွင့် ပြုလိုက်မည်ဆိုလျှင် ဆုံးဖြတ်ချက် ချမှတ်ရာ၌ ထိထိရောက်ရောက် လုပ်ဆောင်နိုင်မှု အားနည်းသွားနိုင်သည်ဟု ဆိုပါသည်။

င။ လူမျိုးစုတစ်စုသည် ၎င်းတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုကို ကာကွယ်ရန်အတွက် အစိုးရ သင်ရိုး ညွှန်းတမ်းများကို သင်ကြားခွင့် မပြုသော ၎င်းတို့ ကိုယ်ပိုင်စာသင်ကျောင်းများကို ဖွင့်လှစ်ချင်ကြသည်။

စ။ စက်ရုံတစ်ရုံမှ အလုပ်သမားသမဂ္ဂတစ်ဖွဲ့သည် စက်ရုံအလုပ်သမားအားလုံး သမဂ္ဂအဖွဲ့ဝင် ဖြစ်ရမည်ဟု သဘောတူ ဆုံးဖြတ်ထားကြသည်။ စက်ရုံလုပ်သားများ အနေဖြင့် သမဂ္ဂသို့ ဝင်ရောက်ခြင်း၊ မဝင်ရောက်ခြင်းနှင့် ပတ်သက်၍ ရွေးချယ်ခွင့် မရှိပေ။

## ဆွေးနွေးချက်

၁။ လွတ်လပ်စွာ စုဝေးခွင့်နှင့် လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခွင့်တို့သည် ဒီမိုကရေစီတွင် မည်ကဲ့သို့ အရေးပါသနည်း။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် မည်သို့သော အဖွဲ့အစည်းများ လှုပ်ရှားဆောင်ရွက်နေသနည်း။

၃။ ၎င်းတို့၏ လုပ်ကိုင်ဆောင်ရွက်မှုများတွင် တာဝန်မဲ့မှုများ ရှိနေပါသလား။

၄။ သင်ပါဝင်သော လူ့အဖွဲ့အစည်းရှိ ပြည်သူများသည် လွတ်လပ်စွာ စုဝေးခွင့်ကို မည်သည့် ပုံစံများဖြင့် အသုံးချနေကြသနည်း။

၅။ ၎င်းတို့ထဲတွင် တာဝန်မဲ့စွာ အသုံးချနေကြသူများ ရှိပါသလား။ အဘယ်ကြောင့်နည်း။

## ပြန်လည်သုံးသပ်ချက်

၁။ လွတ်လပ်စွာ စုဝေးခွင့် (သို့/ စုဝေးခွင့် မရရှိခြင်း) သည် သင်ကိုယ်တိုင်အပေါ် မည်သည့် သက်ရောက်မှုများ ရှိစေသနည်း။ လွတ်လပ်စွာ စုဝေးခွင့် ချိုးဖောက်မှုသည်လည်း သင်ကိုယ်တိုင်အပေါ် မည်သည့် သက်ရောက်မှုများ ရှိစေသနည်း။ ထိုအခြေအနေတွင် သင် မည်သို့ ခံစားရပါသနည်း။

၂။ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခွင့် (သို့/ စုဝေးခွင့် မရရှိခြင်း) သည် သင်ကိုယ်တိုင်အပေါ် မည်သည့် သက်ရောက်မှုများ ရှိစေသနည်း။ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းဆောင်ရွက်ခွင့် ချိုးဖောက်မှုသည်လည်း သင်ကိုယ်တိုင်အပေါ် မည်သည့် သက်ရောက်မှုများ ရှိစေသနည်း။ ထို အခြေအနေတွင် သင် မည်သို့ ခံစားရပါသနည်း။

## ၄.၂.၃ တန်းတူညီမျှခွင့်




ဒီမိုကရေစီတွင် တန်းတူညီမျှခွင့် (ခွဲခြားဆက်ဆံခံရခြင်းမှ ကင်းလွတ်ခွင့်) ဟူသည် လူတိုင်း၌ တူညီသောတန်ဖိုး၊ တူညီသော အခွင့်အရေးနှင့် တူညီသော လွတ်လပ်ခွင့်များ ညီတူညီမျှ ရှိနေခြင်းကို ဆိုလိုသည်။

တန်းတူညီမျှခွင့်သည် လူတစ်ဦးချင်း သို့မဟုတ် လူနည်းစုများအား ခွဲခြားဆက်ဆံခြင်း မပြုရန် ထိန်းကျောင်းပေးနိုင်ပြီး ၎င်းတို့၏ လူနေမှုဘဝပုံစံများ၊ ဘာသာစကားနှင့် ရိုးရာယဉ်ကျေးမှုတို့ကို လွတ်လပ်စွာ ထုတ်ဖော်ခွင့် ရှိစေရန်လည်း အာမခံပေးထားသည်။ တန်းတူညီမျှခွင့်သည် မတူကွဲပြားသော လူမှုအသိုင်းအဝိုင်းများကြား အချင်းချင်း လေးစားမှုနှင့် နားလည်သည်းခံမှု တန်ဖိုးများကို တည်ဆောက်ပေးခြင်းအားဖြင့် ဒီမိုကရေစီကို အထောက်အပံ့ပြုပေးသည်။

အပယ်ခံလူမှုအုပ်စုများသည် မကြာခဏ ဆိုသလို အခွင့်အရေး ချိုးဖောက်ခြင်း၊ ခွဲခြားဆက်ဆံခြင်းများ ခံကြရသည်။ ထို့ကြောင့် အဆိုပါ လူမှုအုပ်စုတို့၏ အခွင့်အရေးများအား ကာကွယ်ရန် နိုင်ငံတကာ သဘောတူညီချက်များ ပေါ်ထွန်းလာရသည်။ ၎င်းတို့ထဲတွင် အောက်ပါသဘောတူညီချက်များ ပါဝင်သည်။

- **အမျိုးသမီး** – အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေးသဘောတူညီချက် (Convention on the Elimination of Discrimination Against Women)
- **ဌာနေတိုင်းရင်းသားများ** – ဌာနေတိုင်းရင်းသားများ အခွင့်အရေး ကြေညာစာတမ်း (Declaration on the Rights of Indigenous People)
- **ဒုက္ခသည်များ** – ၁၉၅၁ ခုနှစ် ဒုက္ခသည်များဆိုင်ရာ သဘောတူညီချက် (1951 Refugee Convention)
- **ရွှေ့ပြောင်းအလုပ်သမားများ –** ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများ၏ အခွင့်အရေးများကို စောင့်ရှောက်ကာကွယ်ရေးဆိုင်ရာ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက် (International Convention on the Protection of the Rights of all Migrant Workers and Members of Their Families)
- **မသန်စွမ်းသူများ** – မသန်စွမ်းသူများ အခွင့်အရေး ကြေညာစာတမ်း (Declaration on the Rights of People with Disabilities)
- **လူမျိုးစုများ** – လူမျိုးရေး ခွဲခြားဆက်ဆံမှုပုံစံမျိုးစုံ ပပျောက်ရေး သဘောတူညီချက် (Convention on the Elimination of All Forms of Racial Discrimination)
- **ယောက်ျားလျာ** (Lesbian)၊ **မိန်းမလျာ** (Gay) ၊ **လိင်တူ၊ လိင်ကွဲနှစ်မျိုးလုံး စိတ်ဝင်စားသူ** (Bisexual) **လိင်ပြောင်းလဲထားသူများ** (Transgender) – အဆိုပါ လူမှုအုပ်စု (LGBT) များ၏ အခွင့်အရေးနှင့် ပတ်သက်၍လည်း လက်ရှိ ကုလသမဂ္ဂတွင် ဆွေးနွေးနေကြပြီ ဖြစ်သည်။

ဆင်းရဲမွဲတေမှု (ဝင်ငွေ ကွာခြားလွန်းခြင်း) သည်လည်း ဒီမိုကရေစီအတွက် ကြီးမားသော အန္တရာယ် တစ်ခု ဖြစ်သည်။ ဆင်းရဲမွဲတေမှုသည် လူထုအား ဒီမိုကရေစီဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခွင့် မရနိုင်အောင် ပိတ်ပင်သည်အထိ ဆိုးဝါးသည်။ ဤကဲ့သို့သော အခြေအနေတွင် ပေါ်ထွက်လာသော ဆုံးဖြတ်ချက်များသည် ဆင်းရဲသားလူထု၏ အကျိုးစီးပွားကို ထင်ဟပ်နိုင်ခြင်း မရှိတော့ပေ။ ၎င်း၏ အကျိုးဆက်အနေဖြင့် လူမှုပြဿနာများစွာ ပေါ်ထွက်လာစေနိုင်ပြီး ဒီမိုကရေစီ တည်ငြိမ်မှုကို အားလျော့လာစေနိုင်ပါသည်။




## လေ့ကျင့်ခန်း

အောက်ပါ ဖော်ပြချက်များအား မှား / မှန် စိစစ်ပြပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းလင်းပြပါ။

က။ တန်းတူညီမျှခွင့်သည် တိုင်းရင်းသား လူနည်းစုများအား ၎င်းတို့၏ ယဉ်ကျေးမှုဓလေ့ကို လွတ်လပ်စွာ ကျင့်သုံးခွင့် ရှိစေရန် ကာကွယ်ပေးထားသည်။

ခ။ တန်းတူညီမျှခွင့်သည် မတူကွဲပြားမှု များပြားသော လူ့အဖွဲ့အစည်းများတွင် သိပ်အရေး မပါပေ။

ဂ။ ဆင်းရဲမွဲတေမှုသည် လူအများအား ဒီမိုကရေစီ ဖြစ်စဉ်တွင် ပါဝင်ဆောင်ရွက်ခွင့် မရနိုင်အောင် ပိတ်ပင်သည်အထိ ဆိုးဝါးသည်။

## မြန်မာ့ရေးရာ

## Equality Myanmar

**နောက်ခံသမိုင်းကြောင်း**

Equality Myanmar အဖွဲ့ကို ၂၀၀၀ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ အခြေစိုက်ရုံးများ ဖွင့်လှစ်၍ ရန်ကုန်နှင့် မန္တလေးတို့တွင် လူ့အခွင့်အရေးပညာပေး သင်တန်းစင်တာများ ဖွင့်လှစ်ထားသည်။

Equality Myanmar အဖွဲ့၏ ဦးတည်ချက်မှာ မြန်မာပြည်သူတို့အား လူမှုအပြောင်းအလဲများတွင် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် အားလုံးအတွက် လူ့အခွင့်အရေးဟူသော ဓလေ့ကို တိုးမြှင့်ကျင့်သုံးနိုင်စေရန်အတွက် လူ့အခွင့်အရေးပညာပေး လုပ်ငန်းများမှတစ်ဆင့် စွမ်းဆောင်ရည် မြှင့်တင်ပေးရန် ဖြစ်သည်။

**အဓိကဆောင်ရွက်သော လုပ်ငန်းများ**

အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အောက်ခြေလူမှုအသိုင်းအဝိုင်းများကို ဦးတည်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာများပေးခြင်း၊ မူဝါဒဆိုင်ရာ တိုက်တွန်းနှိုးဆော်မှုများ ပြုလုပ်ခြင်းနှင့် သုတေသနစီမံချက် လုပ်ငန်းများကို အဓိကထား၍ လုပ်ဆောင်သည်။

ထို့အပြင် ၎င်းအဖွဲ့သည် လူ့အခွင့်အရေးပညာပေးဆိုင်ရာ စာဆောင်များ၊ သင်ရိုးများ၊ ရုပ်/သံ စီဒီခွေများနှင့် အခြားသော အထောက်အကူပြု အရင်းအမြစ်များကိုလည်း ဝေငှ ပံ့ပိုးပေးလျက်ရှိသည်။ အဆိုပါ အရင်းအမြစ်များသည် သင်တန်း မတက်ရောက်နိုင်သောသူများ အတွက်လည်း လူ့အခွင့်အရေးဆိုင်ရာ အသိပညာများကို လေ့လာနိုင်ရန် အခွင့်အလမ်း ရရှိစေနိုင်ပါသည်။ အဆိုပါ ပညာပေးအထောက်အကူပြု အရင်းအမြစ်များတွင် တီဗွီရုပ်သံ ဇာတ်လမ်းတိုများ၊ စာအုပ်ငယ်များ၊ ပိုစတာများ၊ ရုပ်သံကာတွန်းများနှင့် မဂ္ဂဇင်းများလည်း ပါဝင်ပါသည်။

၂၀၀၀ ခုနှစ်မှ စတင်လှုပ်ရှားခဲ့သော Equality Myanmar အဖွဲ့သည် ယခုအချိန်အထိ အမျိုးသမီးများ၊ ကျောင်းသား/ကျောင်းသူများ၊ ကျောင်းဆရာ/ဆရာမများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ဒေသဆိုင်ရာ ခေါင်းဆောင်များ စုစုပေါင်းလူဦးရေ ၁၀၀၀ ကျော်ကို ပညာပေးသင်တန်းများ ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ Equality Myanmar အဖွဲ့သည် မြန်မာနိုင်ငံတလွှားနှင့် နယ်စပ်ဒေသ တစ်လျှောက်တွင် လူ့အခွင့်အရေးသင်တန်းဆရာများ ကွန်ရက်ကို ချိတ်ဆက်တည်ဆောက်၍ လူ့အခွင့်အရေးဆိုင်ရာ မူဝါဒရေးရာများကို တိုက်တွန်း လှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိပါသည်။

http://equalitymyanmar.org/ *မှ ကောက်နှုတ် ရေးသားထားပါသည်။*

## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို ဖြေပါ။

၁။ Equality Myanmar ၏ ဦးတည်ချက်များကို ဖော်ပြပါ။

၂။ Equality Myanmar သည် မည်သို့သော လုပ်ငန်းများကို လုပ်ဆောင်ပါသနည်း။

၃။ Equality Myanmar သည် မည်သည့် အုပ်စုများနှင့် ပူးပေါင်းလက်တွဲ လုပ်ဆောင်ပါသနည်း။

လုပ်ငန်းများ

## မိမိအခွင့်အရေးကို မိမိသိရှိ နားလည်ခြင်း – ၂

အောက်ပါဖြစ်ရပ်တစ်ခုချင်းစီကို လေ့လာ၍ တန်းတူညီမျှခွင့်အား ချိုးဖောက်ခြင်းရှိ / မရှိကို ဆုံးဖြတ်ပါ။ ရှိပါက ထိုသို့သော ချိုးဖောက်မှုကို ခွင့်ပြုသင့်သည်ဟု သင်ထင်ပါသလား။

က။ ဘာသာရေးအခြေပြု စာသင်ကျောင်းတစ်ကျောင်းသည် သက်ဆိုင်ရာ ဘာသာဝင်များကိုသာ ကျောင်းတက်ခွင့် ပြုထားသည်။

<u>နမူနာအဖြေ</u> – **ချိုးဖောက်ပါသည်၊ ၎င်းကို ခွင့်မပြုသင့်ပါ၊ အဘယ်ကြောင့်ဆိုသော် စာသင်ကျောင်းများသည် ကျောင်းသားအားလုံးကို ခွင့်ပြုရမည် ဖြစ်သည် သို့မဟုတ်လျှင် အချို့သော ကလေးငယ်များ ကျောင်းတက်ခွင့် ရကြတော့မည် မဟုတ်ပေ။**

သို့မဟုတ်

**မချိုးဖောက်ပါ၊ အဆိုပါကျောင်းသည် ၎င်းတို့ ကိုးကွယ်ရာ ဘာသာရေးအကြောင်းကိုသာ သင်ကြားမည်ဆိုပါက ၎င်းနှင့် ဘာသာတူသော ကျောင်းသားများကိုသာ သီးသန့်လက်ခံခွင့်သည် ရှိသင့်ပါသည်။**

ခ။ ဒေသန္တရအစိုးရသည် အင်အားကြီး လူမျိုးစု၏ ဘာသာစကားအား ပြောဆိုနိုင်သူများကိုသာ အလုပ်ခန့်သည်။

ဂ။ လူနည်းစုတိုင်းရင်းသား ပုဂ္ဂလိက လုပ်ငန်းရှင်တစ်ဦးသည် ၎င်းနှင့် လူမျိုးစုချင်းတူသူများကိုသာ အလုပ်အကိုင် ခန့်ထားသည်။

ဃ။ အစ်ကိုတစ်ယောက်သည် ညီမ၏ (ဘာသာမတူသူ) ခင်ပွန်းအား အိမ်သို့ လာခွင့် မပြုပေ။

င။ မကေသီသည် အသည်းအသန် နေမကောင်း ဖြစ်နေသည်။ သို့သော် ဆေးရုံသွား၍ ဆရာဝန်ပြသောအခါ သူမသည် နိုင်ငံတွင်းသို့ တရားမဝင် လာရောက် နေထိုင်သူ ဖြစ်နေခြင်းကြောင့် ဆရာဝန်က ဆေးကုခွင့် မပြုပေ။

စ။ မညိုဝေနှင့် ကိုကျော်ထက်သည် လုပ်ကိုင်ရသော အလုပ်ချင်းလည်း တူသည်။ အရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံကလည်း နှစ်ယောက်စလုံးတွင် တန်းတူညီတူ ရှိနေသည်။ သို့သော် မညိုဝေရသော လစာမှာ ကိုကျော်ထက် လစာထက် ပိုနည်းနေသည်။

ဆ။ ဦးကျော်ဝင်းသည် ၎င်းကိုးကွယ်သည့် ဘာသာကြောင့် ဒေသန္တရဆေးရုံတွင် ဆရာဝန်အလုပ်ကို လုပ်ခွင့်မရ ဖြစ်နေသည်။



## ဆွေးနွေးချက်

၁။ တန်းတူညီမျှခွင့်သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင်လူတိုင်းသည် မိမိတို့၏ လူနေမှုဘဝ ပုံစံများ၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို ထုတ်ဖော် ကျင့်သုံးခွင့်များ ရရှိပါသလား၊ အဘယ်ကြောင့် ရရှိပါသနည်း သို့မဟုတ် အဘယ်ကြောင့် မရရှိသနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် ဆင်းရဲမွဲတေမှုက လူအများအား ဒီမိုကရေစီ ဖြစ်စဉ်တွင် ပါဝင်ခွင့် မရအောင် ဟန့်တားနေမှုများ ရှိပါသလား။ ၎င်းကြောင့် မည်သည့် သက်ရောက်မှုများ ဖြစ်လာသနည်း။

၄။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် မည်သို့သော ခွဲခြားဆက်ဆံမှု ပုံစံများကို တွေ့မြင်ရသနည်း။

၅။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် ခွဲခြားဆက်ဆံမှုများကို လျှော့ချရန် မည်သို့ လုပ်ဆောင်နိုင်မည်နည်း။

## ပြန်လည်သုံးသပ်ချက်


၁။ သင်ကိုယ်တိုင် အပါအဝင် ခွဲခြားဆက်ဆံမှုကို ခံစားရဖူးပါသလား၊ အဘယ်ကြောင့် ထိုကဲ့သို့ ခွဲခြားဆက်ဆံခံခဲ့ရပါသနည်း။ ထိုအခြေအနေတွင် သင် မည်သို့ ခံစားရပါသနည်း။

၂။ သင်ကိုယ်တိုင်ကော တစ်စုံတစ်ယောက်အား ခွဲခြားဆက်ဆံမှု ပြုခဲ့ဖူးပါသလား။ အဘယ်ကြောင့် ထိုသို့ ခွဲခြားဆက်ဆံခဲ့ပါသနည်း၊ ထိုသို့ ခွဲခြားလိုက်ခြင်းအပေါ် သင် မည်သို့ ခံစားရပါသနည်း။

# အပိုင်း ၂ ပြန်လည်ခြုံငုံသုံးသပ်ခြင်း

**အပိုင်း ၂ စိတ်ကူးမြေပုံ**

အပိုင်း ၂ တွင် သင်လေ့လာမှတ်သားခဲ့သမျှ အရေးပါသော သဘောတရားများကို စိတ်ကူးမြေပုံတွင် ဖြည့်စွက်ပါ။




**နားလည်မှုဆန်းစစ်ခြင်း**

၁။ အခွင့်အရေးနှင့် တာဝန်ဟူသည် အဘယ်နည်း။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အဘယ်နည်း။

၃။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၄။ လူများစု စိုးမိုးမှုဟူသည် အဘယ်နည်း။

၅။ လူနည်းစု အခွင့်အရေးဟူသည် အဘယ်နည်း။

၆။ ဒီမိုကရေစီတွင် အခွင့်အရေးနှင့် တာဝန်သည် မည်သို့ ဆက်နွယ်မှု ရှိသနည်း။

၇။ တာဝန်သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၈။ တက်ကြွလှုပ်ရှားမှုရှိသော နိုင်ငံသားဟူသည် အဘယ်နည်း။

၉။ တက်ကြွလှုပ်ရှားမှုရှိသော နိုင်ငံသားတို့၏ သွင်ပြင်လက္ခဏာရပ်များကို ဖော်ပြပါ။

၁၀။ အရပ်ဖက်လူမှုအဖွဲ့အစည်းဟူသည် အဘယ်နည်း။

၁၁။ အရပ်ဖက်လူမှုအဖွဲ့အစည်းများ လုပ်ဆောင်လေ့ရှိသော လုပ်ငန်းအချို့ကို ဖော်ပြပါ။

၁၂။ လူ့အခွင့်အရေးဟူသည် အဘယ်နည်း။

၁၃။ နိုင်ငံသားများသည် မိမိတို့၏ လူ့အခွင့်အရေးများကို သိရှိနားလည်ရန် အဘယ်ကြောင့် အရေးကြီးသနည်း။

၁၄။ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေး သဘောတူညီချက် အချို့ကို ဖော်ပြပါ။

၁၅။ လွတ်လပ်ခွင့်သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၁၆။ ဘေးကင်းလုံခြုံခွင့်သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၁၇။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၁၈။ ဒီမိုကရေစီတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အတွက် ကန့်သတ်ချက်များ ရှိပါသလား။

၁၉။ လွတ်လပ်စွာ သင်းပင်း ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်တို့သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၂၀။ လွတ်လပ်စွာ သင်းပင်း ဖွဲ့စည်းဆောင်ရွက်ခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်တို့နှင့် ပတ်သက်၍ ဒီမိုကရေစီတွင် ကန့်သတ်ချက်များ ရှိပါသလား။

၂၁။ တန်းတူညီမျှခွင့်သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးပါရသနည်း။

၂၂။ ဆင်းရဲမွဲတေမှုသည် ဒီမိုကရေစီအပေါ် မည်သည့် သက်ရောက်မှုများ ရှိစေသနည်း။

# အပိုင်း (၃)

## ဒီမိုကရေစီအစိုးရ

### အကြောင်းအရာ

ပြီးခဲ့သည့် အပိုင်း (၂) ပိုင်းမှ ရရှိခဲ့သော ဗဟုသုတနှင့် ကျွမ်းကျင်မှုများကို အသုံးပြုပြီး အစိုးရ တစ်ရပ်၏ အခန်းကဏ္ဍကို လေ့လာသုံးသပ်ရန် အပိုင်း (၃) က တိုက်တွန်းထားပါသည်။

အခန်း (၅) တွင် ဒီမိုကရေစီ အစိုးရနှင့် အာဏာရှင်အစိုးရတို့အကြား ကွဲပြားမှုများကို စိစစ် သုံးသပ်နိုင်ရန်နှင့် ဒီမိုကရေစီ၏ ကောင်းကျိုးဆိုးပြစ်များကို သုံးသပ်ရန် အားပေး ထားသည်။

အခန်း (၆) သည် ဒီမိုကရေစီအစိုးရ၏ အင်္ဂါရပ်များနှင့် တည်ဆောက်ပုံများကို ပိုမို နက်ရှိုင်းစွာ သိမြင်နိုင်စေသည်။ အာဏာခွဲဝေမှု၊ အပြန်အလှန် ထိန်းကျောင်းမှုနှင့် ကောင်းမွန်သော အုပ်ချုပ်ရေး အယူအဆများကို ရှင်းလင်းတင်ပြထားပါသည်။ အခန်း (၆) သည် အစိုးရမဏ္ဍိုင် ၃ ရပ်၏ သက်ဆိုင်ရာ အခန်းကဏ္ဍများနှင့် ၎င်းတို့အချင်းချင်း ဆက်နွှယ်ပုံများကိုလည်း သိမြင်နိုင်စေပါသည်။



## အပိုင်း (၃) သင်ယူမှု ပန်းတိုင်များ

### ဗဟုသုတများ

(လေ့ကျင့်ခန်းများ)

**ဤအခန်းအပြီးတွင် အောက်ပါ ဗဟုသုတများ ရရှိမည် ဖြစ်သည်။**

- ဒီမိုကရေစီတစ်ခု၏ ရလဒ်များ။
- အာဏာရှင်ဆန်သော အစိုးရ၏ စရိုက်လက္ခဏာများ။
- ဒီမိုကရေစီအစိုးရနှင့် အာဏာရှင်အစိုးရတို့အကြားမှ ကွဲပြားချက်များ။
- ဒီမိုကရေစီဆန့်ကျင်သည့် အဆို၊ အယူအဆများ။
- ဒီမိုကရေစီလိုလားသော အဆို၊ အယူအဆများ။
- ပါလီမန် ကာလနှင့် ဖဆပလ အစိုးရကာလများအတွင်းမှ မြန်မာ့သမိုင်းကြောင်း။
- အစိုးရဟူသည့် အခြေခံအယူအဆ။
- ကောင်းမွန်သော အုပ်ချုပ်မှု၏ အခြေခံလက္ခဏာများ။
- အာဏာခွဲဝေမှုနှင့် အပြန်အလှန်ထိန်းကျောင်းမှု။
- ဥပဒေပြုရေး မဏ္ဍိုင်၏ အခန်းကဏ္ဍ။
- အုပ်ချုပ်ရေး မဏ္ဍိုင်၏ အခန်းကဏ္ဍ
- တရားစီရင်ရေး မဏ္ဍိုင်၏ အခန်းကဏ္ဍ။

### ကျွမ်းကျင်မှုများ

(လုပ်ဆောင်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါ စွမ်းရည်များ တိုးပွားလာမည် ဖြစ်သည်။**

- ဒီမိုကရေစီသစ်ပင် ဖန်တီးခြင်း။
- အာဏာရှင်စနစ်သစ်ပင် ရေးဆွဲဖန်တီးခြင်း။
- ခေါင်းဆောင်များကို ရောင်စဉ်တန်းတစ်ခုတွင် နေရာချ အမျိုးအစားခွဲခြားခြင်း။
- ပြဿနာဖြေရှင်းနည်းများ ရှာဖွေခြင်း။
- ကိစ္စရပ်များ ငြင်းခုံ ဆွေးနွေးခြင်းကို အတွေးအမြင်မျဉ်း အသုံးပြုပြီး ဆောင်ရွက်ခြင်း။
- ပုံစံတကျ ငြင်းခုံဆွေးနွေးခြင်းကို လုပ်ဆောင်ခြင်း။
- ရသုံးမှန်းခြေ ငွေစာရင်းတစ်ခု ဖန်တီးခြင်း။
- ကောင်းမွန်သော အုပ်ချုပ်ရေး အစီရင်ခံကတ်ပြားကို ဖြည့်သွင်းခြင်း။
- ခေါင်းဆောင်များ၏ အာဏာကို ကန့်သတ်ခြင်းနှင့် ပတ်သက်ပြီး ငြင်းခုံဆွေးနွေးမှု တစ်ခုကို ပြင်ဆင်ဆောင်ရွက်ခြင်း။
- လွှတ်တော်အတွင်း ဥပဒေကြမ်းတစ်ခု လက်ခံတင်သွင်းခြင်းကို ပုံစံပြု သရုပ်ဆောင်ခြင်း။
- ဥပဒေကြမ်းတစ်ခုကို အတည်ပြုခြင်းကို ပုံစံပြုသရုပ်ဆောင်ခြင်း။
- ဥပဒေကြမ်းတစ်ခုကို တရားစီရင်ရေးမှ ပြန်လည်သုံးသပ်ပုံကို ပုံစံပြု သရုပ်ဆောင်ခြင်း။

### တန်ဖိုးများ

(ပြန်လည်သုံးသပ်ချက်များ)

**ဤအခန်းအပြီးတွင် အောက်ပါတို့ကို စဉ်းစား သုံးသပ်မိပြီး ဖြစ်ပါလိမ့်မည်။**

- ဒီမိုကရေစီ၏ မျက်နှာစာများတွင် မည်သည်တို့က အရေးအကြီးဆုံးဖြစ်ကြောင်း။
- အာဏာရှင်စနစ်၏ အတွေ့အကြုံများ။
- ခေါင်းဆောင်မှုအပေါ် မိမိအမြင်။
- ဒီမိုကရေစီတွင် အားသာချက်က အားနည်းချက်ကို လွှမ်းနိုင်ခြင်းရှိ၊ မရှိ။
- ဒီမိုကရေစီအောက်တွင် ရှင်သန်နေထိုင်ရခြင်း အကျိုးကျေးဇူးများ။
- ဒီမိုကရေစီစနစ်သည် အကောင်းဆုံးစနစ်ဟုတ်၊ မဟုတ်။
- အစိုးရနှင့် ပြည်သူကြားမှ ဆက်နွယ်မှု။
- ကောင်းမွန်သော အုပ်ချုပ်မှုအပေါ် သင်၏ နားလည်မှု။
- အများစုက အာဏာကြီးမားစွာ ရရှိထားခြင်းနှင့် ပတ်သက်သည့် သင့်အတွေ့အကြုံ။
- မိမိလိုအပ်သည် ထင်မိသော ဥပဒေတစ်ခု။
- ခေါင်းဆောင်ကောင်းတစ်ဦး၏ စံတန်ဖိုးများနှင့် အင်္ဂါရပ်များ။
- တရားမျှတခြင်းနှင့် ပတ်သက်သည့် သင့်အတွေ့အကြုံ။

## ၅.၁ ဒီမိုကရေစီ အစိုးရနှင့် အာဏာရှင် အစိုးရ

### ၅.၁.၁ ဒီမိုကရေစီ၏ ရလဒ်များ



ခိုင်မာအားကောင်းတဲ့ ဒီမိုကရေစီစနစ်ဖြစ်ဖို့ဆိုလျှင် တန်းတူညီမျှမှု၊ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ပါဝင်ဆောင်ရွက်မှု၊ နားလည်သည်းခံမှု၊ စေ့စပ်ညှိနှိုင်းမှုနှင့် တရားဥပဒေ စိုးမိုးမှုစသည့် အခြေခံအစိတ်အပိုင်းတွေ အားကောင်းကောင်းနှင့် ရှိထားဖို့လိုပေသည်။ ထိုသို့ ရှိထားခြင်းသည် ပြည်သူလူထုအနေဖြင့် မိမိတို့အပေါ် သက်ရောက်မှုရှိမည့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင် ဆောင်ရွက်နိုင်သော စနစ်တစ်ခုကို ဖန်တီးပေးပါသည်။

ဒီမိုကရေစီသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးတို့ အပေါ်တွင်လည်း သက်ရောက်မှု ရှိသည်။

### က။ နိုင်ငံရေး

ဒီမိုကရေစီသည် ပြည်သူလူထုက မိမိတို့အား အုပ်ချုပ်မည့်သူကို မိမိကိုယ်တိုင် ရွေးချယ်ခွင့်ရှိမှုအပေါ် အခြေခံ တည်ဆောက်ထားခြင်း ဖြစ်သည်။ သို့ဖြစ်၍ ဒီမိုကရေစီ၏ အခြေခံအကျဆုံးသော ရလဒ်တစ်ခုမှာ ပြည်သူ၏ ဆုံးဖြတ်ချက်များကို ဖော်ဆောင်မည့် အစိုးရတစ်ရပ် ပေါ်ထွက်လာခြင်းဖြစ်သည်။ ဒီမိုကရေစီအစိုးရ တစ်ရပ်သည် ပြည်သူလိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို အလေးထား နားထောင်ပေးရပြီး ထိုသို့ ဆောင်ရွက်ရန် ပျက်ကွက်ပါကလည်း ပြည်သူ့အပေါ် ပြန်၍ တာဝန်ခံရသည်။ ထို့ကြောင့် ဒီမိုကရေစီ၏ နိုင်ငံရေးအကျိုး ရလဒ်များမှာ ပြည်သူ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမည့် ခေါင်းဆောင်များ၊ ဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များ ပေါ်ထွက်လာခြင်း ဖြစ်သည်ဟု ဆိုနိုင်ပေသည်။

### ခ။ စီးပွားရေး

ဒီမိုကရေစီသည် စီးပွားရေးကို တိုးတက်စေသည်ဟု အချို့ဆိုကြသည်။ အချို့ကလည်း ကြွယ်ဝချမ်းသာသော နိုင်ငံများသည် ထိုကဲ့သို့ ချမ်းသာမှုကြောင့်ပင် ဒီမိုကရေစီ ပိုဆန်ကြသည်ဟုလည်း ဆိုကြပြန်သည်။ ဒီမိုကရေစီတွင် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်နှင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ခွင့်ကဲ့သို့ အခွင့်အရေးများ ရှိသည်။ လူများစုက စီးပွားရေးလုပ်ငန်းများစွာ လုပ်ဆောင်လာနိုင်ကြပြီဆိုလျှင် စီးပွားရေးသည်လည်း တိုးတက်မြင့်မားလာမည်။ သို့သော် ထိုအခြေအနေသည် လူအများအား ဆင်းရဲတွင်းမှ လွတ်မြောက်အောင် အမြဲတမ်း စွမ်းဆောင်ပေးနိုင်သည်ဟူ၍တော့ မဆိုနိုင်ပေ။

### ဂ။ လူမှုရေး

ဒီမိုကရေစီသည် နိုင်ငံရေးတန်းတူညီမျှမှုပေါ်တွင် အခြေပြုထားခြင်း ဖြစ်သည်။ တစ်ဦးချင်းနိုင်ငံသားအားလုံးသည် ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ခွင့်တန်းတူ ရှိကြသည်။ ထို့အပြင် နားလည်သည်းခံမှု၊ စေ့စပ်ညှိနှိုင်းမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် တရားဥပဒေစိုးမိုးမှုတို့သည် လူမှုရေးတန်းတူညီမျှမှုဆီသို့ အမြဲတမ်းမဟုတ်တောင် အတော်အသင့် တွန်းပို့ပေးနိုင်သည်။ ဒီမိုကရေစီသည် ဆင်းရဲမွဲတေမှု၊ လူမျိုးရေး ခွဲခြားမှု၊ ကျား/မ ခွဲခြားမှုစသည့် ရောဂါတို့ကိုလည်း နိုင်ငံသားများက အမှန်တကယ်ကုစားရန် ဆန္ဒရှိမှသာ ကုစားပေးနိုင်မည်ဖြစ်သည်။ နိုင်ငံသားများက လူမှုအပြောင်းအလဲကို တောင်းဆိုလာပြီဆိုလျှင် အစိုးရမှာ အပယ်ခံလူမှု အုပ်စုတွေကို ဥစ္စာဓန ခွဲဝေပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရေးတွေ လုပ်ပေးဖို့အတွက် အာဏာရှိပါသည်။

## လေ့ကျင့်ခန်း

အသင့်တော်ဆုံး အဖြေကို ရွေးချယ်ပါ။

၁။ အောက်ပါ ဖော်ပြချက်များထဲမှ ဒီမိုကရေစီမှ ရရှိသော နိုင်ငံရေးအကျိုးရလဒ်ကို ရွေးချယ် ပြပါ။

က။ ပြည်သူလူထုအပေါ် တာဝန်ခံမှုရှိသော အစိုးရတစ်ရပ် ပေါ်ထွက်လာခြင်း။

ခ။ လူကြိုက်များသော အစိုးရတစ်ရပ် ပေါ်ထွက်လာခြင်း။

ဂ။ လူတိုင်းသဘောတူသော ဥပဒေများကိုသာ ပြဋ္ဌာန်းသည့် အစိုးရမျိုး ပေါ်ထွန်းလာခြင်း။

၂။ အောက်ပါ ဖော်ပြချက်များထဲမှ ဒီမိုကရေစီမှ ရရှိသော စီးပွားရေးအကျိုးရလဒ်ကို ရွေးချယ် ပြပါ။

က။ ဆင်းရဲမွဲတေမှုက အမြဲတမ်း ကြီးထွားလာနေခြင်း။

ခ။ စီးပွားရေးလုပ်ငန်းများ ကိုယ်ပိုင် လုပ်ပိုင်ခွင့်ရှိခြင်း။

ဂ။ လူတိုင်းကို ပို၍ ချမ်းသာလာစေခြင်း။

၃။ အောက်ပါ ဖော်ပြချက်များထဲမှ ဒီမိုကရေစီမှ ရရှိသော လူမှုရေးအကျိုးရလဒ်ကို ရွေးချယ်ပြပါ။

က။ ကျား / မ တန်းတူညီမျှမှု လုံးလုံးလျားလျား ရှိလာခြင်း။

ခ။ နိုင်ငံသား အားလုံးတွင် ကိုယ်စားလှယ်များကို ရွေးချယ်ရန် တန်းတူ အခွင့်အရေး ရှိထားခြင်း။

ဂ။ ခွဲခြား ဆက်ဆံမှုများ ပပျောက်သွားခြင်း။

## မြန်မာ့ရေးရာ

### ဒီမိုကရေစီ ရလဒ်များနှင့် ပတ်သက်သော အဆိုအမိန့်များ

ဒီမိုကရေစီ၏ ပင်မအချက်အလက်များဖြစ်သော လွတ်လပ်စွာ ပြောဆိုရေးသားခွင့်၊ လွတ်လပ်စွာ စည်းရုံးခွင့်၊ လွတ်လပ်စွာ မဲပေး၍ လူထု ကိုယ်စားလှယ်များ တင်မြှောက်ခွင့် အစရှိသည်တို့မှာ မိုးပေါ်မှ ရုတ်တရက် ချပေးသဖြင့် ရသည် မဟုတ်၊ ထိုအခွင့်အရေးများကို နှစ်ကြာရှည်စွာ တိုက်ယူခဲ့ရသည်။

*ဦးနု (၁၉၅၆) ဖိနှိပ်မှု တိုက်ပွဲအဆင့်ဆင့် ဌေးမောင်ရေးသားသည့် "ဒီမိုကရေစီဆိုသည်မှာ" စာအုပ်မှ ကောက်နုတ် ရေးသားသည်။*

ဒီမိုကရေစီဆိုတာ ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရှိရုံနဲ့ မလုံလောက်ဘူး၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ပါဝင် ဆောင်ရွက်ခွင့်၊ တာဝန်ခံမှုနဲ့ လွတ်လပ်မျှတသော ရွေးကောက်ပွဲစတဲ့ အခြေခံ အနှစ်သာရတွေ အမှန်တကယ် ပြည့်စုံနေဖို့လည်း လိုအပ်တယ်။ အဲဒီအရာတွေဟာ တခြားနေရာက လာတာမဟုတ်ဘူး၊ လူတွေရဲ့ စိတ်ဓာတ်ကပဲ ဆင်းသက်လာတာဖြစ်တယ်။

*ဦးနု (၁၉၅၁) "မင်းပုည၏ ခေါင်းဆောင်များ မိန့်ခွန်းများ" မှ ကောက်နုတ် ရေးသားသည်။*

ဒီမိုကရေစီက ဆင်းရဲတဲ့လူတွေကို နေ့ချင်းညချင်း ချမ်းသာသွားအောင် လုပ်မပေးနိုင်ဘူး။ ဆင်းရဲမွဲတေမှု ပြဿနာကို ဒီမိုကရေစီက အလိုအလျောက် ဖြေရှင်းမပေးနိုင်ဘူး။ ဒါပေမယ့် လူတွေကို ဆင်းရဲတွင်းထဲက ရုန်းထွက်နိုင်အောင် အကောင်းဆုံးနည်းလမ်းကိုတော့ ဒီမိုကရေစီသဘောတရားတွေက ပြသပေးနိုင်တယ်။

*သခင်ဘသောင်း (၁၉၅၄) ၏ "ဒီမိုကရေစီ ဆိုသည်မှာ" စာအုပ်၏ ၂၀၁၂ ခုနှစ်ထုတ် စာမျက်နှာ ၁၇–၁၈ မှ ကောက်နုတ် ရေးသားထားသည်။*

## လေ့ကျင့်ခန်း

၁။ ဒီမိုကရေစီ အခွင့်အရေးများနှင့် ပတ်သက်၍ ဦးနုက မည်သို့ ပြောထားသနည်း။

၂။ ဒီမိုကရေစီ အခြေခံအင်္ဂါရပ်များနှင့် ပတ်သက်၍ ဦးနုက မည်သို့ ပြောဆိုထားသနည်း။

၃။ ဒီမိုကရေစီနှင့် ဆင်းရဲမွဲတေမှုအကြောင်း သခင်ဘသောင်းက မည်သို့ ပြောဆိုထားသနည်း။


## လုပ်ငန်းများ

### ဒီမိုကရေစီ အသီးအပွင့်များ

၁။ အဖွဲ့များ ဖွဲ့၍ အသီး ၉ လုံးနှင့် အမြစ် ၉ ခု ပါရှိသော သစ်ပင်တစ်ပင် ရေးဆွဲပါ။

၂။ ထိုသစ်ပင်တွင် ဒီမိုကရေစီ၏ အခြေခံလိုအပ်ချက်ဖြစ်သော အမြစ်များနှင့် ရလဒ်ဖြစ်သော အသီးတို့ကို ထည့်ပေးပါ။

- အမြစ်များ – ဒီမိုကရေစီ အခြေခံအင်္ဂါရပ် ၇ ခုကို အမြစ်များအဖြစ် စဉ်းစားပါ။ ဒီမိုကရေစီ ထိထိရောက်ရောက် သက်ဝင်လည်ပတ်နိုင်ရန် မည်သည့် အရာများ လိုအပ်သနည်း။ ဥပမာ – ဒီမိုကရေစီတွင် ကိုယ်စားလှယ်များက ပြည်သူလူထု၏ လိုအပ်ချက်များကို လျစ်လျူမရှုနိုင်စေရန် တာဝန်ခံမှုရှိဖို့ လိုသည်။
- အသီးများ – အမြစ်များ၏ အကျိုးရလဒ်အနေနှင့် ဖြစ်ပေါ်လာသော အရာများကို အသီးများအဖြစ် စဉ်းစားပါ။ ဥပမာ – တာဝန်ခံမှု ရှိပြီဆိုလျှင် ကိုယ်စားလှယ်များသည် ပြည်သူ့လိုအပ်ချက်နှင့် ကိုက်ညီသော ဆုံးဖြတ်ချက်များကို ချမှတ်လာသည်။




၃။ အမြစ်များနှင့် အသီးတို့အကြား ဆက်စပ်မှုကို ဆွေးနွေးပါ။

- သင့်အနေဖြင့် အသီးအဖြစ်ရော အမြစ်အဖြစ်ရော ရှိနိုင်မည့် အရာများကို စဉ်းစားမိပါသလား။ မည်သည့် အရာများ ဖြစ်မည်နည်း။
- အမြစ်တွေထဲမှာမှ အချို့သော အမြစ်တွေဟာ ပို၍ အရေးပါကြပါသလား။ အဘယ်ကြောင့် အရေးပါသည်ကို ရှင်းပြပါ။
- အသီးတွေထဲမှာမှ အချို့သော အသီးတွေဟာ ပို၍ အရေးပါကြပါသလား။ အဘယ်ကြောင့် အရေးပါသည်ကို ရှင်းပြပါ။
- အသီးနှင့် အမြစ်ကြား မည်သို့ ဆက်နွယ်မှု ရှိပါသနည်း။
- သစ်ပင်တွင် သင်ထပ်ဖြည့်စွက်ချင်သော အသီးများ၊ အမြစ်များ ရှိသေးပါက ထပ်ဖြည့်နိုင်ပါသည်။

၄။ ဒီမိုကရေစီ အခြေခံအင်္ဂါရပ် ၇ ခု ထဲမှ မည်သည့် အင်္ဂါရပ်များကို သင်၏ ဒီမိုကရေစီ သစ်ပင်တွင် ထည့်သွင်းခဲ့သနည်း။

## ဆွေးနွေးချက်

၁။ ဒီမိုကရေစီ သစ်ပင်၏ မည်သည့် အမြစ်များကို သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် တွေ့ရှိရသနည်း။

၂။ ဒီမိုကရေစီ သစ်ပင်၏ မည်သည့် အသီးများကို သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် တွေ့ရှိရသနည်း။

၃။ ဒီမိုကရေစီ သစ်ပင်၏ မည်သည့် အမြစ်များက သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် အားနည်းနေပါသနည်း။

၄။ ဒီမိုကရေစီ သစ်ပင်၏ မည်သည့် အသီးများက သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် အားနည်းနေပါသနည်း။

## ပြန်လည်သုံးသပ်ချက်

၁။ ဒီမိုကရေစီ သစ်ပင်၏ မည်သည့် အမြစ်များက အရေးအပါဆုံးဟု သင် ထင်မြင်ပါသနည်း။ အဘယ်ကြောင့်နည်း။

၂။ ဒီမိုကရေစီ သစ်ပင်၏ မည်သည့် အသီးများက အရေးအပါဆုံးဟု သင် ထင်မြင်ပါသနည်း။ အဘယ်ကြောင့်နည်း။

၃။ ဒီမိုကရေစီကို သင်တန်ဖိုး ထားပါသလား။ အဘယ်ကြောင့် ထိုသို့ တန်ဖိုးထားရသနည်း။

## ၅.၁.၂ အာဏာရှင် အစိုးရ


အကြိုသင်ခန်းစာ
အာဏာရှင် အစိုးရ ဆိုသည်မှာ အဘယ်နည်း။
ကိုယ်စားလှယ်အသီးသီးက သူတို့ရဲ့သက်ဆိုင်ရာ လူ့အသိုင်းအဝိုင်းတွေကို ကိုယ်စားပြုကြဖို့ လိုအပ်တယ်ဆိုရင် သူတို့အားလုံး သဘောတူညီမှု ရအောင် ဘယ်လို လုပ်ယူလို့ဖြစ်နိုင်တော့မှာလဲဗျ။ လူ့အသိုင်းအဝိုင်း အမျိုးမျိုးမှာ လိုအပ်ချက်နဲ့ အကျိုးစီးပွားတွေကလည်း အမျိုးမျိုး ရှိနေနိုင်တာပဲ။
ဟုတ်ပါတယ်၊ အဲဒီအချက်က ဒီမိုကရေစီရဲ့စိန်ခေါ်မှုတစ်ရပ်ပဲ။ လူတွေဟာ ကိုယ့် လူ့အသိုင်းအဝိုင်း တစ်ခုလေးရဲ့လိုအပ်ချက်နဲ့ အလိုဆန္ဒတွေ သက်သက်ကိုပဲ စဉ်းစားတာမျိုး မဟုတ်ဘဲ တစ်နိုင်ငံလုံး၊ တစ်မျိုးသားလုံးအတွက် အကောင်းဆုံး ဖြစ်နိုင်မယ့်အရာကို စဉ်းစားတတ်ကြဖို့ လိုတယ်ဗျ။
ဒါဆို ကိုယ်စားလှယ်တွေက မိမိသက်ဆိုင်ရာ လူ့အသိုင်းအဝိုင်း အတွက်လည်း အကောင်းဆုံးဖြစ်မယ့် အရာကို လုပ်ဆောင်ဖို့ လိုအပ်သလို တစ်နိုင်ငံလုံးအတွက် အကောင်းဆုံးဖြစ်မယ့်အရာကို လုပ်ဆောင်ဖို့လည်း လိုအပ်တယ် ဆိုပါတော့။
သိပ်မှန်တာပေါ့ဗျာ။
ဒီအယူအဆကို ကျုပ်တော့ သိပ် မကြိုက်လှဘူးဗျ။ တစ်နိုင်ငံလုံးအတွက် ဘယ်အရာက အကောင်းဆုံး ဖြစ်စေမလဲ ဆိုတာနှင့် ပတ်သက်ပြီး ကိုယ်စားလှယ် တွေကြား သဘောတူညီမှု မရနိုင်ကြရင် ဘယ့်နှယ် လုပ်ကြမလဲ။
သူတို့ သက်ဆိုင်ရာ လူ့အသိုင်းအဝိုင်းတွေက သဘောမကျနိုင်မယ့် ဆုံးဖြတ်ချက်မျိုးတွေကို သူတို့က မချမှတ်ချင်ကြရင်ရော ဘယ်လိုလုပ်ကြမလဲ၊ သူတို့ကသာ ဘာဆုံးဖြတ်ချက်မှ မချမှတ်နိုင်ရင် ဘာမှ လုပ်လို့ရမှာ မဟုတ်တော့ဘူး။
မလွယ်တာမှ လုံးဝ မလွယ်တာဗျ။ တစ်နိုင်ငံလုံး အတွက် ဆုံးဖြတ်ချက်တွေ အားလုံးကို ခေါင်းဆောင် တစ်ဦးတည်းက ချမှတ်တဲ့ စနစ်မျိုးက အများကြီး ပိုပြီး ထိရောက်မှု မရှိနိုင်ဘူးလား။
အချို့ကိစ္စတွေမှာတော့ ထိရောက်မှု ပိုရှိကောင်း ရှိနိုင်မယ်၊ ဒါပေမယ့် အဲဒီအခြေအနေက အာဏာရှင် အစိုးရလက်အောက်မှာ နေထိုင်ရမယ့် အခြေအနေ ဖြစ်တယ်၊ အာဏာရှင်စနစ်မှာ အခြား ဆိုးကျိုးတွေ အများကြီးရှိတယ်။
ဘယ်လို ဆိုးကျိုးတွေလဲဗျ။

### ဃ။ အာဏာရှင် အစိုးရ

အာဏာရှင် အစိုးရစနစ်တွင် အစိုးရသည် အာဏာအားလုံးကို ချုပ်ကိုင်ထားသည်။ တစ်ဦးတည်းသော ခေါင်းဆောင် သို့မဟုတ် အနည်းငယ်သော လူတစ်စုက အစိုးရတစ်ခုလုံးကို လွှမ်းမိုးချုပ်ကိုင်ထားတတ်ကြသည်။ အရေးကြီးသော ဆုံးဖြတ်ချက် အားလုံးကို ၎င်းတို့ကသာ ချမှတ်သည်။ အာဏာရှင် အစိုးရအများအပြားသည် ပြည်သူလူထုအား ကိုယ်စားလှယ်များကို မဲပေးရွေးချယ်ခွင့် ပေးထားတတ်ကြသည်။ သို့သော် အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရန် အတွက်မူ ပြည်သူလူထုတွင် အခွင့်အာဏာ မရှိသလောက်ပင်ဖြစ်သည်။

အာဏာရှင် အစိုးရလက်အောက်တွင် ရွေးကောက်ပွဲများ ရှိနေသည့်တိုင်အောင် ပြည်သူလူထုက အစိုးရကို ပြောင်းလဲဖယ်ရှားရန် အခွင့်အလမ်း မရှိသလောက်ဖြစ်သည်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ –

- ရွေးကောက်ပွဲတွင် ရွေးချယ်ရမည့် အရာတစ်ခုတည်းသာ ပေးထားခြင်း။
- အာဏာဆက် တည်မြဲစေမည့် ရလဒ်မျိုးထွက်အောင် အစိုးရက ရွေးကောက်ပွဲ ဖြစ်စဉ်ကို ချုပ်ကိုင် ခြယ်လှယ်ထားခြင်းတို့ကြောင့်ဖြစ်သည်။

အထက်ပါ ဖြစ်စဉ်နှစ်ခုစလုံးတွင် အစိုးရသည် ပြည်သူလူထု၏ လိုလားထောက်ခံမှုပေါ်တွင် အခြေပြု မထားပေ။ အာဏာရှင် အစိုးရစနစ်တွင် နိုင်ငံရေးတန်းတူညီမျှမှုနှင့် လွတ်လပ်မျှတသော ရွေးကောက်ပွဲများ မရှိခြင်းကြောင့် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုသည် အလွန်ပင် အားနည်းသည်။ အကျိုးဆက်အနေဖြင့် အကျင့်ပျက်ခြစားမှုများနှင့် အာဏာအလွဲသုံးစားမှု များစွာတို့ကို ဖြစ်ပေါ်လာစေသည်။

အာဏာရှင် အစိုးရလက်အောက်တွင် နိုင်ငံသားများသည် ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်များ၌ ပါဝင်ခွင့် မရကြပေ။ အာဏာရှင် အစိုးရများသည် နိုင်ငံသားများအား အစိုးရ၏ ဆုံးဖြတ်ဆောင်ရွက်မှုများအပေါ် မေးခွန်းထုတ်ခြင်း၊ စိန်ခေါ်ခြင်းများကို ခွင့်မပြုပေ။ အရပ်ဖက်လူမှုအဖွဲ့အစည်းများကိုလည်း ပိတ်ပင်ထားတတ်သည်။ ပွင့်လင်းမြင်သာမှုလည်း မရှိသလောက် ဖြစ်သည်။ ဤသို့ဖြင့် နိုင်ငံသားများသည် တာဝန်ခံမှုရှိသော အစိုးရတစ်ရပ် ဖြစ်စေရန် ထိန်းကျောင်းခြင်း၊ ပါဝင်ဆောင်ရွက်ခြင်းများကို အာဏာရှင် အစိုးရလက်အောက်တွင် လုပ်ခွင့် မရကြပေ။ အာဏာရှင် ခေါင်းဆောင်များသည် ဆုံးဖြတ်ချက်များကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ချမှတ်နိုင်ရေးသည်သာ အဓိက အရေးကြီးသည်ဟု ခံယူထားတတ်ကြသည်။ ဆွေးနွေးမှုနှင့် စေ့စပ်ညှိနှိုင်းမှုများကို အချိန်ဖြုန်းခြင်း သက်သက်ဟု ရှုမြင်ကြသည်။

အာဏာရှင် အစိုးရလက်အောက်တွင် တရားဥပဒေစိုးမိုးမှုသည်လည်း အလွန်ပင် အားနည်းလေ့ရှိသည်။ အာဏာရှိသော ပုဂ္ဂိုလ်များ (အစိုးရ၊ ရဲတပ်ဖွဲ့နှင့် ချမ်းသာသော စီးပွားရေး လုပ်ငန်းရှင်ကြီးများ) သည် အခါ အားလျော်စွာ ဥပဒေကို လျစ်လျူရှုတတ်ကြသည်။ သာမန်နိုင်ငံသားများအတွက်မူ မိမိတို့၏ အခွင့်အရေးများ ချိုးဖောက်မခံရရေးအတွက် ကာကွယ်ဖို့ အလွန်ပင် အခက်အခဲ တွေ့ကြရတတ်သည်။




*ရုရှားမှ စတာလင်နှင့် တရုတ်မှ မော်စီတုန်း – အာဏာရှင်စနစ်*

### လေ့ကျင့်ခန်း

အောက်ပါ ဖော်ပြချက်များအား မှား/ မှန် ဆုံးဖြတ်ပါ၊ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းလင်းပြပါ။

က။ အာဏာရှင် အစိုးရလက်အောက်တွင် ရွေးကောက်ပွဲများ လုံးဝ မရှိပေ။

ခ။ အာဏာရှင် အစိုးရလက်အောက်တွင် တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့သည် အလွန်အားနည်းလေ့ရှိသည်။

ဂ။ အာဏာရှင် အစိုးရဟူသည် နားလည်သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှုတို့ အပေါ်တွင် အခြေပြုထားခြင်း ဖြစ်သည်။

## ခ။ အာဏာရှင်စနစ်၏ အကျိုးရလဒ်များ

### နိုင်ငံရေး

အာဏာရှင်စနစ်တွင် အစိုးရများသည် ပြည်သူအပေါ် တာဝန်ခံမှု မရှိကြပေ။ ထို့ကြောင့် အစိုးရများအတွက် ပြည်သူ့လိုအပ်ချက်များကို လျစ်လျူရှုရန်နှင့် အာဏာအလွဲသုံးစားမှုများ ကျူးလွန်ရန် ပို၍ လွယ်ကူကြသည်။ နိုင်ငံသားများသည်လည်း ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပါဝင်ခွင့် မရှိကြသည့်အတွက် ပေါ်ထွက်လာသော ဆုံးဖြတ်ချက်များသည် ပြည်သူ့လိုအပ်ချက်နှင့် စိုးရိမ်ပူပန်မှုများကို မဖြေရှင်းနိုင်ကြပေ။ နိုင်ငံရေးဆုံးဖြတ်ချက်များသည် အများအားဖြင့် အာဏာရှိသူများနှင့် ၎င်းတို့ကို ထောက်ခံသူများအတွက်သာ အကျိုးအမြတ် ရှိစေပါသည်။

### စီးပွားရေး

အာဏာရှင် အစိုးရလက်အောက်တွင် တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုနှင့် တရားဥပဒေစိုးမိုးမှုတို့သည် များစွာ အားနည်းလေ့ရှိသည်။ အကျိုးဆက်အနေဖြင့် အကျင့်ပျက်ခြစားမှုများကို ထိန်းချုပ်ရန် အလွန်ခက်ခဲသည်။ ထို့အပြင် နိုင်ငံသားများအတွက်လည်း ၎င်းတို့၏ ပိုင်ဆိုင်မှုများ၊ စီးပွားရေးလုပ်ငန်းများ လုံခြုံစိတ်ချမှု ရှိစေရန် မသေချာပေ။ အာဏာရှင်စနစ် လက်အောက်တွင် ပြည်သူတို့သည် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် ယုံကြည်မှု သိပ်မရှိကြခြင်းကြောင့် စီးပွားရေးအပေါ် ဆိုးကျိုးများစွာ ဖြစ်ပေါ်စေနိုင်သည်။ အာဏာရှင်နိုင်ငံများတွင် ဆင်းရဲသားပြည်သူတို့၏ လိုအပ်ချက်များကို လျစ်လျူရှုထားကြခြင်းကြောင့် ဆင်းရဲမွဲတေမှုသည်လည်း ကြီးမားသော ပြဿနာတစ်ရပ် ဖြစ်လာသည်။

### လူမှုရေး

တန်းတူညီမျှမှုသည် အာဏာရှင်စနစ်တွင် ပို၍အားနည်းတတ်ခြင်းကြောင့် ဆင်းရဲချမ်းသာ ကွာဟမှုသည် အဆမတန် ကြီးထွားလာတတ်သည်။ ထို့အတူ နားလည်သည်းခံမှုနှင့် ဓေ့စပ်ညှိနှိုင်းမှုတို့သည်လည်း အာဏာရှင်စနစ် လက်အောက်များစွာ ပို၍အားနည်းတတ်သည်။ လူနည်းစုများသည် ၎င်းတို့၏ လိုအပ်ချက်များနှင့် စိုးရိမ်ပူပန်ချက်များကို ထုတ်ဖော်ပြောဆိုရန် အခွင့်အလမ်းလုံးဝ မရှိပေ။ တစ်ခါတစ်ရံ အာဏာရှင် အစိုးရများသည် ၎င်းတို့၏ ပြဿနာရပ်များကို လူနည်းစုများအပေါ် အပြစ်ပုံချတတ်ကြသေးသည်။ ထိုအခြေအနေသည် ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက် ပဋိပက္ခများဆီသို့ ဦးတည်သွားစေနိုင်သည်။ လူနည်းစုအပယ်ခံ လူတန်စားများအပေါ် အခွင့်အရေး ချိုးဖောက်မှုများစွာလည်း ဖြစ်ပေါ်လာစေတတ်သည်။ နိုင်ငံသားများသည် ထိုကဲ့သို့ ချိုးဖောက်ခြင်း အန္တရာယ်များမှ မိမိကိုယ်ကို ကာကွယ်ရန် တရားဥပဒေစိုးမိုးမှု အပေါ်သို့လည်း အားကိုး၍ မရပြန်ပေ။



မြောက်ကိုရီးယားမှ ဆင်းရဲသား ကလေးငယ်များ

**လေ့ကျင့်ခန်း**

အသင့်တော်ဆုံး အဖြေကို ရွေးချယ်ပါ။

၁။ အောက်ပါ ဖော်ပြချက်များထဲမှ အာဏာရှင်စနစ်၏ နိုင်ငံရေး အကျိုးရလဒ်ကို ရွေးချယ် ပြပါ။

က။ နိုင်ငံရေး ဆုံးဖြတ်ချက်များသည် အာဏာရှိသူများအတွက်သာ အကျိုးအမြတ် ဖြစ်ထွန်းစေခြင်း။

ခ။ နိုင်ငံရေး ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပြည်သူများစွာ ပါဝင်ရခြင်း။

ဂ။ နိုင်ငံရေး ဆုံးဖြတ်ချက်များကို အားလုံးသဘောတူညီဆန္ဒဖြင့် ချမှတ်ခြင်း။

၂။ အောက်ပါ ဖော်ပြချက်များထဲမှ အာဏာရှင်စနစ်၏ စီးပွားရေး အကျိုးရလဒ်ကို ရွေးချယ် ပြပါ။

က။ အာဏာရှင်အစိုးရ လက်အောက်တွင် ဆင်းရဲမွဲတေမှုလုံးဝ မရှိခြင်း။

ခ။ လူအများသည် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် ယုံကြည်မှု သိပ်မရှိကြခြင်း။

ဂ။ အာဏာရှင်အစိုးရစနစ်သည် စီးပွားရေးကို တိုးတက်မှု ရှိစေခြင်း။

၃။ အောက်ပါ ဖော်ပြချက်များထဲမှ အာဏာရှင်စနစ်၏ လူမှုရေးအကျိုးရလဒ်ကို ရွေးချယ် ပြပါ။

က။ အပယ်ခံလူနည်းစုများ၏ အခွင့်အရေးများကို တရားဥပဒေစိုးမိုးမှုက ကာကွယ်ပေးခြင်း။

ခ။ လူ့အဖွဲ့အစည်းတွင် တန်းတူညီမျှမှု ပိုမို ရှိစေခြင်း။

ဂ။ လူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုများ မကြာခဏ ရှိနေခြင်း။



## မြန်မာ့ရေးရာ

### အာဏာရှင်စနစ်နှင့် ပတ်သက်သော အဆိုအမိန့်များ

အစိုးရက ပြည်သူတွေရဲ့ လိုအပ်ချက်နဲ့ စိုးရိမ်ပူပန်ချက်တွေအပေါ် လျစ်လျူရှုတာကို ပြည်သူက ခွင့်ပြုထားမယ်ဆိုရင် ကိုယ်စားလှယ် (အစိုးရ) ဆိုတဲ့ လူတွေက သူတို့ကိုယ် သူတို့ ရှင်ဘုရင်တွေလို့ ထင်လာလိမ့်မယ်။ ဒါဟာ ဒီမိုကရေစီ ဆိတ်သုဉ်းပြီး အာဏာရှင်ဆီကို ဦးတည်စေနိုင်တဲ့ အချက်ပဲ၊ ဒါဟာ ပြည်သူတွေ လွတ်လပ်ခွင့် ဆုံးရှုံးစေဖို့ လမ်းစပဲ။

*ဗိုလ်ချုပ်အောင်ဆန်း (၁၉၄၇) မင်းပုည "ခေါင်းဆောင်များ၏ မိန့်ခွန်းများ" စာအုပ်မှ ကောက်နုတ် ရေးသားထားပါသည်။*

အစိုးရမှာ အာဏာရှင် အတွေးအခေါ်တွေ ဝင်နေပြီဆိုရင် ဝန်ကြီးတွေ၊ ကိုယ်စားလှယ်တွေကို ထိပ်ပိုင်းကပဲ ရွေးချယ်လိမ့်မယ်။ ပြည်သူက သူတို့ကို ရွေးချယ်ခွင့် မရှိတော့ဘူး၊ အဲဒီဝန်ကြီးတွေ၊ ကိုယ်စားလှယ်တွေက ပြည်သူကို သူတို့အလိုကျ အနိုင်ကျင့် ခိုင်းစေကြမယ်။ ဒီလိုဆိုရင် တိုင်းပြည်လည်း အာဏာရှင်စနစ် ဖြစ်လာမယ်။ ပြည်သူတွေလည်း လွတ်လပ်ခွင့်တွေ ဆုံးရှုံးပြီး တိုင်းပြည်လည်း ဖွံ့ဖြိုးတိုးတက်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် ခိုင်မာအားကောင်းတဲ့ ဒီမိုကရေစီဖြစ်ဖို့ အင်မတန်မှကို အရေးကြီးတယ်။

*ဗိုလ်ချုပ်အောင်ဆန်း (၁၉၄၇) စာပေဗိမာန်ထုတ် "ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းများ၊ ၁၉၇၁" စာအုပ်မှ ကောက်နုတ် ရေးသားထားပါသည်။*

အစိုးရဆိုတာ ပြည်သူရဲ့ အစေခံဝန်ထမ်းပဲ။ အစိုးရဆိုတဲ့ အဖွဲ့အစည်းဟာ ပြည်သူ့လိုအင်ဆန္ဒတွေကို သိရှိပြီး အဲဒီသိရှိမှုအပေါ် အခြေခံပြီး ဆုံးဖြတ်ချက်တွေ ချမှတ်တဲ့ အဖွဲ့အစည်းမျိုးပဲ ဖြစ်သင့်တယ်။ ကျုပ်ဟာ စစ်မှန်တဲ့ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးပဲ ဖြစ်ချင်တယ်၊ မစားရဝခမန်း ကတိတွေပေးပြီး ပြည်သူတွေဆီက မဲရနိုင်သမျှ များများရအောင် လှည့်ပတ်သိမ်းသွင်းနေတဲ့ ကိုယ်စားလှယ်မျိုး မဖြစ်ချင်ဘူး။ ကိုယ်ရဲ့ ကိုယ်ပိုင် ဆင်ခြင်သုံးသပ်နိုင်မှုပေါ် အခြေခံပြီး ဆုံးဖြတ်ချက်ချတဲ့ ကိုယ်စားလှယ်မျိုးပဲ ဖြစ်ချင်တယ်။

*ဗိုလ်ချုပ်ကြီးနေဝင်း တော်လှန်ရေးကောင်စီဥက္ကဋ္ဌ၊ ၁၉၆၃ ပုပ္ပါးအစည်းအဝေးမှ မိန့်ခွန်းအား ဌေးမောင်၏ "ဒီမိုကရေစီဆိုတာ" စာအုပ်မှ ကောက်နုတ် ရေးသားထားပါသည်။*

**လေ့ကျင့်ခန်း**

အောက်ပါ မေးခွန်းများကို ဖြေပါ။

၁။ အာဏာရှင်စနစ်ကို ဖြစ်စေသော အကြောင်းတရားများနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက မည်သို့ ပြောထားသနည်း။


၂။ အာဏာရှင်စနစ်၏ အကျိုးရလဒ်များနှင့် ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းက မည်သို့ ပြောထားသနည်း။

၃။ ဗိုလ်ချုပ်ကြီးနေဝင်း၏ အဆိုအရ ကိုယ်စားလှယ်များသည် ဆုံးဖြတ်ချက်များကို မည်သို့ ချမှတ်သင့်သနည်း။

## လုပ်ငန်းများ

### အာဏာရှင်စနစ်၏ အသီးအပွင့်များ

၁။ အဖွဲ့များဖွဲ့၍ အသီး ၉ လုံးနှင့် အမြစ် ၉ ခု ပါရှိသော သစ်ပင်တစ်ပင် ရေးဆွဲပါ။




၂။ ထိုသစ်ပင်တွင် အာဏာရှင်စနစ်၏ အခြေခံ လိုအပ်ချက်ဖြစ်သော (အမြစ်များ) နှင့် ရလဒ်ဖြစ်သော (အသီး) တို့ကို ထည့်ပေးပါ။

- အမြစ်များ – ဒီမိုကရေစီ အခြေခံအင်္ဂါရပ် ၇ ခုထဲမှ အာဏာရှင်စနစ်တွင် ကင်းမဲ့နေသော အင်္ဂါရပ်များကို အမြစ်များအဖြစ် စဉ်းစားပါ။ အာဏာရှင်စနစ်သည် မည်သည့်အရာအပေါ် အခြေခံထားသနည်း။ ဥပမာ – တာဝန်ခံမှု ကင်းမဲ့ပြီဆိုလျှင် ခေါင်းဆောင်များသည် သူတို့လုပ်ချင်ရာ လုပ်လာကြပေလိမ့်မည်။
- အသီးများ – ဆိုခဲ့ပါ အမြစ်များ၏ အကျိုးရလဒ် အနေနှင့် ဖြစ်ပေါ်လာသော အရာများကို အသီးများအဖြစ် စဉ်းစားပါ။ တာဝန်ခံမှု ကင်းမဲ့ခြင်းကြောင့် မည်သည့် အကျိုးဆက်များ ဖြစ်ပေါ်လာတတ်သနည်း။ ဥပမာ – တာဝန်ခံမှု ကင်းမဲ့ခြင်းကြောင့် အကျင့်ပျက်ခြစားမှုနှင့် အာဏာအလွဲသုံးစားများ ပိုမို ဖြစ်ပွားလာနိုင်ပါသည်။

၃။ အမြစ်များနှင့် အသီးတို့အကြား ဆက်စပ်မှုကို ဆွေးနွေးပါ။

- သင့်အနေဖြင့် အသီးအဖြစ်ရော အမြစ်အဖြစ်ပါ ရှိနိုင်မည့်အရာများကို စဉ်းစားမိပါသလား။ မည်သည့်အရာများ ဖြစ်နိုင်မည်နည်း။
- အမြစ်တွေထဲမှာမှ အချို့သော အမြစ်တွေဟာ ပို၍ အရေးပါကြပါသလား။ အဘယ်ကြောင့် အရေးပါသည်ကို ရှင်းပြပါ။
- အသီးတွေထဲမှာမှ အချို့သော အသီးတွေဟာ ပို၍ အရေးပါကြပါသလား၊ အဘယ်ကြောင့် အရေးပါသည်ကို ရှင်းပြပါ။
- အသီးနှင့် အမြစ်ကြား မည်သို့ ဆက်နွယ်မှု ရှိပါသနည်း။

၄။ သစ်ပင်တွင် သင်ထပ်ဖြည့်စွက်ချင်သော အသီးများ၊ အမြစ်များ ရှိသေးပါက ထပ်ဖြည့်နိုင်ပါသည်။

## ဆွေးနွေးချက်

၁။ အာဏာရှင် သစ်ပင်၏ မည်သည့် အမြစ်များကို သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် တွေ့ရှိရသနည်း။

၂။ အာဏာရှင် သစ်ပင်၏ မည်သည့် အသီးများကို သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် တွေ့ရှိရသနည်း။

၃။ အဆိုပါ အသီးများနှင့် အမြစ်များသည် သင်ပါဝင်သော လူ့အဖွဲ့အစည်း၏ နိစ္စဓူဝ ဘဝများအပေါ် မည်သို့ သက်ရောက်မှုများ ရှိနေသနည်း။

၄။ အဆိုပါ အမြစ်များနှင့် အသီးများသည် ပြောင်းလဲမှုများ ရှိနေပါသလား၊ မည်သည့် ပုံစံဖြင့် ပြောင်းလဲနေကြပါသနည်း။

## ပြန်လည်သုံးသပ်ချက်

၁။ အာဏာရှင် သစ်ပင်၏ အမြစ်များနှင့် အသီးများက သင်ကိုယ်တိုင်အပေါ် တိုက်ရိုက် သက်ရောက်နေခြင်းများ ရှိပါသလား။ မည်သည့် ပုံစံဖြင့် သက်ရောက်နေပါသနည်း။

၂။ သင့်အပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များကို သင်ကိုယ်တိုင်၏ သဘောထားမပါဘဲ အခြားသူများက ချမှတ်သောအခါမျိုးတွင် သင်မည်သို့ ခံစားရပါသနည်း။

## ၅.၁.၃ ဒီမိုကရေစီအစိုးရနှင့် အာဏာရှင်အစိုးရ




ဒီမိုကရေစီအစိုးရနှင့် အာဏာရှင် အစိုးရတို့၏ ကွာခြားချက်များကို နိုင်ငံသားတို့၏ နေ့စဉ်လူမှုဘဝများ၌ပင် တွေ့မြင်နိုင်သည်။ နိုင်ငံသားတို့၏ ပြောမှုဆိုမှု၊ အလုပ်လုပ်ကိုင်မှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှု ပုံစံအားလုံးသည် ၎င်းတို့ ထိတွေ့ဆက်ဆံ နေထိုင်ရသော အစိုးရ အမျိုးအစားများ၏ သက်ရောက်မှုကို ခံနေကြရသည်။

ဒီမိုကရေစီအစိုးရစနစ်တွင် ဒီမိုကရေစီအင်္ဂါရပ် ၇ ခု တို့သည် သူ့နေရာနှင့်သူ စီစဉ်တကျ သက်ဝင်လျက် ရှိနေသည်။ ထို့ကြောင့် နိုင်ငံသားများသည် ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်တွင် ပါဝင်နိုင်ကြသည်။ သို့သော် အာဏာရှင်အစိုးရစနစ်တွင်မူ အဆိုပါ အင်္ဂါရပ်များသည် ပိတ်ပင် ကန့်သတ်ခံထားရသည်။ ထို့ကြောင့် နိုင်ငံသားတို့သည် ဆုံးဖြတ်ချက် ချမှတ်မှု ဖြစ်စဉ်တွင် ပါဝင်ခွင့် မရတော့ဘဲ အာဏာကို အစိုးရလက်ထဲတွင်သာ လုံးလုံးလျားလျား အပ်နှင်းထားရလေတော့သည်။

## လေ့ကျင့်ခန်း

အောက်ပါဇယားကွက်တွင် ဒီမိုကရေစီ အစိုးရ၏ သွင်ပြင်လက္ခဏာရပ်များနှင့် အာဏာရှင် အစိုးရ၏ သွင်ပြင်လက္ခဏာရပ်များကို ဖြည့်စွက် ပေးပါ။

၁။ နိုင်ငံသားများသည် မကောင်းသော ခေါင်းဆောင်များအား အစားထိုး ဖယ်ရှားရန် နည်းလမ်း မရှိကြပေ။

၂။ နိုင်ငံသားများသည် နိုင်ငံရေးပါတီများနှင့် အသင်းအဖွဲ့များ ထူထောင်ခွင့် ရှိကြသည်။

၃။ အစိုးရကို ပြည်သူလူထုက ရွေးချယ်ခွင့် မရကြပေ။

၄။ အစိုးရနှင့် ရဲတပ်ဖွဲ့သည် အာဏာကို လွတ်လပ်စွာ စိတ်ကြိုက် ကျင့်သုံးခွင့် ရှိနေသည်။

၅။ နိုင်ငံသားများသည် အစိုးရ၏ တရားဝင် သတင်းများကို ရယူသိရှိခွင့် ရှိကြသည်။

၆။ နိုင်ငံသားတိုင်း အစိုးရရာထူး (သို့) လွှတ်တော် ကိုယ်စားလှယ်နေရာအတွက် ရွေးချယ်ခံပိုင်ခွင့် ရှိသည်။

၇။ နိုင်ငံသားများသည် လုပ်ပုံ ကိုင်ပုံ ဆိုးရွားလာသော ကိုယ်စားလှယ်များအား အစားထိုး ဖယ်ရှားခွင့် ရှိကြသည်။

၈။ အစိုးရနှင့် ရဲတပ်ဖွဲ့များ၏ အာဏာကျင့်သုံးမှုကို ဥပဒေဖြင့် ကန့်သတ်ထားသည်။

၉။ အသင်းအဖွဲ့များ ဖွဲ့စည်း ထူထောင်ခြင်းကို ကန့်သတ်ထားသည် သို့မဟုတ် ပိတ်ပင်ထားသည်။

၁၀။ လူတိုင်း မိမိအယူအဆနှင့် အမြင်သဘောထားများကို ထုတ်ဖော် ပြောဆိုခွင့် ရှိကြသည်။

၁၁။ အာဏာရ ပုဂ္ဂိုလ်များနှင့် သဘောထား မတိုက်ဆိုင်သော အမြင်များကို ကြားနာခွင့် မရှိပေ။

၁၂။ အစိုးရ ရာထူးများနှင့် ကိုယ်စားလှယ်ရာထူးများ အတွက် ဝင်ရောက် အရွေးချယ်ခံမှုကို ပိတ်ပင်ထားသည် သို့မဟုတ် လူတချို့အတွက်သာ ခွင့်ပြုပေးထားသည်။

၁၃။ ပြည်သူလူထုက အစိုးရကို ပုံမှန်ရွေးကောက်ပွဲများ မှတစ်ဆင့် ရွေးချယ် တင်မြှောက်ကြသည်။


၁၄။ သတင်းရယူ သိရှိနိုင်မှုကို ကန့်သတ်ထားသည်။

| အခြေခံအင်္ဂါရပ်များ | ဒီမိုကရေစီအစိုးရ | အာဏာရှင်အစိုးရ |
|---|---|---|
| က။ တန်းတူညီမျှမှု | နမူနာအဖြေ – ၆ - နိုင်ငံသားတိုင်း အစိုးရရာထူး (သို့) လွှတ်တော် ကိုယ်စားလှယ်နေရာတွက် ရွေးချယ်ခံပိုင်ခွင့် ရှိသည်။ | နမူနာအဖြေ – ၁၂ - အစိုးရ ရာထူးများနှင့် ကိုယ်စားလှယ်ရာထူးများအတွက် ဝင်ရောက် အရွေးချယ်ခံမှုကို ပိတ်ပင်ထားသည် သို့မဟုတ် လူတချို့ အတွက်သာ ခွင့်ပြုပေးထားသည်။ |
| ခ။ လွတ်လပ်မျှတသော ရွေးကောက်ပွဲများ | | |
| ဂ။ တာဝန်ခံမှု | | |
| ဃ။ ပွင့်လင်းမြင်သာမှု | | |
| င။ ပါဝင်ဆောင်ရွက်မှု | | |
| စ။ နားလည်သည်းခံမှုနှင့် ဓေစပ်ညှိနိုင်းမှု | | |
| ဆ။ တရားဥပဒေ စိုးမိုးမှု | | |



## မြန်မာ့ရေးရာ

### ဒီမိုကရေစီစနစ်နှင့် အာဏာရှင်စနစ်တို့အပေါ် ဦးသန့်၏ အမြင်



ဗမာ (မြန်မာ) နိုင်ငံသည် ဒီမိုကရေစီ အတွေးအခေါ်များနှင့် ဒီမိုကရေစီ အစိုးရစနစ်ကို လိုလိုလားလား ထောက်ခံသောနိုင်ငံ ဖြစ်သည်။ ကျွန်တော်တို့ မြန်မာလူမျိုးများသည် လွတ်လပ်သော ဒီမိုကရေစီအစိုးရစနစ်သည်သာ ပြည်သူ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံး ဖြစ်သည်ဟု ယုံကြည်ကြသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ အလုပ်လုပ်ကိုင်ခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ကဲ့သို့သော အခြေခံ လွတ်လပ်ခွင့်များနှင့် ဒီမိုကရေစီ လူနေမှုဘဝ ပုံစံများကို ကျွန်တော်တို့ တန်ဖိုးထားသည်။

သို့သော်လည်း အခြားလူမျိုးများတွင် ဒီမိုကရေစီနှင့် ပတ်သက်၍ မတူညီသော အမြင်သဘောထားများ ရှိသည်ကို ကျွန်တော်တို့ သတိထားမိပါသည်။

အစိုးရသည် ပြည်သူကို အလုပ်အကြွေး ပြုရမည်ဟု ကျွန်တော်တို့ ယုံကြည်သည်။ တစ်ဦးချင်း နိုင်ငံသားတို့အတွက် သာယာသောဘဝ တစ်ခုကို ပိုင်ဆိုင်နိုင်ရန် လိုအပ်သော လွတ်လပ်ခွင့်များနှင့် အခြားလိုအပ်သော အရာများကို ဖြည့်ဆည်းပေးရန် အစိုးရတွင် တာဝန်ရှိသည်။ အခြားသူများကတော့ တစ်ဦးချင်း နိုင်ငံသားများသည် အစိုးရကို အလုပ်အကြွေး ပြုရမည်ဟု ယုံကြည် မှတ်ယူကြသည်။ နိုင်ငံအတော်များများတွင် ဒီမိုကရေစီစနစ်ကောင်းစွာ မအောင်မြင်သည်ကို ကျွန်တော်တို့ သတိမူရမည်။ မကြာခဏဆိုသလို အာဏာရှိသူတစ်စုက ပြည်သူကို ထိန်းချုပ်ရန်အတွက် ဒီမိုကရေစီကို အသုံးချသော မျက်နှာဖုံးတစ်ခုအဖြစ်သာ အသုံးချနေကြသည်။

တကယ်တမ်း ဒီမိုကရေစီသည် အလွန်တရာ ခက်ခဲနက်နဲသော စနစ်တစ်ခု ဖြစ်သည်။ ဒီမိုကရေစီတွင် မတူကွဲပြားသော အယူအဆများ၊ အလိုဆန္ဒများ ရှိနေကြသော ပြည်သူတို့သည် ၎င်းတို့၏ ပြဿနာများအတွက် အဖြေကို ပူးပေါင်းရှာဖွေရန် လိုအပ်ကြသောကြောင့် ခက်ခဲရခြင်း ဖြစ်သည်။ တစ်ဖက်က ကြည့်ပြန်လျှင်လည်း အာဏာရှင်စနစ်သည် အလွန် လွယ်ကူသောစနစ် ဖြစ်သည်။ ပြဿနာဖြေရှင်းဖို့ လိုလာရင်လည်း အင်အား (သို့မဟုတ်) အကြမ်းဖက်နည်းကိုသာ သုံးလိုက်ရုံသာ လိုတယ်။ အစိုးရ ဆုံးဖြတ်ချက်များကို ပြည်သူတို့ မဖြစ်မနေ နာခံစေရန်အတွက် အင်အားကို သုံးခြင်းဖြစ်သည်။ နားလည်သည်းခံမှုတို့၊ စေ့စပ်ညှိနှိုင်းမှုတို့ မလိုအပ်ပေ။

ဒီမိုကရေစီတွင် အားနည်းချက်အချို့လည်း ရှိပါသည်။ သို့သော် ဒီမိုကရေစီတွင် အဓိက အရေးပါသော အားသာချက်ကြီး ၂ခု ရှိသည်။ ပထမတစ်ချက်မှာ ဒီမိုကရေစီ လူ့အဖွဲ့အစည်းသည် ငြိမ်းချမ်း၍ လက်ခံနိုင်ဖွယ်ဖြစ်သော တွေ့ဆုံ ဆွေးနွေးနည်းကိုသုံး၍ ပြဿနာများကို ဖြေရှင်းခြင်း ဖြစ်သည်။ အင်အားသုံးခြင်း၊ အကြမ်းဖက်နည်း သုံးခြင်းများ မရှိပေ။ ဒုတိယအချက်မှာ ဒီမိုကရေစီတွင် ခေါင်းဆောင်များကို လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများမှတစ်ဆင့် အပြောင်းအလဲများ ပြုလုပ်ခြင်း ဖြစ်သည်။ မည်သည့် အကြမ်းဖက် တော်လှန်ရေးမျိုးမှ ဆင်နွှဲစရာ မလိုပေ။

*တတိယမြောက် ကုလသမဂ္ဂအတွင်းရေးမှူးဦးသန့် (၁၉၆၁–၁၉၇၁) "မြန်မာ့သံတမန်တစ်ဦး၏ ကမ္ဘာ့အမြင်စာအုပ်" မှ ကောက်နုတ် ရေးသားထားပါသည်။*

#### လေ့ကျင့်ခန်း

အောက်ပါ မေးခွန်းများကို ဖြေပါ။

၁။ ဦးသန့်က ဒီမိုကရေစီတွင် မည်သို့သော စိန်ခေါ်မှုများရှိကြောင်း ပြောဆိုထားသနည်း။


၂။ အထက်ပါ စာပိုဒ်တွင် ဒီမိုကရေစီစနစ်နှင့် အာဏာရှင်စနစ်တို့ကြား မည်သို့သော ကွာခြားချက်များ ရှိကြောင်း ဖော်ပြထားသနည်း။

၃။ ဦးသန့်က ဒီမိုကရေစီတွင် မည်သို့သော အားသာချက်များရှိကြောင်း ပြောဆိုထားသနည်း။

## လုပ်ငန်းများ

၁။ သင့်လူမှုအသိုင်းအဝိုင်းမှ ခေါင်းဆောင်တစ်ဦးအကြောင်းကို စဉ်းစားကြည့်ပါ။ ၎င်းသည် ဒီမိုကရေစီဆန်သလား သို့မဟုတ် အာဏာရှင် ဆန်ပါသလား။

၂။ နောက်ထပ် ခေါင်းဆောင်ကို စဉ်းစားကြည့်ပါ။ ၎င်းတို့ကို အဆင့်ခွဲခြားမှုပြ ရောင်စဉ်တန်းပေါ်တွင် ချရေးကြည့်ပါ။ အဆိုပါ ခေါင်းဆောင်များကို ရောင်စဉ်တန်းပေါ်တွင် အဆင့်အလိုက် သင် သတ်မှတ်ထားရှိရသော အကြောင်းအရင်းများကို ရှင်းပြပါ။




## ဆွေးနွေးချက်

၁။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် တွေ့မြင်နိုင်မည့် ဒီမိုကရေစီနည်းကျ ခေါင်းဆောင်မှု၏ မည်သည့် ဥပမာများကို ဖော်ပြပါ။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် တွေ့မြင်နိုင်မည့် အာဏာရှင်ဆန်ဆန် ခေါင်းဆောင်မှု၏ မည်သည့် ဥပမာများကို ဖော်ပြပါ။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်း၏ ခေါင်းဆောင်မှုများနှင့် ပတ်သက်၍ မည်သည့်အရာတို့ကို သင်ပြောင်းလဲပစ်လိုပါသနည်း။

## ပြန်လည်သုံးသပ်ချက်

ဒီမိုကရေစီခေါင်းဆောင်များနှင့် အာဏာရှင် ခေါင်းဆောင်များတွင် သင့်အနေနှင့် မည်သူတို့ကို ပို၍ လေးစားပါသနည်း။ ဘာကြောင့် လေးစားရပါသလဲ။

# ၅.၂ ဒီမိုကရေစီ၏ အားသာချက်နှင့် အားနည်းချက်များ

## ၅.၂.၁ ဒီမိုကရေစီကို ဆန့်ကျင်သော အဆိုများ





**ဒီမိုကရေစီကို ဆန့်ကျင်တဲ့ အကောင်းဆုံး ငြင်းချက်တစ်ခုက သာမန် မဲဆန္ဒရှင်တွေကို ငါးမိနစ်လေး စကားပြောပြီး မဲတွေ ယူသွားနိုင်တယ် ဆိုတဲ့ အချက်ပဲ။**

– ဝင်စတန်ချာချီ

အောက်ပါ အဆိုများသည် ဒီမိုကရေစီနှင့် ပတ်သက်၍ လူအများ ကန့်ကွက်ပြောဆိုမှု အများဆုံးသော အဆိုများဖြစ်သည်။

### ၁။ ဒီမိုကရေစီတွင် ခေါင်းဆောင်များမှာ မကြာခဏ အပြောင်းအလဲ ရှိနေသည်

အချို့ မူဝါဒများသည် အချိန်အတော်ကြာယူ၍ ဖော်ဆောင်ကြရသည်မျိုးရှိသည်။ အဆိုပါ မူဝါဒမျိုးကို လူအများက မကြိုက်တတ်ကြပေ။ အကြောင်းမှာ အဆိုပါ မူဝါဒ၏ အကျိုးအမြတ်ကို လူအများက ချက်ချင်း လက်ငင်း မမြင်တွေ့ကြရခြင်းကြောင့် ဖြစ်သည်။ အာဏာရပါတီတစ်ခုသည် အချိန်အတော်ကြာကြာယူရမည့် ပြုပြင်ပြောင်းလဲရေးများကို ဖော်ဆောင်ချင်သည့် အခါများတွင်လည်း နောက်ရွေးကောက်ပွဲ၌ အဆိုပါ ပါတီရှုံးနိမ့်သွားပါက ထိုလုပ်ငန်းများသည် လက်စမသတ်ဘဲ ကျန်ရစ်ခဲ့နိုင်ပါသည်။ တက်လာသော အစိုးရအသစ်သည် မူဝါဒအသစ်များဖြင့် အားလုံးကို အစားထိုး ဖယ်ရှား၍ အသစ်က ပြန်စပြန်သည်။ ၎င်းတို့သည် အလဟဿဖြစ်၍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီး ဖြစ်စေသည်ဟု အချို့က ဆိုကြသည်။

### ၂။ ဒီမိုကရေစီသည် နိုင်ငံရေး ယှဉ်ပြိုင်မှု အပေါ်တွင် အခြေပြုထားသည်။ ၎င်း ယှဉ်ပြိုင်မှုသည် လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခကို ဖြစ်လာစေနိုင်သည်

ကိုယ်စားပြုဒီမိုကရေစီ သက်ဝင်လည်ပတ်စေရန်အတွက် အဓိက လိုအပ်ချက်ဖြစ်သော လွတ်လပ်စွာ ယှဉ်ပြိုင်မှုသည် တစ်ခါတစ်ရံတွင် လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခများကို ဖြစ်လာစေတတ်ပါသည်။ ကိုယ်စားလှယ်လောင်းများအကြား အပြန်အလှန် ဝေဖန်မှုများ၊ သဘောထားကွဲလွဲမှုများ၊ ငြင်းခုံမှုများသည် မခံမရပ်နိုင်ဖြစ်သည့် အဆင့်သို့ ရောက်ရှိလာနိုင်သည်။ ၎င်းသည် လူ့အဖွဲ့အစည်း အေးချမ်းမှုကို ထိခိုက်လာစေနိုင်သည်။

ထို့အပြင် မတူကွဲပြားသော ပါတီများ၊ ကိုယ်စားလှယ်လောင်းများကို ထောက်ခံသူ အချင်းချင်းကြား၌ လည်း ပဋိပက္ခများ ဖြစ်လာနိုင်ပါသည်။ ပါတီတစ်ရပ် သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးကို ထောက်ခံသော လူများသည် မိမိတို့နှင့် မတူသော အခြားလူများ၏ အမြင်သဘောထားများကို နားလည်သည်းခံမှု မရှိတတ်ပေ။ သည့်ထက် အစွန်းရောက်လာပါက အကြမ်းဖက်မှုများပင် ဖြစ်လာနိုင်ပါသည်။

### ၃။ ဒီမိုကရေစီတွင် ဆုံးဖြတ်ချက်တစ်ခု ချနိုင်ဖို့ရာ လူပေါင်းများစွာနှင့် တိုင်ပင် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ရသဖြင့် လုပ်ငန်း ကြန့်ကြာနိုင်ပေသည်

ဒီမိုကရေစီသည် တန်းတူညီမျှမှု၊ ပါဝင်ဆောင်ရွက်မှုနှင့် စေ့စပ်ညှိနှိုင်း အဖြေရှာမှုတို့အပေါ် အခြေပြု တည်ဆောက်ထားခြင်းကြောင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အချိန်အတော်ကြာကြာ ယူရသည်။ ထိုကဲ့သို့ အချိန်ယူခြင်းသည် မကောင်းသော ဆုံးဖြတ်ချက်များ ပေါ်ထွက်မလာအောင် တားဆီးပေးသည်ဟု ဒီမိုကရေစီကို ထောက်ခံသူများကဆိုသည်။ ဒီမိုကရေစီကို ဝေဖန်သူများကတော့ ယင်းကဲ့သို့ ကြာမြင့်ခြင်းသည် အရေးကြီးသော ဆုံးဖြတ်ချက်များကို မြန်မြန်ဆန်ဆန် ချမှတ်နိုင်ဖို့ရာ များစွာ အခက်အခဲ ရှိသည်ဟု ဆိုကြသည်။ ထိုသို့ ကြာမြင့်မှုကနေ အဖြေမထွက်၊ အလုပ်မဖြစ်သည့် အခြေအနေ (သဘောတူညီချက် မရ၍ ဘာမှ ဆက်မလုပ်နိုင်ခြင်း) သို့ ဆိုက်ရောက် သွားနိုင်သည်ဟုလည်း ဝေဖန်ကြသည်။

ပါလီမန် ဒီမိုကရေစီစနစ်ဟာ လောလောဆယ် ဗမာပြည်အတွက် မသင့်တော်သေးဘူး။

– ဗိုလ်ချုပ်ကြီးနေဝင်း



### ၄။ တစ်တိုင်းပြည်လုံးအရေးကို သာမန်ပြည်သူများအနေဖြင့် ကောင်းစွာ သိရှိနားလည်ကြသည် မဟုတ်၊ ထို့အတွက်ကြောင့် အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ၎င်းတို့အား ပါဝင်ဆုံးဖြတ်ခွင့် မပေးသင့်ပေ

ကျယ်ပြန့်၍ ကွဲပြားမှုများသော လူ့အဖွဲ့အစည်းများတွင် အချို့သော ဆွေးနွေးရသည့် ကိစ္စရပ်များသည် အလွန်ပင် ရှုပ်ထွေးလွန်းသည်ဖြစ်၍ အဆိုပါ ကိစ္စရပ်များနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်ကောင်းများ ချမှတ်ဖို့ရာ အလွန်ပင် ခက်ခဲနိုင်ပါသည်။ အဆိုပါ ကိစ္စရပ်များအပေါ် နိုင်ငံသားအများစုအနေဖြင့် ကောင်းစွာ နားလည်နိုင်ကြမည် မဟုတ်ပေ။ နိုင်ငံသားများထဲတွင် ကျွမ်းကျင်ပညာရှင် အရေအတွက်မှာ လွန်စွာနည်းပါးလှေ့ရှိပြီး အများစုမှာ အခြေခံပညာရေးအဆင့်ပင် မရှိကြပေ။

အလုပ်အကိုင်တစ်ဖက်၊ မိသားစုတစ်ဖက်နှင့် ရုန်းကန် ကျင်လည်နေကြရသော သာမန်နိုင်ငံသားများ သည် အဆိုပါ ဆွေးနွေးငြင်းခုံနေကြသော ကိစ္စရပ်များကို စနစ်တကျ လေ့လာစဉ်းစား သုံးသပ်နေဖို့ရာ အချိန်ရကြမည် မဟုတ်ပေ။ ထိုသို့သော ကိစ္စရပ်များအတွက် ဆုံးဖြတ်ချက်များကို နိုင်ငံသားများအား ချမှတ်ခွင့် ပေးလိုက်မည် ဆိုပါက ဆိုးရွားညံ့ဖျင်းသော ဆုံးဖြတ်ချက်များသာ ပေါ်ထွက်လာနိုင်သည်ဟု ဒီမိုကရေစီကို ဝေဖန်သူများ ငြင်းချက်ထုတ်ပါသည်။

### ၅။ လူနည်းစုများသည် ရွေးကောက်ပွဲ ရှုံးနိမ့်ပါက ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ်မှ ဖယ်ထုတ်ခံရနိုင်သည်

အရေးကြီးသော ဆုံးဖြတ်ချက်များကို အများစုမဲဖြင့် ချမှတ်ခြင်းသည် ရှုံးနိမ့်သွားသူများအား ခံပြင်းစိတ်နှင့် အင်အားမဲ့မှု ခံစားချက်များ ဖြစ်ပေါ်လာစေနိုင်သည်။ ထိုလူနည်းစုသည် အင်အားကြီးသော လူနည်းစုဖြစ်ပါက (ဥပမာ – ၃၀ ရာခိုင်နှုန်းကျော်ပါက) အဆိုပါ ဖြစ်ရပ်မျိုးသည် ကြီးမားသော ပြဿနာတစ်ရပ် ဖြစ်လာစေနိုင်ပါသည်။ ထို့အပြင် အင်အားကြီးသော လူများစုသည် တိုင်းရင်းသား လူနည်းစုများနှင့် အခြားလူနည်းစုများ၏ လိုအပ်ချက်နှင့် အလိုဆန္ဒများကို လျစ်လျူရှုပါကလည်း ပြဿနာတစ်ရပ် ဖြစ်လာနိုင်ပါသည်။

### ၆။ ခေါင်းဆောင်များသည် သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းအတွက် အကောင်းဆုံး ဖြစ်မည့် အရာကို လုပ်ဆောင်ခြင်းထက် မိမိကိုယ်ကို နာမည်ကြီး လူကြိုက်များဖို့ လောက်သာ အာရုံရှိနေတတ်ကြသည်

ဒီမိုကရေစီတွင် အချို့နိုင်ငံရေးသမားများသည် ရွေးကောက်ပွဲ အနိုင်ရရှိရန် နည်းပေါင်းစုံ လုပ်ဆောင်တတ်ကြသည်။ ၎င်းတို့ထဲတွင် လူထုဆီက မဲများများ ရရှိနိုင်ရန် မြန်ဆန်၍ ဆွဲဆောင်မှုရှိသော ဖြေရှင်းနည်းများ ပါဝင်သည်။ သို့သော် အဆိုပါ ဖြေရှင်းနည်းများ၊ မူဝါဒများသည် လူ့အဖွဲ့အစည်း အတွက်၊ တိုင်းပြည်အတွက် တကယ်တမ်း မလိုအပ်ပေ။

တစ်ခါတစ်ရံတွင် လူ့အဖွဲ့အစည်း၏ ပြဿနာများကို ဖြေရှင်းနိုင်ရန်အလို့ငှာ နှေးကွေး၊ ခက်ခဲ၍ ကုန်ကျစရိတ် မြင့်မားသော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်လာတတ်သည်။ သို့သော် ကိုယ်စားလှယ်လောင်းများသည် အဆိုပါ ပြုပြင်ပြောင်းလဲမှုများကို ချပြအဆိုပြုပါက လူကြိုက်နည်းပြီး ရွေးကောက်ပွဲပင် ရှုံးနိမ့်သွားနိုင်ပါသည်။ ဒီမိုကရေစီသည် ပြည်သူတွေ လိုအပ်တာကို လုပ်ဆောင်ပေးခြင်းမျိုးထက် ပြည်သူတွေ လိုချင်တာကို လုပ်ဆောင်ပေးတဲ့ အဖြစ်မျိုးဆီသို့ ဦးတည်သွားစေနိုင်သည်။

## လေ့ကျင့်ခန်း



အောက်တွင် ဖော်ပြထားသော ဥပမာ (က မှ စ အထိ) ဖြစ်စဉ်များကို ဖတ်ရှု၍ ဒီမိုကရေစီ အားနည်းချက် ၆ မျိုး (၁ မှ ၆) နှင့် တွဲစပ် ပြပါ။

၁။ ဒီမိုကရေစီတွင် ခေါင်းဆောင်များမှာ မကြာခဏ အပြောင်းအလဲ ရှိနေသည်။

<u>နမူနာအဖြေ</u> – (ဂ)

၂။ ဒီမိုကရေစီသည် နိုင်ငံရေး ယှဉ်ပြိုင်မှု အပေါ်တွင် အခြေပြုထားသည်။ ၎င်း ယှဉ်ပြိုင်မှုသည် လူ့အဖွဲ့အစည်း အတွင်း ပဋိပက္ခကို ဖြစ်လာစေနိုင်သည်။

၃။ ဒီမိုကရေစီတွင် ဆုံးဖြတ်ချက် တစ်ခုချနိုင်ဖို့ရာ လူပေါင်းများစွာနှင့် တိုင်ပင်ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ရသဖြင့် လုပ်ငန်းကြန့်ကြာနိုင်ပေသည်။

၄။ တစ်တိုင်းပြည်လုံး အရေးကို သာမန်ပြည်သူများ အနေဖြင့် ကောင်းစွာ သိရှိနားလည်ကြသည် မဟုတ်၊ ထိုအတွက်ကြောင့် အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ၎င်းတို့အား ပါဝင်ဆုံးဖြတ်ခွင့် မပေးသင့်ပေ။

၅။ လူနည်းစုများသည် ရွေးကောက်ပွဲရှုံးနိမ့်ပါက ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ်မှ ဖယ်ထုတ်ခံရနိုင်သည်။

၆။ ခေါင်းဆောင်များသည် သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းအတွက် အကောင်းဆုံးဖြစ်မည့်အရာကို လုပ်ဆောင်ခြင်းထက် မိမိကိုယ်ကို နာမည်ကြီး လူကြိုက်များဖို့လောက်သာ အာရုံရှိနေတတ်ကြသည်။

# ဒီမိုကရေစီ၏ အားနည်းချက်များနှင့် ပတ်သက်သော ဥပမာများ

က။ စင်ထရယ် (ဗဟို) အားကစားကလပ်တွင် ကလပ်အဖွဲ့ဝင် ၇၅ ရာခိုင်နှုန်းမှာ ဘောလုံးအားကစားသမားများဖြစ်၍ ကျန် ၂၅ ရာခိုင်နှုန်းမှာ ခြင်းလုံးအားကစားသမားများ ဖြစ်သည်။ ဘောလုံးအသင်းနှင့် ခြင်းလုံးအသင်းတို့သည် ပြိုင်ပွဲများတွင် ဝင်ရောက် ယှဉ်ပြိုင်ကြရပြီး သက်ဆိုင်ရာ အသင်းများသို့ နှစ်စဉ် အသင်းသားအသစ်များ ဝင်ရောက်လျက်ရှိသည်။ အသင်းသားတစ်ဦးလျှင် အသင်းဝင်ကြေး တစ်နှစ်လျှင် ကျပ် ၂၀၀၀၀ ကို ကလပ်သို့ ပေးသွင်းရသည်။ ကလပ်သည် တစ်နှစ်တစ်ကြိမ် ဘတ်ဂျက်အစည်းအဝေး ပြုလုပ်ပြီး ကလပ်မှ ကောက်ခံရရှိသော ရန်ပုံငွေများအား မည်သို့ သုံးစွဲရမည်ကို ကလပ်အဖွဲ့ဝင်အားလုံး၏ အများစု ထောက်ခံမဲဖြင့် ဆုံးဖြတ်လေ့ရှိသည်။ ခြင်းလုံးအားကစားသမား အုပ်စုသည် နှစ်စဉ်မဲရှုံးပြီး ကလပ်ရန်ပုံငွေအားလုံးမှာ ဘောလုံးသမားများထံသို့ချည်း ရောက်ရှိသွားခဲ့သည်။ ကောက်ခံရရှိသော ပိုက်ဆံ အားလုံးကို ဘောလုံးအားကစားအတွက်သာ သုံးစွဲနေပြီး ခြင်းလုံးသမားများအတွက်မူ ဘာမှ မရရှိကြသောကြောင့် ခြင်းလုံးအားကစားသမားများ မခံမရပ်နိုင် ဖြစ်လာသည်။

ခ။ ရွေးကောက်ပွဲ မဲပေးသည့်စနစ် အပြောင်းအလဲ လုပ်ခြင်းနှင့် ပတ်သက်၍ လူထုဆန္ဒခံယူပွဲ ကျင်းပသည်။ အစိုးရက အလွန်ရှုပ်ထွေးသော မဲပေးသည့်စနစ်ကို အကြံပြု ပြောကြားသည်။ လူအများစုမှာ အဆိုပါ မဲပေးသည့်စနစ်သစ်ကို နားမလည်ကြပေ။ သို့သော် ပညာတတ်သော နိုင်ငံရေးသမားများက ယခုစနစ်သစ်မှာ ပိုမို ကောင်းမွန်သောစနစ် ဖြစ်ကြောင်း လူများကို ပြောကြားသည်။ နောက်လာမည့် ရွေးကောက်ပွဲတွင် လူအများစုမှာ စိတ်မရှင်းမလင်း ဖြစ်ခဲ့ကြပြီး၊ မည်သို့ မဲပေးရမည်ကို မသိကြဘဲ ဖြစ်နေတော့သည်။

ဂ။ မစန္ဒာဝေသည် စင်ကာပူရှိ တက္ကသိုလ်တစ်ခုမှ နိုင်ငံရေးသိပ္ပံ ဘာသာရပ်ကို သင်ကြားကာ သူမ၏ နိုင်ငံသို့ ပြန်ရောက်လာသည်။ သူမသည် သူမ၏ မြို့နယ်မှ ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်သည်။ ရွေးကောက်ပွဲတွင် သူမသည် ဒေါ်သက်ဖြူဆိုသူနှင့် ယှဉ်ပြိုင် အရွေးခံသည်။ ဒေါ်သက်ဖြူမှာ အဆိုပါ လူ့အသိုင်းအဝိုင်းတွင် နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်းများစွာရှိပြီ ဖြစ်ပြီး၊ အဆိုပါ ဒေသရှိ ဖြစ်ကြောင်းကုန်စင်ကို သိသူဖြစ်သည်။ အခြားတစ်ဖက်တွင်မူ ဒေါ်သက်ဖြူသည် ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းအတွင်း ကြီးကြီးမားမား အပြောင်းအလဲ မလုပ်သင့်သေးကြောင်း၊ ယင်းထက် လက်ရှိသွားနေသော ဖြည်းဖြည်းမှန်မှန် အပြောင်းအလဲကိုသာ ဆက်လက် လုပ်ဆောင်သွားရန် လိုကြောင်း ပြောကြားသည်။ ရွေးကောက်ပွဲတွင် မစန္ဒာဝေ အနိုင်ရရှိခဲ့သော်လည်း၊ နောက်ရွေးကောက်ပွဲတွင် ရှုံးနိမ့်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူမ၏ အစီအစဉ်များ ပြီးမြောက်ရန် ငွေကြေးများစွာ လိုအပ်ခဲ့သောကြောင့် ဖြစ်သည်။

ဃ။ ဒေသကောင်စီက မြို့တွင်းရှိ မည်သည့်နေရာတွင် လမ်းသစ်ဖောက်လုပ်မည်ဆိုသည့် ကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးလျက်ရှိသည်။ လမ်းဖောက်မည့် ကိစ္စနှင့် ပတ်သက်၍ စိတ်ကူးအိုင်ဒီယာရှိသူများ သို့မဟုတ် စိုးရိမ်ပူပန်နေသော သူများအနေဖြင့် ဆုံးဖြတ်ချက်မချမီ ကောင်စီသို့ လာရောက် ပြောကြားနိုင်ကြောင်း ကောင်စီ၏ စည်းမျဉ်းတွင် ဖော်ပြထားသည်။ ထို့အတူ ကောင်စီစည်းမျဉ်းအရ ဆုံးဖြတ်ချက်ကို ကောင်စီအဖွဲ့ဝင် နှစ်ဦးထက်ပို၍ ကန့်ကွက်ခဲ့ပါက အဆိုပါ ဆုံးဖြတ်ချက်ကို အတည်ပြုမည် မဟုတ်ပေ။ ယခုဖောက်မည့် လမ်းသစ်မှာ အလွန် အငြင်းပွားဖွယ်ရာ အရေးကိစ္စဖြစ်ရာ၊ နှစ်လခန့် ဆွေးနွေးညှိနှိုင်းခဲ့ပြီးဖြစ်သော်လည်း ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ချမှတ်နိုင်ခြင်း မရှိသေးပေ။

င။ ရပ်ကွက်တစ်ခုတွင် လူငယ်အရေးအတွက် အများအပြား ရှိနေသည်။ ဒေသရွေးကောက်ပွဲဝင်မည့် ကိုထက်စံသည် လူငယ်များအား မိုဘိုင်းလ်ဖုန်းနှင့် အင်တာနက်ကို လိုချင်နေကြကြောင်း သိရှိခဲ့သည်။ ရွေးကောက်ပွဲ မတိုင်မီ မိမိတို့မြို့တွင် အင်တာနက်လိုင်းများ ကောင်းမွန်အောင် ပြုလုပ်ပေးမည်၊ မိုဘိုင်းလ်ဖုန်းများကို ဈေးချိုအောင် ပြုလုပ်ပေးမည်ဟု ကိုထက်စံက ကတိပေးခဲ့သည်။ သူနှင့် ပြိုင်ဘက် ကိုဝင်းဦးကမူ ၎င်းသာ အရွေးခံခဲ့ရပါက မြို့ထဲရှိ လမ်းအပေါက်များကို ဖာထေးပြုပြင်ပေးမည်။ မှောင်သောနေရာများတွင်လည်း မီးတိုင်များ ထွန်းပေးမည်ဟု ပြောကြားခဲ့သည်။ ရွေးကောက်ပွဲတွင် လူငယ်မဲအများစုဖြင့် ကိုထက်စံ အနိုင်ရရှိခဲ့သည်။ သို့သော် ရွေးကောက်ပွဲအပြီး မကြာမီ လူငယ်များ ဒဏ်ရာအနာတရ ရကုန်ကြသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့က ဖုန်းတစ်ကြည့်ကြည့်ဖြင့် ချိုင့်ခွက်ပေါသော လမ်းပေါ်တွင် သွားလာခဲ့ရခြင်းကြောင့် ဖြစ်သည်။

စ။ ရွေးကောက်ပွဲတစ်ခုတွင် “ကက” ပါတီနှင့် “ခခ” ပါတီတို့ ယှဉ်ပြိုင်ကြသည်။ နှစ်ပါတီစလုံး၏ ထောက်ခံသူများကြား ပြိုင်ဆိုင်မှုမှာ အလွန်ပြင်းထန်ပြီး ရန်လိုသည့်အဆင့်အထိ ရောက်လာသည်။ ရွေးကောက်ပွဲ အနိုင်ရရန်မှာ မဲတစ်မဲ၊ နှစ်မဲက အဆုံးအဖြတ်ပေးမည် ဖြစ်ရာ ပါတီနှစ်ခုစလုံး အသည်းအသန် ဖြစ်နေကြသည်။ “ကက” ပါတီမှ လူတချို့က “ခခ” ပါတီဝင်တစ်ဦး ဘီယာဆိုင်တွင် အရက်မူးနေပုံကို ပြသ၍ ထိုသူမူးပြီး အိမ်အပြန်တွင် အိမ်တစ်လုံးကို ကားဖြင့် ဝင်တိုက်ခဲ့ကြောင်း သတင်းဖြန့်သည်။ ယင်းဖြစ်ရပ်အပြီးတွင် “ကက” ပါတီဝင်တချို့မှာ တရုတ်နယ်စပ်တွင် တရားမဝင် လောင်းကစားလုပ်နေကြောင်း “ခခ” ပါတီမှ လူတချို့က ဂျာနယ်လစ်များကို ပြောကြားခဲ့ပြန်သည်။ “ခခ” ပါတီမှ လူများက ယင်းကိစ္စကို သိရှိသွားသောအခါ “ကက” ပါတီရုံးသို့ သွား၍ ရန်တွေ့ကြသည်။ ထို့နောက် ပါတီအချင်းချင်း အပြန်အလှန်အော်ဟစ် ဆဲဆိုကြတော့သည်။ ထိုမှတစ်ဆင့် ယင်းနှစ်ပါတီစလုံး၏ ထောက်ခံသူများအကြား၌လည်း ထိုးကြိတ်သတ်ပုတ်ပွဲများ ဆက်ဖြစ်လာသည်။

## လုပ်ငန်းများ

### မောဟမြို့၏ ခံစားမှု

အောက်ပါ စာပိုဒ်အား ဖတ်ရှု၍ ညွှန်ကြားချက်များကို လိုက်နာပါ။




မောဟ (Boretown) သည် နယ်မြို့လေးတစ်မြို့ဖြစ်ပြီး ထိုမြို့လေးတွင် လုပ်စရာဟူ၍လည်း ထွေထွေထူးထူး မရှိလှပေ။ တစ်နေ့တွင် မြို့နေလူတစ်စုက မောဟမြို့ကို ဦးဆောင်မည့် ခေါင်းဆောင်တစ်ဦးအား ရွေးကောက်ပွဲများ ပြုလုပ်၍ ရွေးချယ်ရန် ဆုံးဖြတ်လိုက်ကြသည်။ ထိုပုဂ္ဂိုလ်အား မြို့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် တာဝန်နှင့် အခွင့်အာဏာ ပေးအပ်ရမည်ဖြစ်သည်။

ထိုနေရာအတွက် အရွေးခံမည့် ပုဂ္ဂိုလ်က နှစ်ဦးသာရှိသည်။ တစ်ဦးက မြို့နေကျောင်းဆရာမ ဒေါ်ခင်ခင်နွယ်ဖြစ်ပြီး သူမကား မြို့ကို ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် နှစ်ပေါင်းများစွာ ပြောလာခဲ့သူဖြစ်သည်။

သူမက ပထမဆုံးအနေဖြင့် မြို့နေလူထုဘက်က ဘာတွေ လိုအပ်မည် ထင်သလဲ ဆိုသည်ကို မေးမြန်းမည်ဟု ဆိုပါသည်။ ပြုပြင်ပြောင်းလဲရေး စီမံကိန်းကို ရေးဆွဲရန်ပင် အချိန်အတော်ကြာမည်ဖြစ်ပြီး ထိုစီမံကိန်းကို အကောင်အထည်ဖော်ရန်မှာ ပို၍ပင် အချိန်ယူရလိမ့်မည်ဟု သူမက ယူဆသည်။

လူအတော်များများက စိတ်ပျက်သွားကြသည်။ ၎င်းတို့က ဒေါ်ခင်ခင်နွယ်သည် ရုပ်ရှင်ရုံကြီးများ၊ ကုန်တိုက်ကြီးများ၊ ကပွဲရုံကြီးများ တည်ဆောက်ရန် ပြောလိမ့်မည်ဟု မျှော်လင့်ထားကြသည်ဖြစ်၍ ဒေါ်ခင်ခင်နွယ်၏ အစီအစဉ်ကို ကြားလိုက်ရသောအခါ အလွန် စိတ်ပျက်သွားကြသည်။

အရွေးခံမည့်နောက် ကိုယ်စားလှယ်လောင်းတစ်ဦးဖြစ်သော ကိုကျော်ကျော်ဝင်းကို မေးကြည့်ကြသောအခါ ၎င်းက လူတိုင်းလိုချင်နေကြသည့် ရုပ်ရှင်ရုံနှင့် ရေကူးကန်ကို ဖန်တီးပေးမည့်အကြောင်း၊ နာမည်ကြီး အဆိုတော်အားလုံး မောဟမြို့လေးကို လာစေဖို့အတွက် ခမ်းနားသော ကပွဲရုံကြီးကိုပါ ဆောက်လုပ်ပေးဦးမည်ဆိုသည့် အကြောင်းများ ထည့်သွင်းပြောကြားသည်။

လူထုက ၎င်း၏ အစီအစဉ်များကို အလွန် သဘောကျကြပြီး လက်ခုပ်သြဘာများ ဝိုင်းပေးကြသည်။ ရွေးကောက်ပွဲ ပြုလုပ်ကြသောအခါ ကိုကျော်ကျော်ဝင်းကား အပြတ်အသတ် အနိုင်ရရှိသွားလေသည်။

မကြာခင်မှာပင် ကိုကျော်ကျော်ဝင်းသည် ရေကူးကန်တစ်ခုကို တည်ဆောက်သည်၊ သို့သော် သူ့အိမ်၏ ဥယျာဉ်ထဲ၌ သူ့အတွက် ဆောက်လုပ်ခြင်းဖြစ်သည်။ ထို့နောက် ၎င်းကိုယ်ပိုင် ရုပ်ရှင်ရုံနှင့် စတိတ်ရှိုးရုံကိုလည်း ဆောက်လုပ်လိုက်ပြန်သည်။ မြို့လူထုလည်း အတော် စိတ်ပျက်သွားကြသည်။ သို့သော် ၎င်းတို့ဘာများ တတ်နိုင်ဦးမည်နည်း။ သူ့ကို ၎င်းတို့ကိုယ်တိုင် မဲပေးထောက်ခံထားခဲ့ပြီး ဖြစ်သည်။

မြို့လူထုသည် ဒေါ်ခင်ခင်နွယ်ထံ သွား၍ အကူအညီတောင်းကြသည်။ သူမက မြို့လူထုသည် ကိုကျော်ကျော်ဝင်းအား မောဟမြို့၏ ခေါင်းဆောင်အဖြစ် မဲပေးရွေးချယ်ခဲ့ခြင်း ဖြစ်သောကြောင့် ယခုကိစ္စသည် မြို့လူထုတွင်သာ တာဝန်ရှိကြောင်း ပြန်လည် ပြောဆိုလိုက်သည်။ "ဒါပေမယ့် အခုကိစ္စကတော့ မတရားဘူး" ဟု လူထုက ဆိုသည်။ "ကျွန်မ သိတယ်"၊ ကဲ – ဒါဆိုလည်း ကျွန်မတို့ တစ်ခုခုတော့ လုပ်ရတော့မယ်" ဟု ဒေါ်ခင်ခင်နွယ်က ပြောလိုက်သည်။

အဖွဲ့များဖွဲ့၍ အောက်ပါမေးခွန်း ၃ ခုကို အခြေခံပြီး ယခုဇာတ်လမ်းတွင် ဘာတွေ ဆက်ဖြစ်မည် ဆိုသည်ကို ဆွေးနွေးပါ။

၁။ သည့်မတိုင်မီကတည်းက မြို့နေလူထုသည် မည်သည့်အရာများ ပြုလုပ်ထားခဲ့သင့်သနည်း။

၂။ ယခု ဘာတွေ လုပ်နိုင်မည်နည်း။

၃။ အနာဂတ်တွင် ထိုသို့ မဖြစ်အောင် မည်သို့သော ကာကွယ်မှုများ ပြုလုပ်ထားရမည်နည်း။

## မြန်မာ့ရေးရာ

### ဒီမိုကရေစီ၏ အန္တရာယ်နှင့် ပတ်သက်သော အဆိုအမိန့်များ

“လူထု” တို့ “ဒီမိုကရေစီ” တို့စတဲ့ စကားလုံးတွေကို ဖောဖောသီသီ သုံးနေကြတယ်၊ ဒါရိုးရိုးသားသား သုံးကြတာ မဟုတ်ဘူး၊ ပါးနပ်တဲ့ နိုင်ငံရေးသမားတွေက ဒီစကားလုံးတွေကို သုံးပြီး ပြည်သူ့ဆီက အာဏာကို မလိမ့်တပတ်နဲ့ ယူနေကြတယ်။ သူတို့ပြောတော့ ပြည်သူ့ အကျိုးစီးပွားကို ထမ်းရွက်ဖို့ ဒီအာဏာကို အသုံးချမှာပါတဲ့၊ တကယ်တမ်းကျတော့ သူတို့ အကျိုးစီးပွားကို ရှာဖို့ ဒီအာဏာကို သုံးနေကြတယ်။ အဲဒီအာဏာကို သုံးပြီးပဲ လူထုဘဝ အခြေအနေကို ဆိုးသည်ထက် ဆိုးအောင် လုပ်နေကြတယ်။



*၁၉၄၇ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ရန်ကုန်၊ ဂျူဗလီဟောတွင် ကျင်းပသော ဖဆပလ ညီလာခံမှ ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်း ကောက်နုတ်ချက်ကို ရေးသားဖော်ပြထားသည်။*

တိုင်းပြည်ကို အုပ်ချုပ်တဲ့ နိုင်ငံရေးစနစ်တွေ အားလုံးထဲမှာ ဒီမိုကရေစီဟာ အခက်ခဲဆုံးစနစ်ပဲ၊ ဒီမိုကရေစီစနစ် အောင်မြင်ဖို့ဆိုရင် နိုင်ငံသားတွေမှာ လုံလောက်တဲ့ အသိပညာနဲ့ ဉာဏ်ပညာတွေ ရှိဖို့ လိုအပ်တယ်။ ဒီလိုမှ မဟုတ်ရင် ဒီမိုကရေစီဟာ မင်းမဲ့စရိုက် ပရမ်းပတာ အခြေအနေမျိုးဆီ ဦးတည်သွားတတ်တယ်။

*ဦးသန့်၊ ကမ္ဘာ့ကုလသမဂ္ဂ တတိယအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာသံတမန်တစ်ဦး၏ ကမ္ဘာ့အမြင်စာအုပ်မှ ကောက်နုတ် ရေးသားထားသည်။*

နိုင်ငံသားများသည် မိမိတို့ တာဝန်ကို လျစ်လျူရှုလာကြပြီဆိုလျှင် အစိုးရသည်လည်း အကျင့်ပျက်ခြစားလာလိမ့်မည်။ လူတစ်ယောက်ဟာ မိမိတာဝန်ကို မျက်ကွယ်ပြုလာပြီဆိုလျှင် ထိုအကျိုးဆက်က မိမိကိုယ်တိုင်ကို ဒုက္ခဖြစ်စေသည်သာမက မိမိဝန်းကျင်ရှိ လူအများကိုပါ ဒုက္ခ ဖြစ်စေပေလိမ့်သည်။ သို့သော် နိုင်ငံသားများက မိမိတို့တာဝန်ကို မျက်ကွယ်ပြုလာပြီ ဆိုလျှင်မူ ထိုအကျိုးဆက်က နိုင်ငံတစ်ခုလုံးကိုပင် ဒုက္ခဖြစ်စေနိုင်သည်။

*ဦးဘဖေ၊ (၁၉၅၃) “အထက်တန်းကျောင်းများအတွက် ပြည်သူ့နီတိ” မှ ကောက်နုတ် ရေးသားထားပါသည်။*

### လေ့ကျင့်ခန်း

၁။ အဘယ်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဒီမိုကရေစီက အန္တရာယ်ကြီးမားကြောင်း ပြောဆိုခဲ့သနည်း။

၂။ အဘယ်ကြောင့် ဦးသန့်သည် ဒီမိုကရေစီက အန္တရာယ်ကြီးမားကြောင်း ပြောဆိုခဲ့သနည်း။

၃။ ဦးဘဖေ၏ အဆိုအရ နိုင်ငံသားများသည် ၎င်းတို့၏ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ရန် အဘယ်ကြောင့် အရေးကြီးရသနည်း။

### ဆွေးနွေးချက်

၁။ ဆိုခဲ့ပြီးသော ဒီမိုကရေစီ အားနည်းချက်များကို သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် တွေ့မြင်နေရသည်များ ရှိပါသလား၊ ဥပမာနှင့်တကွ ရှင်းပြပါ။

၂။ ဒီမိုကရေစီကို ဆန့်ကျင်သော အခြားအဆိုများနှင့် ပတ်သက်၍ သင် စဉ်းစားမိတာ ရှိပါသေးသလား။

### ပြန်လည်သုံးသပ်ချက်

ဆိုခဲ့ပါ ဒီမိုကရေစီ ပြဿနာများထဲမှ သင်ကိုယ်၌အပေါ်ရိုက်ခတ်နေသော ပြဿနာများ ရှိပါသလား၊ မည်သည့် ပုံစံဖြင့် ရိုက်ခတ်သည်ကို ရှင်းပြပါ။

## ၅.၂.၂ ဒီမိုကရေစီကို ထောက်ခံသော အဆိုများ



**“ကျွန်ုပ်တို့ သုံးခဲ့ဖူးသော အခြားစနစ်များ အားလုံးကို ဖယ်ထုတ်ပြီး စဉ်းစားကြည့်မယ်ဆိုလျှင် ဒီမိုကရေစီဟာ အဆိုးဝါးဆုံးသော အစိုးရစနစ်ပုံစံတစ်ခုပါပဲ”**

– ဝင်စတန်ချာချီ



အောက်ပါ အဆိုများသည် ဒီမိုကရေစီနှင့် ပတ်သက်၍ လူအများ ထောက်ခံပြောဆိုမှု အများဆုံးသော အဆိုများဖြစ်သည်။

### ၁။ ဒီမိုကရေစီ အစိုးရသည် တာဝန်ခံမှု ပိုမို အားကောင်းသော အစိုးရပုံစံတစ်ခု ဖြစ်သည်

ဒီမိုကရေစီနည်းကျ တာဝန်ခံမှုသည် ခေါင်းဆောင်များအား အာဏာအလွဲသုံးစားပြုခြင်း၊ ပြည်သူ၏ လိုအပ်ချက်များကို လျစ်လျူရှုခြင်းများ မဖြစ်စေရန် တားဆီးပေးသည်။ ဒီမိုကရေစီတွင် ပြည်သူ့ လိုအပ်ချက်ကို ဖြည့်ဆည်းမပေးသော ခေါင်းဆောင်များကို ပြည်သူ့လိုအပ်ချက် ဖြည့်ဆည်းပေးမည့် ခေါင်းဆောင်များဖြင့် အစားထိုးဖယ်ရှားနိုင်သည်။ ဥပဒေချိုးဖောက်သော ခေါင်းဆောင်များကိုလည်း အခြားသူများနှင့် တန်းတူအပြစ်ပေးနိုင်သည်။

ဤနည်းဖြင့် ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များသည် ၎င်းတို့၏ လုပ်ငန်းတာဝန်များကို (ပြည်သူ့လိုအပ်ချက်နှင့်အညီ၊ တရားဥပဒေနှင့်အညီ) ကျေပွန်စွာ ထမ်းဆောင်ကြစေရန် ဒီမိုကရေစီက စီမံထိန်းပေးထားပြီး တာဝန်မကျေပွန်ပါကလည်း အပြစ်ပေးခံရပေမည်။

### ၂။ ဒီမိုကရေစီသည် ဆုံးဖြတ်ချက် ချမှတ်မှုဆိုင်ရာ အရည်အသွေးကို မြင့်မားစေသည်


ဒီမိုကရေစီသည် ဆွေးနွေးညှိနှိုင်းအဖြေရှာမှု အပေါ်တွင် အခြေပြုထားသောစနစ်ဖြစ်သည်။ ဒီမိုကရေစီနည်းကျ ဆုံးဖြတ်ချက်တစ်ခု ချမှတ်ရာတွင် လူပေါင်းများစွာ၊ ဆွေးနွေးမှုများစွာ၊ အစည်းအဝေးပေါင်းများစွာကို ဖြတ်သန်းပြီးမှသာ ချမှတ်ရသည်။ လူများများ ပါဝင်လာလေလေ ဆုံးဖြတ်ချက်ကြောင့် အကျိုးဆက် ပေါ်လာနိုင်သည့်အမှားများ၊ အန္တရာယ်များကို ပို၍ ထောက်ပြနိုင်လေလေဖြစ်သည်။ ၎င်းသည် အချိန်တော့ကြာသည်။ သို့သော် နိုင်ငံသားများအပေါ် ထိခိုက်နစ်နာစေနိုင်မည့် ဆိုးရွားသော ဆုံးဖြတ်ချက်များကို အစိုးရအနေဖြင့် မချမှတ်နိုင်အောင် ဒီမိုကရေစီက တားဆီးပေးသည်။

### ၃။ ဒီမိုကရေစီသည် လူ့အခွင့်အရေးကို ကာကွယ်ရန် အကောင်းဆုံးစနစ် ဖြစ်သည်

ဒီမိုကရေစီသည် ပါဝင်ဆောင်ရွက်မှု တန်းတူညီမျှမှုနှင့် တရားဥပဒေစိုးမိုးမှုတို့အပေါ်တွင် အခြေခံထားသည်။ အဆိုပါ အခြေခံအင်္ဂါရပ်များ မရှိပါက ဒီမိုကရေစီ သက်ဝင်လည်ပတ်ဖို့ရာ မဖြစ်နိုင်ပေ။

- ပါဝင်ဆောင်ရွက်ခြင်းသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်တို့နှင့် ချိတ်ဆက်နေသည်။
- တန်းတူညီမျှမှုသည် ခွဲခြားဆက်ဆံခံရမှု ကင်းလွတ်ခွင့်နှင့် ချိတ်ဆက်နေပါသည်။
- တရားဥပဒေစိုးမိုးမှုသည် လူ့အခွင့်အရေးကို ကာကွယ်ရန်အတွက် အရေးပါသော လိုအပ်ချက်တစ်ခုဖြစ်သည်။

နိုင်ငံအတော်များများတွင် ပြည်သူများသည် လူ့အခွင့်အရေး ပိုရလာလေလေ၊ ဒီမိုကရေစီကို ပိုတောင်းဆိုလာလေလေဖြစ်ပြီး တစ်ဖန် ဒီမိုကရေစီ ပိုရလာလေလေ၊ လူ့အခွင့်အရေးကို ပိုတောင်းဆိုလာကြလေလေ ဖြစ်သည်။



"ဒီမိုကရေစီဆိုတာကို ကျွန်တော် နားလည်တာကတော့ အားနည်းပျော့ညံ့မှုနဲ့ ခိုင်မြဲသန်မာမှုတွေကို တူမျှစွာ ဖြစ်ပေါ်ခွင့် ပေးနိုင်တဲ့ အရာတစ်ခုပါပဲ"

– မဟတ္တမဂန္ဒီ

### ၄။ ဒီမိုကရေစီသည် အခြားစနစ်များထက် ငြိမ်းချမ်းမှုကို ပို၍ ပေးစွမ်းနိုင်သည်

ဒီမိုကရေစီသည် နားလည်သည်းခံမှု၊ စေ့စပ်ညှိနှိုင်းမှုနှင့် တန်းတူညီမျှမှု တန်းဖိုးများပေါ်တွင် အခြေပြု တည်ဆောက်ထားသည်။ ထို့အတွက်ကြောင့် ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ်များတွင် လူနည်းစုများ ဘေးဖယ်ထုတ်ခံရမှု အခြေအနေ မရှိနိုင်တော့ပေ။ လူနည်းစုတွေ ဆုံးဖြတ်ချမှတ်မှုမှာ ပါဝင်လာနိုင်ရန် ဒီမိုကရေစီစနစ်က စည်းလုံးညီညွတ်မှုကို ဖန်တီးပေးနိုင်တယ်။ ဒီလိုအခြေအနေမှာ လူနည်းစုတွေက ၎င်းတို့ဘာသာ ခွဲခြားရပ်တည်ရန် (သို့) ၎င်းတို့၏ ရည်မှန်းချက် ပန်းတိုင်ကို ရရှိရန် အကြမ်းဖက်ခြင်းကို သုံးစွဲတာတွေ လျော့နည်းလာပေမည်။

နိုင်ငံသားများသည် ၎င်းတို့၏ မတူကွဲပြားမှုများကို ရွေးကောက်ပွဲများ၊ ငြိမ်းချမ်းသော တွေ့ဆုံဆွေးနွေးမှုများ၊ ဥပဒေလုပ်ထုံးလုပ်နည်းများမှတစ်ဆင့် ဖြေရှင်းရန် ဒီမိုကရေစီက စီမံထိန်းကျောင်းပေးထားသည်။

### ၅။ ဒီမိုကရေစီသည် အစိုးရအဖွဲ့၌ ပါဝင်နိုင်သော အခွင့်အရေးကို တန်းတူညီမျှ ပေးထားသည်

ဒီမိုကရေစီသည် သတ်မှတ် အသက်ပြည့်ပြီးသော တရားဝင် နိုင်ငံသားတိုင်း ပြည်သူ့ကိုယ်စားလှယ် ဖြစ်ခွင့်ရှိရမည်ဟူသော သဘောတရားပေါ်တွင် အခြေခံထားခြင်း ဖြစ်သည်။ ထို့ကြောင့် လူမှုရေး၊ စီးပွားရေး နောက်ခံအခြေအနေ မည်သို့ပင် ရှိနေပါစေ ခေါင်းဆောင်မှုအရည်အချင်း ပြည့်ဝလျှင် ထိပ်ဆုံးအဆင့်အထိ တက်ရောက်နိုင်အောင် ဒီမိုကရေစီက လမ်းဖွင့်ပေးထားသည်။ အစိုးရအဖွဲ့တွင် အမျိုးသမီးနှင့် လူနည်းစုများ ကိုယ်စားပြုခွင့် ပိုမို ရရှိစေရန်အတွက်လည်း ဒီမိုကရေစီက စီမံပေးသည်။

### ၆။ ဒီမိုကရေစီသည် ပြည်သူ့လိုအပ်ချက်များကို အခြားသော စနစ်များထက်ပို၍ ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်

ဒီမိုကရေစီအစိုးရတစ်ရပ်သည် အာဏာဆက်လက် တည်မြဲနေစေရန် ပြည်သူ၏ ထောက်ခံမှု ရရှိနေဖို့ လိုသည်။ ထို့ကြောင့် ပြည်သူ၏ လိုအပ်ချက်များနှင့် အလိုဆန္ဒများကို အမြဲတမ်း အာရုံစိုက်နေရသည်။

ဒီမိုကရေစီသည် ပြည်သူနှင့် အစိုးရကြား ဆက်သွယ်မှုအပေါ် အခြေပြုထားခြင်း ဖြစ်သည်။ ထို့ကြောင့် ပြည်သူတို့သည် မိမိတို့ လိုအပ်ချက်များကို ထုတ်ဖော်ပြောဆိုရန် တာဝန်ရှိသကဲ့သို့ အစိုးရကလည်း ထိုသို့ ထုတ်ဖော်ပြောဆိုလာမှုများကို အလေးထားနားထောင်ရန် တာဝန်ရှိပါသည်။

၁။ ဒီမိုကရေစီအစိုးရသည် တာဝန်ခံမှု ပိုမို အားကောင်းသော အစိုးရပုံစံတစ်ခု ဖြစ်သည်။

နမူနာအဖြေ – ဃ

၂။ ဒီမိုကရေစီသည် ဆုံးဖြတ်ချက် ချမှတ်မှုဆိုင်ရာ အရည်အသွေးကို မြင့်မားစေသည်။

၃။ ဒီမိုကရေစီသည် လူ့အခွင့်အရေးကို ကာကွယ်ရန် အကောင်းဆုံးစနစ် ဖြစ်သည်။

၄။ ဒီမိုကရေစီသည် အခြားစနစ်များထက် ငြိမ်းချမ်းမှုကို ပို၍ ပေးစွမ်းနိုင်သည်။

၅။ ဒီမိုကရေစီသည် အစိုးရအဖွဲ့၌ ပါဝင်ခွင့်ရအောင် အခွင့်အရေးကို တန်းတူညီမျှ ပေးထားသည်။

၆။ ဒီမိုကရေစီသည် ပြည်သူ့လိုအပ်ချက်များကို အခြားသော စနစ်များထက်ပို၍ ဖြည့်ဆည်းပေးနိုင်စွမ်း ရှိသည်။

## လေ့ကျင့်ခန်း

အောက်တွင် ဖော်ပြထားသော ဥပမာ (က မှ စ အထိ) ဖြစ်စဉ်များကို ဖတ်ရှု၍ ဒီမိုကရေစီ အားသာချက် ၆ မျိုး (၁ မှ ၆) နှင့် တွဲစပ် ပြပါ။



# ဒီမိုကရေစီ၏ အားသာချက်များနှင့် ပတ်သက်သော ဥပမာများ

က။ မြို့နယ်တစ်ခုတွင် ကျန်းမာရေးပြဿနာ အတော်များများ ကြုံနေရသည်။ ယခင်ဒေသန္တရအစိုးရသည် ကျန်းမာရေး ဘတ်ဂျက်နှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို အာဏာရှင်ဆန်ဆန် ဆုံးဖြတ်လေ့ ရှိခဲ့သည်။ ပြည်သူတို့အတွက် အမှန်တကယ် မလိုအပ်သော ဈေးကြီးသည့် စက်ယန္တရားများ၊ ဆေးဝါးများကို အဆမတန် ဝယ်ယူသည်။ သို့ဖြစ်၍ ကျန်းမာရေးစနစ်ကို ပြောင်းလဲပစ်မည်ဟု ပြောဆိုလာသော ခေါင်းဆောင်အသစ်တစ်ယောက် ရွေးချယ်ခံရသည်။ ၎င်းက မြို့နယ်ကျန်းမာရေးကောင်စီကသာ အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်သင့်ကြောင်း အဆိုပြုလာသည်။ အဆိုပါ ကျန်းမာရေးကောင်စီကို အစိုးရဝန်ထမ်းထဲမှ ၂၅% ဆရာဝန်နှင့် သူနာပြုဆရာမများထဲမှ ၂၅% နှင့် မြို့လူထုထဲမှ ၅၀% ဖြင့် ဖွဲ့စည်းသည်။ အဆိုပါ ကောင်စီသည် တင်ပြလာသမျှ ကိစ္စရပ်များကို အကြေအလည်ဆွေးနွေး ညှိနှိုင်းပြီး နောက်ဆုံးတွင် မြို့နယ်အတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အကောင်းဆုံး နည်းလမ်းကို ဆုံးဖြတ်နိုင်ခဲ့သည်။

ခ။ မငြိမ်းဦးသည် ဆင်းရဲနွမ်းပါးသော မိသားစုမှ မွေးဖွားလာခဲ့သူဖြစ်သည်။ သူမ ငယ်စဉ်ကတည်းကပင် လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်၍ မိသားစုဝင်ငွေအတွက် ကူညီ ထောက်ပံ့ခဲ့ရသည်။ လက်ဖက်ရည်ဆိုင်တွင် လုပ်ရင်းဖြင့် သူမ တတ်နိုင်သမျှ ကျောင်းကိုလည်း တက်ရောက် ပညာသင်ခဲ့သည်။ ယင်းကာလတွင် သူမ၏ လူမျိုးနှင့် ကိုးကွယ်သော ဘာသာတို့ကြောင့် ခွဲခြားဆက်ဆံခံရမှုများစွာ ကြုံတွေ့ခဲ့ရသည်။ သူမ ဘွဲ့ရပြီးနောက် အဖွဲ့တစ်ခု တည်ထောင်ခဲ့သည်။ ယင်းအဖွဲ့မှာ လက်ဖက်ရည်ဆိုင် လုပ်သားများကို ကူညီထောက်ပံ့ခြင်းနှင့် ၎င်းတို့ကို ပညာရေးဆိုင်ရာ အထောက်အပံ့ပေးသော အဖွဲ့ဖြစ်သည်။ ယင်းသို့ ပြုလုပ်ခြင်းဖြင့် သူမတွင် ကျွမ်းကျင်မှုများ၊ အတွေ့အကြုံများ ရရှိလာပြီးနောက် ဒေသန္တရအစိုးရ ကိုယ်စားလှယ်အဖြစ် အရွေးခံခဲ့ရသည်။ သူမသည် ဒေသန္တရအစိုးရ ကိုယ်စားလှယ်တစ်ဦးအဖြစ် သူမ၏ လူ့အသိုင်းအဝိုင်းအတွင်းရှိ လူများ၏ ဘဝများကို တိုးတက်စေသော မူဝါဒများစွာ ချမှတ်ဆောင်ရွက်နိုင်ခဲ့သည်။

ဂ။ နယ်တစ်နယ်တွင် မတူကွဲပြားသော လူမျိုးစု နှစ်စုရှိသည်။ “အိက်စ်” မျိုးနွယ်စုမှာ လူများစု ဖြစ်ပြီး၊ “ဇီးစ်” မျိုးနွယ်စုမှာ လူနည်းစု ဖြစ်သည်။ ဒေသခံအစိုးရသည် အစိုးရဘတ်ဂျက်ကို ပွဲတော်ကျင်းပရေး၊ ပျော်ပွဲရွှင်ပွဲများ ကျင်းပရေးတွင် အသုံးပြုခြင်းနှင့် ပတ်သက်၍ နှစ်စဉ်နှစ်တိုင်း ဆုံးဖြတ်ချက်ချရသည်။ လူနည်းစုဖြစ်သော“ဇီးစ်”မျိုးနွယ်စုဝင် တချို့က ၎င်းတို့မျိုးနွယ်စု၏ စိုးရိမ်နေမှုကို ရှင်းပြနိုင်ရန် ခွင့်တောင်းသည်။ ၎င်းတို့၏ ပွဲတော်သည် ၎င်းတို့မျိုးနွယ်စုအတွက် အဘယ်ကြောင့် အရေးကြီးရကြောင်းကို ရှင်းပြလိုခြင်းဖြစ်သည်။ ဤသို့ဖြင့် မျိုးနွယ်စု နှစ်ခုစလုံးအတူအကွ အစည်းအဝေးထိုင်ကာ ဆွေးနွေးညှိနှိုင်း၍ ဘတ်ဂျက်ကို မျိုးနွယ်စု နှစ်စုစလုံး၏ ပွဲတော်များအတွက် သုံးစွဲကြရန် သဘောတူညီမှု ရရှိခဲ့ကြသည်။

ဃ။ ဦးဝင်းစိုးမှာ မြို့နယ်၏ ကိုယ်စားလှယ်အဖြစ် အရွေးခံရသည်။ ၎င်းက လူတိုင်းသန့်ရှင်းသော ရေကို အလုံအလောက် ရရှိစေရန် ရေတွင်းများ တူးဖော်ပေးမည်ဟု ကတိပေးခဲ့သည်။ သို့သော် အရွေးခံရပြီးနောက် ဦးဝင်းစိုးမှာ စီးပွားရေးဆွေးနွေးညှိနှိုင်းမှု ကိစ္စများဖြင့်သာ အချိန်ကုန်နေတော့သည်။ နောက်တစ်ကြိမ် ကျင်းပသော ရွေးကောက်ပွဲတွင် ဦးဝင်းစိုး ရှုံးသွားပြီး၊ ဒေါ်ကြည်ကြည်လှိုင်ဆိုသူ အရွေးခံရသည်။ သူမက ရွေးကောက်ပွဲ အနိုင်ရပြီး ချက်ချင်းပင် ရေတွင်းများ တူးဖော်ပေးသည်။

င။ မြို့နယ်တစ်ခုတွင် လူဦးရေအတော်အတန် များပြားသော တိုင်းရင်းသားလူနည်းစုတစ်တစ်စု နေထိုင်လျက်ရှိသည်။ အဆိုပါ လူမျိုးများသည် နိုင်ငံသုံးဘာသာစကားများကို ကောင်းကောင်း မပြောတတ်ကြပေ။ ဆရာဝန်များနှင့် စကားပြောဆိုရန် အခက်အခဲရှိကြသည့်အတွက် ၎င်းတို့သည် မြို့နယ်ရှိ ဆေးခန်းများသို့လည်း သွားမပြကြပေ။ အကျိုးဆက်အနေဖြင့် ၎င်းလူမျိုးစုများတွင် ကျန်းမာရေးပြဿနာများစွာ ကြုံတွေ့လာရသည်။ ၎င်းလူမျိုးစု၏ ကိုယ်စားလှယ်တစ်ဦးက အဆိုပါ ကိစ္စကို ဒေသန္တရအစိုးရထံ တင်ပြလိုက်သည်။ အဆိုပါ ကိုယ်စားလှယ်က အစိုးရသည် ၎င်းတို့ လူမျိုးစုများ၏ ကျန်းမာရေးစောင့်ရှောက်မှု ခံယူပိုင်ခွင့်ကို ငြင်းပယ်ထားသည်ဟု ဆိုလိုက်သည်။ အဆိုပါ ကိစ္စကို ဒေသန္တရအစိုးရက လက်ခံသဘောတူပြီး ဥပဒေတစ်ရပ်ပြဌာန်းလိုက်သည်။ အဆိုပါ ဥပဒေအရ ဆေးရုံ၊ ဆေးခန်းတိုင်းတွင် လူမှု ကူညီရေးဝန်ထမ်းများ ထားရှိရမည် ဖြစ်သည်။ ထိုဝန်ထမ်းများသည် တိုင်းရင်းသားလူနည်းစုများအတွက် ဘာသာပြန် လုပ်ပေးရန်ဖြစ်သည်။ ထိုနောက်ပိုင်းမှစ၍ တိုင်းရင်းသားလူနည်းစုများသည် ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက် ပြသနိုင်လာကြပြီး ၎င်းတို့၏ ကျန်းမာရေး အခြေအနေမှာလည်း တိုးတက်လာခဲ့သည်။

စ။ ကျေးလက်မြို့နယ်တစ်ခုတွင် အလယ်တန်းကျောင်းများ အလွန်နည်းပါးလျက်ရှိသည်။ မြို့ရှိ မိသားစုများသည် မိန်းကလေးများအား တစ်ယောက်တည်း သွားလာခွင့် မပြုကြချေ။ ထို့အပြင် ကျောင်းသို့သွားရန် လမ်းစရိတ်လည်း မတတ်နိုင်ကြပေ။ အကျိုးဆက်အနေဖြင့် မိန်းကလေးအများအပြားသည် ကျောင်းမတက်နိုင်ဘဲ ဖြစ်နေသည်။ ယခုအခါ ရွေးကောက်ပွဲကလည်း နီးကပ်လာပြီ ဖြစ်သည်။ ကိုယ်စားလှယ်လောင်းတစ်ဦးသည် အဆိုပါ မြို့နယ်သို့ ရောက်လာပြီး မြို့နယ်လူထုနှင့် တွေ့ဆုံ စကားပြောသည်။ မြို့နယ်လူထု၏ လိုအပ်ချက်များနှင့် စိုးရိမ်ပူပန်ချက်များကို ဆွေးနွေး တင်ပြကြရန် ကိုယ်စားလှယ်လောင်းက တိုက်တွန်းသည်။ သူမ (ကိုယ်စားလှယ်လောင်း) သည် မိန်းကလေးများ ကျောင်းမတက်နိုင်ကြရသည့် အကြောင်းအရင်းများကို ကြားသိလိုက်ရပြီးနောက် သူမသာ ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပါက အဆိုပါ ပြဿနာကို ဖြေရှင်းပေးမည်ဟု ကတိပြုသည်။ ထို့ကြောင့် သူမ ရွေးကောက်ပွဲ နိုင်သွားသည်။ ကျောင်းနှင့်ဝေးသော ကျောင်းသားကျောင်းသူများအတွက် အခမဲ့ ကျောင်းကြို/ပို့ ကားများ ရရှိစေရန် သူမက စီစဉ်ပေးလိုက်သည်။ ထို့နောက်တွင်တော့ မြို့နယ်တွင်းရှိ မိန်းကလေးအားလုံး ကျောင်းတက်ခွင့် ရလာကြတော့သည်။

## မြန်မာ့ရေးရာ

### ဒီမိုကရေစီ၏ အားသာချက်များနှင့် ပတ်သက်သော အဆိုအမိန့်များ

မြန်မာပြည်ဒီမိုကရေစီက ဝင်းဦးရဲ့ သီချင်းတစ်ပုဒ်နဲ့ သွားတူတယ်၊ မပြီးသေးသော ပန်းချီကားဆိုတဲ့ သီချင်းပေါ့။ ဒီမိုကရေစီဆိုတာ လူတစ်ဦးတည်းက အပြီးသတ်ရေးဆွဲလို့ ရကောင်းတဲ့ ပန်းချီကားမျိုး မဟုတ်ဘူး။ ပါဝင်ရေးဆွဲသူတွေ များလာလေလေ၊ အလှတရားက တိုးလာလေလေပဲ။

*ဦးမောင်မြင့်၊ နှင်းဆီဖြူဂျာနယ်၊ အတွဲ ၂၊ ၂၀၁၂၊ ဇူလိုင်တွင် ရေးသားထားသော ဒီမိုကရေစီ ဆောင်းပါးမှ ကောက်နှုတ်ထားသည်။*

လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာစုဝေးခွင့်၊ လွတ်လပ်စွာအသင်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခွင့်တို့ ရှိထားခြင်းအားဖြင့် ပြည်သူတွေဟာ ၎င်းတို့ ရင်ဆိုင်နေရတဲ့ အရေးကိစ္စတွေကို ဆွေးနွေးပြောဆိုကြရင်း၊ တစ်ဦးဆီက တစ်ဦး သင်ယူကြရင်းနဲ့ ထိုကိစ္စတွေကို ပိုမိုသိမြင်နားလည်လာကြတယ်။

*ဦးနု၏ ဖိနှိပ်မှုတိုက်ပွဲ အဆင့်ဆင့်မှ ကောက်နှုတ် ရေးသားထားသည်။*

ဒီမိုကရေစီမှာ နိုင်ငံသားတွေဟာ သူတို့ လူ့အခွင့်အရေးကို အပြည့်အဝ ခံစားနိုင်ကြတယ်။ ဘယ်လူမျိုး၊ ဘယ်ဘာသာ၊ ဘယ်မျိုးရိုးကပဲဖြစ်ဖြစ် နိုင်ငံသားအားလုံးဟာ တရားဥပဒေရှေ့မှောက်မှာ တန်းတူညီမျှပဲ။ အစိုးရဖွဲ့စည်းရာမှာဖြစ်ဖြစ်၊ စီးပွားရေးလုပ်ရာမှာပဲဖြစ်ဖြစ်၊ အလုပ်အကိုင်နေရာမှာပဲဖြစ်ဖြစ် နိုင်ငံသား အားလုံးမှာ တန်းတူညီတူ အခွင့်အရေးရှိရမယ်။ ဒီအထဲမှာ အမျိုးသားနှင့် အမျိုးသမီးတို့ တူညီတဲ့ အလုပ်အကိုင်အတွက် တူညီတဲ့ လုပ်ခလစာ ရရှိနိုင်ခြင်းလည်း ပါဝင်တယ်။

*ဦးနု၏၊ ၁၉၅၈ ဖဆပလညီလာခံတွင် ဟောပြောသော မိန့်ခွန်းမှ ကောက်နှုတ် ရေးသားထားပါသည်။*

## လေ့ကျင့်ခန်း

အောက်ပါမေးခွန်းများကို ဖြေပါ။

၁။ ဒီမိုကရေစီသည် မပြီးသေးသော ပန်းချီးကားတစ်ချပ်နှင့် တူသည်ဟု ဦးမောင်မြင့်က အဘယ်ကြောင့် ပြောသနည်း။

၂။ ဦးနု၏ ဖိနှိပ်မှုအဆင့်ဆင့် မိန့်ခွန်းအဆိုအရ ဒီမိုကရေစီတွင် မည်သည့် အားသာချက်များ ရှိသနည်း။

၃။ ဦးနု၏ ၁၉၅၈ ဖဆပလ ညီလာခံ မိန့်ခွန်းအဆိုအရ ဒီမိုကရေစီတွင် မည်သည့် အားသာချက်များ ရှိသနည်း။

## လုပ်ငန်းများ

### အမြင်သဘောထားအလိုက် တန်းစီခြင်း

၁။ အောက်ပါ ဖော်ပြပါ အဆိုများကို ဖတ်ရှုပါ။ ၎င်းတို့ကို သင်သဘောတူ၊ မတူ စဉ်းစား ဆုံးဖြတ်ပါ။

**“အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေရဲ့ သက်ရောက်မှုကို ပြည်သူတွေက ခံရတယ်၊ ဒါကြောင့် အဲဒီအရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ပြည်သူတွေကပဲ ချမှတ်ရမယ်။”**

**“ပြည်သူများစုဟာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်လောက်တဲ့ အရည်အသွေး မရှိကြဘူး။”**

၂။ စာသင်ခန်း အတန်း၏ တစ်ဖက်ထိပ်စွန်းသည် အဆိုတစ်ခုကို “လုံးဝသဘောတူသည်” ဆိုသည့် သင်္ကေတနေရာဖြစ်ပြီး အခြားဆန့်ကျင်ဘက် ထိပ်စွန်းသည် အဆိုတစ်ခုကို “လုံးဝသဘောမတူ” ဆိုသည် သင်္ကေတနေရာ ဖြစ်သည်။ အလယ်သည် မည်သည့် သဘောထားမှ မရှိသော သင်္ကေတနေရာ ဖြစ်သည်။ ၎င်း အဆိုများကို ကြားရပြီးသည်နှင့် တစ်ပြိုင်နက် သင့်အမြင်သဘောထားနှင့် ကိုက်ညီမည့် နေရာသို့ သွားရောက် မတ်တတ်ရပ် နေပြပါ။

### ဆွေးနွေးချက်

၁။ ဒီမိုကရေစီသည် ပြည်သူ့လိုအပ်ချက်များ ဖြည့်ဆည်းရာတွင် အဘယ်ကြောင့် သင့်တော် ကောင်းမွန်သောစနစ် ဖြစ်ရသနည်း။

၂။ ဒီမိုကရေစီကို ထောက်ခံသော အဆိုများနှင့် ပတ်သက်၍ သင်ခန်းစာအတွင်း မပါရှိသော အဆိုများကို သင် စဉ်းစားမိတာ ရှိသေးပါသလား။

### ပြန်လည်သုံးသပ်ချက်

ဒီမိုကရေစီ၏ အားသာချက်များသည် အားနည်းချက်များထက် ပို၍ အရေးပါသည်ဟု သင်ထင်မြင်ပါသလား၊ အဘယ်ကြောင့် ထိုသို့ ထင်မြင်ရသနည်း။

## ၅.၂.၃ ဒီမိုကရေစီစနစ်နှင့် အာဏာရှင်စနစ်

**အကြိုသင်ခန်းစာ**

မည်သည့် အကြောင်းတရားများကြောင့် ဒီမိုကရေစီ အောင်မြင်ရသနည်း သို့မဟုတ် ကျဆုံးရသနည်း။




ဒီမိုကရေစီကို ထောက်ခံသူများကော၊ ဝေဖန်သူများပါ နှစ်ဖက်စလုံး တူညီစွာ ပြောဆိုငြင်းခုံလေ့ရှိသော အဆိုတစ်ခုက ဒီမိုကရေစီတွင် ပြည်သူသည် အရေးကြီးသော ဆုံးဖြတ်ချက်များကို ချမှတ်ရန် တာဝန် ရှိသည်ဟူသော အချက်ပင်ဖြစ်သည်။ ဒီမိုကရေစီကို ဝေဖန်သူများက ၎င်းအချက်သည် ဒီမိုကရေစီ၏ အားနည်းချက်ဟု ဆိုကြပြီး ဒီမိုကရေစီ ထောက်ခံသူများကတော့ အားသာချက်ဟု ဆိုကြသည်။

ဒီမိုကရေစီ ရှင်သန်အောင်မြင်ရေးသည် သက်ဆိုင်ရာ ခေါင်းဆောင်များပေါ်၌သာ မူတည်နေခြင်း မဟုတ်၊ သက်ဆိုင်ရာ နိုင်ငံသားများပေါ်တွင် အဓိက မူတည်နေသည်။ ၎င်းအချက်ကပင် ဒီမိုကရေစီ၏ အားသာချက် ဖြစ်သလို အားနည်းချက်လည်း ပြန်ဖြစ်နေသည်။

ယင်းအချက်သည်ပင် ဒီမိုကရေစီနှင့် အခြားသော အစိုးရစနစ်များကြား အကြီးမားဆုံး ကွာခြားချက်ဟု လည်း ဆိုနိုင်သည်။ အာဏာရှင်စနစ်တွင် အစိုးရအနေဖြင့် ပြည်သူလူထု၏ ပါဝင်ဆောင်ရွက်မှု မလိုအပ်ပေ။ ဒီမိုကရေစီစနစ်တွင်မူ ပြည်သူလူထုမှာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းနှင့် အခြားသော ဒီမိုကရေစီ လှုပ်ရှားမှုများတွင် ပါဝင်ရန် အခွင့်အရေးနှင့် တာဝန်နှစ်ခုစလုံးရှိသည်။

ဆုံးဖြတ်ချက်များကို အတူတကွ ချမှတ်ခြင်းသည် တာဝန်ကို အတူတကွ ထမ်းဆောင်ခြင်းလည်း ဖြစ်သည်။ လူထုသည် မိမိတို့၏ တာဝန်ကို မရှောင်လွှဲသင့်သလို ပေးသမျှ အမိန့်တွေကို မဆင်မခြင် လိုက်နာနေဖို့လည်း မသင့်ပေ။ ထိုသို့ ပြုမူကျင့်ကြံကြပါက ဒီမိုကရေစီကို ဝေဖန်ကြသူများ ပြောသကဲ့သို့ မကောင်းသော အကျိုးဆက်များသာ ပေါ်ထွက်လာနိုင်ပါသည်။

နိုင်ငံသားများဘက်မှ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊ တာဝန်ယူတတ်ခြင်းနှင့် အသိအမြင် ကြွယ်ဝခြင်းများရှိမှသာ ဒီမိုကရေစီ သက်ဝင် လည်ပတ်ပေလိမ့်မည်။ ထိုသို့သော အချက်များ မရှိပါက ဒီမိုကရေစီသည် ဆိုးရွားသော ခေါင်းဆောင်များသာ ပေါ်ထွက်လာစေနိုင်ပြီး လူနည်းစုများအား ဖယ်ထုတ်ခြင်းနှင့် နိုင်ငံရေး အကျပ်ဆိုက်ခြင်းများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီ စနစ် အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းကို အဆုံးအဖြတ်ပေးသည့်သူမှာ ပြည်သူကိုယ်တိုင်သာဖြစ် ပေသည်။

## လေ့ကျင့်ခန်း

အောက်ပါ ဖော်ပြချက်များအား မှား/ မှန် ဆုံးဖြတ်ပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းပြပါ။

က။ နိုင်ငံသားတို့၏ ပါဝင်ဆောင်ရွက်မှုပမာဏသည် ဒီမိုကရေစီစနစ်နှင့် အာဏာရှင်စနစ်တို့ကြား၌ ရှိနေသော အကြီးမားဆုံး ကွာခြားချက်တစ်ခု ဖြစ်သည်။

ခ။ ဒီမိုကရေစီ နိုင်ငံသားများသည် အာဏာရှင်စနစ်မှ နိုင်ငံသားများနှင့် တာဝန် တန်းတူညီမျှ ရှိကြသည်။

ဂ။ ဒီမိုကရေစီ အောင်မြင်ခြင်း၊ ကျဆုံးခြင်းတို့အတွက် တာဝန်ရှိသူမှာ နိုင်ငံသားများ ကိုယ်တိုင်ပင် ဖြစ်သည်။



## မြန်မာ့ရေးရာ

### ပါလီမန် ဒီမိုကရေစီခေတ် (၁၉၄၈ – ၁၉၆၂)



မြန်မာအစိုးရစနစ်သည် ဗြိတိသျှပါလီမန်စနစ်ပေါ် အခြေပြု တည်ဆောက်ထားခြင်း ဖြစ်သည်။ မဲဆန္ဒရှင် ပြည်သူတို့သည် ပါလီမန်အမတ်များကို ရွေးချယ် တင်မြှောက်ပေးရသည်။ ပါလီမန်ကို ပြည်သူ့လွှတ်တော်နှင့် လူမျိုးစုလွှတ်တော် ဟူ၍ လွှတ်တော်နှစ်ရပ်ဖြင့် ဖွဲ့စည်းထားသည်။

လူမျိုးစုလွှတ်တော်တွင် တိုင်းရင်းသားလူနည်းစုများမှ ကိုယ်စားလှယ်များနှင့် အလုပ်သမားလူတန်းစားမှ ကိုယ်စားလှယ်များ ပါဝင်သည်။ လွှတ်တော်နှစ်ရပ်တွင် ပြည်သူ့လွှတ်တော်သည် အာဏာပိုရှိပြီး ဝန်ကြီးချုပ်ကို ပြည်သူ့လွှတ်တော်ကသာ ရွေးချယ် တင်မြှောက်သည်။

သမ္မတကို လွှတ်တော်နှစ်ရပ်စုံညီ အစည်းအဝေးထိုင်၍ ရွေးချယ် တင်မြှောက်သည်။ ထို့အပြင် တရားသူကြီးများ ခန့်အပ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း၊ ဥပဒေများ ပြဋ္ဌာန်းခြင်းနှင့် စစ်ကြေညာခြင်း၊ စစ်ပြေငြိမ်းခြင်း၊ နိုင်ငံတကာဆက်ဆံရေး ကဲ့သို့သော အရေးကြီးသည့် ဆုံးဖြတ်ချက်များကိုလည်း လွှတ်တော်နှစ်ရပ်စုံညီ အစည်းအဝေးဖြင့်ပင် ဆုံးဖြတ်ကြသည်။



အဆိုပါခေတ်တွင် ပြည်သူတို့သည် နိုင်ငံရေးကို လွတ်လွတ်လပ်လပ် ဆွေးနွေးနိုင်ကြပြီး သတင်းစာများလည်း လွတ်လပ်စွာ ရေးသားဖော်ပြခွင့် ရှိခဲ့ကြသည်။အလုပ်သမားအစည်းအရုံး၊ လယ်သမားအစည်းအရုံး၊ အမျိုးသမီးအစည်းအရုံးနှင့် လူငယ်အစည်းအရုံးများလည်း ဖွဲ့စည်းဆောင်ရွက်ခွင့် ရှိကြသည်။ အဆိုပါ အဖွဲ့အစည်းများသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ကြပြီး အမြင်သဘောထားများ အပြန်အလှန် ဖလှယ်ခွင့် ရကြသည်။

သို့သော် အဆိုပါ ကာလတွင် တိုင်းပြည် မငြိမ်သက်မှု အခြေအနေကိုလည်း ဆိုးဆိုးရွားရွား ကြုံတွေ့ခဲ့ရသည်။ ကွန်မြူနစ်များနှင့် တိုင်းရင်းသားအဖွဲ့များက အစိုးရကို တော်လှန်တိုက်ခိုက်လျက် ရှိနေသည်။ ပါလီမန်ထဲ၌လည်း ပဋိပက္ခများစွာ ဖြစ်ပေါ်နေသည်။ နိုင်ငံရေးပါတီများကြား၌လည်း ပူးပေါင်းဆောင်ရွက်မှု မရှိကြသည့်အတွက် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ဖို့ပင် အလွန်ခက်ခဲလာသည်။

**လေ့ကျင့်ခန်း**

အောက်ပါ မေးခွန်းများကို ဖြေပါ။

၁။ ပါလီမန် ဒီမိုကရေစီခေတ်တွင် ဝန်ကြီးချုပ်ကို မည်သို့ ရွေးချယ်သနည်း။

၂။ အဆိုပါခေတ်တွင် ဒီမိုကရေစီသည် မည်သည့် အပိုင်းများ၌ ခိုင်မာအားကောင်းခဲ့သနည်း။

၃။ အဆိုပါခေတ်တွင် ဒီမိုကရေစီသည် မည်သည့် အပိုင်းများ၌ မတည်မငြိမ် ဖြစ်ခဲ့ရသနည်း။



## မြန်မာ့ရေးရာ

### မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၆၂ – ၁၉၈၈)

၁၉၅၇ ခုနှစ်တွင် အစိုးရ၊ တိုင်းရင်းသားနှင့် ကွန်မြူနစ်အုပ်စုများကြား ပဋိပက္ခမှာ ပိုမို ပြင်းထန်လာသည်။ ၁၉၅၈ ခုနှစ် မေလ တွင် အာဏာရ ဖဆပလ ပါတီနှစ်ခြမ်း ကွဲသွားတော့သည်။ ဦးနု ဦးဆောင်သော အဖွဲ့ကို သန့်ရှင်း ဖဆပလဟုခေါ်၍ ဦးဗဆွေ နှင့် ဦးကျော်ငြိမ်းတို့ ဦးဆောင်သော အဖွဲ့ကို တည်မြဲ ဖဆပလဟု ခေါ်ကြသည်။




၁၉၆၂ ခုနှစ် မတ်လတွင် စစ်တပ်သည် ဦးနုကို ဖယ်ရှား၍ နိုင်ငံတော် အာဏာကို သိမ်းယူလိုက်သည်။ ပါလီမန်ဒီမိုကရေစီစနစ်သည် တိုင်းပြည်အတွက် မသင့်တော်ကြောင်း ဗိုလ်နေဝင်းက ထုတ်ဖော်ပြောကြားလာသည်။ နိုင်ငံရေး သမားများသည် တိုင်းပြည်ကောင်းစားရေးကို မကြည့်၊ မိမိကောင်းစားဖို့ကိုသာ ကြိုးစားနေကြသည်ဟုလည်း ၎င်းက ဆိုသည်။

ဗိုလ်နေဝင်းအစိုးရသည် တက္ကသိုလ်နှင့် စာသင်ကျောင်းများအတွက် တင်းကြပ်သော စည်းမျဉ်းဥပဒေများကိုလည်း ပြဋ္ဌာန်းခဲ့သည်။ ကျောင်းသင်ရိုးညွှန်းတမ်းများကို ပြောင်းလဲပစ်ခဲ့ပြီး တိုင်းရင်းသားဘာသာ စကားများကို ဖယ်ရှား၍ အားလုံးကို မြန်မာစာနှင့်သာ သင်ကြားစေခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် ကျောင်းသားများက စစ်တပ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြကြသည်။ အဆိုပါ ဆန္ဒပြမှုကို တုံ့ပြန်သည့်အနေဖြင့် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအဆောက်အအုံကို ဖုံးခွဲဖျက်ဆီးခဲ့သည်။ အဆိုပါဖြစ်ရပ် နောက်ပိုင်းတွင် နိုင်ငံရေးပါတီများနှင့် အရပ်ဖက်အဖွဲ့အစည်းများကို တင်းတင်းကြပ်ကြပ် ထိန်းချုပ်လာခဲ့သည်။

သတင်းစာနှင့် ဂျာနယ်များကိုလည်း စစ်တပ်က ထိန်းချုပ်လိုက်ပြီး အစိုးရသစ်ကို ဝေဖန်ရေးသားဖို့ရန်လည်း များစွာခက်ခဲသွားသည်။

၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တစ်ရပ် ရေးဆွဲ ပြဋ္ဌာန်းခဲ့သည်။ အသစ်ပြဋ္ဌာန်း လိုက်သော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ မြန်မာနိုင်ငံကို တစ်ပါတီစနစ်ဖြင့် ကျင့်သုံးမည်၊ မြန်မာနိုင်ငံတွင် တရားဝင်နိုင်ငံရေး ပါတီဟူ၍ တစ်ခုတည်းသာ ရှိရမည်၊ ၎င်းပါတီမှာ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီဖြစ်ပြီး ကျန်ပါတီအားလုံးမှာ တရားမဝင် ဖြစ်သည်ဟု ကြေညာသည်။ အစိုးရအဖွဲ့တွင်လည်း မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဝင်များကိုသာ ပါဝင်ခွင့်ပြုသည်။ အစိုးရအဖွဲ့ကို သမ္မတနှင့် ဝန်ကြီးချုပ်တို့က ချုပ်ကိုင်ထားသည်။



## လေ့ကျင့်ခန်း

၁။ အစိုးရအာဏာ သိမ်းယူရခြင်းနှင့် ပတ်သက်၍ ဦးနေဝင်းက မည်သည့် အကြောင်းပြချက်များ ပေးသနည်း။

၂။ ထိုကာလများတွင် ဒီမိုကရေစီသည် မည်သည့် ပုံစံဖြင့် အားနည်းချည့်နဲ့ ခဲ့ရသနည်း။

၃။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ဒီမိုကရေစီ အစိုးရစနစ်ကို ဖော်ဆောင်ပေးသလား သို့မဟုတ် အာဏာရှင်အစိုးရစနစ်ကို ဖော်ဆောင်ပေးသလား ဆိုသည်ကို အကြောင်းပြချက်နှင့်တကွ ရှင်းပြပါ။

## လုပ်ငန်းများ

### ငြင်းခုံဆွေးနွေးပွဲ

**ဒီမိုကရေစီသည် အကောင်းဆုံးသော အစိုးရပုံစံတစ်ခု ဖြစ်သည်။**

၁။ အထက်ပါ အဆိုကို သင့်အနေဖြင့် ထောက်ခံသလား၊ ကန့်ကွက်သလား ဆိုသည်ကို ဆုံးဖြတ်ပါ။ ထို့နောက် ကန့်ကွက်သော အုပ်စုနှင့် ထောက်ခံသော အုပ်စုများဟူ၍ အုပ်စုနှစ်စုခွဲပါ။

၂။ မိမိအဖွဲ့၏ အဆိုကို ကိုယ်စားပြု၍ ဆွေးနွေးငြင်းခုံမည့်သူ ၃ ဦးကို ရွေးချယ်ပါ။ အဖွဲ့လိုက်အနေဖြင့် အဆိုကို ဆွေးနွေးငြင်းခုံရန်အတွက် ပြင်ဆင်ပါ။

၃။ ငြင်းခုံဆွေးနွေးပွဲ (Debate) ပြုလုပ်ပုံအဆင့်ဆင့် –

- အဖွဲ့ ၁ – ပထမ ဆွေးနွေးသူက မိမိအဖွဲ့၏ အဆိုကို ၂ မိနစ် ဆွေးနွေး တင်ပြပါ။
- အဖွဲ့ ၂ – ပထမ ဆွေးနွေးသူက မိမိအဖွဲ့၏ အဆိုကို ၂ မိနစ် ဆွေးနွေး တင်ပြပါ။
- အဖွဲ့ ၁ – ဒုတိယ ဆွေးနွေးသူ က အဖွဲ့ ၂ ၏ ဆွေးနွေးမှုကို ပြန်လည်ချေပပြီး မိမိအဖွဲ့၏ အဆိုကို ၂ မိနစ် ဆက်လက် ဆွေးနွေးပါ။
- အဖွဲ့ ၂ – ဒုတိယ ဆွေးနွေးသူက အဖွဲ့ ၁ ၏ ဆွေးနွေးမှုကို ပြန်လည်ချေပပြီး မိမိအဖွဲ့၏ အဆိုကို ၂ မိနစ် ဆက်လက် ဆွေးနွေးပါ။
- အဖွဲ့ ၁ – တတိယ ဆွေးနွေးသူက အဖွဲ့ ၂ ၏ ဆွေးနွေးမှုကို ပြန်လည်ချေပပြီး မိမိအဖွဲ့၏ အဆိုကို ၂ မိနစ် ဆက်လက် ဆွေးနွေးပါ။
- အဖွဲ့ ၂ – တတိယ ဆွေးနွေးသူက အဖွဲ့ ၁ ၏ ဆွေးနွေးမှုကို ပြန်လည်ချေပပြီး မိမိအဖွဲ့၏ အဆိုကို ၂ မိနစ် ဆက်လက် ဆွေးနွေးပါ။

၄။ မည်သည့်ဘက်က ဆွေးနွေးတင်ပြမှု အကောင်းဆုံး ဖြစ်သလဲ ဆိုသည်ကို တစ်တန်းလုံးအနေဖြင့် မဲခွဲ ဆုံးဖြတ်ပါ။

## ဆွေးနွေးချက်

၁။ မည်သည့် အချက်များက ဒီမိုကရေစီ၏ အရေးကြီးဆုံးသော အားသာချက်ဟု သင် ထင်မြင်ပါသနည်း။

၂။ မည်သည့် အချက်များက ဒီမိုကရေစီ၏ အရေးကြီးဆုံးသော အားနည်းချက်ဟု သင် ထင်မြင်ပါသနည်း။

## ပြန်လည်သုံးသပ်ချက်


ယခု ဆွေးနွေးခဲ့သော အခန်းသည် ဒီမိုကရေစီနှင့် ပတ်သက်၍ သင်၏မူလ ခံယူထားမှုများအား ပြောင်းလဲစေခဲ့ပါသလား။ မည်သို့ ပြောင်းလဲစေခဲ့သည် ဆိုသည်ကို ရှင်းပြပါ။

# ၆.၁ အစိုးရ

## ၆.၁.၁ အစိုးရ၊ အခြေခံအဆင့်

**အကြိုသင်ခန်းစာ**

အစိုးရ ဆိုသည်နှင့် သင်မည်သည့် စကားလုံးများကို စဉ်းစားမိသနည်း။ တစ်တန်းလုံးအနေနှင့် ဆက်စပ်မှုပြ စက်ဝိုင်း တစ်ခုရေးဆွဲပါ။




### က။ အစိုးရဟူသည် အဘယ်နည်း

အစိုးရဟူသည် နိုင်ငံတစ်နိုင်ငံ၏ ဦးဆောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်။ အစိုးရတစ်ရပ်တွင် နိုင်ငံ၏ ပြည်သူရေးရာမူဝါဒများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ခွင့် အာဏာရှိသည်။

ပြည်သူ့ရေးရာမူဝါဒဟူသည် အစိုးရတစ်ရပ်က မိမိချမှတ်ထားသော ရည်မှန်းချက်များကို ဖော်ဆောင်ရန် အဆင့်ဆင့်ဆောင်ရွက်ရသော လုပ်ငန်းစီမံကိန်းတစ်ရပ်ဖြစ်သည်။ အဆိုပါ ရည်မှန်းချက်များသည် ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းခြင်း၊ တိုင်းပြည်၏ ပြဿနာများကို ဖြေရှင်းခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်နွယ်နေလေ့ရှိသည်။

အစိုးရသည် နိုင်ငံတော်အဆင့် ဆုံးဖြတ်ချက် ချမှတ်မှုများနှင့် ပတ်သက်သော ပဋိပက္ခများကို စီမံခန့်ခွဲပေးရမည့် တာဝန်ရှိသည်။ ပဋိပက္ခဟု ဆိုရာတွင် ပါလီမန်အတွင်းရှိ မတူကွဲပြားသော ကိုယ်စားလှယ်များ သို့မဟုတ် ပါတီများကြား ပဋိပက္ခ၊ မတူကွဲပြားသော လူမှုအုပ်စုများ၊ တိုင်းရင်းသား လူမျိုးစုများကြား ပဋိပက္ခများလည်း ပါဝင်သည်။ အစိုးရသည် ရဲတပ်ဖွဲ့၊ စစ်တပ်နှင့် တရားရုံးတို့မှတစ်ဆင့် တိုင်းပြည် လုံခြုံရေး၊ ငြိမ်းချမ်းရေးတို့ကို ထိန်းသိမ်းပေးရန်လည်း တာဝန်ရှိသည်။



*နိုင်ငံခြားကိုယ်စားလှယ်များအား မြန်မာအစိုးရ တာဝန်ရှိသူများမှ ဂုဏ်ပြုကြိုဆိုနေပုံ*

## ၁။ ပြည်သူ့ရေးရာ မူဝါဒဟူသည် အဘယ်နည်း

ပြည်သူ့ရေးရာ မူဝါဒဆုံးဖြတ်ချက်များဟူသည် အများအားဖြင့် ပြည်သူ့အရင်းအမြစ်များနှင့် အခွင့်အလမ်းများကို မည်သို့ ခွဲဝေရမည်ဆိုသည်နှင့် ပတ်သက်သော ဆုံးဖြတ်ချက်များဖြစ်သည်။ ပြည်သူ့အရင်းအမြစ်ဟု ဆိုရာတွင် အစိုးရအနေဖြင့် အခွန်အကောက်များ၊ သဘာဝအရင်းအမြစ်များနှင့် အခြားပြည်သူ့ ကုန်စည်များမှရရှိသော ပြည်သူ့ဘဏ္ဍာငွေများ ဖြစ်သည်။ ပြည်သူ့အခွင့်အလမ်းများဟု ဆိုရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုဝန်ဆောင်မှုအားလုံး ရရှိခံစားနိုင်ခွင့်များ ပါဝင်သည်။

ပြည်သူ့ရေးရာမူဝါဒများနှင့် ပတ်သက်သော ဆွေးနွေးငြင်းခုံမှုများသည် ဒီမိုကရေစီနိုင်ငံရေး၏ ဗဟိုအချက်အချာတွင် ရှိနေသည်။ ဒီမိုကရေစီတွင် မဲဆန္ဒရှင်များသည် မိမိတို့ တိုင်းပြည်အတွက် အကောင်းဆုံးဖြစ်မည်ဟု ထင်ရသော မူဝါဒများကို ချပြသည့် နိုင်ငံရေးပါတီများကိုသာ မဲပေး ရွေးချယ်လေ့ ရှိကြသည်။

မတူကွဲပြားသော နိုင်ငံရေးပါတီ အသီးသီးတို့သည် အဆိုပါ အရင်းအမြစ်နှင့် အခွင့်အလမ်းများကို ပုံစံအမျိုးမျိုးဖြင့် ခွဲဝေပေးကြသည်။ ၎င်းကွဲပြားမှုများသည် ပါတီအလိုက် ထောက်ခံသူ အသီးသီးတို့၏ စံတန်ဖိုးများ၊ လိုအပ်ချက်များနှင့် စိုးရိမ်ပူပန်ချက်များပေါ် အခြေခံထားခြင်း ဖြစ်သည်။ ဥပမာ – အလုပ်သမား လူတန်းစားနှင့် ဆင်းရဲသား လူတန်းစားတို့၏ အမာခံ ထောက်ခံမှု ရှိထားသော ပါတီများသည် အဆိုပါ အရင်းအမြစ်နှင့် အခွင့်အလမ်းများကို ၎င်းလူတန်းစားများအတွက် ပို၍ ခွဲဝေပေးလေ့ ရှိကြသည်။ ထိုသို့ ဆောင်ရွက်ခြင်းသည် ၎င်းတို့ ပါတီ၏ တန်းတူညီမျှမှုနှင့် လူမှုတရားမျှတမှုဟူသော သဘောတရား အယူအဆများနှင့် ကိုက်ညီလိမ့်မည် ဖြစ်သည်။

လေ့ကျင့်ခန်း

အသင့်တော်ဆုံး အဖြေတစ်ခုကို ရွေးချယ်ပါ။

၁။ အောက်ပါ ဖော်ပြချက်များထဲတွင် ဒီမိုကရေစီအစိုးရ၏ တာဝန်နှင့် သက်ဆိုင်ခြင်း မရှိသော အချက်ကို ရွေးချယ်ပြပါ။

- က။ မတူကွဲပြားသော အစုအဖွဲ့များကြား ပဋိပက္ခများကို စီမံထိန်းကျောင်း ပေးခြင်း။
- ခ။ ပြည်သူ့ရေးရာ မူဝါဒများနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ ချမှတ်ခြင်း။
- ဂ။ ပါလီမန်ထဲတွင် နိုင်ငံရေးပါတီတစ်ခုတည်းသာ ရှိနေရန် စီမံဆောင်ရွက်ခြင်း။

၂။ အောက်ပါ ဖော်ပြချက်များထဲတွင် ပြည်သူ့ရေးရာ မူဝါဒနှင့် သက်ဆိုင်ခြင်း မရှိသော အချက်ကို ရွေးချယ် ပြပါ။

- က။ ပြည်သူ့ရေးရာ မူဝါဒ ဆုံးဖြတ်ချက်များဟူသည် အများအားဖြင့် ပြည်သူ့ အရင်းအမြစ်များနှင့် အခွင့် အလမ်းများကို မည်သို့ ခွဲဝေရမည် ဆိုသည်နှင့် ပတ်သက်သော ဆုံးဖြတ်ချက်များ ဖြစ်သည်။
- ခ။ နိုင်ငံရေးပါတီများသည် မည်သို့သော ပြည်သူ့ရေးရာ မူဝါဒများ ချမှတ်သင့်သည် ဆိုသည်နှင့် ပတ်သက်၍ သဘောတူညီမှု မရနိုင်ကြချေ။
- ဂ။ ပြည်သူ့ရေးရာ မူဝါဒများနှင့် ပတ်သက်သော ဆွေးနွေးငြင်းခုံမှုများသည် ဒီမိုကရေစီနိုင်ငံရေးတွင် လွန်စွာ အရေးပါလေသည်။




*မြန်မာနိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံ နှစ်နိုင်ငံအကြား ကျေးရွာမူဝါဒများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာ နှီးနှောဖလှယ်ပွဲ*

### ၀။ ဥပဒေများ

ဥပဒေများသည် ဒီမိုကရေစီအစိုးရတစ်ရပ်အတွက် အလွန်အရေးပါသော အကူပစ္စည်းတစ်ခု ဖြစ်သည်။ အစိုးရများသည် ဥပဒေကိုသုံး၍ လူ့အဖွဲ့အစည်း၏ အပြောင်းအလဲများကို ဖော်ဆောင်ကြရသည်။ အဆိုပါ အပြောင်းအလဲများသည် ပြည်သူတို့၏ အမူအကျင့်များ၊ ဘ၀အရည်အသွေးများ၊ အခွင့်အလမ်းနှင့် အရင်းအမြစ်တို့ကို ရရှိခံစားနိုင်ခွင့်များအပေါ် များစွာသက်ရောက်မှုရှိသည်။ ဒီမိုကရေစီ အစိုးရများသည် လူ့အဖွဲ့အစည်း၏ ပြဿနာရပ်များကို ဖြေရှင်းခြင်းနှင့် ပြည်သူ့လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းတို့ အတွက်လည်း ဥပဒေကို အသုံးပြုကြရသည်။

ဥပဒေများကို အများအားဖြင့် ပါလီမန်အမတ်များက အဆိုပြုလေ့ရှိကြပြီး တစ်ခါတစ်ရံ သမ္မတကိုယ်တိုင် အဆိုပြုသည်မျိုးလည်း ရှိသည်။ စတင်အဆိုပြု တင်ပြလာသော ဥပဒေကို ဥပဒေကြမ်း (Bill) ဟုခေါ်သည်။ အဆိုပါ ဥပဒေကြမ်းကို ပါလီမန် (လွှတ်တော်) အမတ်များက အကြေအလည် ဆွေးနွေးငြင်းခုံပြီး ကိုယ်စားလှယ်အများစု သဘောတူညီမှု ရရှိသည်အထိ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ကြရသည်။ ၎င်းဥပဒေကြမ်းကို သမ္မတကလည်း သဘောတူ လက်ခံပြီဆိုလျှင် ဥပဒေကြမ်းကနေ ဥပဒေအဆင့်သို့ ရောက်ရှိလာသည်။

အောက်ပါ ဥပမာများသည် ဥပဒေပြုပုံ အဆင့်ဆင့်ကို ဖော်ပြထားခြင်း ဖြစ်သည်။


**အယူအဆများမှ ဥပဒေကြမ်း – ဥပဒေကြမ်းမှ ဥပဒေသို့ အဆင့်ဆင့်ပြောင်းလဲပုံဖြစ်စဉ်**

၁။ ကိုယ်စားလှယ်တစ်ဦးထံ ၎င်း၏ မဲဆန္ဒနယ်မှ တိုင်စာ အများအပြား ရောက်ရှိလာသည်။ စားသောက်ဆိုင်များသည် ညဥ့်နက်သန်းခေါင်အထိ ဖွင့်နေကြကြောင်း၊ လူတို့သည် သောက်စားမူးယစ်ပြီး သီချင်းများကို ကျယ်လောင်ဆူညံစွာ အော်ဟစ် ကခုန် သီဆိုနေကြကြောင်း၊ ထိုအခြေအနေသည် အခြားသူများအား အနှောင့်အယှက်များစွာ ဖြစ်စေကြောင်း စသည်တို့ကို တိုင်ထားခြင်း ဖြစ်သည်။


၂။ ၎င်းကိုယ်စားလှယ်သည် အလားတူပြဿနာများနှင့် ကြုံနေရသော အခြားကိုယ်စားလှယ်များနှင့် ပူးပေါင်းညှိနှိုင်း၍ ဥပဒေကြမ်းတစ်ခုကို ရေးဆွဲသည်။ ၎င်းဥပဒေကြမ်းက စားသောက်ဆိုင်များသည် ည ၉ နာရီတွင် ပိတ်ရန် ဆိုထားခြင်းဖြစ်သည်။

၃။ ၎င်းဥပဒေကြမ်းကို ပါလီမန်တွင် အားလုံးသဘောတူညီမှု ရသည်အထိ အကြေအလည် ဆွေးနွေး ငြင်းခုံကြသည်။ ထိုသို့ ဆွေးနွေးညှိနှိုင်းကြရင်းဖြင့် နောက်ဆုံးတွင် ဆိုင်ပိတ်ချိန် ၉ နာရီကို ၁၁ နာရီအဖြစ် ပြင်ဆင်ပြောင်းလဲလိုက်ကြသည်။

၄။ ထိုသို့ ပါလီမန်ကိုယ်စားလှယ်များ ညှိနှိုင်းသဘောတူထားပြီးဖြစ်သော ဥပဒေကြမ်းကို သမ္မတဆီသို့ ပေးပို့ရာ သမ္မတကလည်း သဘောတူအတည်ပြုလိုက်သည်။



အစိုးရသည် အဆိုပါဥပဒေကို ချမှတ်ပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကြပ်မတ်ခြင်း တို့အတွက် တာဝန်ရှိသည်။ အဆိုပါအဆင့် ၃ ဆင့်ကို အောက်ပါ ဥပမာတွင် တွေ့မြင်နိုင်ပါသည်။




*၂၀၀၇ ခုနှစ်ထုတ် မြန်မာ့ဥပဒေများ လက်စွဲ*

**ဥပဒေနှင့် ပတ်သက်သော အစိုးရ၏ တာဝန်များ**

၁။ **ချမှတ်ပြဋ္ဌာန်းခြင်း** – အစိုးရသည် စားသောက်ဆိုင်များ၊ အရက်ဆိုင်များ အားလုံး ည ၁၁ နာရီတွင် ပိတ်ရမည်ဟု ဥပဒေတစ်ရပ် ထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်။

၂။ **အကောင်အထည်ဖော်ခြင်း** – ဥပဒေသစ်ကို လက်တွေ့ အကောင်အထည်ဖော်သည်။ နိုင်ငံသားများ၊ စားသောက်ဆိုင် ပိုင်ရှင်များနှင့် ဘားဆိုင်ပိုင်ရှင်များ အားလုံးကို အဆိုပါ ဥပဒေနှင့် ပတ်သက်၍ အသိပေး အကြောင်းကြားပြီး ချိုးဖောက်ပါက ခံရမည့် ပြစ်ဒဏ်များကို ထည့်သွင်း အကြောင်းကြားသည်။

၃။ **ဖြစ်မြောက်အောင် ကြပ်မတ်ခြင်း** – စားသောက်ဆိုင် သို့မဟုတ် အရက်ဆိုင် တစ်ဆိုင်ဆိုင်သည် ည ၁၁ နာရီ ကျော်သည်အထိ ဖွင့်နေသည်ကို တွေ့ရှိပါက အဆိုပါ ဆိုင်ပိုင်ရှင်အား ဒဏ်ငွေတပ်ခြင်း၊ သို့မဟုတ် ထောင်ဒဏ်ချမှတ်ခြင်းများ ပြုလုပ်သည်။

**လေ့ကျင့်ခန်း**

အောက်ပါ ဖော်ပြချက်များအား မှား / မှန် စိစစ် ဆုံးဖြတ်ပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းပြပါ။

က။ ဥပဒေကြမ်းဟူသည် အတည်မပြုရသေးသော ဥပဒေကို ခေါ်ဆိုခြင်း ဖြစ်သည်။

ခ။ ဥပဒေအားလုံးကို သမ္မတကသာ စတင် အဆိုပြုရသည်။

ဂ။ အစိုးရသည် ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော်ခြင်း ဖြစ်မြောက်အောင် ကြပ်မတ်ခြင်း တို့အတွက် တာဝန်ရှိပါသည်။

**လေ့ကျင့်ခန်း**

အောက်ပါ လုပ်ငန်းဆောင်ရွက်မှုများကို ဖော်ပြပါ ပြည်သူ့ရေးရာ မူဝါဒရည်မှန်းချက် ၆ ရပ်နှင့် သင့်တော်သလို တွဲစပ်ပြပါ။ အကြောင်းအရာတစ်ခုချင်းစီအတွက် မူဝါဒရည်မှန်းချက် တစ်မျိုးထက်မက ရှိနိုင်ပါသည်။

| | |
|---|---|
| ၁။ လူမှုဖူလုံရေး | ၄။ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေး |
| ၂။ အမျိုးသားလုံခြုံရေး | ၅။ လူ့အခွင့်အရေး |
| ၃။ လူမှုရေးရာ တရားမျှတမှု ရှိစေရေး | ၆။ ဖွံ့ဖြိုးတိုးတက်ရေး |

က။ တိုင်းပြည်၏ အခြေခံအဆောက်အအုံများအား တိုးတက်အောင် ဆောင်ရွက်ခြင်း (ဥပမာ – လမ်းများ ထပ်မံ တိုးချဲ့ဖောက်လုပ်ခြင်းနှင့် လမ်းမီးများရအောင် စီစဉ် ဆောင်ရွက်ပေးခြင်း)

<u>နမူနာအဖြေ – **ဖွံ့ဖြိုးတိုးတက်ရေး**</u>

ခ။ ပညာရေးအခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ခြင်း (ဥပမာ – စာသင်ကျောင်းများ ထပ်မံ ဆောက်လုပ်ပေးခြင်း)

ဂ။ စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်ခြင်း (ဥပမာ – စက်ရုံသစ်များ ဆောက်လုပ်ခြင်း)

ဃ။ ဒီမိုကရေစီ ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း (ဥပမာ – လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ သင်းပင်း ဖွဲ့စည်းဆောင်ရွက်ခွင့်၊ လွတ်လပ်စွာ စုဝေးခွင့်များ တိုးတက်ရရှိအောင် ဆောင်ရွက်ခြင်း)

င။ ကျန်းမာရေးစောင့်ရှောက်မှုများ တိုးမြှင့်ခံစားနိုင်ရန် ဆောင်ရွက်ခြင်း (ဥပမာ – ဆေးရုံများ ထပ်မံ ဆောက်လုပ်ပေးခြင်း)

စ။ တိုင်းရင်းသားလူမျိုးစု ပဋိပက္ခများ၊ ဘာသာရေး ပဋိပက္ခများကို ဖြေရှင်းခြင်း (ဥပမာ – ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်ခြင်း)

ဆ။ အကျင့်ပျက်ခြစားမှု လျော့ပါးအောင် ဆောင်ရွက်ခြင်း (ဥပမာ – အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေး အဖွဲ့အစည်းများ ဖွဲ့စည်း ထူထောင်ခြင်း)

ဇ။ အလုပ်လက်မဲ့များ လျှော့ချခြင်း (ဥပမာ – အလုပ်အကိုင်များ ပိုမို ဖန်တီးပေးခြင်း)

ဈ။ ဆင်းရဲမွဲတေမှု လျှော့ချခြင်း (ဥပမာ – အသက်မွေးဝမ်းကြောင်း ပညာသင်တန်းများ ပေးခြင်းနှင့် အသေးစား ချေးငွေများ ချပေးခြင်း)

ည။ လျှပ်စစ်မီး အလွယ်တကူရရှိအောင် ဆောင်ရွက်ပေးခြင်း (ဥပမာ – လျှပ်စစ်မီတာခများ လျှော့ချပေးခြင်း)

ဋ။ လုံခြုံရေး တိုးတက်အောင် ဆောင်ရွက်ခြင်း (ဥပမာ – ရဲတပ်ဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်း)

ဌ။ တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေးကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ခြင်း (ဥပမာ – ရာဇဝတ်မှုများအတွက် ထောင်ဒဏ်များ တိုးမြှင့် သတ်မှတ်ခြင်း)

## လုပ်ငန်းများ

### နိုင်ငံတော် ဘတ်ဂျက် (အသုံးစရိတ်)

၁။ အဖွဲ့များဖွဲ့၍ အောက်ဖော်ပြပါစာရင်းကို လေ့လာပါ။ သင်တို့တွင် ဘတ်ဂျက် ဒေါ်လာ သန်းတစ်ရာ ရှိသည်။ ထိုဘတ်ဂျက်ကို မည်သို့ သုံးစွဲမည်နည်း။



**လူမှုဖူလုံရေး**
**အမျိုးသားလုံခြုံရေး**
**လူမှုရေးရာတရားမျှတမှု ရှိစေရေး**
**တည်ငြိမ်အေးချမ်းရေးနှင့် ဥပဒေစိုးမိုးရေး**
**လူ့အခွင့်အရေး**
**ဖွံ့ဖြိုးတိုးတက်ရေး**

၂။ သင်တို့ ဘတ်ဂျက်ကို အတန်းသို့ တင်ပြ ဆွေးနွေးပြီး အဆိုပါ ဆုံးဖြတ်ချက်များ မည်သို့ ချမှတ်သည်ကို ရှင်းပြပါ။

၃။ တစ်တန်းလုံး သဘောတူမည့် အသုံးစရိတ် လျာထားချက်ကို ဆွေးနွေး ဆုံးဖြတ်ပါ။

### ဃ။ ဒေသန္တရ အစိုးရနှင့် ဗဟိုအစိုးရ

နိုင်ငံအားလုံးတွင် ဒေသန္တရအစိုးရနှင့် ဗဟိုအစိုးရဟူ၍ ရှိကြသည်။ ဗဟိုအစိုးရသည် တစ်နိုင်ငံလုံး အရေးနှင့် ပတ်သက်၍ တာဝန်ရှိကြပြီး ဒေသန္တရ အစိုးရများသည် သက်ဆိုင်ရာ ဒေသများအတွက် (ဥပမာ – မြို့တော်၊ မြို့နယ် သို့မဟုတ် ပြည်နယ်) တာဝန်ရှိကြသည်။

ရန်ကုန်မြို့တော်ခန်းမ



ဒေသန္တရ အစိုးရများကို အောက်ပါအကြောင်းအရာများကြောင့် လိုအပ်ရခြင်းဖြစ်သည်။

- ဗဟိုအစိုးရသည် တစ်နိုင်ငံလုံး အရေးကိစ္စများကို ဗဟိုမြို့တော် တစ်ခုတည်းမှနေ၍ စီမံဆောင်ရွက်ရန် မဖြစ်နိုင်ခြင်း။
- ဒေသန္တရအစိုးရများသည် မိမိသက်ဆိုင်ရာဒေသ၊ လူမှုအသိုင်းအဝိုင်းများ၏ လိုအပ်ချက်နှင့် ပြဿနာများကို ပိုမို နားလည်ခြင်း၊ အထူးသဖြင့် ယဉ်ကျေးမှုနှင့် တိုင်းရင်းသားလူမျိုးစု ကွဲပြားမှုများပြားသော နိုင်ငံမျိုးတွင် အထူး လိုအပ်ပေသည်။
- ဒေသန္တရဆိုင်ရာ လုပ်ငန်းများအား ဒေသန္တရ အစိုးရများက တာဝန်ယူ ဆောင်ရွက်ခြင်းအားဖြင့် လုပ်ငန်းမြန်ဆန်ထိရောက်မှုနှင့် ကုန်ကျစရိတ် သက်သာမှုတို့ ရှိစေခြင်း။

ဒေသန္တရ အစိုးရများသည် အောက်ပါ တာဝန်များရှိသည်။

- ဒေသခံလူထု၏ အရေးကိစ္စများနှင့် လိုအပ်ချက်များအား အလေးထားနားထောင်ခြင်း။
- ဒေသန္တရ ပြဿနာများအား ဆန်းစစ်ဖော်ထုတ်၍ ဖြေရှင်းခြင်း။
- ဒေသတွင်း အရင်းအမြစ်များအား စီမံခန့်ခွဲခြင်းနှင့် ထိန်းသိမ်းကာကွယ်ခြင်း။
- ဒေသဖွံ့ဖြိုးရေး စီမံကိန်းများအား စီစဉ်ရေးဆွဲ အကောင်အထည်ဖော်ဆောင်ခြင်း။
- ဒေသန္တရအစိုးရများသည် ဗဟိုအစိုးရထက် ပိုမို ဆက်သွယ်ရ လွယ်ကူသည်။ ထို့ကြောင့် ဒေသခံ ပြည်သူလူထုကို ဒီမိုကရေစီ ဖွံ့ဖြိုးမှုတွင် ပူးပေါင်းပါဝင်ရန် အထောက်အကူ ပေးနိုင်သည်။


## မြန်မာ့ရေးရာ

### ပြည်နယ်/တိုင်း အစိုးရများနှင့် ဒေသန္တရ အစိုးရများ

ကျေးလက်ဒေသများတွင် အသေးငယ်ဆုံးသော အုပ်ချုပ်ရေးယန္တရားအဆင့်မှာ ကျေးရွာအဆင့်ဖြစ်ပြီး အဆိုပါ ကျေးရွာများအလိုက် စုဖွဲ့ထားသော ကျေးရွာအစုအဖွဲ့ကို ကျေးရွာအုပ်စု (Village tract) ဟု သတ်မှတ်သည်။ မြို့ပြဒေသများတွင်မူ အသေးငယ်ဆုံးသော အုပ်ချုပ်ရေးယန္တရားအဆင့်မှာ ရပ်ကွက်အဆင့်ဖြစ်ပြီး မြို့ပေါ်ရှိ ဧရိယာအပိုင်းလိုက် သတ်မှတ်ခွဲခြားထားသော နယ်မြေများကို ဆိုလိုသည်။ ရပ်ကွက်/ကျေးရွာအုပ်စုတစ်ခုလျှင် အုပ်ချုပ်ရေးမှူးတစ်ဦးစီထားရှိသည်။ အဆိုပါ အုပ်ချုပ်ရေးမှူးများသည် ရပ်/ရွာအတွင်း အရေးကိစ္စများကို ဆောင်ရွက်ခြင်း၊ မကောင်းတော့သည့် လမ်းများပြုပြင် ဖာထေးပေးခြင်း၊ ရပ်ရွာလူထုအချင်းချင်းကြား ဖြစ်ပွားသော ပဋိပက္ခများအား ဖြေရှင်းပေးခြင်း၊ ရပ်ရွာအဆင့် ကျန်းမာရေးစင်တာများအား ထိန်းသိမ်းပေးခြင်းစသည့် လုပ်ငန်းများအတွက် တာဝန်ရှိသည်။

မြို့ပြရပ်ကွက်များ၊ မြို့များ၊ တိုက်နယ်များနှင့် ကျေးရွာအုပ်စုများကို စုပေါင်း၍ မြို့နယ်ဟု သတ်မှတ်သည်။ မြို့နယ်အစိုးရရုံးသည် မြန်မာနိုင်ငံ၏ အနိမ့်ဆုံးအစိုးရအဆင့် ဖြစ်သည်။ မြို့နယ်အစိုးရများသည် ပျက်ယွင်းနေသော လမ်းများအား ပြုပြင်ပေးခြင်း၊ မြို့နယ်လူထု အချင်းချင်းကြား ဖြစ်ပွားသော ပဋိပက္ခများအား ဖြေရှင်းပေးခြင်း၊ ပညာရေးစီမံကိန်းများအား အကောင်အထည် ဖော်ဆောင်ပေးခြင်း၊ မြို့နယ် ကျန်းမာရေး စင်တာများအား ထိန်းသိမ်းပေးခြင်းနှင့် ဆင်းရဲသားများအား ကူညီပံ့ပိုးပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ရှိသည်။ မြို့နယ်များအလိုက် စုဖွဲ့ထားသော မြို့နယ်အစုအဖွဲ့ကို ခရိုင်ဟု သတ်မှတ်ပြီး အဆိုပါ ခရိုင်များ စုပေါင်းခြင်းအားဖြင့် ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးများ ဖြစ်လာသည်။

မြန်မာနိုင်ငံကို ပြည်နယ် ၇ ခု၊ တိုင်းဒေသကြီး (ယခင်အခေါ်အရ – တိုင်း) ၇ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ၅ ခု၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနယ်မြေ ၁ ခု၊ ပြည်ထောင်စုနယ်မြေတစ်ခု (နေပြည်တော်) တို့ဖြင့် ဖွဲ့စည်းထားသည်။ ပြည်နယ်နှင့် တိုင်းကိုယ်စီတွင် ကိုယ်ပိုင်အစိုးရများ ရှိကြပြီး ထိုအစိုးရအဖွဲ့ကို ပြည်နယ်/တိုင်းဝန်ကြီးချုပ်များက ဦးဆောင်သည်။ ဝန်ကြီးချုပ်များကို သမ္မတက ခန့်အပ်သည်။ ပြည်နယ် ၇ ခုနှင့် တိုင်းဒေသကြီး ၇ ခုတို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခွင့်အာဏာတန်းတူ ရှိကြသည်။ အဆိုပါ အစိုးရများသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းများ၏ စီးပွားရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် လူမှုရေးကဏ္ဍများနှင့် ဆက်နွယ်သော ဥပဒေများကို ပြဋ္ဌာန်းခွင့် ရှိသည်။ ၎င်းတို့သည် မြေခွန်၊ သယ်ယူပို့ဆောင်ရေး အခွန်များနှင့် (ကျွန်းသစ်မှလွဲ၍) သစ်တောထွက်ပစ္စည်းဆိုင်ရာ အခွန်အားလုံးကို စည်းကြပ် ကောက်ခံခွင့် ရှိသည်။



## လေ့ကျင့်ခန်း

အောက်ပါဖော်ပြချက်များအား မှား/ မှန် စိစစ် ဆုံးဖြတ်ပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းပြပါ။

၁။ မြို့နယ်များသည် မြန်မာအစိုးရယန္တရားစနစ်၏ နိမ့်ဆုံးအဆင့် ဖြစ်သည်။

၂။ ကျေးရွာအုပ်စု/ ရပ်ကွက် အုပ်ချုပ်ရေးမှူးများသည် ဥပဒေပြုခွင့် ရှိကြသည်။

၃။ ပြည်နယ်/ တိုင်း ဝန်ကြီးချုပ်များကို ပြည်သူလူထုက ရွေးချယ် တင်မြှောက်သည်။

၄။ အချို့သော ပြည်နယ်/ တိုင်း များသည် အခွင့်အာဏာ ပိုရှိကြသည်။

၅။ ပြည်နယ်/ တိုင်း အစိုးရများသည် အခွန်ကောက်ခံခွင့် မရှိကြပေ။

## ဆွေးနွေးချက်

၁။ သင်တို့၏ အစိုးရသည် မည်သို့သော မူဝါဒဆုံးဖြတ်ချက်များ ချမှတ်သင့်သည်ဟု သင့် အနေနှင့် ထင်မြင်ပါသနည်း။

၂။ သင်ပါဝင်သော လူ့အဖွဲ့အစည်းရှိ ပြဿနာများနှင့် အရေးကိစ္စများအား ကိုင်တွယ်ဖြေရှင်းရန် မည်သို့သော ဥပဒေများ လိုအပ်သည် ထင်ပါသနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် ဒေသန္တရအစိုးရသည် ပါဝင်ဆောင်ရွက်မှုကို မည်မျှ မြှင့်တင်ပေးသနည်း။

## ပြန်လည်သုံးသပ်ချက်

ဒီမိုကရေစီ၏ ပြဿနာများသည် သင်ကိုယ်တိုင်အပေါ် သက်ရောက်မှု ရှိနေပါသလား၊ မည်သည့် ပုံစံများဖြင့် သက်ရောက်မှု ရှိနေပါသနည်း။

## ၆.၁.၂ ကောင်းမွန်သော စီမံအုပ်ချုပ်မှု

**အကြိုသင်ခန်းစာ**

ကောင်းမွန်သော စီမံအုပ်ချုပ်မှုဟူသည် အဘယ်နည်း။

ကောင်းမွန်သော စီမံအုပ်ချုပ်မှုဟူသည် အကောင်းဆုံးသော အစိုးရအုပ်ချုပ်မှု ပုံစံများကို ရည်ညွှန်း သတ်မှတ်သော အခြေခံမှုများ ဖြစ်သည်။ အဆိုပါ အခြေခံမှုများ ရှိထားခြင်းအားဖြင့် အကျင့်ပျက်ခြစားခြင်း၊ အာဏာ အလွဲသုံးစားပြုခြင်း၊ လူ့အခွင့်အရေး ချိုးဖောက်ခြင်းများ ဖြစ်ပေါ်ရန် ခဲယဉ်းသွားစေသည်။ ၎င်းမှုများသည် အစိုးရ၏ ဆုံးဖြတ်ချက်များချမှတ် အကောင်အထည် ဖော်ဆောင်သည့် နည်းလမ်းများကို တိုးတက်စေခြင်းအားဖြင့် ပြည်သူလူထု လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်စေရန်အတွက်လည်း ရည်ရွယ်ပါသည်။

ကုလသမဂ္ဂအဖွဲ့ချုပ်သည် ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် ပတ်သက်သော အခြေခံသွင်ပြင်လက္ခဏာ ၈ ရပ်ကို အောက်ပါအတိုင်း သတ်မှတ်ထားသည်။

၁။ လူတိုင်းပါဝင် ဆောင်ရွက်နိုင်ခြင်း

၂။ ပွင့်လင်းမြင်သာမှုရှိခြင်း

၃။ ထိရောက်မှုနှင့် စွမ်းဆောင်ရည် ပြည့်ဝမှု ရှိခြင်း

၄။ ဖြစ်ပေါ်လာသော ကိစ္စရပ်များကို တုံ့ပြန် ဆောင်ရွက်ပေးခြင်း

၅။ တာဝန်ခံမှုရှိခြင်း

၆။ စေ့စပ်ဆွေးနွေးမှုနှင့် နားလည် သည်းခံမှုရှိခြင်း

၇။ ခွင့်တူညီမျှမှုနှင့် လူတိုင်းပါဝင်နိုင်ခွင့်ရှိခြင်း (တန်းတူညီမျှမှု)

၈။ တရားဥပဒေ စိုးမိုးမှုရှိခြင်း

အထက်ပါ သွင်ပြင်လက္ခဏာ ၈ ရပ်ထဲမှ ၆ ရပ်သည် အပိုင်း ၁ တွင် ဆွေးနွေးခဲ့သော ဒီမိုကရေစီ၏ အခြေခံအင်္ဂါရပ်များတွင်လည်း ပါဝင်သည်။

သို့သော် ကောင်းမွန်သော စီမံအုပ်ချုပ်မှုသဘောတွင် အစိုးရများက ပြည်သူလူထု လိုအပ်ချက်များကို ထိရောက်စွာ ဖြည့်ဆည်းပေးနိုင်မှုလည်း ပါဝင်သည်။ အဆိုပါ သဘောတရားအရ အစိုးရများသည် ...

က။ ပြည်သူလူထု၏ လိုအပ်ချက်နှင့် အလိုဆန္ဒများကို မှန်ကန်စွာ ထင်ဟပ်နိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ပေးရန်နှင့်

ခ။ ပြည်သူ့လိုအပ်ချက်များအား အောင်မြင်စွာ ဖြည့်ဆည်းပေးနိုင်သော နည်းလမ်းဖြင့် အဆိုပါ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တာဝန်ရှိပါသည်။

ထိုအတွက်ကြောင့် တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း၊ ထိရောက်မှုနှင့် စွမ်းဆောင်ရည် ပြည့်ဝမှုရှိခြင်းတို့သည်လည်း အလားတူ အရေးပါလာခြင်းဖြစ်သည်။

### က။ တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း

တုံ့ပြန်ဆောင်ရွက်မှုရှိခြင်းဟူသည် အစိုးရအနေဖြင့် ပြည်သူတို့၏ လိုအပ်ချက်များနှင့် စိုးရိမ်ပူပန်ချက်များအား မူဝါဒဆုံးဖြတ်ချက်များဖြင့် တုံ့ပြန်ဖြေရှင်းပေးခြင်းကို ဆိုလိုသည်။

ကောင်းမွန်သော စီမံအုပ်ချုပ်မှု သဘောအရ အစိုးရသည် ပြည်သူ့လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ပေသည်။ အစိုးရသည် ပြည်သူလိုအပ်ချက်များနှင့် စိုးရိမ်ပူပန်မှုများကို နားလည်နိုင်ရန်အတွက် ပြည်သူ့အသံကို အလေးထားနားထောင်ရန် အထူးအရေးကြီးသည်။

ထို့အပြင် တုံ့ပြန်ဆောင်ရွက်မှု သဘောတရားအရ အစိုးရသည် အဆိုပါ သတင်းအချက်အလက်များကို လက်ခံစုဆောင်း၍ လက်တွေ့မူဝါဒများအဖြစ် ပြောင်းလဲဖော်ဆောင်ပေးရန်လည်း လိုအပ်ပါသည်။

တုံ့ပြန်ဆောင်ရွက်မှုကို အောက်ပါ နည်းလမ်းများဖြင့် မြင်တွေ့နိုင်သည်။

- အစိုးရများသည် ပြည်သူ့လိုအပ်ချက်နှင့် လိုအင်ဆန္ဒများပေါ် မူတည်၍ မူဝါဒ အပြောင်းအလဲများ ပြုလုပ်ပေးခြင်း။
- အစိုးရများသည် အဆိုပါ လုပ်ဆောင်မှုမျိုးကို ရွေးကောက်ပွဲဝန်းကျင် ကာလမျိုး၌သာ လုပ်ဆောင်ပြခြင်း မဟုတ်ဘဲ အမြဲတမ်း လုပ်ဆောင်နေခြင်း။
- ပြည်သူ့ရေးရာ မူဝါဒဆုံးဖြတ်ချက်များတွင် လူနည်းစုများ၏ လိုအပ်ချက်များကိုလည်း ထည့်သွင်း စဉ်းစားပေးခြင်း။
- ပြည်သူ့အပေါ် ဆိုးကျိုးသက်ရောက်စေသော မူဝါဒများနှင့် ပတ်သက်၍ အစိုးရသည် အမှားကျူးလွန်မိကြောင်း ဝန်ခံ၍ မူဝါဒပြန်လည် တည့်မတ်မှုများ ပြုလုပ်ပေးခြင်း။

## ခ။ ထိရောက်မှုနှင့် စွမ်းဆောင်ရည် ပြည့်ဝမှုရှိခြင်း

### ထိရောက်မှုရှိခြင်း

ထိရောက်သော အစိုးရတစ်ရပ်သည် မိမိတို့ မူဝါဒ ရည်မှန်းချက်များအား ပေါက်မြောက် အောင်မြင်နိုင်စေသော လုပ်ငန်းများကို လုပ်ဆောင်နိုင်သည်။ ပြည်သူ့ရေးရာမူဝါဒ ရည်မှန်းချက်များသည် ပြည်သူ့လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ လူ့အဖွဲ့အစည်း၏ ပြဿနာများကို ဖြေရှင်းပေးရေး စသည့် အရေးကိစ္စတို့နှင့် ဆက်နွယ်နေလျက်ရှိသည်။ အဆိုပါ အရေးကိစ္စများကို မည်မျှ ဆောင်ရွက်ပေးနိုင်သလဲပေါ် မူတည်၍ အစိုးရတစ်ရပ်၏ လုပ်ငန်းဆောင်ရွက်ချက် ထိရောက်မှုကို တိုင်းတာပါသည်။ ထိရောက်မှုဟူသည် အောက်ပါတို့ကို ဆိုလိုခြင်းဖြစ်သည်။

- အစိုးရသည် မူဝါဒ ရည်မှန်းချက်များ ပြီးမြောက်စေနိုင်ရန်အတွက် သင့်တော်မှန်ကန်သော လုပ်ငန်းမျိုးများကို ရွေးချယ်နိုင်စွမ်းရှိခြင်း။
- အစိုးရသည် အဆိုပါ လုပ်ငန်းများအတွက် သင့်တော်မှန်ကန်သည့် ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များကို ပေးစွမ်းနိုင်ခြင်း။
- အစိုးရသည် အဆိုပါ ဝန်ဆောင်မှုများနှင့် အရင်းမြစ်များကို သင့်တော် မှန်ကန်သော လူများထံသို့ ပေးနိုင်စွမ်းရှိခြင်း။

### စွမ်းဆောင်ရည် ပြည့်ဝမှုရှိခြင်း

စွမ်းဆောင်ရည် ပြည့်ဝမှုရှိခြင်းဟူသည် တစ်စုံတစ်ခုအား အကောင်းဆုံးပုံစံဖြင့် လုပ်နိုင်စွမ်းရှိခြင်းကို ဆိုလိုသည်။ ၎င်းတို့ထဲတွင် အလျင်မြန်ဆုံးနှင့် ကုန်ကျစရိတ် အသက်သာဆုံးနည်းဖြင့် လုပ်နိုင်စွမ်းရှိခြင်းမျိုးလည်း ပါဝင်သည်။

အစိုးရများအတွက်မူ စွမ်းဆောင်ရည်ပြည့်ဝခြင်းဟူသည် မိမိတွင် ရှိထားသော အရင်းအမြစ်ကို အကောင်းဆုံး အသုံးချ၍ လိုအပ်သော လုပ်ငန်းများအား ဆောင်ရွက်နိုင်စွမ်း ရှိခြင်းမျိုးကို ဆိုလိုသည်။ အရင်းအမြစ်ဟု ဆိုရာတွင် လူများ၊ ပစ္စည်းများ၊ အခွင့်အလမ်းများနှင့် အခွန်ဘဏ္ဍာငွေများ ပါဝင်ပါသည်။ စွမ်းဆောင်ရည် ပြည့်ဝခြင်းဟူသည် အောက်ပါတို့ကို ဆိုလိုခြင်းဖြစ်သည်။

- ပြည်သူ့ဘဏ္ဍာငွေများနှင့် အရင်းအမြစ်များအား အလဟဿ လေလွင့်မှု နည်းပါးစေခြင်း။
- ပြည်သူ့ဘဏ္ဍာငွေများနှင့် အရင်းအမြစ်များအား လွဲမှားစွာ စီမံခန့်ခွဲမှု နည်းပါးစေခြင်း။
- ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များအား အချိန်နှင့် တပြေးညီ ပေးနိုင်စွမ်းရှိခြင်း (မဖြစ်မနေ အရေးကြီးသော ဝန်ဆောင်မှုများတွင် နှောင့်နှေး ကြန့်ကြာမှု လုံးဝ မရှိခြင်း။)

### လေ့ကျင့်ခန်း

အောက်ပါ ဖော်ပြချက်များအား မှား/ မှန် စိစစ်ပြပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းပြပါ။

က။ တုံ့ပြန်ဆောင်ရွက်မှု သဘောတရားအရ အစိုးရများသည် ပြည်သူ့အသံကို အလေးထား နားထောင်ဖို့ လိုအပ်ပေသည်။

ခ။ အစိုးရတစ်ရပ်သည် လုပ်ငန်းများအား ကုန်ကျစရိတ် အသက်သာဆုံးနည်းဖြင့် ဆောင်ရွက်နိုင်လျှင် ၎င်းအစိုးရကို ထိရောက်မှုရှိသော အစိုးရဟု ဆိုနိုင်ပေသည်။

ဂ။ စွမ်းဆောင်ရည် ပြည့်ဝခြင်းဟူသည် စီမံခန့်ခွဲမှု လွဲမှားခြင်းနှင့် လေလွင့်မှုရှိခြင်းများ မဖြစ်ပေါ်အောင် စွမ်းဆောင်နိုင်ခြင်းမျိုးကို ဆိုလိုသည်။

## ကောင်းမွန်သော စီမံအုပ်ချုပ်မှု အခြေပြဇယား

လုပ်ငန်းများ

အောက်ပါဇယားကိုဖြည့်စွက်ပါ။ သင်၏ကျောင်း/ အဖွဲ့အစည်း/ ဒေသန္တရအစိုးရတွင် ကောင်းမွန်သော စီမံအုပ်ချုပ်မှု သွင်ပြင်လက္ခဏာများ မည်မျှရှိသည်ကို ပေးထားသော ဇယားကွက်အတိုင်း အဆင့် သတ်မှတ်ပြပါ။

### ကောင်းမွန်သော စီမံအုပ်ချုပ်မှု အစီရင်ခံပြဇယား

အဖွဲ့အစည်းအမည် –

| သွင်ပြင်လက္ခဏာရပ်များ | အကြောင်းအရာ ဖော်ပြချက် | ညံ့ | သင့် | ကောင်း | အလွန်ကောင်း |
|---|---|---|---|---|---|
| ၁။ ပါဝင်ဆောင်ရွက်မှုရှိခြင်း | သက်ဆိုင်ရာ ဆုံးဖြတ်ချက်များ၏ သက်ရောက်မှုကို ခံရမည့် မည်သူမဆို အဆိုပါ ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ်တွင် ပါဝင်ဆုံးဖြတ်နိုင်ခွင့်ရှိသည်။ | | | | |
| ၂။ ပွင့်လင်းမြင်သာမှုရှိခြင်း | ပြည်သူတို့သည် ဆုံးဖြတ်ချက်များ ချမှတ်ရသည့် အကြောင်းအရင်းများနှင့် ချမှတ်မှုပုံစံများကို ရှင်းလင်းစွာ တွေ့မြင်ရသည်။ မည်သည့် သတင်းအချက်အလက်များ၊ အကြံဉာဏ်များနှင့် နည်းပညာ အကူအညီများ သုံးသွားသလဲ ဆိုသည်ကိုလည်း ရှာဖွေရယူသိရှိနိုင်သည်။ | | | | |
| ၃။ ထိရောက်မှုနှင့် စွမ်းဆောင်ရည်ပြည့်ဝမှုရှိခြင်း | အစိုးရသည် လက်လှမ်းမီသော လူအင်အားများ၊ အရင်းအမြစ်များနှင့် အချိန်တို့ကို အကောင်းဆုံး အသုံးချ၍ မိမိလူထုအတွက် အကောင်းဆုံးရလဒ်များကို ဖော်ဆောင်ပေးနိုင်သည်။ | | | | |
| ၄။ တုံ့ပြန်ဆောင်ရွက်မှုရှိခြင်း | လူထုလိုအပ်ချက်များကို အချိန်နှင့်တပြေးညီ သင့်တင့်လျောက်ပတ်စွာ၊ တုံ့ပြန် ဖြည့်ဆည်းပေးသည်။ | | | | |
| ၅။ တာဝန်ခံမှုရှိခြင်း | ဆုံးဖြတ်ချက် ချမှတ်သူများသည် ၎င်းတို့ ဆုံးဖြတ်ချက်များ၏ အကျိုးဆက်ကို တာဝန်ခံမှု ရှိကြသည်။ | | | | |
| ၆။ စေ့စပ်ဆွေးနွေးမှုနှင့် နားလည်သည်းခံမှုရှိခြင်း | လူနည်းစုများနှင့် အခြားလူမှုအုပ်စုများသည် အားလုံး သဘောတူလက်ခံနိုင်သော အဖြေကို ပူးပေါင်းရှာဖွေဖော်ထုတ်နိုင်သည်။ | | | | |
| ၇။ ခွင့်တူညီမျှမှုနှင့် အားလုံးပါဝင်နိုင်မှုရှိခြင်း | အပယ်ခံလူမှုအုပ်စုများ အပါအဝင် အားလုံးသော လူများသည် ဆုံးဖြတ်ချက် ချမှတ်မှုဖြစ်စဉ်တွင် ပါဝင်ခွင့်ရကြသည်။ | | | | |
| ၈။ တရားဥပဒေ စိုးမိုးမှုရှိခြင်း | ဆုံးဖြတ်ချက်များနှင့် အာဏာသုံးစွဲမှုများကို သတ်မှတ်ဥပဒေမူဘောင်နှင့်အညီ ချမှတ်ကျင့်သုံးသည်။ | | | | |

## ဆွေးနွေးချက်

၁။ ကောင်းမွန်သော စီမံအုပ်ချုပ်မှုသည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးကြီးသနည်း။

၂။ ကောင်းမွန်သော စီမံအုပ်ချုပ်မှုသည် မည်သည့် ပြဿနာများကို လျှော့ချပေးနိုင်ပါသနည်း။

၃။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် ကောင်းမွန်သော စီမံအုပ်ချုပ်မှုမျိုး ရရှိရန် မည်သည့် စိန်ခေါ်မှုများ ရှိနေသနည်း။

၄။ သင်ပါဝင်သော လူ့အဖွဲ့အစည်းတွင် စီမံအုပ်ချုပ်မှု တိုးတက် ကောင်းမွန်လာစေရန် မည်သို့ လုပ်ဆောင်နိုင်မည်နည်း။

## ပြန်လည်သုံးသပ်ချက်

ကောင်းမွန်သော စီမံအုပ်ချုပ်မှု သွင်ပြင်လက္ခဏာ ၈ ရပ်ထဲတွင် မည်သည့် သွင်ပြင်လက္ခဏာရပ်က အရေးအကြီးဆုံးဟု သင်ထင်မြင်ပါသနည်း။ အဘယ်ကြောင့် ထိုသို့ ထင်မြင်ရသည်ကို ရှင်းပြပါ။

**အကြိုသင်ခန်းစာ**

အာဏာခွဲဝေ ကျင့်သုံးမှုဟူသည် အဘယ်နည်း။

## ၆.၁.၃ အာဏာခွဲဝေ ကျင့်သုံးမှုစနစ်

### က။ အစိုးရမဏ္ဍိုင်သုံးရပ်

အစိုးရတွင် ပင်မလုပ်ငန်း တာဝန်ကြီး ၂ရပ် ရှိသည်။ ဥပဒေပြုခြင်း၊ ဥပဒေများကို အကောင်အထည် ဖော်ဆောင်ခြင်းနှင့် အဆိုပါ ဥပဒေများကို ဖြစ်မြောက်အောင် ကြပ်မတ်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။ အဆိုပါ လုပ်ငန်းများကို အစိုးရ၏ အောက်ပါ မဏ္ဍိုင်ကြီး ၃ ရပ်က လက်တွေ့ဆောင်ရွက်ရသည်။

- ဥပဒေပြုမဏ္ဍိုင် (ဥပဒေပြုခြင်း)
- အုပ်ချုပ်ရေးမဏ္ဍိုင် (ဥပဒေများကို အကောင်အထည်ဖော်ခြင်း)
- တရားရေးမဏ္ဍိုင် (ဥပဒေများကို ဖြစ်မြောက်အောင် ကြပ်မတ်ဆောင်ရွက်ခြင်း)

ဒီမိုကရေစီတွင် အဆိုပါ မဏ္ဍိုင်ကြီး ၃ ရပ်သည် သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်ဖို့ အရေးကြီးသည်။ မဏ္ဍိုင်တစ်ခုချင်းစီတွင် ကိုယ်ပိုင်လုပ်ပိုင်ခွင့်များ၊ တာဝန်များနှင့် အခွင့်အာဏာများ ရှိကြသည်။ မည်သည့် မဏ္ဍိုင်ကမှ တစ်ဦး၏ လုပ်ပိုင်ခွင့်၊ တာဝန်နှင့် အခွင့်အာဏာတို့ကို တစ်ဦးက ဝင်ရောက် စွက်ဖက်ခြင်း မပြုနိုင်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေက ထိန်းကျောင်းထားသည်။

၎င်းကို အာဏာခွဲဝေကျင့်သုံးမှုစနစ်ဟုခေါ်သည်။ ဒီမိုကရေစီ အစိုးရများသည် အဆိုပါ အယူအဆ အပေါ် အခြေခံထားခြင်း ဖြစ်သည်။

### ခ။ အာဏာခွဲဝေ ကျင့်သုံးမှုစနစ်

အာဏာခွဲဝေ ကျင့်သုံးမှုစနစ်၏ အဓိက ရည်ရွယ်ချက်မှာ အာဏာရှင်စနစ်ကို တားဆီးရန်ဖြစ်သည်။ မည်သည့် မဏ္ဍိုင်ကမှ တစ်ခုကို တစ်ခု ဝင်ရောက်စွက်ဖက် ခြယ်လှယ်ခြင်းမျိုး မရှိရအောင် ၎င်းက ထိန်းကျောင်းပေးသည်။

အာဏာရှင် အစိုးရ အတော်များများတွင် အာဏာကို မဏ္ဍိုင်တစ်ခုတည်း (အများအားဖြင့် အုပ်ချုပ်ရေး မဏ္ဍိုင်) ကသာ ချုပ်ကိုင်ထားလေ့ ရှိကြသည်။ အခြား မဏ္ဍိုင်အားလုံးကို အုပ်ချုပ်ရေး မဏ္ဍိုင်တစ်ခု တည်းက ချုပ်ကိုင်ထားခြင်း ဖြစ်သည်။ ၎င်းသည် တရားဥပဒေစိုးမိုးမှုကို အားနည်းချည့်နဲ့စေပြီး အကျင့်ပျက် ခြစားမှုနှင့် အာဏာလွဲသုံးစားမှုတို့ကို ဖြစ်စေတတ်ပါသည်။ အာဏာခွဲဝေ ကျင့်သုံးမှု စနစ်သည် အာဏာကို မတူသော မဏ္ဍိုင်အသီးသီးကြား ခွဲဝေ အပ်နှင်းထားခြင်းကြောင့် မဏ္ဍိုင် တစ်ရပ်တည်းက အာဏာအလွန်အကျွံ ရရှိထားခြင်းမျိုး မရှိနိုင်တော့ပေ။




အာဏာခွဲဝေကျင့်သုံးမှုစနစ် ရှိထားခြင်းအားဖြင့် မဏ္ဍိုင်တစ်ရပ်ရပ်သည် အခြားမဏ္ဍိုင်များနှင့် ပူးပေါင်း ဆောင်ရွက်မှု မရှိဘဲ မည်သည့် လုပ်ငန်းကိုမှ လုပ်ဆောင်ဖို့ရာ မဖြစ်နိုင်ပေ။ အရေးကြီးသော ဆုံးဖြတ်ချက်များအပေါ် မဏ္ဍိုင်အားလုံး၏ သဘောတူညီမှုကို ရယူနိုင်ခြင်းသည် ပါဝင်ဆောင်ရွက်မှု၊ ပွင့်လင်းမြင်သာမှု၊ နားလည်သည်းခံမှုနှင့် စေ့စပ်ညှိနှိုင်းမှုတို့ကိုလည်း တိုးမြှင့်စေနိုင်ပါသည်။

အောက်ပါဖော်ပြချက်များအား မှား / မှန် စိစစ် ဆုံးဖြတ်ပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းပြပါ။

က။ အုပ်ချုပ်ရေး မဏ္ဍိုင်သည် ဥပဒေပြုရန် တာဝန်ရှိသည်။

ခ။ ဒီမိုကရေစီ အစိုးရများသည် အာဏာများကို အခြားသော မဏ္ဍိုင်များအား ခွဲဝေအပ်နှင်းခြင်းအားဖြင့် အုပ်ချုပ်ရေး မဏ္ဍိုင်၏ အာဏာကို ကန့်သတ်ပေးသည်။

ဂ။ အာဏာခွဲဝေ ကျင့်သုံးမှုစနစ်သည် မဏ္ဍိုင် ၃ ရပ် စလုံးအား အတူတကွ ပူးပေါင်း ဆောင်ရွက်စေရန် တွန်းအားပေးသည်။

## ဂ။ အပြန်အလှန် ထိန်းညှိမှုစနစ်

အာဏာခွဲဝေ ကျင့်သုံးသော အစိုးရစနစ်တွင်

- ထိန်းခြင်းဟူသည် အခြားမဏ္ဍိုင်များ၏ လုပ်ကိုင် ဆောင်ရွက်မှုများကို ကြပ်မတ်ရန် မဏ္ဍိုင် အသီးသီး၌ လုပ်ပိုင်ခွင့်နှင့် တာဝန်များ ရှိနေခြင်းကို ဆိုလိုသည်။
- ညှိခြင်းဟူသည် ထိုမဏ္ဍိုင်တစ်ခုခြင်းစီ၏ အာဏာကို ကန့်သတ်ထားမှုများ ဖြစ်သည်။ မဏ္ဍိုင်တစ်ခုသည် အခြားတစ်ထက် အာဏာလုပ်ပိုင်ခွင့် လွန်ကဲစွာ ရှိမနေအောင် ထိန်းညှိထားခြင်းဖြစ်သည်။

အပြန်အလှန် ထိန်းညှိမှုစနစ်သည် အာဏာအလွဲသုံးစားပြုမှုကို တားဆီးပေးနိုင်ပြီး မည်သည့် မဏ္ဍိုင်မှ အာဏာအလွန်အကျွံ ကြီးမားနေခြင်းမျိုး မဖြစ်ရအောင် ထိန်းကျောင်းပေးသည်။ အပြန်အလှန် ထိန်းညှိမှု စနစ်သည် အာဏာအလွဲသုံးစားပြုမှုကို အောက်ပါ နည်းလမ်း ၃ သွယ်ဖြင့် တားဆီးပေးနိုင်သည်။

၁။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အခြားသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ ပါဝင်နိုင်အောင် ၎င်းက စီမံထိန်းကျောင်းပေးသည်။ ဥပမာအားဖြင့် မြန်မာ့ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်မည်ဆိုလျှင် အချက် ၂ ချက်နှင့် ပြည့်စုံရန် လိုအပ်သည်။ ပထမတစ်ချက်မှာ လွှတ်တော်ကိုယ်စားလှယ် အများစုက အဆိုပါ ပြင်ဆင်ခြင်း ဆုံးဖြတ်ချက်ကို လက်ခံ သဘောတူ အတည်ပြုရန် လိုအပ်ခြင်းဖြစ်ပြီး ဒုတိယတစ်ချက်မှာ လူထုဆန္ဒခံယူပွဲ ပြုလုပ်၍ နိုင်ငံသား အများစုက အဆိုပါ ပြင်ဆင်မှုကို မဲပေးထောက်ခံရန် လိုအပ်ခြင်းဖြစ်သည်။

၂။ ဆုံးဖြတ်ချက် တစ်ခုခုကို အခြားသော လူပုဂ္ဂိုလ် သို့မဟုတ် မဏ္ဍိုင်အဖွဲ့အစည်း တစ်ရပ်ရပ်က သဘောမတူလျှင် တစ်ချက်လွှတ် ဗီတိုအာဏာဖြင့် ပယ်ချနိုင်ရန် အတွက်လည်း ၎င်းစနစ်က စီမံပေးထားသည်။ ဥပမာ – ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် ကောင်စီ၏ မည်သည့် ဆုံးဖြတ်ချက်ကိုမဆို သဘောမတူပါက တစ်ချက်လွှတ် ဗီတိုအာဏာဖြင့် ပယ်ချခွင့် ရှိထားသော နိုင်ငံ ၅ နိုင်ငံ ရှိသည်။ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ရုရှားနှင့် တရုတ်တို့ဖြစ်သည်။

၃။ ၎င်းစနစ်တွင် အချို့သော ဆုံးဖြတ်ချက်များကို လုံးဝမချမှတ်နိုင်စေရန် တားမြစ်ထားသည့် ဥပဒေများလည်း ရှိပေသည်။ ဥပမာ – ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သော မည်သည့် ဆုံးဖြတ်ချက်မျိုးကိုမဆို အစိုးရအနေဖြင့် ချမှတ်ခွင့် မရှိခြင်း ဖြစ်သည်။

အပြန်အလှန် ထိန်းညှိမှုစနစ်တွင် မဏ္ဍိုင်အချင်းချင်းသည် အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်စေရန် အလို့ငှာ တစ်ခုနှင့်တစ်ခု အပြန်အလှန် မှီခိုမှု ရှိနေစေရန်လည်း စီမံပေးထားသည်။ ဥပမာ – မြန်မာနိုင်ငံတွင် လွှတ်တော်သည်သာ ဥပဒေများကို ပြုခွင့် အာဏာရှိသည်။ သမ္မတသည် အဆိုပါ ဥပဒေကို အတည်ပြုပေးရန် အာဏာရှိသည်။ သမ္မတသည် ၎င်း အတည်ပြုလိုသော ဥပဒေကို ကိုယ်တိုင်ရေးဆွဲ ပြဋ္ဌာန်းခွင့် မရှိပေ။ သမ္မတက အတည်မပြုလိုသော ဥပဒေကိုလည်း လွှတ်တော်က အတည်ပြုပေးခွင့် မရှိပေ။ ထို့ကြောင့် သမ္မတနှင့် လွှတ်တော်တို့ကြား စေ့စပ်ညှိနှိုင်းသဘောတူညီမှု ယူနိုင်မှသာ ဥပဒေတစ်ရပ် ဖြစ်လာသည်ဟု ဆိုနိုင်သည်။ သဘောတူညီမှု မယူနိုင်ပါက မည်သည့် ဥပဒေမှ ဖြစ်လာနိုင်မည် မဟုတ်ပေ။

### လေ့ကျင့်ခန်း

### လေ့ကျင့်ခန်း

**အောက်ပါဖော်ပြချက်များအား မှား / မှန် စိစစ်ပြပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းပြပါ။**

က။ အပြန်အလှန် ထိန်းညှိခြင်းစနစ်သည် အစိုးရအား ပိုမို ပွင့်လင်းမြင်သာမှု ရှိစေရန် ထိန်းကျောင်းပေးသည်။

ခ။ အပြန်အလှန် ထိန်းညှိမှုစနစ်သည် အစိုးရအား ဥပဒေများ လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် အားဖြည့် ကူညီပေးသည်။

ဂ။ ဗီတို (ပယ်ဖျက်) သည် အာဏာဟူသည် တစ်ဦးတစ်ယောက် (သို့) အဖွဲ့တစ်ဖွဲ့က အခြားသော တစ်ဦးတစ်ယောက် (သို့) အဖွဲ့ တစ်ဖွဲ့၏ ဆုံးဖြတ်ချက်များကို ပယ်ဖျက်နိုင်ခြင်းကို ဆိုလိုသည်။

## လုပ်ငန်းများ

### ငြင်းခုံ ဆွေးနွေးခြင်း (Debate) – အပြန်အလှန် ထိန်းညှိမှုစနစ်

အောက်ပါ စာပိုဒ်ကို ဖတ်ရှု၍ ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်ပါ။




လုပ်ပိုင်ခွင့်အာဏာ အလွန်အကျွံ ရရှိထားသော မည်သူမဆို အကျင့်ပျက်ခြစားပြီး အာဏာအလွဲသုံးစားမှုများ ပြုလုပ်လာနိုင်ပေသည်။ ထိုအကြောင်းကြောင့်ပင် ခေါင်းဆောင်များ လိုက်နာကျင့်သုံးဖို့ရာ ဥပဒေ ၂ ရပ် ရှိထားဖို့ လိုပါသည်။

၁။ ခေါင်းဆောင်များ လုံးဝချမှတ်ခွင့် မရှိသော ဆုံးဖြတ်ချက်တချို့ကို သတ်မှတ် ပြဋ္ဌာန်းထားရမည်။

၂။ ခေါင်းဆောင်များ အားလုံးသည် ၅ နှစ် သက်တမ်းပြည့်သွားသည့် အခါတိုင်း အာဏာ စွန့်လွှတ်ရမည်။ ၎င်းကိုယ်စား နောက်တက်လာမည့်သူသည် လူကြိုက်များမှု သိပ်မရှိသည့်တိုင်အောင် ထိုသို့ပင် ပြုလုပ်ရမည်။

၁။ အဖွဲ့ဝင် ၃ ဦးစီ ပါဝင်သော အဖွဲ့များ ဖွဲ့ပါ။ အဖွဲ့တစ်ဖွဲ့ချင်းစီသည် ...
- တစ်ဦးက အဆိုပါ အယူအဆကို ထောက်ခံသူများအား ကိုယ်စားပြု၍ ဆွေးနွေး တင်ပြပါ။
- တစ်ဦးက အဆိုပါ အယူအဆကို ဆန့်ကျင်သူများအား ကိုယ်စားပြု၍ ဆွေးနွေး တင်ပြပါ။
- နောက်တစ်ဦးက သတင်းထောက် ဖြစ်သည်။ ၎င်းက ငြင်းခုံ ဆွေးနွေးပွဲ (Debate) အပြီးတွင် အထက်ပါ ကိုယ်စားလှယ် ၂ ဦးအား မေးခွန်းများ မေးပါ။

၂။ ငြင်းခုံ ဆွေးနွေးပွဲ (Debate) နှင့် မေးခွန်း မေးမြန်းခြင်းများ လုပ်ဆောင်ပါ။

၃။ ဆိုခဲ့ပါ အယူအဆနှင့် ပတ်သက်၍ ထောက်ခံရခြင်း / ဆန့်ကျင်ရခြင်း အကြောင်းအချက်များကို တစ်တန်းလုံး အနေဖြင့် ဆွေးနွေးပါ။

၄။ အကြံပြုချက်များကို ထောက်ခံသည် (သို့) ကန့်ကွက်သည်ကို တစ်တန်းလုံး မဲပေး၍ ဆုံးဖြတ်ပါ။

## ဆွေးနွေးချက်

၁။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် မဏ္ဍိုင်အဖွဲ့အစည်း တစ်ခုတည်းက အာဏာ အလွန်အကျွံ ရရှိထားခြင်းအားဖြင့် မည်သို့သော အန္တရာယ်များ ဖြစ်လာနိုင်သနည်း။

၂။ အပြန်အလှန် ထိန်းညှိမှုစနစ်သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးကြီးသနည်း။

၃။ အာဏာခွဲဝေ ကျင့်သုံးမှုစနစ်တွင် မည်သို့သော အားသာချက်များနှင့် အားနည်းချက်များ ရှိသနည်း။

## ပြန်လည်သုံးသပ်ချက်

၁။ သင့်ဘဝတွင် လူတစ်ဦးတစ်ယောက်က အာဏာ အလွန်အကျွံ ရရှိပြီး အာဏာအလွဲသုံးစား ပြုလုပ်သည်ကို တွေ့ကြုံဖူးပါသလား။ မည်သို့ ဖြစ်ပျက်ခဲ့ပါသနည်း။ ထိုအခြေအနေကြောင့် သင်မည်သို့ ခံစားခဲ့ရပါသနည်း။

၂။ ထိုသို့သော အခြေအနေမျိုး မဖြစ်ပေါ်အောင် တားဆီးရန် မည်သို့ လုပ်ဆောင်နိုင်မည်နည်း။

# ၆.၂ အစိုးရမဏ္ဍိုင်ကြီး ၃ ရပ်

## ၆.၂.၁ ဥပဒေပြုမဏ္ဍိုင်

**အကြိုသင်ခန်းစာ**

ဥပဒေပြုမဏ္ဍိုင်ဟူသည် အဘယ်နည်း။

ဥပဒေပြုမဏ္ဍိုင် (ပါလီမန် သို့မဟုတ် လွှတ်တော်ဟု ခေါ်ကြသည်) ကို မတူညီသော လူမှုအသိုင်းအဝိုင်း အသီးသီး (ဥပမာ – နိုင်ငံတွင်းရှိ မြို့နယ်များ) မှ ကိုယ်စားလှယ်များ (ပါလီမန်အမတ် သို့မဟုတ် လွှတ်တော်အမတ်ဟုလည်း ခေါ်ကြသည်) ဖြင့် ဖွဲ့စည်းထားသည်။ ဥပဒေပြုလွှတ်တော်ဟူသည် လိုအပ်သော ဥပဒေများကို ပြုပေးရန် တာဝန်ရှိသော အစိုးရယန္တရားတစ်ရပ် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဗဟိုအဆင့် လွှတ်တော်များ (ပြည်ထောင်စုအဆင့် လွှတ်တော်များ) နှင့် ဒေသအဆင့် လွှတ်တော်များ (ပြည်နယ်/ တိုင်းဒေသကြီးအဆင့် လွှတ်တော်များ) ဟူ၍ ရှိကြသည်။

ဥပဒေပြု လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များသည် မိမိအား ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူလူထု (မဲဆန္ဒရှင်လူထု) ၏ လိုအပ်ချက်နှင့် လိုအင်ဆန္ဒများကို ကိုယ်စားပြုကြရသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေကြမ်းတစ်ရပ်က မိမိတို့ မဲဆန္ဒနယ် လူထုအပေါ် မည်သည့် သက်ရောက်မှုများ ရှိလာနိုင်ကြောင်းကိုလည်း ရှင်းလင်းအသိပေး ပြောဆိုနိုင်သည်။ ၎င်းအမတ်များသည် ဥပဒေကြမ်းတစ်ရပ်အား ထောက်ခံရန် သို့မဟုတ် ကန့်ကွက်ရန်အတွက် အခြားလွှတ်တော် ကိုယ်စားလှယ်များကိုလည်း ဆွေးနွေးညှိနှိုင်း စည်းရုံးနိုင်သည်။ လိုအပ်သော ပြင်ဆင်ဖြည့်စွက်မှုများကိုလည်း အကြံပြုနိုင်သည်။ ဥပဒေပြု လွှတ်တော်များသည် သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းအားလုံး၏ လိုအပ်ချက်များနှင့် လိုအင်ဆန္ဒများကို ညှိနှိုင်း၍ အားလုံးအတွက် မျှတသော ဥပဒေများ ပြုပေးရန် ကြိုးပမ်းကြရသည်။

လွှတ်တော်တွင် ကိုယ်စားလှယ်များသည် ဥပဒေကြမ်းတစ်ရပ်အား အများစု သဘောတူ ထောက်ခံမှုရသည်အထိ လေ့လာသုံးသပ်၊ ပြင်ဆင်ဖြည့်စွက်၊ ဆွေးနွေး၊ ညှိနှိုင်းမှုများ ပြုလုပ်ကြရသည်။ မတူကွဲပြားသော လူမှုအသိုင်းအဝိုင်း အသီးသီးနှင့် နိုင်ငံရေးပါတီများတွင် မတူညီသော လိုအပ်ချက်များနှင့် အရေးကိစ္စများ ရှိကြသည့်အလျှောက် စေ့စပ်ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ရန် ခက်ခဲလှသည်။ သို့အတွက်ကြောင့် ဥပဒေတစ်ရပ်ကို ပြုမည်ဆိုလျှင် အချိန်များစွာယူရပြီး ပူးပေါင်းဆောင်ရွက်မှု၊ စေ့စပ်ညှိနှိုင်းမှုများစွာ ပြုလုပ်ရသည်။



လွှတ်တော်ကိုယ်စားလှယ်အများစုက ဥပဒေကြမ်းတစ်ရပ်အား ထောက်ခံမဲပေးပြီဆိုလျှင် အဆိုပါ ဥပဒေကြမ်းကို အတည်ပြုပြီး (လွှတ်တော်က လက်ခံအတည်ပြုပြီး) ဖြစ်သည်ဟု ဆိုနိုင်သည်။ အခြားသော အစိုးရမဏ္ဍိုင်များက အဆိုပါ ဥပဒေကြမ်းကို လက်ခံလျှင် ၎င်းဥပဒေကြမ်းသည် ဥပဒေဖြစ်လာသည်။

**လေ့ကျင့်ခန်း**

၁။ အောက်ပါလုပ်ငန်းအဆင့်များကို အစဉ်လိုက်ပြန်စီပါ။

<u>ဥပဒေများ အတည်ပြုပုံ</u>

က။ လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေကြမ်းတစ်ရပ်အား ဆွေးနွေးငြင်းခုံ၊ ပြင်ဆင်ဖြည့်စွက်မှုများ ပြုလုပ်ရသည်။

ခ။ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုသည်။

ဂ။ လွှတ်တော်တွင်းရှိ ကိုယ်စားလှယ်အများစုသည် ဥပဒေကြမ်းအား ထောက်ခံမဲပေးကြသည်။

ဃ။ ဥပဒေကြမ်းတစ်ရပ်အား ကိုယ်စားလှယ်တစ်စုက အဆိုပြုသည်။

၂။ အောက်ပါဖော်ပြချက်များအား မှား/ မှန် စိစစ် ဆုံးဖြတ်ပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းပြပါ။

က။ မြန်မာနိုင်ငံရှိပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးတွင် လွှတ်တော်များ ရှိကြသည်။

ခ။ ဥပဒေကြမ်းတစ်ရပ်ကို လွှတ်တော်ကိုယ်စားလှယ်အားလုံး ထောက်ခံမှသာ အတည်ပြုနိုင်သည်။



## မြန်မာ့ရေးရာ

### ပြည်ထောင်စုလွှတ်တော် ၊ မြန်မာနိုင်ငံ၏ ဥပဒေပြုလွှတ်တော်

**ဥပဒေပြုမဏ္ဍိုင်**

- ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုလွှတ်တော်ဟုခေါ်သော လွှတ်တော် ၂ ရပ်ရှိသည့် ဥပဒေပြုလွှတ်တော် စနစ်ကို ကျင့်သုံးသည်။
- ပြည်ထောင်စုလွှတ်တော်ရှိ အဆိုပါ လွှတ်တော် ၂ ရပ်ကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ ခေါ်သည်။
- ပြည်ထောင်စုလွှတ်တော်သည် ပြည်ထောင်စုအဆင့် ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြည်ထောင်စု၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်ဂျက်များကို စိစစ်ခြင်း အတည်ပြုပေးခြင်းနှင့် သက်ဆိုင်ရာ မဲဆန္ဒနယ်များ၏ အကျိုးစီးပွားများကို အစိုးရအတွင်း၌ ကိုယ်စားပြုပေးခြင်းစသည့် လုပ်ငန်းများအတွက် တာဝန်ရှိသည်။
- ဥပဒေများကို လွှတ်တော် ၂ ရပ်စလုံးက လက်ခံအတည်ပြုပြီးမှသာ သမ္မတထံသို့ ထောက်ခံအတည်ပြုချက် ရယူရန် ပေးပို့ရသည်။
- လွှတ်တော်ကိုယ်စားလှယ်များကို ၅ နှစ်တစ်ကြိမ် ရွေးချယ် တင်မြှောက်သည်။

**ပြည်သူ့လွှတ်တော် (အောက်လွှတ်တော်)**

- ပြည်သူ့လွှတ်တော်ကို အဖွဲ့ဝင်ကိုယ်စားလှယ် ၄၄၀ ဦး ထက် မပိုသော ဦးရေဖြင့် ဖွဲ့စည်းသည်။
- ပြည်သူ့လွှတ်တော်တွင်း အမတ်နေရာ အားလုံး၏ ၂၅ ရာခိုင်နှုန်းကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တိုက်ရိုက်ခန့်အပ်သော တပ်မတော် ကိုယ်စားလှယ်များ အတွက် သတ်မှတ်ပေးရသည်။ ကျန် ၇၅ ရာခိုင်နှုန်းကို မြို့နယ်အလိုက် (ဥပမာ – တစ်မြို့နယ်လျှင် တစ်ဦး) ရွေးချယ် တင်မြှောက်သော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။

**အမျိုးသားလွှတ်တော် (အထက်လွှတ်တော်)**

- အမျိုးသားလွှတ်တော်ကို အဖွဲ့ဝင်ကိုယ်စားလှယ် ၂၂၄ ဦး ထက် မပိုသော ဦးရေဖြင့် ဖွဲ့စည်းသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး တစ်ခုချင်းစီမှ အသီးသီး ရွေးကောက် တင်မြှောက်ထားသော ကိုယ်စားလှယ် ၁၂ ဦးစီကို အမျိုးသားလွှတ်တော်သို့ ပို့ပေးရသည်။
- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်နယ်/တိုင်း ဒေသကြီးတစ်ခုစီအတွက် တပ်မတော်သား ကိုယ်စားလှယ် ၄ ဦးစီကို အမျိုးသားလွှတ်တော်သို့ တိုက်ရိုက်ခန့်အပ်ပေးပို့ရသည်။ (ခန့်အပ်ခံ တပ်မတော်သားကိုယ်စားလှယ် စုစုပေါင်း ၅၆ ဦး ရှိသည်)။

**ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ**

- ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့အပြင် ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် ၁၄ ခု လည်း ရှိသေးသည်။ အဆိုပါ လွှတ်တော်အသီးသီးကိုမူ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်များမှ တစ်မြို့နယ်လျှင် ၂ ဦးကျစီ ရွေးကောက် တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ နိုင်ငံရှိ စုစုပေါင်း လူဦးရေ၏ ၀.၁ ရာခိုင်နှုန်းနှင့် အထက်ရှိသော တိုင်းရင်းသား လူမျိုးများသည် မိမိတို့ နေထိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၌ တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကျစီ ရွေးကောက် တင်မြှောက်ခွင့်ရှိသည်။ ကာကွယ်ရေး ဦးစီးချုပ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအတွက် တပ်မတော်သား ကိုယ်စားလှယ်များကိုလည်း တိုက်ရိုက် ခန့်အပ်ရသည်။ တပ်မတော်သား ကိုယ်စားလှယ်များ၏ အရေအတွက်သည် ပြည်နယ်/တိုင်းဒေသကြီးတို့အပေါ် မူတည်၍ အပြောင်းအလဲရှိသည်။ သို့သော် ရွေးကောက်ခံ ကိုယ်စားလှယ် အားလုံး၏ သုံးပုံတစ်ပုံရှိသည်။
- ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များသည် မိမိတို့ ပြည်နယ်/တိုင်းဒေသကြီးနှင့် တိုက်ရိုက် သက်ဆိုင်သော အရေးကိစ္စများ (ဥပမာ – လမ်းများ၊ အများပြည်သူပိုင်နေရာများ၊ လျှပ်စစ်မီးနှင့် ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များ) နှင့် ပတ်သက်၍ ဥပဒေ ပြုခွင့်အာဏာ ရှိသည်။ ပြည်နယ်/တိုင်းဒေသကြီး အသုံးစရိတ်များကိုလည်း အတည်ပြုပေးခွင့်အာဏာ ရှိသည်။

## လေ့ကျင့်ခန်း

၁။ ပြည်ထောင်စုလွှတ်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်တို့၏ အခန်းကဏ္ဍများကို ဖော်ပြပါ။

၂။ ပြည်ထောင်စုလွှတ်တော်တွင်းရှိ ကိုယ်စားလှယ်နေရာ မည်မျှ ရာခိုင်နှုန်းကို တပ်မတော်အတွက် သတ်မှတ်ပေးရသနည်း။

၃။ ပြည်နယ်နှင့် တိုင်းဒေသကြီးလွှတ်တော်များတွင် တပ်မတော်သား ကိုယ်စားလှယ်များ ရှိပါသလား။

## လုပ်ငန်းများ

### ဥပဒေပြုခြင်း ပုံစံပြု သရုပ်ဖော်ခြင်း

အောက်ပါ စာပိုဒ်ကို ဖတ်၍ ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်ပါ။

သင်သည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦး ဆိုပါစို့၊ သင့်အနေနှင့် အောက်ပါ ဥပဒေကြမ်း ၇ ခုကို စဉ်းစားနေရသည်။



၁။ အဖွဲ့များ ဖွဲ့ပါ၊ အဆိုပြုထားသော ဥပဒေ တစ်ရပ်ရပ်၏ ဖြစ်လာနိုင်ဖွယ်ရှိသော အကျိုးသက်ရောက်မှုများကို ဆွေးနွေးပါ။ ၎င်း အဆိုပြုထားသော ဥပဒေ၏ ကောင်းကျိုး၊ ဆိုးကျိုးများကို စဉ်းစားဆုံးဖြတ်၍ ဇယားကွက်အတွင်း ထည့်သွင်းပါ။

၂။ အတန်းသို့ တင်ပြ ဆွေးနွေးပါ။

၃။ အားလုံးတင်ပြ ဆွေးနွေးပြီးသည့်နောက် မည်သည့် ဥပဒေများအား အတည်ပြုသင့်သည်ကို မဲပေးဆုံးဖြတ်ပါ။

| ဥပဒေ | သက်ရောက်နိုင်သော ကောင်းကျိုးများ | သက်ရောက်နိုင်သော ဆိုးကျိုးများ |
|---|---|---|
| နမူနာအဖြေ – လွတ်လပ်မျှတသော ရွေးကောက်ပွဲများ။ လူတိုင်း မဲပေးရမည့် စနစ်ကို ကျင့်သုံးရန်၊ ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်း မပြုသော မည်သူမဆို ဒဏ်ရိုက်ခံရမည်။ | နမူနာအဖြေ – ၁။ ရွေးကောက်ပွဲတွင် ပြည်သူလူထု ပါဝင်ဆောင်ရွက်မှု ပိုမို များပြားလာအောင် မြှင့်တင်ပေးနိုင်သည်။<br>၂။ ရွေးကောက်ပွဲရလဒ်သည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုစေနိုင်သည်။ | နမူနာအဖြေ – ၁။ မဲပေးခြင်း မပြုသည့် လူအားလုံးကို ရှာဖွေဖော်ထုတ် ဒဏ်ရိုက်နိုင်ရန် ကိစ္စမှာ အတော်လေး အားစိုက်လုပ်ရနိုင်သည်။<br>၂။ မဲမပေးလိုသော ပြည်သူများအား ခွဲခြားဆက်ဆံသလို ဖြစ်နေသည်။ |

**အဆိုပြုထားသော ဥပဒေများ**

၁။ နိုင်ငံတွင်းရှိ အဆင်းရဲဆုံးသော ပြည်သူများအတွက် အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေး ဝန်ဆောင်မှုပေးရန်။

၂။ မဲမပေး မနေရ စနစ်ကို ကျင့်သုံးရန်၊ ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်း မပြုသော မည်သူမဆို ဒဏ်ရိုက်ခံရမည်။

၃။ ပြည်သူကို လိမ်ညာပြောဆိုသော မည်သည့် ကိုယ်စားလှယ်၊ မည်သည့် အစိုးရအရာရှိမဆို အပြစ်ပေးခံရမည်။

၄။ နိုင်ငံသားများသည် အစိုးရထံမှ မည်သည့် သတင်းအချက်အလက်ကိုမဆို တောင်းယူသိရှိခွင့် ရှိရမည်။ အစိုးရသည် ပြည်သူများအား မည်သည့် သတင်းအချက်အလက်မဆို ထိန်းသိမ်း ဖုံးကွယ်ထားခြင်း မပြုရ။

၅။ ပြည်ထောင်စုလွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်ရမည်။

၆။ အကြမ်းဖက်မှု သို့မဟုတ် အမုန်းတရားများကို ဖြစ်စေသော ပြောဆိုခြင်း၊ ရေးသားခြင်း ပြုလုပ်သည့် မည်သူမဆို အပြစ်ပေးခံရမည်။

၇။ ပြစ်မှုတစ်ခုခုဖြင့် စွပ်စွဲခံရသူ မည်သူကိုမဆို ၎င်းအတွက် ခုခံချေပနိုင်မည့် ရှေ့နေတစ်ဦး စီစဉ်ပေးရမည်။ ထို့အတွက် စွပ်စွဲခံရသူအား တစ်စုံတစ်ရာ ကုန်ကျစရိတ် စိုက်ထုတ်စေခြင်း မပြုရ။

## ဆွေးနွေးချက်

၁။ ဥပဒေပြုလွှတ်တော်များသည် ဒီမိုကရေစီတွင် အဘယ်ကြောင့်အရေးပါရသနည်း။

၂။ သင့် မြို့နယ်၏ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်မှာ မည်သူနည်း။

၃။ သင့် မြို့နယ်၏ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်မှာ မည်သူနည်း။

## ပြန်လည်သုံးသပ်ချက်

သင့် အနေနှင့် လွှတ်တော်တွင် မည်သည့် ဥပဒေများကို ပြုချင်ပါသနည်း။ အဘယ်ကြောင့် ထိုဥပဒေကို ပြုချင်ပါသနည်း။

## ၆.၂.၂ အုပ်ချုပ်ရေးမဏ္ဍိုင်

**အကြိုသင်ခန်းစာ**

အုပ်ချုပ်ရေးမဏ္ဍိုင်ဟူသည် အဘယ်နည်း။

အုပ်ချုပ်ရေးမဏ္ဍိုင်ဟူသည် ဥပဒေများကို အကောင်အထည်ဖော်ဆောင်ရန် တာဝန်ရှိသည့် အစိုးရယန္တရားတစ်ရပ် ဖြစ်သည်။ ၎င်းသည် နိုင်ငံတော်အဆင့် ဆုံးဖြတ်ချက်များကို ချမှတ်ရပြီး ဥပဒေပြုလွှတ်တော်က ချမှတ်ပြဋ္ဌာန်းပြီးဖြစ်သော ဆုံးဖြတ်ချက်များနှင့် ဥပဒေများကို ဖြစ်မြောက်အောင်ကြပ်မတ်ရန် လက်တွေ့အကောင်အထည်ဖော်ဆောင်ပေးရသည်။

အုပ်ချုပ်ရေးမဏ္ဍိုင်၏ တာဝန်မှာ အဆိုပါ ဥပဒေများ (တရားဝင် ပြဋ္ဌာန်းသတ်မှတ်ပြီးဖြစ်သော ဥပဒေများနှင့် ပြဋ္ဌာန်းချက်များ) ကို လက်တွေ့သက်ဝင်လာအောင် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်သည်။ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဟု ဆိုရာတွင် ဝန်ဆောင်မှုများ (ဥပမာ – ကျန်းမာရေး၊ လုံခြုံရေး) ပေးခြင်းနှင့် အရင်းအမြစ်နှင့် အခွင့်အလမ်းများ ခွဲဝေပေးခြင်း (ဥပမာ – ဆေးပေးခန်းများ တည်ဆောက်ပေးခြင်း၊ ရဲတပ်ဖွဲ့များအတွက် လစာပေးခြင်း) တို့ ပါဝင်သည်။ အုပ်ချုပ်ရေးမဏ္ဍိုင်သည် နိုင်ငံခြားဆက်ဆံရေးအတွက်လည်း တာဝန်ရှိသည်။

အုပ်ချုပ်ရေးမဏ္ဍိုင်၏ ခေါင်းဆောင်ကို အစိုးရအကြီးအကဲဟုခေါ်သည်။ မြန်မာနိုင်ငံတွင် အစိုးရအကြီးအကဲမှာ သမ္မတ ဖြစ်သည်။ အစိုးရအကြီးအကဲသည် အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရန်နှင့် အစိုးရအဖွဲ့အား စီမံခန့်ခွဲရန်တို့အတွက် တာဝန်ရှိသည်။

နိုင်ငံအတော်များများတွင် လွှတ်တော်က ချမှတ်လိုက်သော မည်သည့် ဥပဒေကိုမဆို အစိုးရအကြီးအကဲ၏ သဘောတူ အတည်ပြုမှု ရရှိရန်လိုအပ်သည်။ ဥပဒေကြမ်းသည် အုပ်ချုပ်ရေးမဏ္ဍိုင်ဘက်မှ အတည်ပြုပြီးမှသာ ဥပဒေ ဖြစ်လာသည်။ အုပ်ချုပ်ရေးမဏ္ဍိုင်ဘက်မှ သဘောမတူလျှင် အဆိုပါ ဥပဒေကို လွှတ်တော်သို့ ပြန်လည်ပေးပို့ခြင်း သို့မဟုတ် ဗီတိုအာဏာ (လုံးဝပယ်ချသည့်အာဏာ)ဖြင့် ပယ်ချခြင်းများ ပြုလုပ်နိုင်သည်။

အစိုးရအကြီးအကဲသည် အုပ်ချုပ်ရေးမဏ္ဍိုင်၏ ဝန်ကြီးများ (အစိုးရအဖွဲ့ဝင် ဝန်ကြီးများ) ကိုလည်း ရွေးချယ်ခန့်အပ်ရန် တာဝန်ရှိသည်။ အဆိုပါ ဝန်ကြီးတစ်ဦးချင်းစီသည် သက်ဆိုင်ရာ နယ်ပယ်အလိုက် (ဥပမာ – ကျန်းမာရေး၊ တရားရေး၊ နိုင်ငံခြားရေး) မူဝါဒများအတွက် တာန်ရှိသည်။

ဝန်ကြီးများသည် ၎င်းတို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများရှိ အစိုးရဝန်ထမ်း အားလုံးကို စီမံကြီးကြပ်ရန် တာဝန်ရှိသည်။ အစိုးရဝန်ထမ်းများသည် အစိုးရ၏လုပ်ငန်း တာဝန်များကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်ပေးရသည်။ အဆိုပါလုပ်ငန်း တာဝန်များဟူသည် အရင်းအမြစ်များ၊ ဝန်ဆောင်မှုများနှင့် အခွင့်အလမ်းများကို အစိုးရ၏ သတ်မှတ်ထားသော ဥပဒေများ၊ မူဝါဒများနှင့်အညီ ခွဲဝေရာတွင် လိုအပ်သည်။

**လေ့ကျင့်ခန်း**

**အောက်ပါ ဖော်ပြချက်များအား မှား / မှန် စိစစ် ဆုံးဖြတ်ပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းပြပါ။**

က။ အုပ်ချုပ်ရေးမဏ္ဍိုင်သည် ပြည်သူ့ရေးရာ မူဝါဒများ ချမှတ်ခြင်း လုပ်ငန်းများအတွက် တာဝန်ရှိသည်။

ခ။ အစိုးရအကြီးအကဲသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ရွေးချယ်ခန့်အပ်ရန် တာဝန်ရှိသည်။

ဂ။ နိုင်ငံအများစုတွင် အစိုးရအကြီးအကဲများသည် လွှတ်တော်က ပြဋ္ဌာန်းသော ဥပဒေများကို အတည်ပြုပေးရန် လိုအပ်သည်။



## မြန်မာ့ရေးရာ

### မြန်မာနိုင်ငံ အုပ်ချုပ်ရေးမဏ္ဍိုင်

**အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်တွင် မည်သူတို့ ပါဝင်သနည်း**

- နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ရှေ့နေချုပ်တို့ ပါဝင်သည်။ ရှေ့နေချုပ်သည် အစိုးရ အုပ်ချုပ်ရေး မဏ္ဍိုင်အား ဥပဒေရေးရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အကြံပေးရသည်။

**နိုင်ငံတော်သမ္မတကို မည်သို့ ရွေးချယ်သနည်း**

- သမ္မတကို ပြည်သူက တိုက်ရိုက်ရွေးကောက် တင်မြှောက်ခြင်း မဟုတ်ပေ။
- ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးက သမ္မတလောင်း ၃ ဦးကို အဆိုပြုရသည်။ ပြည်သူ့လွှတ်တော် ရွေးချယ်ခံ ကိုယ်စားလှယ်အစုအဖွဲ့မှတစ်ဦး၊ အမျိုးသားလွှတ်တော် ရွေးချယ်ခံ ကိုယ်စားလှယ်အစုအဖွဲ့မှ တစ်ဦးနှင့် တပ်မတော်သား ကိုယ်စားလှယ်အစုအဖွဲ့မှ တစ်ဦးတို့ အဆိုပြုရသည်။
- အဆိုပါ သမ္မတလောင်းများသည် လွှတ်တော်ကိုယ်စားလှယ်များ ထဲမှသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများ ထဲမှသော်လည်းကောင်း ဖြစ်နိုင်သည်။
- အဆိုပါ သမ္မတလောင်း ၃ ဦးထဲမှ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး၏ အများစု ထောက်ခံမဲရရှိသောသူသည် နိုင်ငံတော်သမ္မတ ဖြစ်လာသည်။ ကျန် ၂ ဦးမှာ ဒုသမ္မတများ ဖြစ်လာသည်။

**အစိုးရအဖွဲ့ဝင် ဝန်ကြီးများကို မည်သို့ ရွေးချယ်သနည်း**

- အစိုးရအဖွဲ့ဝင် ဝန်ကြီးအများစုကို သမ္မတက ရွေးချယ်ခန့်အပ်သည်။ ပြည်ထဲရေးဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ခန့်အပ်သည်။

**သမ္မတတွင် မည်သည့် အခွင့်အာဏာများ ရှိသနည်း**

- ဥပဒေများကို လက်မှတ်ရေးထိုး အတည်ပြုခွင့် ရှိသည်။ ဥပဒေများသည် သမ္မတလက်မှတ် ရေးထိုးပြီးနောက်မှသာ တရားဝင် ဖြစ်လာသည်။
- စစ်ကြေညာခွင့်၊ စစ်ရပ်စဲခွင့်ရှိသည်။
- စာချုပ်များ ချုပ်ဆိုခွင့်၊ ရုပ်သိမ်းခွင့်ရှိသည်။
- အရေးပေါ် အခြေအနေ ကြေညာခွင့်ရှိသည်။ အရေးပေါ်အခြေအနေတွင်မူ ကာကွယ်ရေးဦးစီးချုပ်က အာဏာပိုရှိလာသည်။ အရေးပေါ် အခြေအနေ ကြေညာခြင်းနှင့် ပတ်သက်သော ဥပဒေများနှင့် အထူးအခြေအနေများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သီးခြား ပြဋ္ဌာန်းထားမှုများရှိသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီးတို့၏ အုပ်ချုပ်ရေးမဏ္ဍိုင် ဖွဲ့စည်းပုံများသည်လည်း ပြည်ထောင်စုအဆင့် အုပ်ချုပ်ရေးမဏ္ဍိုင် ဖွဲ့စည်းပုံနှင့် အလားတူပင် ဖြစ်သည်။ ပြည်နယ်/တိုင်း ဒေသကြီး အုပ်ချုပ်ရေးမဏ္ဍိုင်၏ အကြီးအကဲကို ဝန်ကြီးချုပ်ဟုခေါ်ပြီး ၎င်းအစိုးရအဖွဲ့ဝင် ဝန်ကြီးများကို ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးများဟု ခေါ်ကြသည်။ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ် (ပြည်နယ်ရှေ့နေချုပ်) က ပြည်နယ်/တိုင်းဒေသကြီး အစိုးရအဖွဲ့အား သက်ဆိုင်ရာ သက်ဆိုင်ရာ ပြည်နယ်/တိုင်းတို့နှင့် သက်ဆိုင်သော ဥပဒေရေးရာ ကိစ္စရပ်များကို အကြံပေးသည်။ သမ္မတသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး လွှတ်တော်များရှိ ရွေးကောက်ခံ ကိုယ်စားလှယ်များထဲမှ တစ်ဦးကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။ ဝန်ကြီးချုပ်သည် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးမှအပ ကျန်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီး အားလုံးကို လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ သာမန်ပြည်သူများထဲမှဖြစ်စေ ရွေးချယ်ခန့်အပ်နိုင်သည်။ နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးကိုမူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုက်ရိုက်ခန့်အပ်ခြင်းဖြစ်သည်။

## လေ့ကျင့်ခန်း

၁။ မြန်မာနိုင်ငံ၏ အစိုးရအုပ်ချုပ်ရေးမဏ္ဍိုင်တွင် မည်သူတို့ ပါဝင်သနည်း။

၂။ မြန်မာနိုင်ငံ၏ သမ္မတကို မည်သို့ ရွေးချယ်သနည်း။

၃။ မြန်မာနိုင်ငံ၏ ပြည်နယ် / တိုင်း ဝန်ကြီးချုပ်များကို မည်သို့ ရွေးချယ်သနည်း။ မြန်မာနိုင်ငံ၏ ပြည်ထောင်စုဝန်ကြီးများကို မည်သို့ ရွေးချယ်သနည်း။

## လုပ်ငန်းများ

### အုပ်ချုပ်ရေးမဏ္ဍိုင် ပုံစံပြု သရုပ်ဖော်ခြင်း

အောက်ပါ စာပိုဒ်ကို ဖတ်၍ ညွှန်ကြားချက်များကို လုပ်ဆောင်ပါ။

သင်သည် အစိုးရအုပ်ချုပ်ရေးမဏ္ဍိုင် အဖွဲ့ဝင်တစ်ဦး ဆိုပါစို့။ မကြာသေးမီက လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သော ဥပဒေများကို သင်စဉ်းစား သုံးသပ်ရတော့မည် ဖြစ်သည်။ (စာမျက်နှာ – ၁၈၄ ပါ အဆိုပြုထားသော ဥပဒေများကို ပြန်ကြည့်ပါ။)

၁။ အဖွဲ့လိုက် လုပ်ဆောင်ပါ။ စာမျက်နှာ ၁၈၅ တွင် ဖော်ပြခဲ့သော ဥပဒေပြုမဏ္ဍိုင်၊ လက်တွေ့သရုပ်ဆောင်ခြင်း အခန်းပါ လွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေများကို ပြန်လည်လေ့လာ သုံးသပ်ပါ။ တစ်ဖွဲ့လျှင် ဥပဒေတစ်ခုချင်းစီ လေ့လာသုံးသပ်၍ အောက်ပါ ဇယားကို အသုံးပြုပါ။

၂။ အဆိုပြုထားသော ဥပဒေနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြပါ။ သင်၏ ဆွေးနွေးတင်ပြချက်တွင် အဆိုပါ ဥပဒေနှင့် ပတ်သက်၍ ကြုံလာနိုင်သည့် အခက်အခဲများ၊ ကုန်ကျစရိတ်များ သာမက ရလာနိုင်မည့် ကောင်းကျိုးများကိုပါ ထည့်သွင်း တင်ပြပါ။

၃။ အားလုံးတင်ပြချက်များ ပြီးသွားသည့်အခါ မည်သည့် ဥပဒေကို လက်ခံသဘောတူသည် သို့မဟုတ် လွှတ်တော်သို့ ပြန်လည် ပေးပို့မည် ဆိုသည်ကို အများစုမဲ (သို့မဟုတ် အားလုံးသဘောညီဆန္ဒ) ဖြင့် ဆုံးဖြတ်ပါ။

| ဥပဒေ | အခက်အခဲ အတားအဆီးများ | အရင်းအနှီး |
|---|---|---|
| နမူနာအဖြေ – လွတ်လပ်မျှတသော ရွေးကောက်ပွဲများ။ ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်း မပြုသော မည်သူမဆို ဒဏ်ရိုက်ခံရမည်။ | နမူနာအဖြေ – ၁။ မဲမပေးလိုသော လူများထံမှ ဆန့်ကျင် ကန့်ကွက်မှုများ ပေါ်ထွက်လာနိုင်သည်။<br>၂။ ဒဏ်ရိုက်ခြင်းဆိုသည့် လုပ်ငန်းသည် အပိုထပ် လုပ်ဆောင်လာရမည့် လုပ်ငန်း ဖြစ်နေသည့်အတွက် အစိုးရအနေဖြင့် ဝန်ထုပ်ဝန်ပိုးတစ်ခုအဖြစ် မှတ်ယူပြီး လုပ်ဆောင်လိုစိတ် နည်းပါးနိုင်သည်။ | နမူနာအဖြေ – ၁။ အစိုးရအနေဖြင့် မဲမပေးသော လူများကို လိုက်လံဖော်ထုတ်ပေးမည့် ဝန်ထမ်းများကို ထပ်မံခန့်အပ်ရမည်။<br>၂။ ဒဏ်ရိုက်ခြင်းလုပ်ငန်းကို စီမံကြီးကြပ်မည့်သူများကိုလည်း ထပ်မံခန့်အပ်ထားရမည်။ |

## ဆွေးနွေးချက်

၁။ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုမဏ္ဍိုင်တွင် မည်သူ့တွင် အာဏာပိုရှိသင့်သည်ဟု သင်ထင်မြင်သနည်း။

၂။ သင်၏ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအတွက် ဝန်ကြီးချုပ်မှာ မည်သူနည်း။

## ပြန်လည်သုံးသပ်ချက်

ခေါင်းဆောင်များတွင် မည်သည့် စံတန်ဖိုးများနှင့် မည်သို့သော သွင်ပြင်လက္ခဏာများ ရှိသင့်သည်ဟု ထင်ပါသနည်း။ အကြောင်းပြချက်နှင့်တကွ ရှင်းပြပါ။

**အကြိုသင်ခန်းစာ**

တရားရေးမဏ္ဍိုင်ဟူသည် အဘယ်နည်း။

## ၆.၂.၃ တရားရေးမဏ္ဍိုင်

### က။ တရားစီရင်ရေးမဏ္ဍိုင်

တရားစီရင်ရေးမဏ္ဍိုင်သည် ဥပဒေများကို ထိန်းသိမ်းကြပ်မတ်ရန် တာဝန်ရှိသော အစိုးရယန္တရားတစ်ရပ် ဖြစ်သည်။ တရားရေးမဏ္ဍိုင်ကို နိုင်ငံရှိတရားရုံး အားလုံးဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ တရားရေးမဏ္ဍိုင်၏ တာဝန်များတွင် မည်သည့် ဥပဒေမှ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိစေရန် စိစစ်ကြပ်မတ်ရသည့် တာဝန်လည်း ပါဝင်သည်။

တရားစီရင်ရေးမဏ္ဍိုင်၏ တာဝန်မှာ နိုင်ငံသားတို့အား တရားမျှတမှု ဆောင်ကျဉ်းပေးရန် ဖြစ်သည်။ တာဝန်ဟု ဆိုရာတွင် ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား တွေ့ရှိသူများအား ပြစ်ဒဏ်စီရင်ခြင်း၊ ရာဇဝတ်မှု တစ်ခုခုကြောင့် နစ်နာဆုံးရှုံးမှု ခံစားခဲ့ရသော နိုင်ငံသားများအား ကုစားဖြည့်ဆည်းပေးခြင်းနှင့် အခြားလိုအပ်သော ဖြေရှင်းမှုများ ပြုလုပ်ပေးခြင်း စသည်တို့ ပါဝင်သည်။ တရားရေးမဏ္ဍိုင်သည် အခြေအနေအရပ်ရပ်ကို သုံးသပ်၍သော်လည်းကောင်း၊ ဥပဒေကို ထောက်ရှု၍သော်လည်းကောင်း၊ တရားမျှတမှု ရှိမည်ဟု ယုံကြည်ရသော ထင်မြင်ယူဆချက်တို့အပေါ် မူတည်၍ ဆုံးဖြတ်ချက်များ ချမှတ်ခြင်းအားဖြင့်သော်လည်းကောင်း အဆိုပါ ပဋိပက္ခများကို ဖြေရှင်းပေးကြသည်။

ဒီမိုကရေစီတွင် ဒေသန္တရအဆင့် (မြို့နယ်/ခရိုင်) တရားရုံးများ၊ ပြည်နယ်/တိုင်း တရားရုံးများနှင့် နိုင်ငံတွင် အမြင့်ဆုံးတရားရုံးဖြစ်သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားရုံးချုပ်ဟူ၍ တရားရုံး အဆင့်ဆင့်တို့ရှိသည်။ တရားရေးမဏ္ဍိုင်၏ အရေးကြီးသော အခန်းကဏ္ဍတစ်ခုမှာ နိုင်ငံသားတို့အား တရားရုံးတစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် အယူခံဝင်ခွင့် ပေးထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံသားများသည် အောက်တရားရုံး တစ်ခုခု၏ စီရင်ဆုံးဖြတ်ချက်အား တရားမျှတမှု မရှိဟု ယူဆပါက ၎င်းတို့အမှုကို အထက်တရားရုံး တစ်ခုခုသို့ တက်၍ အယူခံဝင်ခြင်းဖြစ်သည်။ အောက်တရားရုံးများသည် အကျင့်ပျက်ခြစားမှုများနှင့် အာဏာအလွဲသုံးစားပြုမှုများ ရှိနိုင်သောကြောင့် ၎င်းအချက်သည် လွန်စွာအရေးပါသည်။ အယူခံဝင်ခွင့် ရှိထားခြင်းအားဖြင့် နိုင်ငံသားများသည် အောက်တရားရုံး တစ်ခုခုက ၎င်းတို့အပေါ် မတရားစီရင် ပြုမူခဲ့သည်ဟု ခံစားရပါက စစ်မှန်သော တရားမျှတမှုကို ရှာဖွေရန် အခွင့်အရေး ရှိနေသည်။ ၎င်းသည် တရားဥပဒေစိုးမိုးရေး၏ အဓိက အစိတ်အပိုင်းတစ်ရပ် လည်း ဖြစ်သည်။



တရားရုံးများသည် အခြားသော အစိုးရမဏ္ဍိုင်များ၊ နိုင်ငံရေးပါတီများ၊ အခြား ဩဇာအာဏာရှိသော အုပ်စုများနှင့် သီးခြားလွတ်လပ်စွာ ရပ်တည်နေနိုင်ရန် လည်း လွန်စွာ အရေးကြီးသည်။ လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင် မရှိလျှင် တရားဥပဒေစိုးမိုးမှု ရှိနိုင်လိမ့်မည် မဟုတ်ပေ။

**လေ့ကျင့်ခန်း**

အောက်ပါ ဖော်ပြချက်များအား မှား/ မှန် စိစစ် ဆုံးဖြတ်ပါ။ မှားပါက အဘယ်ကြောင့် မှားသည်ကို ရှင်းပြပါ။

က။ တရားရေးမဏ္ဍိုင်၏ တာဝန်မှာ ရာဇဝတ်မှု ကျူးလွန်သူများအား ပြစ်ဒဏ် စီရင်ရန်သာ ဖြစ်သည်။

ခ။ အယူခံဝင်ခွင့် ရှိခြင်းအားဖြင့် နိုင်ငံသားများသည် မတရားစီရင် ဆုံးဖြတ်မှုကို ခံရပါက ဒုတိယအကြိမ် ထပ်မံ ဆုံးဖြတ်ပေးရန် တောင်းဆိုခွင့် ရှိလာသည်။

ဂ။ ဒီမိုကရေစီတွင် တရားရေးမဏ္ဍိုင်သည် အမှီအခိုကင်း လွတ်လပ်နေစေရန် အလွန်အရေးကြီးပေသည်။

## ခ။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးများ

တစ်ခါတစ်ရံတွင် မတူညီသော အစိုးရမဏ္ဍိုင်တစ်ခုနှင့်တစ်ခုကြား လုပ်ပိုင်ခွင့်၊ တာဝန်များနှင့် ပတ်သက်၍ အငြင်းပွားမှုများ ရှိလာတတ်သည်။ ဥပမာ – အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုလွှတ်တော်တို့တွင် နှစ်ဖက်စလုံးက ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခွင့်ရှိသည်ဟု ထင်မြင်ယူဆလာခြင်းမျိုး ဖြစ်သည်။ ထိုကဲ့သို့ အခြေအနေတွင် အဆိုပါ အငြင်းပွားမှု ပဋိပက္ခများကို စီရင်ဆုံးဖြတ်ပေးရန်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံး၏ တာဝန်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးသည် အစိုးရက ချမှတ်ပြဋ္ဌာန်းလိုက်သော ဥပဒေများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိကို စိစစ် ဆုံးဖြတ်ပေးရန်လည်း တာဝန်ရှိသည်။ အစိုးရ၏ ဆုံးဖြတ်ချက်တစ်စုံတစ်ရာသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်နေပါက အဆိုပါ ဆုံးဖြတ်ချက်အား တရားမဝင်ကြောင်း ကြေညာ၍ ပယ်ဖျက်နိုင်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားအခွင့်အရေး ချိုးဖောက်မှုများကို စီရင် ဖြေရှင်းပေးရန်လည်း တာဝန်ရှိသည်။ ဥပမာ – နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသား အခွင့်အရေးကို ဆန့်ကျင်လျက် ၎င်းပိုင်မြေပေါ်မှ အတင်းအကြပ် ဖယ်ရှားခြင်းခံရလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးအနေဖြင့် အစိုးရအား အဆိုပါမြေကို ပိုင်ရှင်နိုင်ငံသားထံ ပြန်လည်ပေးအပ်ရန် အမိန့်ထုတ်ပြန်နိုင်သည်။

**လေ့ကျင့်ခန်း**

အောက်ပါ ဖော်ပြချက်များထဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံး၏ လုပ်ငန်းတာဝန်များနှင့် အကျုံးဝင်ခြင်း မရှိသော ဖော်ပြချက်များကို ဖော်ပြပါ။

- က။ အသစ်ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်း မရှိစေရန် စိစစ်ဆုံးဖြတ်ပေးခြင်း။
- ခ။ အခြားသော အစိုးရမဏ္ဍိုင်များကြား ဖြစ်ပွားသော အငြင်းပွားမှု ပဋိပက္ခများကို စီရင်ဆုံးဖြတ်ပေးခြင်း။
- ဂ။ သမ္မတကို ရွေးချယ်ခြင်း။

# မြန်မာ့ရေးရာ

## မြန်မာနိုင်ငံ၏ တရားရေးမဏ္ဍိုင်



### မြန်မာနိုင်ငံတွင် မည်သို့သော တရားရုံးများ ရှိသနည်း

- မြို့နယ်တရားရုံးများကို ဥပဒေ ချိုးဖောက်ကြောင်း ပြစ်မှုစွပ်စွဲခံရသော လူအများစုအတွက် ထားရှိသည်။
- တရားလွှတ်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများတွင် ထားရှိသည်။ အဆိုပါ တရားလွှတ်တော် အဆင့်က ဆုံးဖြတ်မပေးနိုင်သော အမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပေးပို့ရသည်။
- ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တရားသူကြီးများသည် အောက်ပါ အမှုကိစ္စများကို စီရင်ဆုံးဖြတ်နိုင်သည်။
  - မြန်မာနိုင်ငံနှင့် နိုင်ငံခြား တိုင်းပြည်များကြား ချုပ်ဆိုသော စာချုပ်များ။
  - ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရတို့ကြား ဖြစ်ပွားသော အခြားဥပဒေရေးရာ အငြင်းပွားမှုများ။
  - တိုင်းဒေသကြီး/ပြည်နယ်အစိုးရ အချင်းချင်းကြား ဖြစ်ပွားသော အခြားဥပဒေရေးရာ အငြင်းပွားမှုများ။

### တရားလွှတ်တော်ချုပ်ကို မည်သို့ ရွေးချယ် ဖွဲ့စည်းသနည်း

- သမ္မတက ပြည်ထောင်စုတရားသူကြီးချုပ်၏ အမည်စာရင်းကို အဆိုပြု တင်သွင်းရသည်။
- ပြည်ထောင်စုတရားသူကြီးချုပ်နှင့် သမ္မတတို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အမည်စာရင်းကို အဆိုပြု တင်သွင်းရသည်။ အဆိုပြု တင်သွင်းလာသော အမည်စာရင်းများကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရသည်။
- ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါ သတ်မှတ်အရည်အချင်းများနှင့် မပြည့်စုံကြောင်း ထင်ရှား မပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် အဆိုပြု တင်သွင်းလာသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် တရားသူကြီး အမည်စာရင်းများကို ငြင်းပယ်ခွင့် မရှိပေ။

### ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး ရှိပါသလား

- ရှိပါသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သော အရေးကိစ္စများကို စီရင်ဆုံးဖြတ်ပေးသည်။


**လေ့ကျင့်ခန်း**

၁။ မြန်မာနိုင်ငံတွင်ရှိသော တရားရုံးအဆင့်ဆင့်တို့ကို ဖော်ပြပါ။
၂။ မြန်မာနိုင်ငံ၏ အမြင့်ဆုံးတရားရုံးကို ဖော်ပြပါ။
၃။ ပြည်ထောင်စုတရားသူကြီးချုပ်ကို မည်သို့ ရွေးချယ်ခန့်ထားသနည်း။

## လေ့ကျင့်ခန်း

ယခု အခန်းတွင် သင် လေ့လာမှတ်သားမိခဲ့သမျှကို အခြေခံ၍ ဇယားကွက်ထဲတွင် ဖော်ပြထားသော အချက်များဖြင့် အောက်ပါပုံတွင် သင့်တော်သလို ဖြည့်စွက်ပါ။

### ဥပဒေပြုပုံ အဆင့်ဆင့်




၁။ ဥပဒေအား ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် မညီကြောင်း ဆုံးဖြတ်ခြင်း။

၂။ မေးမြန်းခြင်း၊ ဆွေးနွေးငြင်းခုံခြင်း၊ ပြင်ဆင် ဖြည့်စွက်ခြင်း။

၃။ ဥပဒေကြမ်းအား အုပ်ချုပ်ရေး မဏ္ဍိုင်က သုံးသပ်ခြင်း။

၄။ ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုခြင်း။

၅။ ဥပဒေကြမ်းကို ဗီတိုအာဏာ (လုံးဝပယ်ချသည့် အာဏာ) ဖြင့် ပယ်ချခြင်း။

၆။ ဥပဒေကြမ်းကို လက်ခံ အတည်ပြုပြီးနောက် ဥပဒေ ဖြစ်လာခြင်း။

၇။ ဥပဒေကို တရားရေးမဏ္ဍိုင်က သုံးသပ်ခြင်း။

၈။ ဥပဒေကြမ်းကို လွှတ်တော်က မဲခွဲ ဆုံးဖြတ်ခြင်း။

၉။ ဥပဒေကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ညီညွတ်သည်ဟု ဆုံးဖြတ်ခြင်း။

၁၀။ ဥပဒေအဖြစ် စတင် အသက်ဝင်ခြင်း။

၁၁။ ~~ဥပဒေကြမ်းကို လွှတ်တော်သို့ စ၍ တင်သွင်းခြင်း။~~

၁၂။ ဥပဒေကြမ်းကို ပယ်ချခြင်း။

## လေ့ကျင့်ခန်း

ဖော်ပြပါ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာ အစိုးမဏ္ဍိုင်များနှင့် တွဲစပ်ပြပါ။

က။ ဥပဒေကြမ်းကို ဥပဒေအဆင့်သို့ ပြဌာန်းခြင်း။

နမူနာအဖြေ – **လွှတ်တော်**

ခ။ ကမ္ဘာ့အလယ်တွင် နိုင်ငံခေါင်းဆောင်အဖြစ် ကိုယ်စားပြုခြင်း။

ဂ။ မတူသော အစိုးရမဏ္ဍိုင်များကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ပေးခြင်း။

ဃ။ ဥပဒေများနှင့် မူဝါဒများကို လက်တွေ့ဖော်ဆောင်ခြင်း။

င။ ရာဇဝတ်မှုနှင့် ပြစ်ဒဏ်စီရင်ခြင်းတို့ကို ကိုင်တွယ် ဆောင်ရွက်ခြင်း။

စ။ သက်ဆိုင်ရာ မဲဆန္ဒနယ် လူထုကို ကိုယ်စားပြုခြင်း။

## လုပ်ငန်းများ

### တရားရေးမဏ္ဍိုင် ပုံစံပြု သရုပ်ဖော်ခြင်း

အောက်ပါ စာပိုဒ်ကို ဖတ်ရှု၍ ညွှန်ကြားသည့်အတိုင်း လုပ်ဆောင်ပါ။

သင်သည် တရားရေးမဏ္ဍိုင်အဖွဲ့ဝင်တစ်ဦး ဆိုပါစို့၊ မကြာသေးမီက လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သော ဥပဒေများကို သင်စဉ်းစားသုံးသပ်ရတော့မည် ဖြစ်သည်။ (စာမျက်နှာ ၁၈၄ ရှိ အဆိုပြုထားသော ဥပဒေများကို ပြန်ကြည့်ပါ။)



၁။ ဥပဒေပါ အကြောင်းအရာများကို ဖတ်ရှုပါ။ ပြီးနောက် စာမျက်နှာ ၈၄ တွင်ဖော်ပြခဲ့သော ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခွင့်အရေးများ စာရင်းကို ပြန်လည် ကြည့်ရှုပါ။

အဖွဲ့များ ဖွဲ့၍ လုပ်ဆောင်ပါ။ လွှတ်တော်က ပြဋ္ဌာန်းလိုက်သော ဥပဒေများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အခွင့်အရေး ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်မှုရှိ၊ မရှိကို စဉ်းစားသုံးသပ်ပါ။

၂။ အဆိုပါ ဥပဒေများထဲမှ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေး ပြဋ္ဌာန်းချက်များကို ချိုးဖောက် ဆန့်ကျင်နေသော အချက်များကို တင်ပြပါ။

ဥပဒေ – **လွတ်လပ်မှုတသော ရွေးကောက်ပွဲများ။ မဲမပေးမနေရစနစ်ကို ကျင့်သုံးမည်။ ရွေးကောက်ပွဲနေ့တွင် မဲပေးခြင်း မပြုသော မည်သူမဆို ဒဏ်ရိုက်ခံရမည်။**

**နမူနာအဖြေ - ၎င်းသည် ပုဒ်မ ၃၆၀ - ၄ ကို ချိုးဖောက်နေသည်။ (လွတ်လပ်စွာ ယုံကြည်ယူဆခွင့်) အဘယ်ကြောင့်ဆိုသော် ထိုသို့ ပြဋ္ဌာန်းခြင်းအားဖြင့် နိုင်ငံသားများက မဲပေးခြင်းသည် မှန်ကန်မှု မရှိဟု ယုံကြည်ယူဆထားသည့်တိုင် အတင်းအကြပ် မဲပေးရန် ဖိအားပေးခံရသလို ဖြစ်နေသည်။**

## ဆွေးနွေးချက်

၁။ တရားရေးမဏ္ဍိုင်သည် ဒီမိုကရေစီတွင် အဘယ်ကြောင့် အရေးကြီးသနည်း။

၂။ ဒီမိုကရေစီတွင် တရားရေးမဏ္ဍိုင်သည် လွတ်လပ်စွာ ရှိနေစေရန် အဘယ်ကြောင့် အရေးကြီးသနည်း။

၃။ တရားရုံးများသည် တရားဥပဒေစိုးမိုးမှုကို မည်သို့ ကာကွယ်ပံ့ပိုးပေးသနည်း။

## ပြန်လည်သုံးသပ်ချက်


၁။ သင်နှင့် ပတ်သက်၍ တစ်စုံတစ်ယောက်က မတရားသော ဆုံးဖြတ်ချက်မျိုး ချမှတ်ခဲ့သည်ကို သင်ကိုယ်တိုင် ခံခဲ့ရဖူးပါသလား။ မည်သို့ ဖြစ်ပျက်ခဲ့သည်ကို ရှင်းပြပါ။ ထိုအခြေအနေတွင် သင်မည်သို့ ခံစားခဲ့ရပါသနည်း။

၂။ အဆိုပါ ဆုံးဖြတ်ချက်အတွက် သင်အယူခံဝင်နိုင်ခဲ့ပါသလား။ အဘယ်ကြောင့် ရခဲ့ပါသနည်း သို့မဟုတ် အဘယ်ကြောင့် မရခဲ့ပါသနည်း။

# အပိုင်း ၃ ပြန်လည်ခြုံငုံသုံးသပ်ခြင်း

## အပိုင်း ၃ စိတ်ကူးမြေပုံ

အပိုင်း ၃ တွင် သင်လေ့လာမှတ်သားခဲ့သမျှ အရေးပါသော သဘောတရားများကို စိတ်ကူးမြေပုံတွင် ဖြည့်စွက်ပါ။




## နားလည်မှု ဆန်းစစ်ခြင်း

၁။ ဒီမိုကရေစီ စနစ်၏ နိုင်ငံရေးဆိုင်ရာ အကျိုးရလဒ်အချို့ကို ဖော်ပြပါ။

၂။ ဒီမိုကရေစီ၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးရလဒ်အချို့ကို ဖော်ပြပါ။

၃။ အာဏာရှင်စနစ်၏ နိုင်ငံရေးဆိုင်ရာ အကျိုးရလဒ်အချို့ကို ဖော်ပြပါ။

၄။ အာဏာရှင်စနစ်၏ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးရလဒ်အချို့ကို ဖော်ပြပါ။

၅။ ဒီမိုကရေစီ အစိုးရနှင့် အာဏာရှင် အစိုးရကြား ကွဲပြားခြားနားမှုအချို့ကို ဖော်ပြပါ။

၆။ ဒီမိုကရေစီစနစ်ကို ဆန့်ကျင်သော အကြောင်းပြချက်အချို့ကို ဖော်ပြပါ။

၇။ ဒီမိုကရေစီစနစ်ကို ထောက်ခံသော အကြောင်းပြချက်အချို့ကို ဖော်ပြပါ။

၈။ ပါလီမန်အစိုးရ လက်ထက်နှင့် ဗမာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ လက်ထက်တွင် မည်သည်က ဒီမိုကရေစီ ပိုဆန်ပါသနည်း။။

၉။ ပြည်သူ့ရေးရာမူဝါဒ ဆိုသည်မှာ အဘယ်နည်း။

၁၀။ ဒေသန္တရအစိုးရ ဆိုသည်မှာ အဘယ်နည်း။

၁၁။ ဒီမိုကရေစီစနစ်တွင် ဥပဒေများအား မည်ကဲ့သို့ ရေးဆွဲသနည်း။

၁၂။ အရေးကိစ္စများအား တုံ့ပြန် ဖြေရှင်းပေးနိုင်ခြင်း ဆိုသည်မှာ အဘယ်နည်း။

၁၃။ ထိရောက်မှုနှင့် လုံလောက်မှု ဆိုသည်မှာ အဘယ်နည်း။

၁၄။ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်သည် ဒီမိုကရေစီစနစ်တွင် အဘယ့်ကြောင့် အရေးပါသနည်း။

၁၅။ အာဏာခွဲဝေခြင်း ဆိုသည်မှာ အဘယ်နည်း။

၁၆။ အပြန်အလှန် စိစစ်ခြင်းနှင့် ထိန်းညှိခြင်းသည် ဒီမိုကရေစီစနစ်တွင် အရေးပါသနည်း။

၁၇။ ဥပဒေပြုရေးမဏ္ဍိုင်၏ တာဝန်နှင့် အခန်းကဏ္ဍများမှာ အဘယ်နည်း။

၁၈။ မြန်မာနိုင်ငံ၏ တရားစီရင်ရေးမဏ္ဍိုင်သည် အဘယ်နည်း။

၁၉။ အုပ်ချုပ်ရေးမဏ္ဍိုင်၏ တာဝန်နှင့် အခန်းကဏ္ဍများမှာ အဘယ်နည်း။

၂၀။ မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမဏ္ဍိုင်သည် အဘယ်နည်း။

၂၁။ တရားစီရင်ရေးမဏ္ဍိုင်၏ တာဝန်နှင့် အခန်းကဏ္ဍများမှာ အဘယ်နည်း။

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးဟူသည် အဘယ်နည်း။

# ရုပ်ပုံများအတွက် အသိအမှတ်ပြုခြင်း

မုခ်ဦး ပညာရေးသည် စာအုပ်အစအဆုံးတွင် Creative Common မှ သို့မဟုတ် အများပိုင် ရင်းမြစ်များမှ ရုပ်ပုံများကိုသာ အသုံးပြုပြီး အခြားပုံများမှာ မုခ်ဦးပညာရေးပိုင်ပုံများ ဖြစ်ကြပါသည်။ တချို့မှာ ကျွန်ုပ်တို့ မိတ်ဖက်အဖွဲ့အစည်းပိုင် ဓာတ်ပုံများနှင့် ခွင့်ပြုချက်ရယူပြီး ဓာတ်ပုံများဖြစ်သည်။

မူပိုင်ခွင့်မှတ်ပုံတင်ထားသည်ကို အသုံးပြုမှုများအတွက် အတတ်နိုင်ဆုံး မှန်ကန်အောင် အသေးစိတ်အချက်အလက်များ ဖော်ပြ အသိအမှတ်ပြုထားပါသည်။ အောက်ပါ စာရင်းတွင် ကြည့်ပါ။ သို့သော် မစုံလင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဤစာအုပ်ကို ခုနှစ်အတော်ကြာ ရေးသားခဲ့ပြီး များစွာသော ရင်းမြစ်များကို အသုံးပြုထားရခြင်းကြောင့်လည်း ဖြစ်ပါသည်။ အကယ်၍ အသုံးပြုမှု တစ်ခုခုအတွက် မှားယွင်းစွာ သို့မဟုတ် မပြည့်မစုံ ဖော်ပြထားခြင်း၊ မှားယွင်းစွာ အသုံးပြုထားခြင်း စသည်တို့ကို တွေ့ရှိပါက မုခ်ဦးပညာရေးသို့ အကြောင်းကြား အသိပေးနိုင်ပါသည်။ ၎င်းတို့ကို အသစ်ထွက်မည့် တည်းဖြတ်မှုများတွင် ထည့်သွင်းပြင်ဆင်မည် ဖြစ်ပါသည်။ မူပိုင်ခွင့် အသုံးပြုမှုများတွင်ပါသည့် အမြင်များ၊ အယူအဆများမှာ မုခ်ဦးပညာရေးကို ကိုယ်စားပြုခြင်း မရှိပါ။

အောက်ပါတို့မှာ ဤစာအုပ်အတွင်း အသုံးပြုခဲ့သည့် ရုပ်ပုံများ ဖြစ်ပါသည်။

| Page | Author(s) | Title/Description | Source | License Type |
|---|---|---|---|---|
| Cover | Kaung Hla Zan | Puppets | | |
| 10 | Unknown | Unknown | Unkonwn | Unkonwn |
| 11 | Kaung Hla Zan | Voting People | | |
| 12 | Timo Newton-Syms | | https://commons.wikimedia.org/wiki/File:Desert_Island_%288685053723%29.jpg | CC BY-SA 2.0 |
| 21 | Htoo Tay Zar | | https://commons.wikimedia.org/wiki/File:Phyu_Phyu_Thin.JPG | CC BY-SA 3.0 |
| 22 | Unknown | | Unknown | Unknown |
| 23 | EGG Student Council | Voting | | |
| 25 | Huchuansong | | https://commons.wikimedia.org/wiki/File:Girl_in_Muyuan_in_Jiangxi.jpg | CC BY-SA 3.0 |
| 30 | Ko Nyi Nyi | | | |
| 48 | IMNA | Mon Women's Conference | http://monnews.org/2014/10/15/mon-women-establish-womens-party/ | © 2014, ↑ Independent Mon News Agency |
| 52 | Unknown | Unknown | Unkonwn | Unkonwn |
| 54 | Unknown | Unknown | Unkonwn | Unkonwn |
| 57 | emilydickinsonridesabmx | Obey The Law – Vintage Subway Sign | https://www.flickr.com/photos/emilyrides/3871438517/ | CC BY 2.0 |
| 58 | UpstateNYer | West pediment of US Supreme Court. | West pediment of US Supreme Court. | CC BY-SA 3.0 |
| 60 | Unknown | Unknown | Unknown | Unknown |
| 61 | Unknown | Unknown | Unknown | Unknown |
| 62 | Tim Green aka atouch | 'What type of a democracy is this?', political graffiti | https://commons.wikimedia.org/wiki/File:Graffiti_by_the_Five_Rise_Locks_in_Bingley_%286th_November_2010%29.jpg | CC BY 2.0 |
| 64 | Laurence Grayson | Painted brick wall will old graffiti painted over. | https://www.flickr.com/photos/shortformvideo/4530346114 | CC BY 2.0 |
| 67 | Marc Mongenet | India flag | https://commons.wikimedia.org/wiki/File:India_flag_300.png | CC BY-SA 3.0 |
| 68 | Ricardo Liberato | All Giza Pyramids in one shot. | http://en.wikipedia.org/wiki/File:All_Gizah_Pyramids.jpg | CC Attribu-tion-Share Alike 2.0 Generic |
| 70 | xx | xx | xx | xx |
| 77 | Nicolas Raymond | Grunge Threaded Flag – South Africa | http://www.stockvault.net/photo/142048/grunge-threaded-flag--south-africa | This photo is free for personal, educational and non-commercial usage. |
| 77 | bistandsaktuelt | Bill of Rights, Durban South Africa | https://www.flickr.com/photos/baktuelt/6992365078 | CC BY 2.0 |
| 82 | Unknown | Unknown | Unknown | Unknown |
| 85 | Unknown | Unknown | Unknown | Unknown |
| 87 | Unknown | Unknown | Unknown | Unknown |
| 88 | Unknown | Unknown | http://nyeinfoundationmyanmar.org/category/projects | © 2010-2014 Nyein (Shalom) Foundation |
| 92 | Unknown | Unknown | Unknown | Unknown |
| 92 | Unknown | Unknown | Unknown | Unknown |
| 93 | Unknown | Unknown | Unknown | Unknown |
| 108 | Unknown | Unknown | Unknown | Unknown |
| 110 | Michael Fleshman | December 10 march for voting rights | https://www.flickr.com/photos/fleshmanpix/6732235085 | CC BY-SA 2.0 |
| 112 | Unknown | Unknown | Unknown | Unknown |
| 115 | Unknown | Unknown | Unknown | Unknown |

| | | | | |
|---|---|---|---|---|
| 120 | Shwe Wutt Hmon | Daily Life | goldenpollen22@gmail.com | |
| 121 | Unknown | Unknown | Unknown | Unknown |
| 124 | EGG Student Council | Love Democracy | | |
| 126 | Unknown | Unknown | Unknown | Unknown |
| 136 | Htoo Tay Zar | Myanmar-Lower-House-Parliamen | https://en.wikipedia.org/wiki/Assembly_of_the_Union#/media/File:Myanmar-Lower-House-Parliament.jpg | CC BY-SA 3.0 |
| 144 | Unknown | Unknown | Unknown | Unknown |
| 156 | Christopher Michel | VC bulldog | https://www.flickr.com/photos/cmichel67/15865399370 | CC BY 2.0 |
| 168 | Koristeellisia longyi-vaatteita | Burmese State Peace and Development Council members greet Abhisit Vejjajiva in October 2010 visit | https://fi.wikipedia.org/wiki/Longyi#/media/File:Burmese_SPDC_members_greet_Abhisit_Vejjajiva.jpg | CC BY 2.0 |
| 170 | devpolicy.org | Myanmar: on the move | http://devpolicy.org/ | Copyright © 2015 Devpolicy Blog from the Development Policy Centre. |
| 172 | Francisco Anzola | Government building (Yangon City Hall) | https://www.flickr.com/photos/fran001/8437613802 | CC BY 2.0 |
| 178 | Unknown | Unknown | Unknown | Unknown |
| 180 | World Economic Forum | Debate at the World Economic Forum Annual Meeting of the New Champions in Tianjin, China 28 September 2008. | https://commons.wikimedia.org/wiki/File:Flickr_-_World_Economic_Forum_-_BBC_Debate_-_Annual_Meeting_of_the_New_Champions_Tianjin_2008_%281%29.jpg | CC BY-SA 2.0 |
| 188 | Ko Nyi Nyi | | | |

### Credit where it's due:

Mote Oo Education would like to thank everyone involved in this project. Without you all, it would never have been possible. Below is a list of those who have worked on this project (in alphabetical order).

**Text, Student Book:** Rory McLaughlin.

**Text, Teacher's Book:** Katie Julian, Rory McLaughlin.

**Original photographs:** Kaung Hla Zan, Shwe Wutt Hmon, the Student Council of EGG Academy in Hpa-an,Ko Nyi Nyi

**Design and layout:** Matthew Simpson, Nila Win, Yee Yee Thant

**Illustrations:** Kaung Khant Kyaw.

**Editing and proofreading:** Anna, Alyssa Paylor, Aung Myat Soe, Aye Mya Mya Myo, Chris Wright, Julie Szambelan, Katie Julian, Kaung Hla Zan, Matthew Simpson, May Htut Pan Moe, Nila Win, Sai Aung Hein Oo, Sally Kantar, Shwe Htay Khant, Simon Purnell, Stanley Jagger, Tin Maung Htwe, Tun Tun Naing, Ye Ye Thant.

**Additional Thanks:** Cing Khawm Pil, Moe Moe Thet for their work with the printers, the warehouse owners, the donors, the banks and all of the other people we had to deal with to get this done.